http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန
အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲ ဝင်ရောက်ဖြေဆိုလိုသူများ နှင့် လေ့လာလိုသူများအတွက်

ဓမ္မဗျူဟာ

အဘိဓမ္မာဂုဏ်ထူးဆောင် (ဒုတိယကျော်)



တတိယဆင့်

(သမုစ္စည်း၊ ပစ္စည်း၊ ကမ္မဋ္ဌာန်း)

မေးခွန်းမောင်း နှင့် အဖြေများ

၁၉၈၉-ခုနှစ် မှ ၂၀၁၆-ခုနှစ် အထိ

သင်တန်းမှူး
ဓမ္မဗျူဟာ - ဒေါ်ခင်လှတင်
မဟာသဒ္ဓမ္မဇောတိကဓဇ
ဓမ္မဗျူဟာသာသနာမကအဖွဲ့
(လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း)

http://www.dhammadownload.com

သဗ္ဗညုတဉာဏ်တော်အစွမ်း

* သိရန်မှန်က မကျန်ရအောင်
လုံးဝစုံလင် အကုန်မြင်
သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

* သိသည့်တရား များအပြား၌
ဟောထားစဖွယ် နည်းသွယ်သွယ်ကို
ခြယ်လှယ်စုံလင် အကုန်မြင်
သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

* ကျွတ်ထိုက်ကြပေ များဝေနေ၏
ကွန်ရွှေစရိုက် သူ့အကြိုက်ကို
နှိုက်ချွတ်စုံလင် အကုန်မြင်
သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

* သဗ္ဗညုဉာဏ်အား စွမ်းသုံးပါးကြောင့်
အများဝေနေ ကျွတ်လွတ်စေဖို့
မနေမနား သက်တော်အားဖြင့်
ကြီးမားလေဘိ ရှစ်ဆယ်ပြည့်၍
ပရိနိဗ္ဗာန် စံသည့်တိုင်အောင် သယ်ယူဆောင်
ဘုန်းခေါင်....ငါတို့ဘုရားတည်း။

တောင်မြို့-မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး

"ကောင်းမွန်" ကွန်ပျူတာ အမှတ် -၁၁၀၊ ၃၄ လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ ။ ၃၈၉၀၂၃, ၀၉၅၁၆၀၁၀၁

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန
အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲ ဝင်ရောက်ပြေဆိုလိုသူများ နှင့် လေ့လာလိုသူများအတွက်

ဓမ္မဗျူဟာ

အဘိဓမ္မာဂုဏ်ထူးဆောင် (ဦးကာကျော်)



တတိယဆင့်

(သမ္မုစ္ဆည်း၊ ပစ္စည်း၊ ကမ္မဋ္ဌာန်း)

မေးခွန်းဟောင်း နှင့် အဖြေများ

၁၉၈၉-ခုနှစ် မှ ၂၀၁၆-ခုနှစ် အထိ

သင်တန်းပို့ချသူ
ဓမ္မဗျူဟာ - ဒေါ်ခင်လှတင်
မဟာသဒ္ဓမ္မဇောတိကဓဇ

ဓမ္မဗျူဟာသာသနာမာမကအဖွဲ့
(လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း)

http://www.dhammadownload.com

http://www.dhammadownload.com

သာသနာရေးဦးစီးဌာန၏
အဘိဓမ္မာ (ဂုဏ်ထူးဆောင်) တတိယဆင့် (သမ္မဒ္ဓဉ်းပိုင်း)
(၁၉၇၈-ခုနှစ်မှ ၁၉၈၈-ခုနှစ်ထိ)
မေးခွန်းဟောင်းများ

၁၉၇၈

၁။ နိဝရဏအဓိပ္ပါယ်ကို ရှင်းပြ၍၊ ထိန, မိဒ္ဓစေတသိက် ၂-ခုကို နိဝရဏတရား တစ်ခုတည်းအဖြစ် ရေတွက်ရခြင်းအကြောင်းကို ဖော်ပြပါ။

၂။ ဒွေပဉ္စဝိညာဉ် ၁၀-၌ ယှဉ်သော ဧကဂ္ဂတာစေတသိက်ကို ဈာန်အင်္ဂါဟူ၍လည်းကောင်း၊ သမာဓိဗိုလ်၊ သမာဓိမဂ္ဂင်ဟူ၍လည်းကောင်း မခေါ်နိုင်ခြင်းအကြောင်းကို ရှင်းပြပါ။

၃။ ဗောဓိပက္ခိယအဓိပ္ပါယ်ကို ရှင်းပြ၍၊ ဗောဓိပက္ခိယတရား ၃၇-ပါးနှင့် ၎င်းတို့၏ တရားကိုယ် ၁၄-ပါးကို ရေတွက်ပြပါ။

၄။ ဖိုလ်စိတ္တုပ္ပါဒ်ကိုလည်းကောင်း၊ မဂ္ဂင် ၈-ပါးကြဉ်သော မဂ်စိတ္တုပ္ပါဒ်ကိုလည်းကောင်း သစ္စာဖွဲ့ပြပါ။

၁၉၈၀

၁။ မသိခြင်းဟူသမျှ အဝိဇ္ဇာ ဖြစ်ပါသလော၊ မည်သည့်ဌာနတို့တွင် မသိမှ အဝိဇ္ဇာ ဖြစ်ပါသနည်း၊ ထိုအဝိဇ္ဇာသည် အဘယ်ကြောင့် အာသဝေါတရား ဖြစ်ပါသနည်း။

၂။ လူ၌ အဓိပတိဖြစ်နိုင်သောတရားတို့ကို ဖော်ပြ၍၊ အဓိပတိစွမ်းအားရှိသူများ မိမိဘဝ အတွက် မည်သို့အကျိုးရှိနိုင်ကြောင်း ဦးကာကျော်အရ ဖြေဆိုခဲ့ပါ။

၃။ သတိပဋ္ဌာန်၏ အဓိပ္ပါယ်ကို ဖော်ပြ၍၊ သတိပဋ္ဌာန်တရားကို ပွားများအားထုတ်လျှင် မိမိကိုယ်ခန္ဓာ၌ မည်သို့အမြင်မှန်ရောက်၍ မည်သို့အမှားများ ပျောက်သနည်း။

၁၉၈၁

၁။ နာမ်တရားတို့တွင် ရေအလျဉ်နှင့်တူသော တရားများကို ကောက်ပြပြီးလျှင်၊ ရေအလျဉ် နှင့်တူပုံကို နှိုင်းယှဉ်ပြခဲ့ပါ။

http://www.dhammadownload.com

၂။ ထိန, မိဒ္ဓတို့သည် တရားကိုယ်တစ်ခုစီ ဖြစ်ပါလျက် အဘယ်ကြောင့် နိဝရဏာ တစ်ခုတည်းပြု၍ ဟောပါသနည်း၊ ၎င်းတို့သည် အဘယ်တရားနှင့် ဆန့်ကျင်ပါသနည်း။

၃။ ဝေဒနာ, သညာတို့သည် တစ်ပါးစီဖြစ်ပါလျက် ခန္ဓာဖွဲ့စည်းရာ၌ သီးခြားခန္ဓာတစ်ခုစီ အဖြစ် ဖွဲ့စည်းရခြင်းအကြောင်းကို ဆွေးနွေးခဲ့ပါ။

၄။ ဆောင်တတ်သောကြောင့် အာဟာရမည်၏ဟု ဆိုရာ၌ မည်သည့်အာဟာရက မည်သည့်အရာကို ဆောင်ပါသနည်း၊ တစ်ခုစီတွဲပြခဲ့ပါ။

၁၉၈၂

၁။ "ပရမတ်အစစ် ဓာတ်အနှစ်" ဟူသောစကားအရ ကိုယ်စီကိုယ်၄ ကိုယ်ပိုင်လက္ခဏာ ရှိကြသော ပရမတ်အစစ်တရား ၇၂-ပါးကို ဖော်ပြပါ။

၂။ အတွေးအမြင် ဒဿနပညာပိုင်း၌ မည်သို့ဖြစ်မှ မည်သည့်ဘက်သို့ ဦးတည်မှ သမ္မာဒိဋ္ဌိ(အမြင်မှန်)ဖြစ်သည်၊ မည်သို့ဖြစ်ပြီး မည်သည့်ဘက်သို့ ဦးတည်သွားလျှင် (အမြင်မှား)ဖြစ်သည်ကို ဘုရားရှင်အလိုကျ ခွဲခြားဖော်ပြပါ။

၃။ အနည်ာတည်ဿမီတိန္ဒြေ ဟူသော ကွန်ဒြေတစ်မျိုးကို အကိုးသာဓကပြု၍ ဘဝဆက်ကာ ရိုးရိုးလူတို့ တစ်ကြိမ်တစ်ခါသော်မျှ မသိသေးဖူးသော တရားထူးများကို ဖော်ပြပါ။

၁၉၈၃

၁။ သံယောဇဉ်ကို ကြိုးဟူ၍လည်းကောင်း၊ ကိလေသာကို မီးဟူ၍လည်းကောင်း ပြောဆိုကြရာ၌ သံယောဇဉ်နှင့် ကြိုးတူပုံ၊ ကိလေသာနှင့် မီးတူပုံတို့ကို ရှင်းလင်းဖြေဆိုပါ။

၂။ သိပ်ကွန်ဒြေကောင်းတဲ့ပုဂ္ဂိုလ်ကြီးပဲဟု ဆိုကြရာ ကွန်ဒြေ၏အဓိပ္ပါယ်ကို ဖော်ပြ၍၊ လူသားတို့ကို မိန်းမ-ယောကျ်ားဟု ခွဲခြားနိုင်သော ကွန်ဒြေတို့ကိုလည်း ရေးပြခဲ့ပါ။

၃။ "သံသရာဝဋ်ဆင်းရဲမှ ကင်းလွတ်ရပါလို၏"ဟူသော ဆုတောင်းစကားရပ်၌ ဝဋ်မည်ပုံကို လည်းကောင်း၊ "တဏှာအစစ် တစ်ရာ့ရှစ်"ဟု ပြောဆိုလေ့ရှိရာ တဏှာ ၁၀၈-ပါး ကိုလည်းကောင်း သိသာရုံမျှ ဖြေပြခဲ့ပါ။

---

http://www.dhammadownload.com

၁၉၈၄

၁။ "ဥပါဒါန်ကြောင့် ဥပဒ်ရောက်"ဟူသော ဆိုရိုးစကားဝယ် ဥပါဒါန်သဘောကို ဥပမာ နှောချ၍ ဖြေဆိုပြီးလျှင် လိပ်ပြာကောင်အတ္တသည် ထာဝရတည်ရှိသည်ဟူသော ဝါဒသည် မည်သည့်ဥပါဒါန် ဖြစ်ပါသနည်း၊ ဖြေဆိုပါ။

၂။ အနုပညာဈာန်ဝင်စားသည်ဟု ပြောတတ်ကြရာ အသည်းကွဲသီချင်းကို ရူးရူးစိုက်စိုက် သီဆိုနေသော ဂီတစာဆိုအား "ဈာန်ဝင်စားသူ"ဟု ဆိုနိုင်-မဆိုနိုင် ရှင်းလင်းဖြေဆို၍၊ ဈာန်အမျိုးအစား ထူးခြားကွဲပြားပုံကိုလည်း သိသာရုံမျှ ရေးပြပါ။

၃။ နိုင်ငံတော်အတွက် အားကြိုးမာန်တက် ဆောင်ရွက်သော စစ်ဗိုလ်၊ ဆိုးသွမ်းလုယက် နိုင်ငံဖျက် ဓားပြဗိုလ်တို့၏ ဗိုလ်မည်ပုံ အသီးသီးကို အကြောင်းပြဖြေဆိုပါ။

၁၉၈၅

၁။ အာသဝေါတရားများ ဖုံးလွှမ်းထားသော နယ်နိမိတ်ကို ဘဝအားဖြင့်လည်းကောင်း၊ ဓမ္မအားဖြင့်လည်းကောင်း ပိုင်းခြားပြပြီးလျှင်၊ အနုသယအဓိပ္ပါယ်ကိုလည်း သိသာရုံမျှ ရှင်းလင်းပြပါ။

၂။ အောင်မြင်မှု ရရှိရန်အတွက် လက်တွေ့ကျင့်သုံးရမည့် အကြီးအမှူး ဦးစီးရှေ့ဆောင် တရားများကို ဖော်ပြပြီးလျှင်၊ လူသားများ အသက်ရှင်နေနိုင်ရေးအတွက် အရေးကြီးလှသော အာဟာရကိုလည်း ညွှန်ပြပါ။

၃။ သတိပဋ္ဌာန်လေးပါး ရှိရာတွင် မည်သည့်သတိပဋ္ဌာန်သည် မည်သည့်အခြင်းအရာကို ယူ၍ မည်သည့်ဝိပွလ္လာသကို ပယ်ကြောင်း အသီးသီးဖြေဆိုပါ။

၄။ ထမင်းစားတိုင်း ထမင်းစားပွဲကို ဥပမာပြု၍ မိမိသန္တာန်၌ ရုပ်-နာမ်တရားများ ဖွဲ့စည်းတည်ဖြစ်နေပုံကို ဆင်ခြင်နိုင်ရန် ဦးကာကျော်၌ မည်သို့ဖော်ပြထားပါသနည်း၊ ဥပမာ-ဥပမေယျ စပ်ဟပ်ဖော်ပြခဲ့ပါ။

၅။ ထမင်းစားရာ၌ အစားအသောက်များတွင်ပါသော ဗီတာမင်ဓာတ်နှင့် စားဆဲခဏ၌ ဖြစ်သော သက်ဆိုင်ရာ စိတ္တဇုပါဒ်တို့က လူ၏ကိုယ်ခန္ဓာအား မည်သို့အကျိုးပြုပုံကို ဗုဒ္ဓအဘိဓမ္မာနည်းဖြင့် လက်တွေ့ကျကျ စိစစ်ပြပါ။

---

http://www.dhammadownload.com

၁၉၈၆

၁။ "ဝဲဩဃရေအလျဉ်"ဟူသောစကား၌ ဩဃတရား၏ ရေအလျဉ်တူပုံကို သိသာရုံ ရှင်းပြ၍၊ အဓိပ္ပါယ်သဘောတရား ကွဲပြားခြားနားကြသော ထိုနှင့်မိန္ဒ၊ ဥဒ္ဒစ္စနှင့် ကုက္ကုစ္စတို့ကို ပေါင်း၍ နီဝရဏတစ်ခုစီအနေဖြင့် ဟောထားခြင်း၏ အကြောင်းရင်း ကိုလည်း ရှင်းလင်းဖြေဆိုခဲ့ပါ။

၂။ ရာထူးဂုဏ်ထူးတက်ရန်, သူဌေးဖြစ်ရန် ကြံစည်မှု၊ ရှင်ရဟန်းပြုရန်, သီလရှင်ဝတ်ရန် ကြံစည်မှုတို့သည် အဘယ်သင်္ကပ်ပွ ဖြစ်သည်တို့ကို အတိအကျ ညွှန်ပြ၍၊ လူ,နတ်,ဗြဟ္မာ သတ္တဝါဟု ခေါ်ဝေါ်ပညတ် သတ်မှတ်နိုင်ရန် ထူးသောအကြောင်းဖြစ်သော ဣန္ဒြေတို့ကိုလည်း ဖော်ပြခဲ့ပါ။

၃။ ကောက်ရိုးစပါး စုပုံထားသကဲ့သို့သောအရာကို ခန္ဓာ(ရုပ်အစု နာမ်အစု)ဟု ခေါ်ဆိုပါသလော၊ ရှင်းပြ၍ ဝိပဿနာမရှုထိုက်သော ခန္ဓာများရှိပါက အကြောင်းနှင့်တကွ ဖော်ပြပါ။

၄။ မြတ်စွာဘုရားသည် ပရမတ္ထတရားများကို ခန္ဓာစသော ဒေသနာအမျိုးမျိုးဖြင့် အဖန်ဖန် အထပ်ထပ် အဘယ်ကြောင့် ဟောကြားအပ်ပါသနည်း၊ ဋီကာကျော်ဆရာ အလိုကျ ခြုံငုံမိအောင် သိသာရုံ ရှင်းလင်းဖြေဆိုပါ။

၁၉၈၇

၁။ "သည်လောကီ ဝဋ်နှောင်ထုံး လွတ်အောင်ရန်းထွက်မယ်"ဟူသောစာပိုဒ်၌ အဘယ်ကဲ့သို့ ဖြစ်ပေါ်နေမှုကို ဝဋ်တရား၌ ထုံးနှောင်ဖွဲ့ရစ်ထားသည်ဟု ဆိုပါသနည်း၊ ရှင်းပြ၍ "အဘိဇ္ဈာ"တရား၏ ထုံးနှောင်ဖွဲ့ရစ်ပုံကို သိသာရုံ ရေးသားဖြေဆိုခဲ့ပါ။

၂။ "သံယောဇဉ်ကြိုး"ဟူသော ထပ်တူပြုစကား၌ သံယောဇဉ်တရားတို့ မည်ကဲ့သို့ ကြိုးနှင့် တူသည်ကို သိသာအောင် ရှင်းပြ၍၊ အမုန်းတစ်လီ ပြုံးချည်တစ်လှည့်၊ ငိုမဲ့ရယ်တုံ့၊ ကာမဘုံ၌၊ ဆန်စုန်အောက်ထက်၊ ပျော်ပိုက်လျက်ရှိကြသော ပုဂ္ဂိုလ်တို့အား သံယောဇဉ် ကြိုး မည်မျှဖြင့် ချည်နှောင်ထားသည်ကိုလည်း ရေးသားဖြေဆိုခဲ့ပါ။

၃။ "ဆန္ဒကြီးမောက်က၊ ကြံသမျှ ဖြိုးမြောက်သည်"ဟူသော ဆိုရိုးစကားသည် မည်ကဲ့သို့ သော အဓိပ္ပါယ်ဆောင်သည်ကို အဘိဓမ္မာသဘာဝဆိုက်အောင် ရှင်းပြ၍၊ အဓိပတိနှင့် ဣန္ဒြေတို့ မတူ ကွဲပြားခြားနားပုံကိုလည်း ဥပမာသွင်း၍ ရှင်းလင်းပြပါ။

http://www.dhammadownload.com

၄။ ကမ္ဘာပေါ်ရှိ လူအပေါင်းသည် "ဓာတ်"ဟူသော စကားလုံးကို အမျိုးမျိုးအဖုံဖုံ ပြောဆို အသုံးပြုလျက် ရှိကြလေရာ ဋ္ဌီကာကျော်ဆရာက ယင်း "ဓာတ်"ဟူသော စကားလုံးကို မည်ကဲ့သို့ အဓိပ္ပါယ်ဖွင့်ဆိုထားပါသနည်း၊ သေချာစွာ ရှင်းလင်းဖော်ပြပါ။

၁၉၀၈

၁။ အရိယာမဂ်ဉာဏ်ဖြင့် ပယ်သတ်မှ အမြစ်ပြတ်နိုင်သည့် လောဘစသော တရားဆိုးများကို "ကိလေသာ"ဟု ခေါ်ဆိုပုံကို ရှင်းလင်းပြ၍၊ အကုသလသင်္ဃဟ၌ အမည်တစ်မျိုးစီရသော အကုသလဓမ္မတို့ကိုလည်း ဖော်ပြပါ။

၂။ မိစ္ဆာဒိဋ္ဌိစသော မဂ္ဂင်ငါးပါးသည် ယင်းတို့ကို ကျင့်ဆောင်သူများအား မည်သို့အကျိုးပြုပါသနည်း၊ ဖြေဆို၍ လောကီဝိပါက်တရားတို့ အဓိပတိဖြစ်နိုင်မဖြစ်နိုင်ကိုလည်း စိစစ်ပြပါ။

၃။ ဝေဒနာနုပဿနာနှင့် ဓမ္မာနုပဿနာ သတိပဋ္ဌာန်တို့၏ အဓိပ္ပါယ်ကို ရေးပြပါ။

၄။ အပေါင်းအစုသဘာဝကြောင့် ခန္ဓာမည်၏ဟုဆိုလျှင် တစ်ပါးစီသာရှိသော ဝေဒနာ၊ သညာတို့ကို အဘယ်ကြောင့် ခန္ဓာဖွဲ့ပါသနည်း၊ ရှင်းပြပါ။



http://www.dhammadownload.com

သာသနာရေးဦးစီးဌာန၏
အဘိဓမ္မာ (ဂုဏ်ထူးဆောင်) တတိယဆင့် (သမ္မန္ဒဉာဏ်ပိုင်း)
(၁၉၈၉-ခုနှစ်မှ ၂၀၀၇-ခုနှစ်ထိ)
မေးခွန်းငံ့ဟောင်းနှင့် အဖြေများ

၁၉၈၉

၁။ ဗုဒ္ဓဘာသာ သမ္မာနွယ်ရိုး အမျိုးကောင်းသားများ ကောင်းမှုပြုလုပ်တိုင်း အာသဝေါတရားမှ ကင်းလွတ်လိုကြောင်း ဆုတောင်းကြရာ အဘယ်ကြောင့် ယင်းအာသဝေါများမှ လွတ်လိုကြပါသနည်း၊ ရှင်းပြပါ။

အာသဝေါတရားများမှ လွတ်လိုကြခြင်း

အာသဝတရားတို့သည် -

(၁) ရှည်မြင့်စွာသော ကာလပတ်လုံး ထုံခြင်းရှိသောအနက်၊ ထူထပ်သောအနက် သဘောရှိခြင်း၊

(၂) အိုင်းအမာမှ မန်းရည်ပြည်စေးများ ယိုစီးသကဲ့သို့ စက္ခုစသော ဒွါရ ၆-ပါး၊ ရူပါရုံစသော အာရုံ ၆-ပါး၌ ယိုစီးတတ်ခြင်း၊

(၃) ဘုံအားဖြင့် ဘဝင်တိုင်အောင်၊ ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင် နှံ့၍ဖြစ်တတ်ခြင်းတို့ကြောင့် သတ္တဝါတို့ကို သံသရာဝဋ်ဆင်းရဲမှ မလွတ်အောင် ပြုကြကုန်၏၊ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့သည် အာသဝေါတရားမှ လွတ်လိုခြင်း ဖြစ်ပါသည်။

၂။ ကိစ္စ-အကြောင်း-ဆန့်ကျင်ဘက် တူမျှသော နိဝရဏတရားစုကို ကောက်ပြ၍၊ တူမျှပုံများကိုလည်း ရှင်းခဲ့ပါ။

ကိစ္စ-အကြောင်း-ဆန့်ကျင်ဘက် တူမျှသော နိဝရဏတရားစုမှာ -

(က) ထိန-မိဒ္ဓ နိဝရဏ နှင့်

(ခ) ဥဒ္ဓစ္စ-ကုက္ကုစ္စ နိဝရဏ တို့ ဖြစ်ပါသည်။

http://www.dhammadownload.com

ယင်းတို့၏ တူမျှပုံကို ရှင်းပြရသော် -

တူမျှပုံ	(က) ထိန-မိဒ္ဓ	(ခ) ဥဒ္ဓစ္စ-ကုက္ကုစ္စ
(၁) **ကိစ္စ**	- ထိနနှင့်မိဒ္ဓတို့သည် စိတ်၏တွန့်တိုခြင်းသို့ ရောက်စေခြင်းဟုဆိုအပ်သောကိစ္စချင်း တူကြ၏။	- ဥဒ္ဓစ္စနှင့်ကုက္ကုစ္စတို့သည် သမ္မယုတ်ဖြစ်သောစိတ်၏ မငြိမ်သက်သည်၏အဖြစ်ကို ပြုခြင်းဟုဆိုအပ်သောကိစ္စချင်းတူကြ၏။
(၂) **အကြောင်း**	- ထိနနှင့်မိဒ္ဓတို့သည် ပျင်းရိခြင်း၊ တဆန့်ဆန့်ရှိသည်၏အဖြစ်ဟုဆိုအပ်သောအကြောင်းချင်း တူကြ၏။	- ဥဒ္ဓစ္စနှင့် ကုက္ကုစ္စတို့သည် ဆွေမျိုးစည်းစိမ်ပျက်စီးခြင်း စသည်ကိုကြံခြင်းဟု ဆိုအပ်သော အကြောင်းချင်းတူကြ၏။
(၃) **ဆန့်ကျင်ဘက်**	- ထိန၏ဆန့်ကျင်ဘက်သည် ဝီရိယ၊ - မိဒ္ဓ၏ဆန့်ကျင်ဘက်သည်လည်း ဝီရိယဟု ဆန့်ကျင်ဘက်ချင်း တူကြ၏။	- ဥဒ္ဓစ္စ၏ ဆန့်ကျင်ဘက်သည် သမထ(သမာဓိ) - ကုက္ကုစ္စ၏ ဆန့်ကျင်ဘက်သည်လည်း သမထ(သမာဓိ)ဟု ဆန့်ကျင်ဘက်ချင်း တူကြ၏။

၃။ အစိုးရသောကြောင့် ကုန္ဒြေမည်၏ဟုဆိုရာ "စက္ခု-ဘာဝ-ဇီဝိတ-ဝေဒနာ-သဒ္ဒါ"တို့သည် မည်သည့်အရာတို့ကို အစိုးရပါသနည်း၊ သိသာအောင် ဖော်ပြပါ။

"စက္ခု-ဘာဝ-ဇီဝိတ-ဝေဒနာ-သဒ္ဒါ"တို့ အစိုးရပုံ

စက္ခု - စက္ခုပသာဒရုပ်သည် မြင်ခြင်း ဒဿနကိစ္စ၌ စက္ခုဝိညာဉ်စိတ်တို့ကို မိမိအလိုသို့ လိုက်စေလျက် အစိုးရပါသည်။

ဘာဝ - ဣတ္ထိဘာဝ, ပုမ္ဘာဝ ဟူသော ဘာဝရုပ် ၂-ပါးသည် များသောအားဖြင့် ထိုဘာဝရုပ်နှင့်တကွဖြစ်ကုန်သော မိန်းမ၊ ယောကျ်ားတို့၏ သန္တာန်၌သာလျှင် ဣတ္ထိလိင် အစရှိသည်တို့ ဖြစ်ခြင်းကြောင့် လိင် အစရှိသည်တို့ကို မိမိအလိုသို့ လိုက်စေလျက် အစိုးရကြပါသည်။

http://www.dhammadownload.com

ဇီဝိတ – ရုပ်ဇီဝိတ, နာမ်ဇီဝိတတို့သည် သဟဇာတ်တရားတို့ကို စောင့်ရှောက်တတ်သည် အဖြစ်ကြောင့် တည်ကုန်သော ကမ္မဇရုပ်, သမ္မယုတ်တရားတို့ကို မိမိအလိုသို့ လိုက်စေလျက် အစိုးရပါသည်။

ဝေဒနာ – သုခ အစရှိသော ဝေဒနာ ၅-ပါးတို့သည် ကွဲဋ္ဌာရုံကို ခံစားခြင်း အစရှိသည်၌ သုခဝေဒနာ အစရှိသည်တို့နှင့်တကွဖြစ်သော တရားတို့ကို မိမိအလိုသို့ လိုက်စေလျက် အစိုးရကြပါသည်။

သဒ္ဓါ – သဒ္ဓါသည် ယုံကြည်ခြင်း၌ ထိုယုံကြည်ခြင်း၏အစွမ်းဖြင့် ဖြစ်ကုန်သော တကွဖြစ်ဘက်တရားတို့ကို မိမိအလိုသို့ လိုက်စေလျက် အစိုးရပါသည်။

၄။ သတ္တဝါမှန်သမျှ ကြာမြင့်စွာ အသက်ရှည်တည်နေနိုင်ရန် ဆောင်တတ်သောတရားတို့ကို ဖော်ပြ၍၊ ယင်းတရားများက မည်သည်တို့ကို ဆောင်ပါသနည်း၊ ဖြေဆိုပါ။

သတ္တဝါမှန်သမျှ ကြာမြင့်စွာ အသက်ရှည်တည်နေနိုင်ရန် ဆောင်တတ်သောတရားတို့မှာ –

(၁) ကဗဠီကာရာဟာရ
(၂) ဖဿာဟာရ
(၃) မနောသဉ္စေတနာဟာရ နှင့်
(၄) ဝိညာဏာဟာရ ဟူသော အာဟာရ ၄-ပါးတို့ ဖြစ်ပါသည်။

ယင်းအာဟာရတရားများ၏ ဆောင်ပုံမှာ –

(၁) **ကဗဠီကာရာဟာရသည်** – သြဇာလျှင် ရှစ်ခုမြောက်သော အာဟာရအေဋ္ဌ-ကလာပ်ရုပ်ကို ဆောင်၏။
(၂) **ဖဿာဟာရသည်** – ဝေဒနာသုံးပါးကို ဆောင်၏။
(၃) **မနောသဉ္စေတနာဟာရဟု ဆိုအပ်သော ကုသိုလ်-အကုသိုလ်ကံသည်** – ဘဝသုံးပါး၌ ပဋိသန္ဓေကို ဆောင်၏။
(၄) **ဝိညာဏာဟာရဟုဆိုအပ်သော ပဋိသန္ဓေဝိညာဏ်သည်** – မိမိနှင့်တကွဖြစ်သော နာမ်၊ ရုပ်တရားတို့ကို ဆောင်၏။

---

http://www.dhammadownload.com

၁၉၉၀

၁။ သံသရာဝဲဩဃထဲမှ ကယ်တင်ရန် လျှောက်ပန်ကြရာ "ဩဃ"ဟူသောစကား၏ အဓိပ္ပါယ်ကို ဥပမာအသွယ်သွယ်ဖြင့် ရှင်းလင်းခဲ့ပါ။

"ဩဃ"ဟူသောစကား၏ အဓိပ္ပါယ်

(က) လွှမ်းမိုးနှိပ်စက်၍ အောက်သို့ဆောင်တတ်သောကြောင့် ရေအလျဉ်သည် "ဩဃ" မည်၏။

(ခ) မိမိ၏အောက်သို့ ရောက်သည်ကိုပြု၍ နစ်မွန်းစေတတ်သောကြောင့် ရေအလျဉ်သည် "ဩဃ" မည်၏။

(ဂ) သတ္တဝါတို့ကို လွှမ်းမိုး၍ ဆောင်ကုန်လျက် ဝဋ်ဆင်းရဲ၌ နစ်မြုပ်စေကုန်သကဲ့သို့ ဖြစ်သောကြောင့် ရေအလျဉ်နှင့် တူရကား လောဘ, ဒိဋ္ဌိ, မောဟ တရား ၃-ပါးတို့သည် "ဩဃ" မည်၏။

၂။ ကိစ္စ-အကြောင်း-ဆန့်ကျင်ဘက်ချင်း တူသည်၏ အဖြစ်ကြောင့် ထိန-မိဒ္ဓ, ဥဒ္ဓစ္စ-ကုက္ကုစ္စတို့ကို တစ်ခုသော နီဝရဏအဖြစ်ဖြင့် ဟောအပ်၏ဟု ဆိုရာဝယ် မည်သို့တူကြပါသနည်း၊ အသီးသီး ရှင်းပြခဲ့ပါ။ (၁၉၈၉ နံပါတ်-၂)

၃။ မည်သို့သောအကြောင်းကြောင့် "ဗိုလ်"ဟူသော အမည်ကို ရပါသနည်း၊ ယင်း ဗိုလ် အမည်ရ တရားတို့ကို ဆန့်ကျင်ဘက်အသီးသီးနှင့် ယှဉ်စပ်ပြပါ။

"ဗိုလ်" အမည်ရခြင်းအကြောင်းများမှာ -

(က) **သဒ္ဓါ စသော ၇-ပါးသော တရားတို့သည် -**

(၁) အသဒ္ဓိယ စသော ဆန့်ကျင်ဘက်တရားတို့က မတုန်မလှုပ်စေအပ်ကုန်သည်၏အဖြစ်ကြောင့်လည်းကောင်း၊

(၂) သမ္မယုတ်တရားတို့၌ မြဲမြံစွာဖြစ်သည် အဖြစ်ကြောင့်လည်းကောင်း "ဗိုလ်" မည်ကြ၏။

(ခ) **အဟိရိကနှင့် အနောတ္တပ္ပတရား ၂-ပါးတို့ကား**

- သမ္မယုတ်တရားတို့၌ မြဲမြံစွာ ဖြစ်သောကြောင့်သာ "ဗိုလ်" မည်ကြပါသည်။

http://www.dhammadownload.com

ဗိုလ်အမည်ရတရားတို့ကို ဆန့်ကျင်ဘက်အသီးသီးနှင့် ယှဉ်စပ်ပြရသော် –

ဗိုလ်	ဆန့်ကျင်ဘက်တရားများ
၁။ သဒ္ဓါဗိုလ်	အဿဒ္ဓိယ (မယုံကြည်သော အခြင်းအရာအားဖြင့် ဖြစ်သော အကုသိုလ်စိတ္တုပ္ပါဒ်)
၂။ ဝီရိယဗိုလ်	ကောသဇ္ဇ (ပျင်းရိခြင်း, အားမထုတ်ခြင်းဟူသော အခြင်းအရာ အားဖြင့်ဖြစ်သော အကုသိုလ်စိတ္တုပ္ပါဒ်)
၃။ သတိဗိုလ်	ပမာဒ (မေ့လျော့ခြင်းဟူသော အခြင်းအရာအားဖြင့်ဖြစ်သော အကုသိုလ်စိတ္တုပ္ပါဒ်)
၄။ သမာဓိဗိုလ်	ဥဒ္ဓစ္စ
၅။ ပညာဗိုလ်	အဝိဇ္ဇာ
၆။ ဟိရိဗိုလ်	အဟိရိက
၇။ ဩတ္တပ္ပဗိုလ်	အနောတ္တပ္ပ

၄။ ခန္ဓာတို့ကို တည်ရာခွက် စသည်တို့နှင့် တူသောကြောင့် ငါးပါးတို့ကိုသာ ဟောတော်မူ၏ဟု ဆိုရာဝယ် မည်သို့ တူကြပါသနည်း၊ အသီးသီး ရှင်းလင်းခဲ့ပါ။

ခန္ဓာ ၅-ပါးတို့၏ တည်ရာခွက် စသည်တို့နှင့်တူပုံ –

ခန္ဓာ ၅-ပါး	အကြောင်းပြချက်	ဥပမာ
(၁) **ရူပက္ခန္ဓာ**သည်	– ဝေဒနာ၏ မှီရာဖြစ်သောကြောင့်	– တည်ရာခွက်နှင့်တူ၏။
(၂) **ဝေဒနာက္ခန္ဓာ**သည်	– ဝိညာဏ်၏ ခံစားအပ်သောကြောင့်	– ဘောဇဉ်နှင့်တူ၏။
(၃) **သညာက္ခန္ဓာ**သည်	– ဝေဒနာ၏ သာယာခံစားခြင်းကို ရှုခြင်း၏အကြောင်းဖြစ်သောကြောင့်	– ဟင်းလျာနှင့်တူ၏။
(၄) **သင်္ခါရက္ခန္ဓာ**သည်	– ဝေဒနာဘောဇဉ်ကို ပြုပြင်စီမံတတ်သောကြောင့်	– စားဖိုသည်နှင့်တူ၏။
(၅) **ဝိညာဏက္ခန္ဓာ**သည်	– ဝေဒနာဘောဇဉ်ကို သုံးဆောင် ခံစားတတ်သောကြောင့်	– စားတတ်သော ထမင်းရှင်နှင့်တူ၏။

---

http://www.dhammadownload.com

၁၉၉၁

၁။ ပါရမီရှင်မှ တစ်ပါးသောပုဂ္ဂိုလ်များ၏ ကာမဂုဏ်ခံစားမှုကို မစွန့်လွှတ်နိုင်ဘဲ အားထုတ်နေသော ဘာဝနာလုပ်ငန်းသည် စျာန်, မဂ်, ဖိုလ် ရနိုင်-မရနိုင် အကုသလသဂ်ဟကို သုံးသပ်၍ ဆွေးနွေးပါ။

ပါရမီရှင်မှ တစ်ပါးသောပုဂ္ဂိုလ်များ၏ ကာမဂုဏ်ခံစားမှုကို မစွန့်လွှတ်နိုင်ဘဲ အားထုတ်နေသော ဘာဝနာလုပ်ငန်းသည် စျာန်, မဂ်, ဖိုလ် မရစေနိုင်ပါ၊ အကြောင်းမှာ -

အကုသလသဂ်ဟ၌ - ကာမဂုဏ်ခံစားခြင်း ကာမစ္ဆန္ဒ အစရှိသော နိဝရဏတရားတို့သည် -

(၁) စျာန် အစရှိသည်တို့၏အစွမ်းဖြင့် ဖြစ်ထိုက်သော ကုသိုလ်စိတ်ကို တားမြစ်တတ်၊ ထိုစျာန် စသည်တို့၏အဖြစ်ဖြင့် ဖြစ်ခွင့်ကို မပေးတတ်ဟု လည်းကောင်း၊

(၂) ပညာဉာဏ်မျက်စိ (မဂ်ဉာဏ်)ကို ဖုံးလွှမ်းပိတ်ပင်တတ်၊ တားမြစ်တတ်သည်ဟုလည်းကောင်း

ဋီကာဆရာ ဖော်ပြထားသောကြောင့် ကာမဂုဏ်ခံစားမှုကို မစွန့်လွှတ်နိုင်ဘဲ အားထုတ်နေသော ဘာဝနာလုပ်ငန်းသည် စျာန်, မဂ်, ဖိုလ် မရစေနိုင်ကြောင်း ထင်ရှားပါသည်။

၂။ သဘာဝဓမ္မာများ၏ အကြီးအကဲဖြစ်ကုန်သော "အဓိပတိ" နှင့် "ဣန္ဒြေ"တို့၏ စိုးမိုးအုပ်ချုပ်ပုံ ခြားနားချက်ကို ရေးပြ၍၊ ကဗဋ္ဋီကာရာဟာရ၏ ရူပကာယအား ထူးသော အကြောင်းဖြစ်၍ ကျေးဇူးပြုပုံကို ရှင်းလင်းဖြေဆိုပါ။

"အဓိပတိ" နှင့် "ဣန္ဒြေ"တို့၏ စိုးမိုးအုပ်ချုပ်ပုံ ခြားနားချက်မှာ -

အဓိပတိ	ဣန္ဒြေ
မိမိ အဓိပတိတပ်နေခိုက် အခြားသော အဓိပတိတရားတို့၏ အဓိပတိအဖြစ်ကို တားမြစ်၍ မိမိသာ အစိုးရသည်အဖြစ်	တစ်ပါးသော ဣန္ဒြေများ အစိုးရခြင်းရှိသော်လည်း မိမိနှင့်စပ်သော တရားကိုသာ မိမိအလိုသို့ လိုက်စေခြင်းသဘော အစိုးရခြင်း

http://www.dhammadownload.com

သည် "အဓိပတိ"၏ စိုးမိုးအုပ်ချုပ်ပုံ ဖြစ်၏။
ဥပမာ – စကြဝတေးမင်း

သဘောမျိုးသည် "ဣန္ဒြေ"၏ စိုးမိုးအုပ်ချုပ်ပုံ ဖြစ်၏။
ဥပမာ – ပဒေသရာဇ်မင်းငယ်

ကဗဠီကာရာဟာရ၏ ရူပကာယအား ထူးသောအကြောင်းဖြစ်၍ ကျေးဇူးပြုပုံ

ကဗဠီကာရာဟာရသည် ကဗဠီကာရာဟာရလျှင် အစာရှိကုန်သော သတ္တဝါတို့၏ ရူပကာယ၏ ထူးသောအကြောင်း ဖြစ်ပါသည်။

သတ္တဝါတို့၏ ရူပကာယသည် ကံ အစရှိသည်တို့က ဖြစ်စေအပ်သော်လည်း– ကာဗဠီကာရာဟာရ ဟူသော အထောက်အပံ့၏ အစွမ်းကြောင့်သာလျှင် ဆယ်နှစ် အစရှိသော ကာလတို့ပတ်လုံး တည်နိုင်သည်၏အဖြစ်ကြောင့် ကဗဠီကာရာဟာရသည် ရူပကာယ၏ ထူးသောအကြောင်းဖြစ်၍ ကျေးဇူးပြုပေသည်။

ဥပမာ – အထိန်းသည်သည် သတို့သားကို နို့ရည်တိုက်ခြင်း စသည်ဖြင့် ထောက်ပံ့ခိုင်စေသကဲ့သို့လည်းကောင်း၊ ဆွေးမြေ့သောအိမ်ကို ထောက်ပံ့ခိုင်စေသော ယန္တရားတိုင်ကဲ့သို့လည်းကောင်း ဖြစ်ပါသည်။

၃။ ကာယာနုပဿနာ ရှုမှတ်ပွားနည်းများကို နည်းယူရလောက်အောင် ရေးပြ၍၊ သတိစေတသိက် တစ်မျိုးတည်းကို လေးမျိုးခွဲ၍ ဟောကြားတော်မူကြောင်းကိုလည်း စိစစ်ပြပါ။

ကာယာနုပဿနာ ရှုမှတ်ပွားများနည်းကို နည်းယူရလောက်အောင် ရေးပြရသော် –

စက်ဆုပ်ဖွယ်ရှိကုန်သော ဆံ အစရှိသည်တို့၏ ဖြစ်ရာဖြစ်သော အတွင်းဘော (ကိုယ်=ကာယ)ကို၊ (တစ်နည်း) ထွက်သက်–ဝင်သက်တို့၏ အပေါင်းကာယကို –

(၁) အဖန်တလဲလဲ စီးဖြန်းသည်၏ အစွမ်းဖြင့်လည်းကောင်း၊

(၂) အနိစ္စာနုပဿနာ စသော ၇–ပါးကုန်သော အနုပဿနာတို့၏အစွမ်းဖြင့်လည်းကောင်း၊

အသုဘဟူသော အခြင်းအရာကို ယူ၍ သုဘသညာ ဟူသော ဖောက်ပြန်ခြင်းကို ပယ်သည်၏အစွမ်းဖြင့် အောက်မေ့ခြင်းသတိ အထူးပြုလျက် ရှုမှတ်ပွားများရမည် ဖြစ်ပါသည်။

http://www.dhammadownload.com

သတိစေတသိက် တစ်မျိုးတည်းကို လေးမျိုးခွဲ၍ ဟောတော်မူရခြင်းအကြောင်းမှာ –

သတိပဋ္ဌာန်ဟူသည် တရားကိုယ်အားဖြင့် သတိတစ်ပါးတည်းပင် ဖြစ်သော်လည်း–

(က) **ယူသောကိစ္စ** = ကာယ, ဝေဒနာ, စိတ္တ, ဓမ္မ ဟူသောအာရုံတို့၌ အသုဘ, ဒုက္ခ, အနိစ္စ, အနတ္တ ဟူသော အခြင်းအရာကို ယူခြင်း၏ အစွမ်းအားဖြင့်လည်းကောင်း၊

(ခ) **ပယ်ခွါသောကိစ္စ** = သုဘ, သုခ, နိစ္စ, အတ္တဟူသော သညာဝိပလ္လာသတရားတို့ကို ပယ်သည့်၏အစွမ်းအားဖြင့်လည်းကောင်း၊

ဤသို့ ယူသောကိစ္စ, ပယ်ခွါသောကိစ္စအားဖြင့် ၄-ပါးစီ ပြားသောကြောင့် သတိပဋ္ဌာန် ၄-ပါး ပြားရခြင်းဖြစ်သည်။

၄။ ရူပက္ခန္ဓာနှင့် ရူပုပါဒါနက္ခန္ဓာတို့၌ ပါဝင်သော ရုပ်တရားများသည် အချင်းချင်း ထူးခြားမှု ရှိပါသလော၊ ဖြေဆိုပြီးလျှင် အရိယသစ္စာ၏ စွမ်းအင်သတ္တိကိုလည်း ရေးပြပါ။

ရူပက္ခန္ဓာ နှင့် ရူပုပါဒါနက္ခန္ဓာတို့၌ ပါဝင်သော ရုပ်တရားများသည် –

တရားကိုယ်သရုပ်အားဖြင့် ရုပ် ၂၈-ပါးချည်းသာ ဖြစ်၏၊ ထို့ပြင် ရုပ်တရားဟူသည် ဧကန် ကာမာဝစရတရားသာ ဖြစ်၍ စင်စစ် အာသဝေါတရားတို့၏ အာရုံသာ ဖြစ်၏။

ဤသို့အားဖြင့် ရုပ် ၂၈-ပါးတို့သည် သာသဝ, အနာသဝဟု နှစ်မျိုးမပြား၊ သာသဝ တစ်မျိုးတည်းသာ ဖြစ်ပါသော်လည်း –

– ရုပဋ္ဌနအဖြစ်ဖြင့် သဘောတူသော ရုပ်တရားအစုကို ပေါင်းသည်၏ အစွမ်းအားဖြင့် **ရူပက္ခန္ဓာ**ဟု ခေါ်ဆိုရခြင်း ဖြစ်သည်။	– ရုပ်တရားတို့သည် ဥပါဒါန်တရားတို့၏ အာရုံဖြစ်ခြင်းကြောင့်လည်းကောင်း၊ ရုပ်တရားစု၏အစွမ်းဖြင့်လည်းကောင်း၊ **ဥပါဒါနက္ခန္ဓာ**ဟု ခေါ်ဆိုရခြင်းဖြစ်သည်။

သို့ဖြစ်၍ ရူပက္ခန္ဓာနှင့် ရူပုပါဒါနက္ခန္ဓာတို့၌ ပါဝင်သော ရုပ်တရားများသည် သရုပ်အရေအတွက်အားဖြင့် ၂၈-ပါးချင်းတူ၍ ထူးခြားမှု မရှိသော်လည်း ဟောကြားပုံ၊ ခေါ်ဆိုပုံ အစွမ်းအားဖြင့် ထူးခြားမှု ရှိပါသည်။

http://www.dhammadownload.com

အရိယသစ္စာ၏ စွမ်းအင်သတ္တိမှာ –

(၁) ကိလေသာတို့သည် ဖျက်ဆီးအပ်သောသဘော(ဒုက္ခ, သမုဒယ)၊ ကိလေသာတို့သည် မဖျက်ဆီးအပ်သောသဘော(နိရောဓ, မဂ္ဂ)ဟူသော အစွမ်းသတ္တိ

(၂) အကျိုးသဘော(ဒုက္ခ, နိရောဓ)၊ အကြောင်းသဘော(သမုဒယ, မဂ္ဂ)ဟူသော အစွမ်းသတ္တိတို့ ရှိပါသည်။

၁၉၉၂

၁။ ဥပါဒါန်၏ အဓိပ္ပါယ်ကို ဖွင့်ဆိုရေးသားပြီးလျှင်၊ "ဥပါဒါန်ကြောင့် ဥပဒ်ရောက်" ဟု ဆိုရိုးစကားရှိရာ ဥပဒ်ရောက်လောက်အောင် စွဲလမ်းသော အယူသည်းအစွန်းရောက် "သီလဗ္ဗတုပါဒါန်"အကြောင်း ရှင်းလင်းရေးသားပါ။

ဥပါဒါန်၏အဓိပ္ပာယ်

မြွေသည် ဖားကို မြဲမြံစွာ ဖမ်းယူသကဲ့သို့ အာရုံကို ပြင်းစွာမြဲမြံစွာ စွဲလမ်းတတ်၊ ယူတတ်သောကြောင့် လောဘ, ဒိဋ္ဌိတို့သည် "ဥပါဒါန်" မည်ကြပါသည်။

"သီလဗ္ဗတုပါဒါန်"အကြောင်း ရှင်းလင်းရေးသားရသော် –

"ငါ၏ ဤနွားတို့၏ အလေ့အကျင့်စသည်ဖြင့် သံသရာမှ စင်ကြယ်၏"ဟု နွားတို့၏ အလေ့အကျင့် စသည်တို့ကို မြဲစွာစွဲလမ်းယူခြင်း ဒိဋ္ဌိသည် "သီလဗ္ဗတုပါဒါန်" မည်ပါသည်။

၂။ အနုသယ မကင်းသည့် လောကကြီးအတွင်းဝယ် ဖြစ်လေ့ရှိသော အနုသယသတ္တိကို ရှင်းလင်းရေးပြ၍၊ အဘယ်အချိန်ကာလ၌ဖြစ်သော အဘယ်တရားမျိုးကို အနုသယဟု ဆိုကြောင်းကို စိစစ်ဖြေဆိုပါ။

အနုသယမကင်းသည့် လောကကြီးအတွင်းဝယ် ဖြစ်လေ့ရှိသော အနုသယသတ္တိကို ရှင်းလင်းပြရသော် –

(၁) မဂ်ဖြင့် မပယ်အပ်သေးသည့်အတွက် သတ္တဝါတို့၏သန္တာန်၌ အဖန်ဖန်အထပ်ထပ် ဖြစ်တတ်ကိန်းတတ်သောသဘောရှိခြင်း၊

http://www.dhammadownload.com

(၂) ကိလေသာဖြစ်ဖို့ရန် သင့်လျော်သော အာရုံစသောအကြောင်း ရလတ်သော် ဖြစ်ပေါ်တတ်သော, ဖြစ်ပေါ်ခြင်းငှာ ထိုက်သောသဘောရှိခြင်းတို့ ဖြစ်ပါသည်။

မဂ်သည် မပယ်အပ်သေးသည်၏အဖြစ်ကြောင့် အားအစွမ်းသို့ရောက်သော အင်အားကြီးမားသော ကိလေသာတို့သည်သာ ထိုအနုသယသတ္တိနှင့် ပြည့်စုံကြပါသည်။

အနုသယအရ –

မူရင်းအားဖြင့် – အနာဂတ်ကာလ၌ဖြစ်သော မဂ်ဖြင့် မပယ်အပ်သေးသည်၏အဖြစ်ဟူသော အခိုက်အတန့်ရှိသော အားအစွမ်းနှင့် ပြည့်စုံသော ကိလေသာတရား (လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ)တို့ကို ခေါ်ဆိုပါသည်။

ဥပစာအားဖြင့် – အတိတ်ကာလနှင့် ပစ္စုပ္ပန်ကာလတို့၌ဖြစ်သော ကိလေသာတို့ကိုလည်း အနာဂတ်ကိလေသာတို့ကဲ့သို့ ညစ်နွမ်းခြင်းသဘောရှိသောကြောင့် (တစ်နည်း) မဂ်ဖြင့် မပယ်အပ်သေးသည်၏အဖြစ်ဟူသော သဘောရှိသောကြောင့် အနုသယဟု ခေါ်ဆိုရပါသည်။

၃။ ကွန်ဒြေရှင် ပီသပါပေသည်ဟု ချီးကျူးရလောက်သည့် သောတာပန်အရိယာပုဂ္ဂိုလ်ရရှိပြီးသော သောတာပတ္တိမဂ်ဉာဏ်၏ ကွန်ဒြေအမည်ရပုံကို ရှင်းလင်းဖြေဆို၍၊ ဒွိဟိတ်တိဟိတ်စိတ်များဖြစ်သော လောကီဝိပါက်စိတ်များ၏ အဓိပတိ မဖြစ်ထိုက်ပုံကိုလည်း စိစစ်ပြပါ။

သောတာပတ္တိမဂ်ဉာဏ်၏ ကွန်ဒြေအမည်ရပုံမှာ –

"အစမထင် သံသရာပြင်၌ တစ်ရံတစ်ဆစ်မျှ မသိဖူးသေးသော အမြိုက်နိဗ္ဗာန်သစ္စာလေးပါး တရားထူးကို သိအောင်ပြုအံ့"ဟု ကျင့်သောယောဂီပုဂ္ဂိုလ်(သောတာပန်)အား သောတာပတ္တိမဂ်ဉာဏ်သည် ထိုသို့သော အခြင်းအရာအားဖြင့် ဖြစ်ကုန်သော သဟဇာတ်တရားတို့ကို အစိုးရသည်အဖြစ်ကြောင့် "အနညာတညဿာမီတိန္ဒြေ" အမည်ရပါသည်။

http://www.dhammadownload.com

ဒွိဟိတ် တိဟိတ်စိတ်များဖြစ်သော လောကီဝိပါက်စိတ်များ၏ အဓိပတိ မထိုက်ပုံ

လောကီဝိပါက်စိတ်များသည် –

(၁) ဆန္ဒ အစရှိသည်တို့ကို ရှေ့သွားပြု၍ မဖြစ်ကြသောကြောင့်လည်းကောင်း၊

(၂) ပဋိသန္ဓေစိတ် ဘဝင်စိတ်များ ဖြစ်ကြ၍ အားထုတ်ခြင်း ကင်းသောကြောင့် လည်းကောင်း ... အဓိပတိ မထိုက်ခြင်း ဖြစ်ပါသည်။

၁၉၉၃

၁။ အဘယ်တရားတို့နှင့် ယှဉ်စေတတ်ကုန်သောကြောင့် "ဂန္ဆ"မည်သည်ကို အပြည့်အစုံ ရှင်းပြ၍၊ တရားကိုယ်အရ "ဒိဋ္ဌ"ချင်း တူပါလျက် သီလဗ္ဗတပရာမာသနှင့် ကွဲဒံသစ္စာ–ဘိနိဝေသတို့ကို ခွဲခြားဟောရခြင်း၏ ထူးခြားချက်ကို စိစစ်ပြပါ။

"ဂန္ဆ" မည်ရခြင်းအကြောင်းမှာ –

(၁) စုတိ ပဋိသန္ဓေတို့၏ အစွမ်းဖြင့် ဝဋ်သုံးပါး၌ ဆက်စပ်ထုံးဖွဲ့တတ်သောကြောင့် "ဂန္ဆ" မည်ပါသည်။

(၂) နာမ်တရားအပေါင်း (နာမ်ကာယ)နှင့် ရုပ်တရားပေါင်း (ရူပကာယ)ကို ယည်းကောင်း၊ ပစ္စုပ္ပန်ကာယနှင့် အနာဂတ်ကာယကိုလည်းကောင်း ဖြေနိုင်ခက်အောင် ရစ်ပတ်ထုံးဖွဲ့တတ်သောကြောင့် လောဘ, ဒေါသ, ဒိဋ္ဌတို့သည် "ကာယဂန္ဆ" မည်ကြပါသည်။

တရားကိုယ်အရ "ဒိဋ္ဌ"ချင်း တူပါလျက် သီလဗ္ဗတပရာမာသနှင့် ကွဲဒံသစ္စာဘိနိဝေသတို့ကို ခွဲခြားဟောရခြင်းမှာ –

သီလဗ္ဗတပရာမာသဒိဋ္ဌိသည် – "နွားတို့၏အလေ့၊ နွားတို့၏အကျင့်သဘောစသည်ဖြင့် သံသရာမှ စင်ကြယ်၏"ဟု သဘောမဟုတ်သောအားဖြင့် စွဲယူ၏။

ကွဲဒံသစ္စာဘိနိဝေသဒိဋ္ဌိသည်– "ငါ၏အယူသည်သာလျှင် မှန်၏၊ တစ်ပါးသော အယူသည် မမှန်၊ အချည်းနှီးသာတည်း"ဟု စွဲမြဲစွာ ယူ၏။

ဤသို့ ယူပုံအခြင်းအရာ ကွဲပြားထူးခြားသောကြောင့် တရားကိုယ်အရ "ဒိဋ္ဌ"ချင်း တူပါလျက် သီလဗ္ဗတပရာမာသနှင့် ကွဲဒံသစ္စာဘိနိဝေသတို့ကို ခွဲခြားဟောရခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

၂။ "မဂ်-အင်္ဂါ-မဂ္ဂင်" တို့၏အဓိပ္ပါယ်ကို ရှင်းပြ၍၊ အပါယ်လေးပါးသို့ ရောက်စေနိုင်သော မဂ္ဂင်ရှိ-မရှိ အကြောင်းပြ ဆုံးဖြတ်ပြီး၊ သုဂတိဘဝသို့ ရောက်စေတတ်သော "အင်္ဂါ" များကိုလည်း ရေတွက်ပါ။

"မဂ်-အင်္ဂါ-မဂ္ဂင်"တို့၏ အဓိပ္ပါယ်

မဂ် – သမ္မာဒိဋ္ဌိ စသောတရားတို့သည် ဒုဂ္ဂတိဘုံ၊ သုဂတိဘုံနှင့် နိဗ္ဗာန်သို့ ရှေးရှု ရောက်စေတတ်သောကြောင့် (မဂ္ဂ) "မဂ်" မည်၏။

အင်္ဂါ – ထို ဒုဂ္ဂတိ-သုဂတိ-နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်ကုန်သော သမ္မာဒိဋ္ဌိစသော အစိတ်တို့သည် "အင်္ဂါ" မည်၏။

မဂ္ဂင် – ထိုနှစ်ပါးသောအနက်ကြောင့် "မဂ္ဂင်" မည်၏။

အပါယ်လေးပါးသို့ ရောက်စေနိုင်သော မဂ္ဂင်ရှိပါသည်၊ အကြောင်းမှာ –

မိစ္ဆာဒိဋ္ဌိစသောတရား ၄-ပါးတို့သည် ဒုဂ္ဂတိဘုံ-အပါယ်လေးပါးသို့ ရောက်ကြောင်းဖြစ်သောကြောင့် "မိစ္ဆာမဂ္ဂင်" အမည်ရကြသောကြောင့် ဖြစ်ပါသည်။

ယင်း မိစ္ဆာမဂ္ဂင် ၄-ပါးကား မိစ္ဆာဒိဋ္ဌိမဂ္ဂင်၊ မိစ္ဆာသင်္ကပ္ပမဂ္ဂင်၊ မိစ္ဆာဝါယာမမဂ္ဂင် နှင့် မိစ္ဆာသမာဓိမဂ္ဂင်တို့ ဖြစ်ပါသည်။

သုဂတိဘဝသို့ ရောက်စေတတ်သော အင်္ဂါများမှာ –

(၁) သမ္မာဒိဋ္ဌိ (၅) သမ္မာအာဇီဝ
(၂) သမ္မာသင်္ကပ္ပ (၆) သမ္မာဝါယာမ
(၃) သမ္မာဝါစာ (၇) သမ္မာသတိ
(၄) သမ္မာကမ္မန္တ (၈) သမ္မာသမာဓိ တို့ ဖြစ်ကြပါသည်။

၃။ မြတ်ဗုဒ္ဓသည် သတ္တဝါတို့အား ချီးမြှောက်လိုသောကြောင့် "ခန္ဓာ-အာယတန-ဓာတ်" သုံးရပါသောတရားတို့ကို ဟောတော်မူသည်ဆိုရာ အဘယ်အစွမ်းအားဖြင့် ဟောတော်မူသည်ကို ရှင်းပြ၍၊ အဘယ်သတ္တဝါတို့အား အဘယ်တရားများ ဟောတော်မူသည်ကို တွဲစပ်ဖြေဆိုပါ။

http://www.dhammadownload.com

"ခန္ဓာ-အာယတန-ဓာတ်" သုံးရပ်သောတရားတို့ကို ဟောတော်မူရာ၌ -

(က) နာမ်၌တွေဝေသော သတ္တဝါ၊ ရုပ်၌တွေဝေသော သတ္တဝါ၊ နာမ်-ရုပ် နှစ်ပါး၌ တွေဝေသော သတ္တဝါတို့၏ အစွမ်းအားဖြင့်လည်းကောင်း၊

(ခ) ရင့်သောကျန်ခြေရှိသော သတ္တဝါ၊ မရင့်လွန်းသော ကျန်ခြေရှိသော သတ္တဝါ၊ နုသောကျန်ခြေရှိသော သတ္တဝါတို့၏ အစွမ်းအားဖြင့်လည်းကောင်း၊

(ဂ) အကျဉ်းဖြစ်သောဒေသနာ၌ နှစ်သက်သော သတ္တဝါ၊ အလယ်အလတ်ဖြစ်သော ဒေသနာ၌ နှစ်သက်သော သတ္တဝါ၊ အကျယ်ဖြစ်သောဒေသနာ၌ နှစ်သက်သော သတ္တဝါတို့၏ အစွမ်းအားဖြင့်လည်းကောင်း၊

ဤသို့ သုံးမျိုးသုံးစား အပြားရှိသော သတ္တဝါတို့ကို ချီးမြှောက်ခြင်း၏ အစွမ်းအားဖြင့် ဟောတော်မူပါသည်။

သတ္တဝါအပြားနှင့် ဟောတော်မူသောတရားတို့ကို တွဲစပ်ပြရသော် -

သတ္တဝါ ၃-မျိုး၊ ၃-စား	ဟောသောတရား	အကြောင်းပြချက်
၁။ **နာမ်၌တွေဝေသော သတ္တဝါ** - ရင့်သောကျန်ခြေရှိသော သတ္တဝါ၊ - အကျဉ်းဒေသနာ၌ နှစ်သက်သော သတ္တဝါ	ခန္ဓာဒေသနာ	နာမ်ကို ၄-ပါး အပြားဖြင့် ဝေဖန်တော်မူအပ်သောကြောင့်
၂။ **ရုပ်၌တွေဝေသော သတ္တဝါ** - မရင့်လွန်းသော ကျန်ခြေရှိသောသတ္တဝါ - အလယ်အလတ်ဒေသနာ၌ နှစ်သက်သော သတ္တဝါ	အာယတနဒေသနာ	ရုပ်ကို ၁၀$\frac{1}{2}$ ပါးအားဖြင့် ဝေဖန်တော်မူအပ်သောကြောင့်
၃။ **နာမ်ရုပ် ၂-ပါး၌တွေဝေသော သတ္တဝါ** - နုသောကျန်ခြေရှိသော သတ္တဝါ - အကျယ်ဒေသနာ၌ နှစ်သက်သော သတ္တဝါ	ဓာတ်ဒေသနာ	နာမ်ကို ၇$\frac{1}{2}$ ပါး၊ ရုပ်ကို ၁၀$\frac{1}{2}$ ပါးအားဖြင့် အကျယ်ဝေဖန်တော်မူအပ်သောကြောင့်

http://www.dhammadownload.com

၁၉၉၄

၁။ ဘဝဂ်၊ ဂေါတြဘူတိုင်အောင် ပျံ့နှံ့၍ဖြစ်တတ်သော တရားများစွာရှိပါလျက် လောဘ စသော တရား ၃–မျိုးကိုသာ "အာသဝ"ဟု ခေါ်ဆိုရခြင်းအကြောင်းကို ဖြေဆိုပြီးလျှင်၊ လောကဥ် အကုသိုလ်ဈာန်ဝင်စားသူ ရှိနိုင်ပါသလော၊ ရှင်းလင်းခဲ့ပါ။

လောဘစသော တရား ၃–မျိုးကိုသာ "အာသဝ"ဟု ခေါ်ဆိုရခြင်းအကြောင်းမှာ –

ဘဝဂ်, ဂေါတြဘူတိုင်အောင် ပျံ့နှံ့၍ဖြစ်တတ်သော မာနစသော အခြားတရားများ ရှိကြပါသော်လည်း "ငါ၏ကိုယ်, ငါ၏ဥစ္စာ"ဟု မှားသောအားဖြင့် စွဲလမ်းခြင်းအစွမ်းဖြင့် အထူးသဖြင့် ပျံ့နှံ့၍ ဖြစ်တတ်သောကြောင့်လည်းကောင်း၊ မူးယစ်အောင် ပြုတတ်သည်ဖြစ်၍ မုဒရက်အရည်နှင့် တူသည်အဖြစ်ကြောင့်လည်းကောင်း "လောဘ၊ ဒိဋ္ဌိ၊ မောဟ" တရား ၃–မျိုးကိုသာ "အာသဝ"ဟူသောအမည်ဖြင့် ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

လောကဥ် အကုသိုလ်ဈာန်ဝင်စားသူ ရှိနိုင်ပါသည်၊ ရှင်းလင်းပြရသော် –

(၁) "ကောင်းသော ကုသိုလ်အာရုံ၌ဖြစ်စေ၊ မကောင်းသော အကုသိုလ်အာရုံ၌ဖြစ်စေ စူးစူးစိုက်စိုက် စွဲစွဲမြဲမြံကပ်၍ ရှုတတ်သောကြောင့် ဈာန်မည်၏ဟု ဋီကာဆရာဖွင့်ဆိုထားသောကြောင့်လည်းကောင်း၊

(၂) "ဈာန်ဝင်စားခြင်း"ဟူသည် အာရုံတစ်ခုခု၌ ကပ်၍ရှုတတ်သော ဈာန်နှင့်ယှဉ်သောစိတ်များ(ဈာန်စိတ်များ) ဆက်တိုက်ဖြစ်ခြင်း ဖြစ်သောကြောင့်လည်းကောင်း၊

(၃) မိဿကသင်္ဂဟအရ–ဈာနင် ၇–ပါးရှိရာတွင် ဒေါမနဿဈာနင်သည် အကုသိုလ်သက်သက် ဈာနင်၊ ကြွင်းသော ဝိတက်, ဝိစာရ, ပီတိ, ဧကဂ္ဂတာ, သောမနဿ, ဥပေက္ခာဈာနင်တို့သည် ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ သုံးမျိုးတို့နှင့် ဆိုင်သော ဈာနင်များ ဖြစ်ကြ၏။ ထို့ကြောင့် လောကဥ် အကုသိုလ်ဈာန် ဝင်စားသူလည်း ရှိနိုင်ပါသည်။

http://www.dhammadownload.com

၂။ လောကုတ္တရာ ကျွန်ုပ်သုံးပါး၏ အဓိပ္ပါယ်ကို ရေးသား၍၊ နာမ်အာဟာရတရားတို့က ရူပကာယအား ထူးသောအကြောင်းဖြစ်၍ ကျေးဇူးပြုပုံကို ဖြေဆိုပါ။

လောကုတ္တရာကျွန်ုပ်သုံးပါး၏ အဓိပ္ပါယ်မှာ –

(၁) **အနည်ာတညသာမီတိန်ုပ်** – အစမထင် သံသရာပြင်၌ တစ်ရံတစ်ဆစ်မျှ မသိဖူးသေးသော အမြိုက်နိဗ္ဗာန် သစ္စာ ၄-ပါး တရားထူးကို သိအောင်ပြုအံ့ဟု ကျင့်သော ယောဂီပုဂ္ဂိုလ်၏ ကျွန်ုပ်သည် "အနည်ာတညသာမီတိန်ုပ်"မည်၏။ (သောတာပတ္တိမဂ်၌ယှဉ်သော ပညာစေတသိက်ကို ရ၏။)

(၂) **အညိန်ုပ်** – သောတာပတ္တိမဂ်သည် မြင်အပ်ပြီးသော အပိုင်းအခြားကို မလွန်မူ၍ သိတတ်သောကျွန်ုပ်သည် "အညိန်ုပ်" မည်၏။ (အထက်မဂ် ၃-ပါးနှင့် အောက် ဖိုလ် ၃-ပါး၌ ယှဉ်သော ပညာစေတသိက်ကို ရ၏။)

(၃) **အညာတာဝိန်ုပ်** – သိအပ်သော သစ္စာလေးပါးတရားတို့ကို သိပြီးသော ရဟန္တာ ပုဂ္ဂိုလ်၏ ကျွန်ုပ်သည် "အညာတာဝိန်ုပ်" မည်၏။ (အရဟတ္တဖိုလ်၌ယှဉ်သော ပညာစေတသိက်ကို ရ၏။)

နာမ်အာဟာရတရားတို့က ရူပကာယအား ထူးသောအကြောင်းဖြစ်၍ ကျေးဇူးပြုပုံမှာ –

(၁) **ဖဿာဟာရသည်** – သုခ အစရှိသော ဝေဒနာတို့၏ တည်ရာဖြစ်သောအာရုံကို တွေ့ထိလျက်သာလျှင် သုခ အစရှိသော ဝေဒနာကို ဖြစ်စေခြင်းအားဖြင့် ရူပကာယအား ထူးသောအကြောင်းဖြစ်၍ ကျေးဇူးပြုပါသည်။

(၂) **မနောသဉ္စေတနာဟာရသည်** – ကုသိုလ်၊ အကုသိုလ်တို့၏ အစွမ်းဖြင့် အားထုတ်သည်ဖြစ်၍သာလျှင် ဘုံ ၃-ပါး၌ ပဋိသန္ဓေဝိညာဉ်ကို ပြီးစေခြင်းအားဖြင့် ရူပကာယအား ထူးသောအကြောင်းဖြစ်၍ ကျေးဇူးပြုပါသည်။

(၃) **ဝိညာဏာဟာရသည်** – အာရုံကို သိလျက်သာလျှင် နာမ်ရုပ်တို့ကို ဖြစ်စေခြင်းအားဖြင့် ရူပကာယအား ထူးသောအကြောင်းဖြစ်၍ ကျေးဇူးပြုပါသည်။

၃။ (က)အရိယာ၊ (ခ)သစ္စာ၊ (ဂ)အရိယသစ္စာဟု ခေါ်ဝေါ်ရခြင်းအကြောင်းကို ရှင်းပြ၍၊ တဏှာသည် ဆင်းရဲ၏ပဓာနအကြောင်းဖြစ်ပုံကို ဆွေးနွေးပါ။

http://www.dhammadownload.com

(က) **အရိယာ** – အရိယာပုဂ္ဂိုလ်၏အဖြစ်ကို ပြုတတ်ပြီးစေတတ်ကုန်သောကြောင့် "အရိယာ"ဟု ခေါ်ဝေါ်ရပါသည်။

(ခ) **သစ္စာ** – မှန်ကန်သောကြောင့် "သစ္စာ"ဟု ခေါ်ဝေါ်ရပါသည်။

(ဂ) **အရိယသစ္စာ** – အရိယာပုဂ္ဂိုလ်၏အဖြစ်ကို ပြုတတ်သော မှန်ကန်သောတရားကို ဖြစ်ခြင်းကြောင့် "အရိယသစ္စာ"ဟု ခေါ်ဝေါ်ရပါသည်။

တဏှာသည် ဆင်းရဲ၏ပဓာနအကြောင်းဖြစ်ပုံ

(၁) လောကီကုသိုလ်၊ အကုသိုလ်ကံ ဆန်းကြယ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် လည်းကောင်း၊

(၂) ကံ၏ အဖော်သဟဲအဖြစ်သို့ ကပ်ရောက်ခြင်းကြောင့်လည်းကောင်း၊ တဏှာသည် ဒုက္ခဆန်းကြယ်ခြင်း၏အကြောင်း ဖြစ်ရပါသည်။

ဤသို့ ဒုက္ခဆန်းကြယ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် တဏှာသည် ဆင်းရဲ(ဒုက္ခ)၏ ပဓာနအကြောင်း ဖြစ်ရပါသည်။

၁၉၉၅

၁။ လောဘ၊ ဒိဋ္ဌိ၊ မောဟတရားသုံးပါးကို "ယောဂ"ဟု ခေါ်ဆိုရခြင်းအကြောင်းကို ရေးသားပြီး၊ ထိန, မိဒ္ဓနှင့် ဥဒ္ဓစ္စ, ကုက္ကုစ္စတို့ကို အဘယ်ကြောင့် နီဝရဏတစ်ခုတည်း ပြု၍ ဆိုရပါသနည်း၊ ရှင်းပြပါ။

လောဘ၊ ဒိဋ္ဌိ၊ မောဟတရားသုံးပါးကို "ယောဂ"ဟု ခေါ်ဆိုရခြင်းအကြောင်းမှာ –

(၁) ဝဋ်ဆင်းရဲ၌ သို့မဟုတ် ဘဝတည်းဟူသော ယန္တရားစက်၌ သတ္တဝါတို့ကို ကံ၏အကျိုးတရားနှင့် ယှဉ်စေတတ်ကုန်သောကြောင့်လည်းကောင်း၊

(၂) ဝဋ်ဆင်းရဲ၌ သို့မဟုတ် ဘဝတည်းဟူသော ယန္တရားစက်၌ ဘဝတစ်ပါး အစရှိသည်ကို ဘဝတစ်ပါး အစရှိသည်တို့နှင့် ယှဉ်စေတတ် ဖွဲ့ချည်တတ်သောကြောင့်လည်းကောင်း၊

(၃) သတ္တဝါတို့ကို ဝဋ်ဆင်းရဲနှင့် ယှဉ်စေတတ်သောကြောင့်လည်းကောင်း၊ လောဘ၊ ဒိဋ္ဌိ၊ မောဟတို့ကို "ယောဂ"ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

ထိန-မိဒ္ဓနှင့် ဥဒ္ဓစ္စ-ကုက္ကုစ္စတို့ကို နီဝရဏ တစ်ခုတည်းပြု၍ ဆိုရခြင်းအကြောင်းမှာ –
ထိနနှင့်မိဒ္ဓ၊ ဥဒ္ဓစ္စနှင့် ကုက္ကုစ္စ စေတသိက်တို့သည် လက္ခဏာချင်း၊ ကွဲပြားပါသော်လည်း၊ ကိစ္စ-အကြောင်း-ဆန့်ကျင်ဘက်ချင်း တူသောကြောင့် ထိန-မိဒ္ဓ နီဝရဏ၊ ဥဒ္ဓစ္စ-ကုက္ကုစ္စ နီဝရဏဟု တစ်ခုတည်းပြု၍ ဆိုရခြင်း ဖြစ်ပါသည်။ (ကိစ္စ,အကြောင်း, ဆန့်ကျင်ဘက်ချင်းတူညီပုံ – ၁၉၈၉ နံပါတ်-၂ အဖြေကြည့်ပါ။)

၂။ (က) အမုန်းသံယောဇဉ်၊ (ခ) တိရစ္ဆာန်ဖြစ်စေနိုင်သောမဂ္ဂင်တို့ကို ဖော်ပြ၍၊ မနိန္ဒြေတို့၏ အခြားမဲ့၌ ဝေဒနိန္ဒြေငါးပါးကို ဟောကြားရခြင်း၏ ရည်ရွယ်ချက်ကို ဖြေဆိုပါ။

(က) **အမုန်းသံယောဇဉ်** – ပဋိဃသံယောဇဉ်၊
(ခ) **တိရစ္ဆာန်ဖြစ်စေနိုင်သောမဂ္ဂင်** – (၁) မိစ္ဆာဒိဋ္ဌိမဂ္ဂင်
(၂) မိစ္ဆာသင်္ကပ္ပမဂ္ဂင်
(၃) မိစ္ဆာဝါယာမမဂ္ဂင်
(၄) မိစ္ဆာသမာဓိမဂ္ဂင် ဟူသော မိစ္ဆာမဂ္ဂင် ၄-ပါးတို့ ဖြစ်ပါသည်။

မနိန္ဒြေ၏အခြားမဲ့၌ ဝေဒနိန္ဒြေငါးပါးကို ဟောကြားရခြင်း၏ ရည်ရွယ်ချက်မှာ –
သတ္တဝါဟု ခေါ်ဝေါ်ပညတ်သမုတ်အပ်သော ဥပါဒိန္နတရားစုသည် အစဉ်အဆက်၏အစွမ်းဖြင့် ဖြစ်လတ်သော် ဤဝေဒနာတို့ကြောင့် ညစ်နွမ်းရ၏ဟု ပြခြင်းအကျိုးငှာ မနိန္ဒြေ၏အခြားမဲ့၌ ဝေဒနိန္ဒြေ ၅-ပါးကို ဟောကြားရခြင်း ဖြစ်ပါသည်။

၃။ သဒ္ဓါစသောတရားတို့သည် အဘယ်ကြောင့် "ဗိုလ်" မည်ပါသနည်း၊ စိစစ်ဝေဖန်၍၊ ဘုရား, ရဟန္တာတို့၏ ပဋိသန္ဓေစိတ်သည် အဓိပတိ ဖြစ်ထိုက်ပါသလော၊ ယုတ္တိပြ၍ ဆုံးဖြတ်ပါ။

သဒ္ဓါစသောတရားတို့ "ဗိုလ်" မည်ရခြင်း (၁၉၉၀ နံပါတ်-၃)

ဘုရား, ရဟန္တာတို့၏ ပဋိသန္ဓေစိတ်သည် အဓိပတိ မဖြစ်ထိုက်ပါ၊ ယုတ္တိပြ၍ ဆုံးဖြတ်ရသော် –

http://www.dhammadownload.com

ဘုရား, ရဟန္တာတို့၏ ပဋိသန္ဓေစိတ်သည် လောကီဝိပါက်စိတ်များ (မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄-ပါး)ပင် ဖြစ်၏၊ ၎င်းလောကီဝိပါက်စိတ်များသည် -

(၁) ဆန္ဒ အစရှိသည်တို့ကို အကြီးအမှူးပြု၍ မဖြစ်ကုန်သောကြောင့် လည်းကောင်း၊

(၂) ပဋိသန္ဓေစိတ်များဖြစ်၍ အားထုတ်ခြင်း ကင်းသောကြောင့်လည်းကောင်း အဓိပတိ မဖြစ်ထိုက်ခြင်း ဖြစ်ပါသည်။

၁၉၉၆

၁။ အဘယ်ကြောင့် "သြဃ" မည်ပါသနည်း၊ စုံလင်စွာဖြေဆို၍ ဖဿစသောတရားများကို ဣန္ဒြေအဖြစ်ဖြင့် မဟောခြင်းအကြောင်းကို ရေးသားပါ။

"သြဃ" မည်ရခြင်းအကြောင်း (၁၉၉၀ နံပါတ်-၁)

ဖဿစသောတရားများကို ဣန္ဒြေအဖြစ်ဖြင့် မဟောခြင်းအကြောင်း

စက္ခုစသော ဣန္ဒြေ ၂၂-ပါးကို ဟောခြင်းဖြင့်ပင် အလိုရှိအပ်သော အနက် အဓိပ္ပါယ်အကျိုးများ ပြီးစီးသောကြောင့် ဖဿစသောတရားများကို ဣန္ဒြေအဖြစ်ဖြင့် မဟောခြင်း ဖြစ်ပါသည်။

၂။ အဓိပတိနှင့် ဣန္ဒြေတို့၏သဘာဝကို နှိုင်းယှဉ်ပြ၍၊ အဘယ်ကြောင့် ဝေဒနာ-သညာတို့ကို ခန္ဓာသီးခြားဖွဲ့ရပါသနည်း၊ ဖြေဆိုပါ။

အဓိပတိနှင့် ဣန္ဒြေတို့၏ သဘာဝ (၁၉၉၁ နံပါတ်-၂)

ဝေဒနာ, သညာတို့ကို ခန္ဓာသီးခြားဖွဲ့ရခြင်းအကြောင်းမှာ -

ဝဋ်တရားတို့၌ သာယာတတ်သော "ဝေဒနာ"ကိုလည်းကောင်း၊ ထို သာယာတတ်သော ဝေဒနာ၏အကြောင်း အဆောက်အဦဖြစ်သော "သညာ"ကိုလည်းကောင်း သံသရာ၏ ပဓာနအကြောင်းများ ဖြစ်သောကြောင့် ဖဿအစရှိသည်တို့မှ သီးခြားခွဲ၍ တစ်ပါးတစ်ပါးသော ခန္ဓာအဖြစ်ဖြင့် ပြခြင်းအကျိုးငှာ ဝေဒနာ, သညာတို့ကို သီးခြား ခန္ဓာတစ်ပါးစီဖွဲ့၍ ဟောတော်မူခြင်း ဖြစ်ပါသည်။

---

http://www.dhammadownload.com

၃။ သစ္စာလေးပါး၏ မဖောက်မပြန် မှန်ကန်ပုံကို ရေးသား၍၊ "သစ္စာလေးပါးမှ လွတ်သော သိမှတ်ဖွယ်ရာ တရားမည်သည် မရှိ"ဟူသော စကားအရ ပရမတ္ထတရားများကို အကြောင်းအကျန် မရှိအောင် သစ္စာဖွဲ့ပြပါ။

သစ္စာလေးပါး၏ မဖောက်မပြန် မှန်ကန်ပုံမှာ –

(က) **ဒုက္ခသစ္စာ** = မိမိကိန်းရာ သတ္တဝါကို ညှဉ်းဆဲနှိပ်စက်တတ်သည်၏အဖြစ် ဟူသော (ဗာဓက)သဘောသည် ဒုက္ခ၌သာ ရှိ၏၊ ဒုက္ခမှ တစ်ပါး အခြားသောတရားတို့၌ မရှိ။

(ခ) **သမုဒယသစ္စာ** = ဒုက္ခ၏အမွန်အစအဖြစ် ဟူသော (ပဘဝ)သဘောသည် သမုဒယ၌သာ ရှိ၏၊ သမုဒယမှတစ်ပါး အခြားသောတရား တို့၌ မရှိ။

(ဂ) **နိရောဓသစ္စာ** = ဒုက္ခ, သမုဒယတို့၏ ထွက်မြောက်ရာအဖြစ်ဟူသော (နိဿရဏ)သဘောသည် နိရောဓ(နိဗ္ဗာန်)၌သာ ရှိ၏၊ နိရောဓမှတစ်ပါး အခြားသောတရားတို့၌ မရှိ။

(ဃ) **မဂ္ဂသစ္စာ** = ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သည်၏ အဖြစ်ဟူသော (နိယျာနိက)သဘောသည် မဂ္ဂ (မဂ္ဂင် ၈-ပါး)၌သာ ရှိ၏၊ မဂ္ဂမှတစ်ပါး အခြားသောတရားတို့၌ မရှိ။

ဤသို့အားဖြင့် ဒုက္ခ စသည်တို့၌ ဗာဓက အစရှိသည်တို့၏အဖြစ်သာ ရှိ၏၊ အဗာဓက အစရှိသည်တို့၏အဖြစ် မရှိပါ။

ထို့ကြောင့် ဒုက္ခ အစရှိသည်တို့မှ တစ်ပါးသောတရားတို့၌ ဗာဓကသဘော အစရှိသည်တို့၏ မဖြစ်ခြင်း၊ ထိုဒုက္ခအစရှိသော တရားတို့၌သာ ဗာဓကသဘော စသည်တို့ ပျံ့နှံ့မှုရှိကြခြင်းဟု ဆိုအပ်သော လက္ခဏာအားဖြင့် ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂတို့သည် မဖောက်မပြန် မှန်ကန်သော သစ္စာတရားများ ဖြစ်ကြရပါသည်။

ပရမတ္ထတရားများကို အကြောင်းအကျန်မရှိအောင် သစ္စာဖွဲ့ပြရသော် –

သစ္စာ ၄-ပါးအရ –

(၁) လောကီစိတ် ၈၁-ပါး၊ လောဘကြွင်သော
စေတသိက် ၅၁-ပါး၊ ရုပ် ၂၈-ပါး = ဒုက္ခသစ္စာ

http://www.dhammadownload.com

(၂) လောဘစေတသိက် = သမုဒယသစ္စာ
(၃) နိဗ္ဗာန် = နိရောဓသစ္စာ
(၄) မဂ်စိတ် ၄-ပါးရှိ မဂ္ဂင်တရားကိုယ် ၈-ပါး = မဂ္ဂသစ္စာ
ဟု အသီးသီးဖွဲ့ရပါသည်။

ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၉၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ပါးတို့သည် မုချအားဖြင့် သစ္စာ ၄-ပါးမှ လွတ်ကြသော်လည်း ပရိယာယ်အားဖြင့် ယူပါက ဖိုလ်တရားတို့၌ယှဉ်သော သမ္မာဒိဋ္ဌိစသော မဂ္ဂင် ၈-ပါးတို့ကို (မဂ်၏အကျိုး ဖြစ်သောကြောင့်လည်းကောင်း၊ မဂ္ဂင်ချင်း တူသောကြောင့်လည်းကောင်း) မဂ္ဂသစ္စာ၌ သွင်းယူနိုင်ပါသည်။

ထိုမှတစ်ပါးသော မဂ်စိတ္တုပ္ပါဒ် ၂၉၊ ဖိုလ်စိတ္တုပ္ပါဒ် ၂၉-ပါးတို့ကို (သခ်ါရဒုက္ခချင်း တူသောကြောင့်) ဒုက္ခသစ္စာ၌ သွင်းယူနိုင်ပါသည်။

ဤသို့အားဖြင့် ပရမတ္ထတရားများကို အကြွင်းအကျန်မရှိအောင် သစ္စာဖွဲ့နိုင်ပါသည်။

၁၉၉၇

၁။ အဘယ်ကြောင့် "နိဝရဏ" မည်သနည်း၊ စုံလင်စွာ ရေးသား၍၊ ကိလေသာဆယ်ပါးကို သာမည, ဝိသေသ မှန်ကန်အောင် ခွဲခြားပြပါ။

"နိဝရဏ" မည်ခြင်းအကြောင်းမှာ -

(က) စျာန် အစရှိသည်တို့၏အစွမ်းဖြင့် ဖြစ်ထိုက်သော ကုသိုလ်စိတ်ကို တားမြစ်တတ်၊ ထိုစျာန်စသည်တို့၏အဖြစ်ဖြင့် ဖြစ်ခွင့်ကို မပေးတတ်သောကြောင့်လည်းကောင်း၊

(ခ) ပညာဉာဏ်မျက်စိကို ဖုံးလွှမ်းပိတ်ပင်တတ် တားမြစ်တတ်သောကြောင့်လည်းကောင်း "နိဝရဏ"တို့ မည်ကြပါသည်။

ကိလေသာဆယ်ပါးကို သာမည, ဝိသေသ မှန်ကန်အောင် ခွဲခြားပြရသော် -

သာမညကိလေသာ

(၁) ထိန ကိလေသာ
(၂) ဥဒ္ဓစ္စ ကိလေသာ
(၃) အဟိရိက ကိလေသာ

http://www.dhammadownload.com

(၄) အနောတ္တပ္ပ ကိလေသာ တို့ဖြစ်ကြ၏။

ဝိသေသကိလေသာ

(၁) လောဘ ကိလေသာ
(၂) ဒေါသ ကိလေသာ
(၃) မောဟ ကိလေသာ
(၄) မာန ကိလေသာ
(၅) ဒိဋ္ဌိ ကိလေသာ
(၆) ဝိစိကိစ္ဆာ ကိလေသာ တို့ဖြစ်ကြပါသည်။

၂။ သူတစ်ပါးအသက်ကို သတ်ဖြတ်သူအား ရရှိနိုင်သော ဈာန်, မဂ္ဂင်များကို ဖော်ပြ၍၊ အာဟာရလေးပါးတို့၏ လုပ်ငန်းဆောင်ရွက်ပုံကို ရေးသားပါ။

သူတစ်ပါးအသက်ကို သတ်ဖြတ်သူအား ရရှိနိုင်သော –

ဈာန်များမှာ –

(၁) ဝိတက် ဈာန်
(၂) ဝိစာရ ဈာန်
(၃) ဒေါမနဿ ဈာန်
(၄) ဧကဂ္ဂတာ ဈာန် တို့ဖြစ်ကြ၍

မဂ္ဂင်များမှာ –

(၁) မိစ္ဆာဒိဋ္ဌိ မဂ္ဂင်
(၂) မိစ္ဆာသင်္ကပ္ပ မဂ္ဂင်
(၃) မိစ္ဆာဝါယာမ မဂ္ဂင်
(၄) မိစ္ဆာသမာဓိ မဂ္ဂင် တို့ကို ရရှိနိုင်ပါသည်။

အာဟာရလေးပါးတို့၏ လုပ်ငန်းဆောင်ရွက်ပုံ (၁၉၈၉ နံပါတ်–၄)

---

http://www.dhammadownload.com

၃။ "ပညာလို အိုသည်မရှိ"ဟူသော ခံယူချက်ဖြင့် အဘိဓမ္မာလေ့လာသင်ကြားနေသူကို မည်သည့်တရားက ဦးဆောင်နေပါသနည်း၊ မှန်ကန်စွာ ဖြေဆို၍၊ (က) ဘုရားရှင်၊ (ခ) လူပုထုဇဉ်တို့၌ ရနိုင်သော ဥပါဒါနက္ခန္ဓာများကို ယုတ္တိပြ၍ ဖြေဆိုပါ။

"ပညာလို အိုသည်မရှိ"ဟူသော ခံယူချက်ဖြင့် အဘိဓမ္မာလေ့လာသင်ကြားနေသူကို ဦးဆောင်နေသောတရားမှာ –

(၁) ဆန္ဒာဓိပတိ
(၂) ဝီရိယာဓိပတိ
(၃) စိတ္တာဓိပတိ
(၄) ဝီမံသာဓိပတိ ဟူသော အဓိပတိတရား ၄-ပါးမှ ဆန္ဒာဓိပတိ ဖြစ်ပါသည်။

ဘုရားရှင်နှင့် လူပုထုဇဉ်တို့၌ ဥပါဒါနက္ခန္ဓာ ၅-ပါးစလုံး ရပါသည်၊ သို့သော် အရမှာ အောက်ပါအတိုင်း ကွဲပြားပါသည် –

(က) **ဘုရားရှင်၌ ရနိုင်သော ဥပါဒါနက္ခန္ဓာ ၅-ပါးအရ –**
ရုပ် ၂၇-ပါး၊ လောကီဝိပါက်စိတ် ၂၃-ပါး ၊ ကြိယာစိတ် ၂၀-နှင့် ယှဉ်ဘက် စေတသိက်များ၊

(ခ) **လူပုထုဇဉ်၌ ရနိုင်သော ဥပါဒါနက္ခန္ဓာ ၅-ပါးအရ –**
ရုပ် ၂၈-ပါး၊ အကုသိုလ်စိတ် ၁၂-ပါး၊ လောကီကုသိုလ်စိတ် ၁၇-ပါး၊ လောကီဝိပါက်စိတ် ၂၃-ပါး၊ အာဝဇ္ဇန်းဒွေးနှင့် ယှဉ်ဘက်စေတသိက်များ ဖြစ်ပါသည်။

ဘုရားရှင်သည် အရဟတ္တမဂ်ဖြင့် အဝိဇ္ဇာ, တဏှာ မူလနှစ်ပါးကို ပယ်သတ်ပြီး ဖြစ်သဖြင့် အကုသိုလ်, ကုသိုလ်စိတ်တို့ မရတော့၊ ကြိယာဧသာ ရပါသည်။

၄။ နိဗ္ဗာန်ကို အဘယ်ကြောင့် ခန္ဓာမဖွဲ့ရပါသနည်း၊ ရေးသားပြဆို၍၊ "တဏှာအစစ် တစ်ရာ့ရှစ်"ကို မှန်ကန်စွာ ရေတွက်ပြပါ။

နိဗ္ဗာန်ကို ခန္ဓာမဖွဲ့ရခြင်းအကြောင်းမှာ –

အတိတ်အစရှိသော အပြားတို့ဖြင့် ပြားကုန်သော ရုပ်စသောတရားတို့၏ "အစု"

http://www.dhammadownload.com

ဟူသော အနက်သဘောကြောင့် "ခန္ဓာ"ဟူသော ဝေါဟာရ ဖြစ်ရပါသည်၊ နိဗ္ဗာန်သည် အတိတ်အစရှိသော အပြားတို့ မရှိသောကြောင့် ခန္ဓာ၌ သွင်းယူ၍မရ၊ ခန္ဓာမဖွဲ့ရခြင်း ဖြစ်ပါသည်။

နိဗ္ဗာန်၏ အတိတ်စသည် အပြားမရှိပုံမှာ –

နိဗ္ဗာန်သည် "အတိတ်–ပစ္စုပ္ပန်–အနာဂတ်" ကာလအားဖြင့် မပြား၊ ကာလဝိမုတ် တရားသာ ဖြစ်၏။

နိဗ္ဗာန်သည် "အဇ္ဈတ္တ–ဗဟိဒ္ဓ" အားဖြင့် မပြား၊ – ဗဟိဒ္ဓသာ ဖြစ်၏။
နိဗ္ဗာန်သည် "သြဠာရိက–သုခုမ" အားဖြင့် မပြား၊ – သုခုမသာ ဖြစ်၏။
နိဗ္ဗာန်သည် "ဟီန–ပဏီတ" အားဖြင့် မပြား၊ – ပဏီတသာ ဖြစ်၏။
နိဗ္ဗာန်သည် "သန္တိကေ–ဒူရေ" အားဖြင့် မပြား၊ – ဒူရေသာ ဖြစ်၏။

ဤသို့အားဖြင့် နိဗ္ဗာန်သည် အတိတ်စသည် ၁၁–ပါးအားဖြင့် အပြားမရှိသော ကြောင့် ခန္ဓာဖွဲ့၍ မရခြင်း ဖြစ်ပါသည်။

"တဏှာအစစ် တစ်ရာ့ရှစ်" ဖြစ်ပုံ

(၁) ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ ဟူသော တဏှာသုံးပါးကို တည်ထား၍ အာရုံ ၆–ပါးဖြင့် မြှောက်လျှင် ၁၈–ပါး ဖြစ်၏။
(၂) ထို ၁၈–ပါးကို အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလ ၃–ပါးဖြင့် မြှောက်လျှင် ၅၄–ပါး ဖြစ်၏။
(၃) ထို ၅၄–ပါးကို အဇ္ဈတ္တ, ဗဟိဒ္ဓ သန္တာန် ၂–ပါးဖြင့် မြှောက်လျှင် "တဏှာ အစစ် တစ်ရာ့ရှစ်" ဖြစ်ပါသည်။

၁၉၉၈

၁။ "သီလဗ္ဗတုပါဒါန်" ဟူသည် အဘယ်နည်း၊ ရေးသားဖြေဆို၍၊ ဗုဒ္ဓဘာသာဝင်တို့ကဲ့, ကဲ့၏အကျိုးကို စွဲမြဲစွာ ယုံကြည်ခြင်းသည် "ကွဲသစ္စာဘိနိဝေသ" ဖြစ်ပါသလော၊ ဖြေရှင်းပြပါ။

http://www.dhammadownload.com

"သီလဗ္ဗတုပါဒါန်" (၁၉၉၂-ခုနှစ် နံပါတ်-၁)

ဗုဒ္ဓဘာသာဝင်တို့က ကံ, ကံ၏အကျိုးကို စွဲမြဲစွာ ယုံကြည်ခြင်းသည် **"ဣဒံသစ္စာဘိနိဝေသ" မဖြစ်ပါ။**

ဣဒံသစ္စာဘိနိဝေသ ဟူသည်မှာ – သီလဗ္ဗတပရာမာသ စသော အယူမှားကို ယူပြီးလျှင် ထိုမိမိအယူသာ မှန်သည်၊ တစ်ပါးသောအယူသည် မမှန်၊ အချည်းနှီးတည်း ဟု ထိုအယူမှား(မိစ္ဆာဒိဋ္ဌိ)ကို ထပ်မံစွဲယူခြင်းမျိုး ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင်တို့က ကံ, ကံ၏အကျိုးကို စွဲမြဲစွာ ယုံကြည်ခြင်းသည် ကမ္မဿကတာ သမ္မာဒိဋ္ဌိကို စွဲမြဲစွာ ယူခြင်းဖြစ်၍ "ဣဒံသစ္စာဘိနိဝေသ" မဖြစ်ပါ။

၂။ လောကဝိပါက်စိတ်တို့သည် အဘယ်ကြောင့် "အဓိပတိ" မဖြစ်သနည်း။ စိစစ်ဝေဖန်ပြ၍ ကာယာနုပဿနာ ပွားများပုံကို စုံလင်စွာ ဖော်ပြပါ။

လောကီဝိပါက်စိတ်တို့ "အဓိပတိ" မဖြစ်ခြင်း (၁၉၉၂ နံပါတ်-၃)
ကာယာနုပဿနာ ပွားများပုံ (၁၉၉၁ နံပါတ်-၃)

၃။ မဂ္ဂင်ရှစ်ပါးကို သိက္ခာသုံးပါးနှင့် တွဲစပ်ပြ၍ သစ္စာလေးပါးတို့တွင် အဘယ်ကြောင့် ဒုက္ခသစ္စာကို ရှေးဦးစွာ ဟောကြားပါသနည်း၊ ဖြေဆိုပါ။

မဂ္ဂင်ရှစ်ပါးကို သိက္ခာသုံးပါးနှင့် တွဲစပ်ပြရသော် –

မဂ္ဂင်ရှစ်ပါး		သိက္ခာသုံးပါး
(၁) သမ္မာဒိဋ္ဌိမဂ္ဂင် (၂) သမ္မာသင်္ကပ္ပမဂ္ဂင်		= အဓိပညာသိက္ခာ
(၃) သမ္မာဝါစာမဂ္ဂင် (၄) သမ္မာကမ္မန္တမဂ္ဂင် (၅) သမ္မာအာဇီဝမဂ္ဂင်		= အဓိသီလသိက္ခာ
(၆) သမ္မာဝါယာမမဂ္ဂင် (၇) သမ္မာသတိမဂ္ဂင် (၈) သမ္မာသမာဓိမဂ္ဂင်		= အဓိစိတ္တ (သမာဓိ) သိက္ခာ

http://www.dhammadownload.com

သစ္စာလေးပါးတို့တွင် ဒုက္ခသစ္စာကို ရှုဉီးစွာ ဟောကြားရခြင်းမှာ –

(၁) ရုန်ရင်းကြမ်းတမ်းသောကြောင့်လည်းကောင်း၊
(၂) များသောကြောင့်လည်းကောင်း၊
(၃) အများနှင့် ဆက်ဆံသောကြောင့်လည်းကောင်း ဖြစ်ပါသည်။

၁၉၉၉

၁။ လောကတွင် အပြောများလျက်ရှိသော "သံယောဇဉ်"ဟူသော စကား၏အဓိပ္ပါယ်ကို ပေါ်လွင်အောင် ပြဆို၍၊ အနုသယကိလေသာ၏ ကာလကိုလည်း စိစစ်ပြပါ။

သံယောဇဉ် = သတ္တဝါတို့ကို သံသရာတည်းဟူသော နှောင်အိမ်၌ အာရုံအမျိုးမျိုးတည်းဟူသော ကြိုးတို့ဖြင့် တုပ်နှောင်ဖွဲ့ချည်တတ်သောကြောင့် သံယောဇဉ် မည်ပါသည်။

အနုသယကိလေသာ၏ကာလ

မုချအားဖြင့် – အနာဂတ်ကာလ ဖြစ်၏။
ဥပစာအားဖြင့် – အတိတ်ကိလေသာ နှင့် ပစ္စုပ္ပန်ကိလေသာတို့သည် ညစ်နွမ်းခြင်းသဘော ရှိသောကြောင့် တစ်နည်း – မဂ်ဖြင့် မပယ်အပ်သေးသည်၏ အဖြစ်ကြောင့် အနုသယဟုပင် ခေါ်ဆိုရ၏၊ ထို့ကြောင့် အတိတ်ကာလနှင့် ပစ္စုပ္ပန်ကာလ ဖြစ်၏။

၂။ ကုသိုလ်ကောင်းမှု ပြုလုပ်ရာတွင် ပါဝင်နိုင်သော ဗိုလ်တို့ကို ဖော်ပြ၍၊ ဟိရီနှင့် အဟိရိကတို့သည် အဘယ့်ကြောင့် ဗိုလ် မည်ကြပါသနည်း၊ အကြောင်းအရာအလိုက် ခွဲခြားဖြေဆိုပါ။

ကုသိုလ်ကောင်းမှု ပြုလုပ်ရာတွင် ပါဝင်နိုင်သောဗိုလ်တို့မှာ–

(၁) သဒ္ဓါဗိုလ်
(၂) ဝီရိယဗိုလ်
(၃) သတိဗိုလ်
(၄) သမာဓိဗိုလ်
(၅) ပညာဗိုလ်
(၆) ဟိရိဗိုလ်
(၇) ဩတ္တပ္ပဗိုလ်

http://www.dhammadownload.com

ဟိရီ၏ ဗိုလ်မည်ပုံ

အဟိရိက ဟူသော ဆန့်ကျင်ဘက်တရားသည် မတုန်လှုပ်စေနိုင်သောကြောင့် လည်းကောင်း၊ သမွယုတ်တရားတို့၌ မြဲမြံစွာ ဖြစ်တတ်သောကြောင့်လည်းကောင်း ဟိရီသည် ဗိုလ်မည်ပါသည်။

အဟိရိက၏ ဗိုလ်မည်ပုံ

သမွယုတ်တရားတို့၌ မြဲမြံစွာ ဖြစ်တတ်သောကြောင့်သာ အဟိရိကသည် ဗိုလ်မည်ပါသည်။

၃။ နိဗ္ဗာန်သည် အစ္ချုတ္တလော, ဗဟိဒ္ဓလော ဖော်ပြ၍၊ အဘယ်အကြောင်းများကြောင့် တဏှာသည် ဒုက္ခဖြစ်ခြင်း၏အကြောင်းရင်း ဖြစ်ရသနည်း၊ ပြည့်စုံစွာ ဖြေဆိုပါ။

နိဗ္ဗာန်သည် ဗဟိဒ္ဓကန် ဖြစ်ပါသည်။

တဏှာသည် ဒုက္ခဖြစ်ခြင်း၏ အကြောင်းရင်းဖြစ်ပုံ

လောကီကုသိုလ်, အကုသိုလ်ကံ ဆန်းကြယ်စွာ ဖြစ်ခြင်း၏အကြောင်းဖြစ်သောကြောင့်လည်းကောင်း၊ ကံ၏အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ခြင်းကြောင့်လည်းကောင်း တဏှာသည် ဒုက္ခဖြစ်ခြင်း၏အကြောင်းရင်း ဖြစ်ပါသည်။

၂၀၀၀

၁။ ဗုဒ္ဓဘာသာဝင်တို့သည် အာသဝေါတရားမှ ကင်းဝေးရန် ဆုတောင်းလေ့ရှိကြရာ ယင်းအာသဝေါတရားတို့သည် အဘယ်ဘဝ, အဘယ်ဓမ္မအထိ ဖြစ်ပွားကြပါသနည်း၊ ဖြေဆို၍၊ အဝိဇ္ဇာသဝ ဖုံးလွှမ်းသောတရား တို့ကိုလည်း ဖော်ပြပါ။

အာသဝေါတရားတို့သည်

ဘဝအားဖြင့် ဘဝဂ်(နေဝသညာ နာသညာယတနဘုံ)
ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင် ဖြစ်ပွားကြပါသည်။

http://www.dhammadownload.com

အဝိစ္စာသဝ ဖုံးလွှမ်းသောတရား ၈-ပါး

(၁) ဒုက္ခသစ္စာ (၅) ပုဗ္ဗန္တ
(၂) သမုဒယသစ္စာ (၆) အပရန္တ
(၃) နိရောဓသစ္စာ (၇) ပုဗ္ဗန္တာပရန္တ
(၄) မဂ္ဂသစ္စာ (၈) ပဋိစ္စသမုပ္ပါဒ်

၂။ ထိနနှင့်မိဒ္ဓတို့၏ တူညီချက်, ခြားနားချက်တို့ကို စိစစ်ပြ၍၊ ကိလေသာမည်လျက် အနုသယ မမည်သော တရားတို့ကိုလည်း အကြောင်းနှင့်တကွ ဖော်ပြပါ။

ထိနနှင့်မိဒ္ဓတို့၏ တူညီချက်, ခြားနားချက် (၁၉၈၉ နံပါတ်-၂)

ကိလေသာမည်လျက် အနုသယ မမည်သောတရား

ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ တို့သည် ကိလေသာ ဖြစ်သော်လည်း အနုသယ မမည်ပါ။ **အကြောင်းမှာ** - ဤတရား ၄-ပါးသည် အင်အားနည်းသော ကိလေသာများဖြစ်ခြင်းကြောင့် ဖြစ်ပါသည်။

၃။ ဣန္ဒြေ နှင့် အဓိပတိတို့၏ အစိုးရပုံ ခြားနားချက်ကို ပေါ်လွင်အောင် ရှင်းပြ၍၊ ပဋိသန္ဓေစိတ်များ အဓိပတိ မဖြစ်ခြင်းအကြောင်းကိုလည်း ရေးပါ။

ဣန္ဒြေ နှင့် အဓိပတိတို့၏ အစိုးရပုံ ခြားနားချက် (၁၉၉၁ နံပါတ်-၂)

ပဋိသန္ဓေစိတ်သည် အဓိပတိမဖြစ်ခြင်းအကြောင်း

ပဋိသန္ဓေစိတ်သည် လောကီဝိပါက်စိတ်ဖြစ်၍၊ ဆန္ဒအစရှိသည်တို့ကို ရှေ့သွားပြု၍ မဖြစ်ကြသောကြောင့်လည်းကောင်း၊ အားထုတ်ခြင်းကင်းသောကြောင့်လည်းကောင်း အဓိပတိ မဖြစ်ပါ။

၄။ သောတာယတန၏ အခြားမဲ့၌ ဃာနာယတနကို ရှေးဦးစွာ ဆိုရခြင်းအကြောင်းကို ဥပမာဆောင် ထင်ရှားအောင် ဖော်ပြ၍၊ မြတ်စွာဘုရားသည် အဘယ်ပုဂ္ဂိုလ်တို့အတွက် အာယတနဒေသနာကို ဟောပါသနည်း၊ ဖြေဆိုပါ။

http://www.dhammadownload.com

သောတာယတန၏အခြားမဲ့၌ ဃာနာယတနကို ရှေးဦးစွာ ဆိုရခြင်းအကြောင်း

သမ္မတ္တဂါဟကရုပ်တို့တွင် အာရုံကို လျင်မြန်စွာ ယူနိုင်ခြင်းကြောင့် ရှေးဦးစွာ ဆိုရခြင်းဖြစ်ပါသည်။

ဥပမာ – ရှေ့၌ ထားအပ်ပြီးကာမျှ ဖြစ်သောကြောင့် ဘောဇဉ် စသောဝတ္ထုု၏အနှံ့ သည် လေကို အစဉ်လျှောက်သဖြင့် ဃာနပသာဒ၌ ထိခိုက်ပါသည်။

မြတ်စွာဘုရားသည် **ရုပ်၌တွေဝေသော သတ္တဝါတို့အတွက်** အာယတနဒေသနာကို ဟောပါသည်။

၂၀၀၁

၁။ "ပိတုံးရောင်ကေသာ" စသည်ဖြင့် ကိုယ်ကာယကို မြတ်နိုးဖွယ်အဖြစ် ဖွဲ့နွဲ့ပြောဆိုခြင်းသည် အဘိဓမ္မာသဘောအရ လျော်ကန်မှု ရှိ–မရှိ စိစစ်ပြ၍၊ ခန္ဓာငါးပါးကိုလည်း သတိပဋ္ဌာန်လေးပါးဖြင့် ဝေဖန်ပြပါ။

"ပိတုံးရောင်ကေသာ" စသည်ဖြင့် ကိုယ်ကာယကို မြတ်နိုးဖွယ်အဖြစ် ဖွဲ့နွဲ့ပြောဆိုခြင်းသည် အဘိဓမ္မာ သဘောအရ လျော်ကန်မှု မရှိပါ၊ အကြောင်းမှာ –

သတိပဋ္ဌာန် အဖွင့်၌ စက်ဆုပ်ဖွယ် ဖြစ်ကုန်သော ဆံပင်အစရှိသည်တို့ ဖြစ်ရာ ဖြစ်သောကြောင့် ခန္ဓာကိုယ်သည် 'ကာယ' မည်၏၊ တစ်နည်း – ထွက်သက်ဝင်သက်တို့၏အပေါင်းသည် "ကာယ" မည်၏၊ ထိုခန္ဓာကိုယ် (သို့) ထွက်သက်ဝင်သက်ကို အာရုံပြု၍ အဖန်ဖန် ရှုတတ်သောသတိသည် ကာယာနုပဿနာ သတိပဋ္ဌာန်မည်၏ဟု ဖွင့်ဆိုထားချက်အရ ကိုယ်ကာယသည် မြတ်နိုးဖွယ်မဟုတ် စက်ဆုပ်ဖွယ်သာ ဖြစ်ပါသည်။

ခန္ဓာငါးပါးကို သတိပဋ္ဌာန်လေးပါးဖြင့် ဝေဖန်ပုံ

(၁) ရူပက္ခန္ဓာ = ကာယာနုပဿနာ သတိပဋ္ဌာန်
(၂) ဝေဒနာက္ခန္ဓာ = ဝေဒနာနုပဿနာ သတိပဋ္ဌာန်
(၃) သညာက္ခန္ဓာ၊ (၄) သင်္ခါရက္ခန္ဓာ = စိတ္တာနုပဿနာ သတိပဋ္ဌာန်
(၅) ဝိညာဏက္ခန္ဓာ = ဓမ္မာနုပဿနာ သတိပဋ္ဌာန်

---

http://www.dhammadownload.com

၂။ သမ္မပ္ပဓာန်ဝီရိယမျိုး ဖြစ်အောင် အဘယ်သို့ အားထုတ်ရမည်ကို ညွှန်းဆိုပြ၍၊ အမြတ်ဆုံးဖြစ်သော ဣန္ဒြေများကို နောက်ဆုံးဦးထား၍ ဟောကြားတော်မူခြင်း အကြောင်းကိုလည်း ရေးပါ။

သမ္မပ္ပဓာန်ဝီရိယဖြစ်အောင် အားထုတ်ပုံ

(၁) ဖြစ်ကုန်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှာ
(၂) မဖြစ်ကုန်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှာ
(၃) မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှာ
(၄) ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့ကို တိုးပွားစေခြင်းငှာ

အရိုးကြွင်းစေ၊ အရေအကြောကြွင်းစေ၊ အသားအသွေးခန်းခြောက်စေ ဟူသော အင်္ဂါ ၄-ပါးနှင့် ပြည့်စုံသည့် အလွန်ဖွဲကောင်းသော ဝီရိယ = သမ္မပ္ပဓာန်ဝီရိယဖြင့် အားထုတ်ရပါမည်။

အမြတ်ဆုံးဣန္ဒြေများကို နောက်ဆုံးထား၍ ဟောကြားတော်မူရခြင်း

"ဆည်းပူးအပ်ပြီးသော ဖြူစင်ခြင်း၏အကြောင်းအဆောက်အဦရှိသော သူတော်ကောင်းတို့သည် ဤအနည်ာတညဿာမီန္ဒြေ အစရှိသောတရားတို့ကြောင့် ထိုဝေဒနာတို့မှ စင်ကြယ်ကုန်၏" ဟူသော အနက်အဓိပ္ပါယ်ကို ပြခြင်းအကျိုးငှာလည်းကောင်း၊ စင်ကြယ်ခြင်းသို့ ရောက်ကုန်သည်ဖြစ်၍ ပြီးပြီးသောကိစ္စရှိကုန်၏ ဟူသော အနက်အဓိပ္ပါယ်ကို ပြခြင်းအကျိုးငှာလည်းကောင်း အမြတ်ဆုံးဖြစ်သော ဣန္ဒြေ ၃-ပါးကို နောက်ဆုံးဦးထား၍ ဟောကြားတော်မူခြင်း ဖြစ်ပါသည်။

၃။ တစ်ပါးတည်းဖြစ်သော ဝေဒနာကို "ဝေဒနာကွန္ဓာ(ဝေဒနာအစု)"ဟု ဟောတော်မူရခြင်းအကြောင်းနှင့် နှစ်ပါးဖြစ်သော ထိနနှင့်မိဒ္ဓကို နိဝရဏတစ်ပါးတည်းပြု၍ ဟောတော်မူရခြင်းအကြောင်းတို့ကို ဖော်ပြပါ။

တစ်ပါးတည်းဖြစ်သော ဝေဒနာကို "ဝေဒနာကွန္ဓာ(ဝေဒနာအစု)"ဟု ဟောတော်မူရခြင်း

အတိတ်, အနာဂတ်, ပစ္စုပ္ပန် အစရှိသည်ဖြင့် ပြားကုန်သော ရုပ်စသော

http://www.dhammadownload.com

သဘောတူတရားတို့သည် ဉာဏ်ပညာဖြင့် ပေါင်းစုအပ်သည့် "အပေါင်းအစု"ဟူသော အနက်သဘောကြောင့် "ခန္ဓာ" မည်ကြ၏။

ထို့ကြောင့် ဝေဒနာသည် တစ်ပါးတည်းဖြစ်သော်လည်း အတိတ်, အနာဂတ်, ပစ္စုပ္ပန် စသည်ဖြင့် ကွဲပြားသောဝေဒနာတို့ကို ဉာဏ်ဖြင့် စုပေါင်းထားခြင်းကြောင့် "ဝေဒနာက္ခန္ဓာ"ဟု ဟောတော်မူခြင်း ဖြစ်ပါသည်။

ထိနနှင့်မိဒ္ဓနိဝရဏ (၁၉၈၉ နံပါတ်-၂)

၂၀၀၂

၁။ ယခုအခါ ဆံပင်တု၊ သွားတုများ ရှိသကဲ့သို့ အနုသယအစစ်အတုတို့ကို ခွဲခြားကာ ဖော်ပြ၍၊ ဥဒ္ဓစ္စ, ကုက္ကုစ္စတို့၏ (က)ကိစ္စ၊ (ခ)အကြောင်း၊ (ဂ)ဆန့်ကျင်ဘက်အားဖြင့် တူပုံကို တင်ပြခဲ့ပါ။

အနုသယအစစ်အတုခွဲခြားပုံ (၁၉၉၂ နံပါတ်-၂)

ဥဒ္ဓစ္စ, ကုက္ကုစ္စ (၁၉၈၉ နံပါတ်-၂)

၂။ နာမ်အာဟာရ ၃-ပါး ဆောင်နိုင်သည့်တရားတို့ကို ဖော်ပြ၍၊ အောက်ပါ ကွပ်ကဲကြီးကြပ်မှုရှိသော တရားတို့ကို သိသာရုံ ရေးသားခဲ့ပါ။ (က) ဝီရိယ၊ (ခ) ဟိတ်

နာမ်အာဟာရ ၃-ပါး ဆောင်နိုင်သည့်တရား (၁၉၉၄ နံပါတ်-၂)

(က) ဝီရိယသည် ဗိုလ်တို့တွင် မပါလျှင်မပြီး၊ အရေးကြီးဆုံးတရား ဖြစ်ပါသည်။
(ခ) ဟိတ်သည် မဂ္ဂင်တို့တွင် မပါလျှင်မပြီး၊ အရေးကြီးဆုံးတရား ဖြစ်ပါသည်။

၃။ ပဉ္စက္ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာအထူးကို ဖော်ပြ၍၊ ခန္ဓဝိမုတ်တရားကိုလည်း အကြောင်းနှင့်တကွ ဖော်ပြပါ။

http://www.dhammadownload.com

ပဥ္စကွန္ဓာနှင့် ဥပါဒါနက္ခန္ဓာအထူး

ပဥ္စကွန္ဓာ	ဥပါဒါနက္ခန္ဓာ
၁။ လောကီနာမ်ခန္ဓာ၄-ပါးသည် ဥပါဒါန်, အာသဝေါတရားတို့၏ အာရုံမဟုတ်လျှင် ခန္ဓာသာ မည်၏။	၁။ ၎င်းလောကီနာမ်ခန္ဓာ၄-ပါးသည် ဥပါဒါန်, အာသဝေါတရားတို့၏ အာရုံဖြစ်လျှင် ဥပါဒါနက္ခန္ဓာ မည်၏။
၂။ လောကုတ္တရာနာမ်ခန္ဓာ ၄-ပါးသည် ဥပါဒါန်, အာသဝေါတရားတို့၏ အာရုံမဟုတ်သောကြောင့် ခန္ဓာသာ မည်၏။	၂။ ဥပါဒါနက္ခန္ဓာ မမည်။
၃။ ရုပ် ၂၈-ပါးကား သဘောတူသော ရုပ်အစုကို ပေါင်းစည်းသည်၏အစွမ်းဖြင့် ခန္ဓာ မည်၏။	၃။ ၎င်းရုပ် ၂၈-ပါးသည် ဥပါဒါန်, အာသဝေါတရားတို့၏ အာရုံဖြစ်လျှင် ဥပါဒါနက္ခန္ဓာ မည်၏။

ခန္ဓဝိမုတ်တရား (၁၉၉၇ နံပါတ်-၄)

၂၀၀၃

၁။ "ဈာန်" နှင့် "ဈာနင်" အမည်ချင်း ထူးခြားမှု ရှိ-မရှိ ရှင်းပြပြီးလျှင်၊ ဈာနင်အရ ယူရမည့်တရားများကို ဖော်ပြ၍၊ ယင်းတရားတို့ကို ဇာတ်သဘောအရ အုပ်စုခွဲပြပါ။

ဈာန် = (၁) ကောင်းသော ကုသိုလ်အာရုံ၌ဖြစ်စေ၊ မကောင်းသော အကုသိုလ်အာရုံ၌ ဖြစ်စေ စူးစူးစိုက်စိုက် စွဲစွဲမြဲမြဲ ကပ်၍ရှုတတ်သောကြောင့် ဈာန် မည်၏။

(၂) ထိုက်သည့်အားလျော်စွာ ဆန့်ကျင်ဘက်ဖြစ်သော နီဝရဏတရားတို့ကို လောင်ကျွမ်းစေတတ်သောကြောင့် ဈာန် မည်၏။

ဈာနင် = ထိုဈာန်၏အစိတ်သည် အင် မည်၏။
ဈာန်၏အစိတ်ဖြစ်သောကြောင့် ဈာနင် = ဈာနင် မည်၏။

http://www.dhammadownload.com

ဈာနင်အရ ယူရမည့်တရား

ဝိတက်, ဝိစာရ, ပီတိ, သောမနဿဝေဒနာ, ဒေါမနဿဝေဒနာ, ဥပေက္ခာဝေဒနာနှင့် ဧကဂ္ဂတာ ပေါင်း ၇-ပါး။

ဈာနင် ၇-ပါးကို စာတ်သဘောအရ ခွဲပြရသော် -

ဈာနင် ၇-ပါးတို့တွင် ဒေါမနဿသည် အကုသိုလ်ဈာနင်ဖြစ်၍ ကြွင်း ၆-ပါး တို့သည် ကုသိုလ်, အကုသိုလ်, အဗျာကတဈာနင် တို့ဖြစ်ကြပါသည်။

၂။ အဘယ့်ကြောင့် ဝီရိယကို သမ္မပ္ပဓာန်ဟု ခေါ်သနည်း၊ ဖြေဆို၍၊ ယင်းဝီရိယ၏ ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းကိစ္စနှင့် ဖြစ်ရာဌာနများကိုလည်း ဖော်ပြခဲ့ပါ။

ဝီရိယကို သမ္မပ္ပဓာန်ဟု ခေါ်ပုံ

ဝီရိယဖြင့် သမ္မယုတ်တရားတို့သည် ကောင်းစွာအားထုတ်တတ်၊ ပြီးစေတတ်၏၊ ထို့ကြောင့် ဝီရိယသည် သမ္မပ္ပဓာန် မည်ပါသည်။

ဝီရိယ၏လုပ်ငန်းကိစ္စ

(၁) ဖြစ်ကုန်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်း၊
(၂) မဖြစ်ကုန်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်း၊
(၃) မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်း၊
(၄) ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့ကို ပွားများစေခြင်း ၄-ကိစ္စ ဖြစ်ပါသည်။

ဝီရိယဖြစ်ရာဌာန

- သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယသည် သမ္မပ္ပဓာန် ၄-ပါးအစွမ်းဖြင့် ၄-ဌာနဌ် ဖြစ်၏၊
- ဗောဓိပက္ခိယသင်္ဂဟအားဖြင့် သမ္မပ္ပဓာန် ၄-ပါး, ဝီရိယိဒ္ဓိပါဒ်, ဝီရိယိန္ဒြေ, ဝီရိယဗိုလ်, ဝီရိယသမ္ဗောဇ္ဈင်, သမ္မာဝါယာမမဂ္ဂင်တို့၏အစွမ်းဖြင့် ၉-ကိစ္စ ရှိသောကြောင့် ၉-ဌာန ဖြစ်ပါသည်။

၃။ ခန္ဓာငါးပါးကို ဥပမာငါးမျိုးနှင့် တွဲစပ်ပြပြီးလျှင်၊ 'ဝေဒနာ' နှင့် 'သညာ' သည်

http://www.dhammadownload.com

တေဘူမကသခ်ၤရတရားမ်ား ျဖစ္ပါလ်ွက္ အဘယ္ေၾကာင့္ သခ်ၤရက္ခန္ဓာ၌ ထည့္သြင္း မရေတြက္သနည္း၊ ရွင္းျပပါ။

ခန္ဓာငါးပါးကို ဥပမာျဖင့္ တွဲစပ်ံပုံ (၁၉၉၀ နံပါတ်–၄)
ဝေဒနာနှင့် သညာကို သင်္ခါရက္ခန္ဓာ၌ မထည့်သွင်းခြင်း (၁၉၉၆ နံပါတ်–၂)

၂၀၀၄

၁။ လောကသားတို့ အေၾကာမ်ားလ်ွသော "က်ေန္ဒြ" ဟူသော စကား၏အဓိပၸါယ်ကို ရွင်းျပျပီး လ်ွင္၊ ရဟန္တာပုဂ္ဂိုလ်တို့၏ က်ေန္ဒြကို ညြန္ျပ၍၊ ယင်းကုေန္ဒြ၏ ကိုယ်ပိုင်တရားကိုလည်း ေဖာ်ျပခဲ့ပါ။

"က်ေန္ဒြ" ဟူသည်

- သမ္မယုတ်တရားတို့ကို အစိုးရသောေၾကာင့္ က်ေန္ဒြမည်၏၊
- (တစ်နည်း) – ဝိပါက်, ကဋတ္တာရုပ်တို့ကို အစိုးရသော က်ေန္ဒမည်သော က်ကို ျပတတ်သောေၾကာင့္ က်ေန္ဒြ မည်၏။
- (တစ်နည်း) – က်ေန္ဒမည်သောက်ေၾကာင့္ ျပီးကုန်သည်ျဖစ်ရကား က်ေန္ဒြမည်၏။
- (တစ်နည်း)– က်ေန္ဒမည်သော ျမတ်စွာဘုရားသည် ျမင်အပ် ေဟာအပ်သော ေၾကာင့္ က်ေန္ဒြ မည်၏။

ရဟန္တာပုဂ္ဂိုလ်တို့၏ က်ေန္ဒြမှာ အညာတာဝိေန္ဒြ မည်ပါသည်။

ယင်းကုေန္ဒြ၏ကိုယ်ပိုင်တရားမှာ အရဟတ္တဖိုလ်၌ရှိသော ပညာ ျဖစ်ပါသည်။

၂။ ဧကဂ္ဂတာကို 'သမာဓိ'ဟု ဆိုလ့ေရှိရာ ဝိစိကိစ္ဆာစိတ်၌ရှိသော ဧကဂ္ဂတာကို "မိစ္ဆာသမာဓိ"ဟု ဆိုသင့် မဆိုသင့် အေၾကာင်းသင်း၍ ရှင်းလင်းျပီးလ်ွင်၊ သမာဓိ၏တည်ေနရာ ေဆာင်ရွက်ဖွယ်ရာလုပ်ငန်းမ်ားကိုလည်း ေဖာ်ျပခဲ့ပါ။

ဝိစိကိစ္ဆာစိတ်၌ရှိသော ဧကဂ္ဂတာကို "မိစ္ဆာသမာဓိ"ဟု မဆိုသင့်ပါ။

အဓိေမာက္ခမှ ကင်းေသာေၾကာင့္ ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ရှိသော ဧကဂ္ဂတာ

http://www.dhammadownload.com

သည် စိတ်တည်ကြည်ခြင်းမျှသာဖြစ်၏၊ ထို့ကြောင့် မိစ္ဆာသမာဓိဟု မဆိုသင့်ပါ။

သမာဓိ၏တည်နေရာ ဆောင်ရွက်ဖွယ်လုပ်ငန်းများ

မိဿကသင်္ဂီဟသမာဓိသည် ဈာနင်, မဂ္ဂင်, ဣန္ဒြေ, ဗိုလ်ဟူ၍ ၄-၅၁-၄-ကိစ္စ တပ်ပါသည်။

၃။ 'နိရောဓသစ္စာ' နှင့် 'နိရောဓ အရိယသစ္စာ'တို့ ထူးခြားကွဲပြားဟန်ကို ဖြေဆို၍၊ (က) အရိယ၊ (ခ) သစ္စာ၊ (ဂ) အရိယသစ္စာ အမည်ရပုံတို့ကိုလည်း အသီးသီး ဖြေဆိုပါ။

'နိရောဓသစ္စာ' နှင့် 'နိရောဓအရိယသစ္စာ' ထူးခြားကွဲပြားပုံ

ကိလေသာတို့၏ တဒင်္ဂနိရောဓ, ဝိက္ခမ္ဘနနိရောဓသည် 'နိရောဓသစ္စာ' မည်၏၊ နိဗ္ဗာန်သည် 'နိရောဓအရိယသစ္စာ' မည်၏၊ ဤသို့ ထူးခြားကွဲပြားပါသည်။

(က) **အရိယ** (ခ) **သစ္စာ** (ဂ) **အရိယသစ္စာ မည်ပုံ** (၁၉၉၄ နံပါတ်-၃)

၂၀၀၅

၁။ အာရုံကို ပြင်းစွာ စွဲလမ်းတတ်သောကြောင့် "ဥပါဒါန်"မည်သည်ဟု ဆိုရာဝယ် "ဥပါဒါန်"၏ ဥပမာကို ထင်ရှားစွာ ဖော်ထုတ်ပြ၍၊ အဘယ်သို့သော အကျင့်ကို စွဲလမ်းသူ၌ "သီလဗ္ဗတုပါဒါန်" ဟု ခေါ်ရပါသနည်း။

"ဥပါဒါန်" ၏ ဥပမာ မှာ မြွေသည် ဖားကို မြဲမြံစွာ ဖမ်းယူသကဲ့သို့ ဖြစ်ပါသည်။

"သီလဗ္ဗတုပါဒါန်"

"ငါ၏ ဤနွားတို့၏ အလေ့အကျင့် စသည်ဖြင့် သံသရာမှ စင်ကြယ်၏" ဟု နွားတို့၏ အလေ့အကျင့်စသည်တို့ကို မြဲမြံစွာ ယူခြင်း စွဲလမ်းခြင်းကို သီလဗ္ဗတုပါဒါန် ဟု ခေါ်ပါသည်။

၂။ "သဒ္ဓါ" အစရှိသော ခုနစ်ပါးတို့ကို "ဗိုလ်" ဟု ခေါ်ဆိုရပုံကို ပြည့်စုံစွာ ဖြေဆို၍၊ ယင်းခုနစ်ပါးတို့၏ ဆန့်ကျင်ဘက်တရား ခုနစ်ပါးတို့ကို ပြည့်စုံစွာ ဖော်ပြပါ။

http://www.dhammadownload.com

သဒ္ဓါစသော တရားတို့ကို ဗိုလ်ဟုခေါ်ပုံ (၁၉၉၀ နံပါတ်-၃)

၂၀၀၆

၁။ သတ္တအနုသယာ-၌ 'အနုသယ' အဓိပ္ပါယ်ကို ရှင်းပြ၍၊ အောက်ပါတို့၏ အဓိပ္ပါယ်ကို လည်း ပေါ်လွင်အောင် ရေးသားဖြေဆိုခဲ့ပါ။

(က) နီဝရဏာ၊ (ခ) သံယောဇဉ်၊ (ဂ) ကိလေသာ၊

အနုသယ

မဂ်ဖြင့် မပယ်ရသေးသဖြင့် သတ္တဝါတို့၏ သန္တာန်၌ အဖန်တလဲလဲ ဖြစ်တတ်, ကိန်းတတ်သောကြောင့် အနုသယ မည်ပါသည်။ မုချအားဖြင့် အနာဂတ်ကိလေသာ များသာ ဖြစ်ပါသည်။

(က) **နီဝရဏ**

စျာန်အစရှိသည်တို့၏ အစွမ်းဖြင့် ဖြစ်ထိုက်သော ကုသိုလ်စိတ်ကို တားမြစ်တတ်, ထိုစျာန်စသည်တို့၏ အဖြစ်ဖြင့် ဖြစ်ခွင့်ကို မပေးတတ်သော ကြောင့်လည်းကောင်း၊ ပညာမျက်စိကို ဖုံးလွှမ်းပိတ်ပင်တတ်, တားမြစ်တတ်သော ကြောင့်လည်းကောင်း နီဝရဏာ မည်ပါသည်။

(ခ) **သံယောဇဉ်**

သတ္တဝါတို့ကို သံသရာတည်းဟူသော နှောင်အိမ်၌ အာရုံအမျိုးမျိုးတည်း ဟူသော ကြိုးတို့ဖြင့် တုပ်နှောင်ဖွဲ့ချည်တတ်သောကြောင့် သံယောဇဉ် မည်ပါ သည်။

(ဂ) **ကိလေသာ**

စိတ်၏ပူပန်ကြောင်း ဖြစ်သောကြောင့်လည်းကောင်း၊ စိတ်ကို နှိပ်စက် ညှဉ်းဆဲတတ်သောကြောင့်လည်းကောင်း ကိလေသာ မည်ပါသည်။

၂။ ဆောင်တတ်သောကြောင့် အာဟာရ-ဟုဆိုရာ အာဟာရလေးပါးတို့သည် အဘယ်

http://www.dhammadownload.com

တရားများကို ဆောင်ပါသနည်း၊ အသီးသီးဖြေဆို၍၊ အဓိပတိလေးပါးတို့သည် တစ်ပြိုင်နက် ဖြစ်နိုင်/မဖြစ်နိုင် အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

အာဟာရလေးပါးဆောင်ပုံ (၁၉၈၉ နံပါတ်-၄)

အဓိပတိလေးပါးတို့သည် တစ်ပြိုင်နက်မဖြစ်နိုင်ပါ။

အဓိပတိလေးပါးတို့သည် မိမိနှင့်စပ်၍ ဖြစ်ကုန်သော သမ္မယုတ်တရားတို့၏ အရှင်သခင်အကြီးအမှူးဖြစ်ရာ၌ မိမိအဓိပတိ တပ်နေခိုက် အခြားသောအဓိပတိ တရားတို့၏ အဓိပတိအဖြစ်ကို တားမြစ်၍၊ မိမိသာ အစိုးရခြင်းဖြစ်၏၊ ဥပမာ- စက္ကြဝတေးမင်း၏ အစိုးရပုံကဲ့သို့ ဖြစ်၏၊ ထို့ကြောင့် အဓိပတိလေးပါးတို့သည် တစ်ပြိုင်နက် မဖြစ်နိုင်ပါ၊ တစ်ပါးသောတရားက အဓိပတိ တပ်ခိုက်၊ ကျန်တရားတို့က နောက်လိုက်သာ ဖြစ်ပါသည်။

၃။ သံသရာကျင်လည်ရခြင်း၏ ဆင်းရဲဒုက္ခကို သိမြင်သောပုဂ္ဂိုလ်တို့သည် မဖြစ်မနေ ပွားများသင့်သော သတိပဋ္ဌာန်လေးပါးတို့၏ အဓိပ္ပါယ်ကို အသီးသီး ရေးသားဖြေဆိုခဲ့ပါ။

သတိပဋ္ဌာန်လေးပါး၏ အဓိပ္ပါယ်အသီးသီး

ကာယာနုပဿနာပတိပဋ္ဌာန်

စက်ဆုပ်အပ်ကုန်သော ဆံပင်အစရှိသည်တို့၏ ဖြစ်ရာကိုယ် (ဝါ) ထွက်သက်ဝင်သက်အပေါင်းကို အဖန်ဖန်ရှုခြင်း, အောက်မေ့ခြင်းသတိသည် ကာယာနုပဿနာသတိပဋ္ဌာန်မည်ပါသည်။

ဝေဒနာနုပဿနာသတိပဋ္ဌာန်

ဒုက္ခဒုက္ခ, ဝိပရိဏာမဒုက္ခ, သင်္ခါရဒုက္ခဖြစ်သော ဝေဒနာတို့၏ အစွမ်းဖြင့် ဝေဒနာတို့ကို အဖန်ဖန်ရှုခြင်း, အောက်မေ့ခြင်းသတိသည် ဝေဒနာနုပဿနာ သတိ-ပဋ္ဌာန် မည်ပါသည်။

စိတ္တာနုပဿနာသတိပဋ္ဌာန်

သရာဂစိတ်, မဟဂ္ဂုတ်စိတ် အစရှိသည်တို့၏ အစွမ်းဖြင့်လည်းကောင်း၊

http://www.dhammadownload.com

သမ္မယုတ်အပြား ဘုံအပြားအားဖြင့်လည်းကောင်း ကွဲပြားသည်သာလျှင် ဖြစ်သောစိတ်ကို အဖန်ဖန်ရှုခြင်း, အောက်မေ့ခြင်းသတိသည် စိတ္တာနုပဿနာသတိပဋ္ဌာန် မည်ပါသည်။

ဓမ္မာနုပဿနာသတိပဋ္ဌာန်

ကွဲပြားသောလက္ခဏာရှိကုန်သော သညာ, သင်္ခါရ ဟု ဆိုအပ်ကုန်သော တရားတို့ကို အဖန်ဖန်ရှုခြင်း, အောက်မေ့ခြင်းသတိသည် ဓမ္မာနုပဿနာသတိပဋ္ဌာန် မည်ပါသည်။

၂၀၀၇

၁။ ဗုဒ္ဓဘာသာဝင်တို့သည် အာသဝေါတရားတို့မှ ကင်းဝေးရန် ဆုတောင်းလေ့ရှိကြရာ၊ ယင်းအာသဝ-၏ အဓိပ္ပါယ်ကို ပြည့်စုံအောင် ဖြေဆို၍၊ ဥဒ္ဒစ္စနှင့် ကုက္ကုစ္စတို့၏ ကိစ္စ၊ အကြောင်း၊ ဆန့်ကျင်ဘက်အားဖြင့် တူပုံကိုလည်းအသီးသီး ရေးခဲ့ပါ။

အာသဝ (၁၉၈၉ နံပါတ်-၁)

ဥဒ္ဓစ္စ, ကုက္ကုစ္စ (၁၉၈၉ နံပါတ်-၁)

၂။ အစာမှီဝဲသော သတ္တဝါတို့၏ ရှုပကာယသည် ကံစသည်ကြောင့် ဖြစ်ရပါလျှင် 'ကဗဠီ-ကာရာဟာရ'ကို သာရှုပကာယ၏ အကြောင်းထူး-ဟု ဆိုရပုံကို ဥပမာဖြင့် ထင်စွာတင်ပြ၍၊ (က) ဈာန်ဖြစ်နိုင်ရန်၊ (ခ) ဗိုလ်ဖြစ်နိုင်ရန်၊ (ဂ) မဂ္ဂင်ဖြစ်နိုင်ရန် ပဓာနကျသော တရားတို့ကိုလည်း ဖြေဆိုပါ။

"ကဗဠီကာရာဟာရ" (၁၉၉၁ နံပါတ်-၂)

(က) **ဈာန်ဖြစ်နိုင်ရန် ပဓာနကျသောတရားမှာ** ဝိတက် ဖြစ်ပါသည်။

(ခ) **ဗိုလ်ဖြစ်နိုင်ရန် ပဓာနကျသောတရားမှာ** ဝီရိယ ဖြစ်ပါသည်။

(ဂ) **မဂ္ဂင်ဖြစ်နိုင်ရန် ပဓာနကျသောတရားမှာ** ဟိတ် ဖြစ်ပါသည်။

---

http://www.dhammadownload.com

၃။ သဗ္ဗညုဘုရားရှင်သည် အဘယ်ပုဂ္ဂိုလ်တို့ကို ချီးမြှောက်လို၍ 'ဓာတုဒေသနာ'ကို ဟောတော်မူပါသနည်း၊ ဖြေဆို၍၊ ခန္ဓာ၊ အာယတန၊ ဓာတ်တို့၏ အခြားမဲ့၌ သစ္စာလေးပါးကို ဟောရခြင်း၏ အကြောင်းကိုလည်း ရေးပါ။

'ဓာတုဒေသနာ' (၁၉၉၃ နံပါတ်–၃)

ခန္ဓာ, အာယတန, ဓာတ်တို့၏အခြားမဲ့၌ သစ္စာလေးပါးကို ဟောရခြင်းအကြောင်း

ခန္ဓာ, အာယတန, ဓာတ်ဟူသော တရား ၃–ပါးကို တဏှာကြောင့် ဖြစ်ခြင်းဟူသော ဒုက္ခ၊ တဏှာ၏ ဆုတ်နစ်ရာဖြစ်သော နိရောဓ၊ ထို နှစ်ပါးစုံ၏ အကြောင်းဖြစ်သော သမုဒယ, မဂ္ဂတို့၏ အစွမ်းဖြင့် ဝေနေယျတို့က မြင်မှသာ ထိုတရား ၃–ပါးက မင်္ဂ ဖိုလ် နိဗ္ဗာန်ဟူသော တရားထူးကို ရစေနိုင်ခြင်းဟူသော ကျေးဇူးအထူးကို ဆောင်နိုင်၏၊ တစ်ပါးသော အခြင်းအရာအားဖြင့် မြင်အပ်သော ခန္ဓာ, အာယတန, ဓာတ်တို့ သည် မင်္ဂ, ဖိုလ်, နိဗ္ဗာန်ဟူသော ကျေးဇူးအထူးကို မဆောင်နိုင်ပေ၊ ထို့ကြောင့် ခန္ဓာ, အာယတန, ဓာတ်တို့ အခြားမဲ့၌ သစ္စာဒေသနာတော်ကို ဟောတော်မူရခြင်း ဖြစ်ပါသည်။



http://www.dhammadownload.com

သာသနာရေးဦးစီးဌာန၏
အဘိဓမ္မာ (ဂုဏ်ထူးဆောင်) တတိယဆင့် (ပန္နဉ်းပို့ငှံး)
(၁၉၇၈-ခုနှစ်မှ ၁၉၈၈-ခုနှစ်ထိ)
မေးခွန်းဟောင်းများ

၁၉၇၈

၁။ သမ္မဟပညတ်၊ ဒိသာပညတ်၊ ကာလပညတ်၊ အာကာသပညတ်၊ နိမိတ္တပညတ်များကို ဥဒါဟရဏ်ပုံစံနှင့် တွဲစပ်ပြပါ။

၂။ "ငွေ"ဟူသောအသံကို ကြားရာ၌ အနက်အဓိပ္ပါယ်(အတ္ထပညတ်)ကို သိသည်အထိ အစဉ်အတိုင်းဖြစ်ပေါ်သော ဝီထိအမည်နှင့် အာရုံအမည်များကို ရေးခဲ့ပါ။

၃။ မသိခြင်းဟူသမျှ အဝိဇ္ဇာဖြစ်ပါသလော၊ မည်သည့်ဌာနတို့၌ မသိမှ အဝိဇ္ဇာဖြစ်ပါသနည်း။

၄။ ပဋ္ဌာန်း၏အဓိပ္ပါယ်ကို ဖော်ပြ၍၊ ပဋ္ဌာန်းနည်းဟူသည် မည်သည့်နည်းမျိုးဖြစ်ကြောင်း သိသာရုံမျှ ဖော်ပြခဲ့ပါ။

၁၉၇၉

၁။ တဏှာကြောင့် ဥပါဒါန်ဖြစ်၏ ဆိုရာ၌ တဏှာကြောင့် ဥပါဒါန် ၄-ပါးဖြစ်ပုံကို အသီးသီး တစ်ခုစီ ရေးသားဖော်ပြခဲ့ပါ။

၂။ မိမိ၏ ပြင်ပပတ်ဝန်းကျင်၌ရှိသော သက်ရှိသက်မဲ့ဗဟိဒ္ဓအရာတို့သည် မိမိအား မည်ကဲ့သို့ အကျိုးပြုကြောင်း ပဋ္ဌာန်းနည်းအရ ဖော်ပြခဲ့ပါ။

၃။ ပညတ်ဆိုရာ၌ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ပညတ်ဟူ၍ ရှိနိုင်ပါသလော၊ ရှိနိုင်-မရှိနိုင် ပုံစံများဖြင့် ရှင်းလင်းဖော်ပြပါ။

၁၉၈၁

၁။ နှစ်ပေါင်းများစွာ ကြာလွန်၍ သင်ကြားဖူးသော ပညာရပ်များ မေ့ပျောက်ပြီး ပြန်လည် မသိနိုင်မှုသည် အဝိဇ္ဇာဖုံးလွှမ်းမှု ဖြစ်ပါသလော၊ မည်သည့်အရာ၌ မသိမှုကို ဆိုရပါသနည်း။

http://www.dhammadownload.com

၂။ တဏှာပစ္စယာ ဥပါဒါန်၌ တရားကိုယ်တူကြသည့် တဏှာနှင့် ဥပါဒါန်တို့၏ ထူးခြားပုံကို ရှင်းပြခဲ့ပါ။

၃။ ဘဝနောင်ခါကောင်းအောင်သာ ဟု ရည်ရွယ်ချက်ဖြင့် ကောင်းမှုအမျိုးမျိုး ပြုကြရာ၌ အခြေခံအကျဆုံးဖြစ်သော အကြောင်းတရားနှစ်ရပ်ကို ပဋိစ္စသမုပ္ပါဒ်နည်းအရ ဖော်ထုတ်ပြခဲ့ပါ။

၁၉၈၂

၁။ ဗုဒ္ဓအဘိဓမ္မာနယ်ပယ်၌ ထင်ရှားသော အဝိဇ္ဇာနှင့် စပ်လျဉ်း၍ မသိတတ်သောကြောင့် အဝိဇ္ဇာဟူ၍လည်းကောင်း၊ အဝိဇ္ဇာသည် နာမ်တရားမျိုးဖြစ်၍ သိတတ်သည်ဟူ၍ လည်းကောင်း အမျိုးမျိုး ပြောဆိုနေကြရာ "အဝိဇ္ဇာ"ဟူသော ဝေါဟာရ၏ အဓိပ္ပါယ်ကို ဖော်ထုတ်၍ ယထာဘူတကျနစွာ ရှင်းလင်းရေးသားပါ။

၂။ "လူ"ဟူသော စကားသံကို တစ်စုံတစ်ယောက်က ပြောဆိုလိုက်ရာ နားထောင်သူသည် ဝိထိမည်မျှကျမှ "လူ"ဟု သိနားလည်ပါသနည်း။ အဘိဓမ္မာသဘာဝကျကျ ဖြေဆိုပါ။

၃။ "ဒါန"သည် နိဗ္ဗာန်သို့ ရောက်စေနိုင်၊ မရောက်စေနိုင် ဆွေးနွေးကြရာ၌ မည်သည့် အကြောင်းကြောင့် မှန်ကန်ကြောင်း ပစ္စည်းပိုင်းကို ကိုးကား၍ ဆုံးဖြတ်ပါ။

၁၉၈၃

၁။ ဘဝအကျိုးပေးကောင်းသူ၊ ဘဝအကျိုးပေး နုံချာသူ စသည်ဖြင့် ပြောဆိုလေ့ရှိသော စကားရပ်တွင် "ဘဝ"အကြောင်းကို ရှင်းလင်းချက်နှင့်တကွ ထုတ်ပြပါ။

၂။ ပညတ်–ပရမတ်ဟု ဆိုရာတွင် ပညတ်၏အဓိပ္ပါယ်ကို စုံလင်စွာ ရှင်းလင်းဖြေဆိုပါ။

၁၉၈၄

၁။ သခ်ါရပစ္စယာ ဝိညာဏ် ဟူသော ပဋိစ္စသမုပ္ပါဒ်သဘောတရား၌ "သခ်ါရ"၏ အနက်အဓိပ္ပါယ်ကို ဖွင့်ဆို၍၊ လူ့ဘဝပဋိသန္ဓေဝိညာဉ်ကို ဖြစ်ပေါ်စေသည့် "သခ်ါရ"အရကိုလည်း ကောက်ပြပါ။

http://www.dhammadownload.com

၂။ ယခုခေတ်တွင် တွင်ကျယ်လှသော အညမညပစ္စည်းသဘောကို ဥပမာနှောချ၍ ပြောဆိုပြီးလျှင်၊ "အညမည"နှင့် "သဟဇာတ" ထူးခြားပုံကိုလည်း ခွဲခြားဖော်ပြပါ။

၃။ နတ္ထိပစ္စည်းဟူသည် ချုပ်ကုန်ပြီးသော စိတ်စေတသိက်တို့ ဖြစ်ကြလေရာ ချုပ်ပြီးဖြစ်၍ မရှိကုန်သော တရားတို့က ကျေးဇူးပြုကြသည်ဟူသော စကားသည် ယုတ္တိရှိပါမည်လော၊ ရှင်းလင်းဖြေဆိုပါ။

၁၉၈၅

၁။ ဝိဇ္ဇာသိ နှင့် အဝိဇ္ဇာသိ ခြားနားချက်ကို အဘိမမ္မာသဘာဝဆိုက်အောင် ရှင်းလင်းဖြေဆိုပါ။

၂။ အကြောင်းနှင့်အကျိုး ဆက်စပ်ပြသော ပဋိစ္စသမုပ္ပါဒ်နည်း၌ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ ဟု ဟောတော်မူရာဝယ် အကျိုးဘဝနှင့် အကြောင်းဘဝတို့ ခြားနားပုံကို ဖြေဆိုပါ။

၃။ မိမိ၏အပေါင်းအသင်း၊ အစားအသောက်နှင့် ရာသီဥတုတို့သည် မိမိအတွက် ပဋ္ဌာန်းဆက် အကြောင်းတရားများ ဖြစ်နိုင်ပါသလော၊ ဖြေဆိုပြီးလျှင်၊ ချစ်မေတ္တာ သက်ဝင်၍ အတူတကွ ဘုရားဖူးသွားကြသော မောင်မယ်တို့အား ကုသိုလ်ရ-မရ ဆုံးဖြတ်ပါ။

၁၉၈၆

၁။ အိမ်ရာတည်ထောင် လူတို့ဘောင်၌ အိမ်ထောင်ဘက်တစ်ဦးဦး၏ အလိုသို့လိုက်၍ သမ္မာအယူမှ မိစ္ဆာအယူ ကူးပြောင်းသွားသူတွင် ဖြစ်နိုင်သော ပဋိစ္စသမုပ္ပါဒ်သဘောကို ညွှန်ပြပြီး အကြောင်းနှင့်အကျိုး ဆက်စပ်ပြပါ

၂။ "သဂြိဟ်ကျေညက်က မာတိကာဓာတုကထာမဓက်" ဟူသော စကားနှင့်ပတ်သက်၍ ဖြစ်သင့်သော ပဋ္ဌာန်းပစ္စည်းကို ညွှန်ပြပြီး၊ ယင်းပစ္စည်း၏သဘောအဓိပ္ပါယ်ကိုလည်း ထင်လင်းစွာ ရှင်းလင်းဖြေဆိုပါ။

၃။ ဣတ္ထိန္ဒြေ-ပုရိသိန္ဒြေတို့သည် "ဣန္ဒြေ" ထင်ရှားရှိကြပါလျက် အဘယ်ကြောင့် ဣန္ဒြိယပစ္စည်း မတပ်ကြသည်ကို ရှင်းပြ၍၊ အမြဲတည်ရှိသော နိဗ္ဗာန်၌ အတ္ထိပစ္စည်း မရှိခြင်းအကြောင်း ရှင်းလင်းဖြေဆိုခဲ့ပါ။

---

http://www.dhammadownload.com

၁၉၀၇

၁။ "ပဋိစ္စသမုပ္ပါဒ် အကြောင်းကျိုးစပ်၊ ပဋ္ဌာန်းပစ္စည်း ကြောင်းကျိုးနည်း" ဟု ဆိုထားရာ ယင်းပဋိစ္စသမုပ္ပါဒ်နှင့် ပဋ္ဌာန်းနည်းတို့၏ ထူးခြားပုံကို သိသာရုံပြဆို၍၊ ရောဂါဝေဒနာ ပြင်းထန်စွာ ခံစားနေရသူတစ်ယောက်၌ "ဝေဒနာပစ္စယာ တဏှာ" ဖြစ်ပေါ်ပုံကို ပဋိစ္စ-သမုပ္ပါဒ် ကြောင်းကျိုးဆက်စပ်ပြပါ။

၂။ သစ်ပင်များသည် အမြစ်ရှိမှ မသွေ့မခြောက် စည်ပင်တိုးပွားခြင်းသို့ ရောက်သကဲ့သို့ ထို့အတူ လူ, နတ်, ဗြဟ္မာ, သတ္တဝါများသည်လည်း စည်ပင်တိုးပွား အကျိုးများရန် မည်သည့်ပဋ္ဌာန်းပစ္စည်း၏ အထောက်အပံ့ရရှိရန် လိုအပ်ပါသနည်း၊ ရှင်းပြ၍ အစာ အာဟာရ မစားမသောက်ဘဲ မျှော်လင့်ချက်အာသာဖြင့် အသက်ရှင်နေနိုင်သော (ကာမ) သတ္တဝါမျိုး ရှိပါသလော၊ ပဋ္ဌာန်းပစ္စည်း အကိုးအကားပြ၍ ဆုံးဖြတ်ခဲ့ပါ။

၃။ ဒါနပြုခြင်း၊ သီလဆောက်တည်ခြင်း စသော ကုသိုလ်ကောင်းမှုကံသည် မျက်မှောက်ဘဝ၊ တမလွန်ဘဝတို့၌ ထိုက်သင့်သလို ရပ်၊ နာမ်၊ ဝတ္ထု အစုစုတို့ကို အကျိုးပြုလျက်ရှိရာ ထိုမျက်မှောက် တမလွန် နှစ်တန်သော ကာလတို့၌ အဘယ်ပဋ္ဌာန်းပစ္စည်းများဖြင့် ကျေးဇူးပြုသည်ကို ဥပမာသွင်းလျက် ရှင်းလင်းချက်ထုတ်ပြခဲ့ပါ။

၁၉၀၈

၁။ လိုချင်တပ်မက်မှုချင်း တူသော တဏှာနှင့် ဥပါဒါန်တို့၏ အထူးကို ဥပမာသွင်း၍ ရှင်းလင်းပြောဆိုပါ။

၂။ အဝိဇ္ဇာနှင့် တဏှာတို့၏ ဝဋ်စစ်ဖြစ်ပုံကို ဖြေဆိုပါ။

၃။ စေတနာသည် စွမ်းရည်သတ္တိရှိသော သဘာဝခမ္မဖြစ်ရ ပစ္စုပ္ပန်စေတနာ (သဟဇာတကမ္မ) နှင့် အတိတ်စေတနာ(နာနာက္ခဏိကကမ္မ)တို့၏ စွမ်းအင်ကြောင့် ယခုဘဝဝယ် နာမ်၊ ရုပ်တရားတို့ ဖြစ်နေပုံကို ခွဲခြမ်းစိတ်ဖြာ ရေးပြပါ။



http://www.dhammadownload.com

သာသနာရေးဦးစီးဌာန၏
အဘိဓမ္မာ (ဂုဏ်ထူးဆောင်) တတိယဆင့် (ပစ္စည်းပိုင်း)
(၁၉၈၉-ခုနှစ်မှ ၂၀၀၇-ခုနှစ်ထိ)
မေးခွန်းဟောင်းနှင့် အဖြေများ

၁၉၈၉

၁။ စာဖြေသူတို့ ရရှိလာသော ဇာတိသည် မည်သည့်ဘဝကြောင့် ရရှိသည်ဟု ယူဆရမည်နည်း၊ ဤ၌ လိုအပ်သော ဘဝအမည်နှင့် စိတ်သရုပ်တို့ကို တိကျစွာ ဖော်ပြပါ။

စာဖြေသူ အကျွန်ုပ်တို့ ရရှိသော ဇာတိသည် **"ကမ္မဘဝ"** ကြောင့် ဖြစ်ပါသည်။

"ဘဝ"ဟူသည် အကျိုးဘဝနှင့် အကြောင်းဘဝ ဟူ၍ ၂-မျိုး ရှိရာတွင် "ဘဝပစ္စယာ ဇာတိ" အရ ဤ၌ လိုအပ်သောဘဝကား **အကြောင်းဘဝ** (တစ်နည်း) **ကမ္မဘဝ** ဖြစ်ပြီး စိတ်သရုပ်မှာ **လောကီကုသိုလ်, အကုသိုလ် စေတနာ ၂၉-ပါး** ဖြစ်ပါသည်။

၂။ ပဋ္ဌာန်းသမုပ္ပါဒ်အင်္ဂါ ၁၂-ပါးတို့တွင် အဝိဇ္ဇာ-သင်္ခါရကို ယူသဖြင့် အင်္ဂါသုံးပါးကိုလည်းကောင်း၊ ဇာတိ-ဇရာ-မရဏကို ယူသဖြင့် အင်္ဂါငါးပါးကိုလည်းကောင်း ယူရခြင်း၏ အကြောင်းများကို ပြည့်စုံစွာ ရေးသားခဲ့ပါ။

အဝိဇ္ဇာ-သင်္ခါရကို ယူသဖြင့် အင်္ဂါသုံးပါးကို ယူရခြင်းအကြောင်း

အဝိဇ္ဇာနှင့် တဏှာ,ဥပါဒါန်တို့သည် ကိလေသဝဋ်ချင်း တူသောကြောင့်လည်းကောင်း၊ သင်္ခါရနှင့် ကမ္မဘဝတို့သည် ကမ္မဝဋ်ချင်း တူသောကြောင့်လည်းကောင်း အဝိဇ္ဇာ-သင်္ခါရကို ယူသဖြင့် တဏှာ, ဥပါဒါန်, ကမ္မဘဝဟူသော အင်္ဂါသုံးပါးတို့ကိုပါ ယူရခြင်း ဖြစ်ပါသည်။

ဇာတိ-ဇရာ-မရဏ ကိုယူသဖြင့် အင်္ဂါငါးပါးကို ယူရခြင်းအကြောင်း

ဇာတိ-ဇရာ-မရဏ ဟူသည် တရားကိုယ်သီးခြား မရှိ၊ ဝိညာဏ်၊ နာမ်ရုပ်၊

http://www.dhammadownload.com

သဋ္ဌာယတန၊ ဖဿ၊ ဝေဒနာ တို့၏ ဖြစ်ခြင်း၊ ရင့်ခြင်း၊ ပျက်ခြင်း တို့ကိုသာ ဆိုလိုရင်းဖြစ်သဖြင့် ဇာတိ-ဇရာ-မရဏကို ယူသဖြင့် ဝိညာဏ်၊ နာမ်ရုပ်၊ သဋ္ဌာယတန၊ ဖဿ၊ ဝေဒနာ ဟူသော အင်္ဂါငါးပါးတို့ကိုပါ ယူရခြင်းဖြစ်ပါသည်။

၃။ (က) ဝိပဿနာအားထုတ်မှု၊ (ခ) ဦးဖြူ၏သား၊ (ဂ) မိန်းမအသံ၊ (ဃ) နားဝယ်ကြား၊ (င) မြင်းမိုရ်တောင် ယင်းစကားရပ်တို့ဝယ် ဖြစ်သင့်သော ပညတ်အမည်များကို ညွှန်ပြခဲ့ပါ။

ပညတ်

(က) **ဝိပဿနာအားထုတ်မှု** = ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနက်နှင့် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်တို့ကြောင့် **ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်**

(ခ) **ဦးဖြူ၏သား** = ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်နှင့် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်တို့ကြောင့် **အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်**

(ဂ) **မိန်းမအသံ** = ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနက်နှင့် ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနက်တို့ကြောင့် **အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်**

(ဃ) **နားဝယ်ကြား** = ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနက်နှင့် ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနက်တို့ကြောင့် **ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်**

(င) **မြင်းမိုရ်တောင်** = ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်နှင့် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်တို့ကြောင့် **အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်**

၁၉၉၀

၁။ မည်သို့သော သဘောတရားကို "အဝိဇ္ဇာ"ဟု ခေါ်ဆိုပါသနည်း၊ မှတ်မိသမျှ ပြဆိုခဲ့ပါ။

"အဝိဇ္ဇာ" ဟူသည်

(၁) သိထိုက်သည်ကို မသိ၊ မသိထိုက်သည်ကိုသာ သိသောတရား (၀၊) သစ္စာ ၄-ပါး စသော ရှစ်ဌာနဋ္ဌ ဖုံးလွှမ်းတတ်သောတရား၊

(၂) - သစ္စာ ၄-ပါးကို မသိတတ်သောကြောင့်လည်းကောင်း၊

http://www.dhammadownload.com

- မလျောက်ပတ်သည်ဖြစ်၍ မရထိုက်သော ကာယဒုစရိုက် စသည်ကို ရတတ်၍ လျောက်ပတ်သည်ဖြစ်၍ ရထိုက်သော ကာယသုစရိုက် စသည်ကို မရတတ်သောကြောင့်လည်းကောင်း၊
- သိအပ်သော သစ္စာလေးပါး စသည်ကို မသိအပ်သည်ကို ပြုသောကြောင့် လည်းကောင်း၊
- ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ယောကျ်ား, မိန်းမ စသည်၌ ယောကျ်ား, မိန်းမဟု ထင်မှားစေတတ်သောကြောင့်လည်းကောင်း၊
- ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာ စသည်၌ ခန္ဓာစသည်ဟု မထင် မှတ်စေတတ်သောကြောင့်လည်းကောင်း အဝိဇ္ဇာ မည်၏။

တရားကိုယ်ကား – အကုသိုလ်စိတ် ၁၂–ပါး၌ယှဉ်သော မောဟဖြစ်ပါသည်။

၂။ ကမ္မဘဝနှင့် သခ်ါရတို့အရ စေတနာချည်း ဖြစ်ကြရာ ယင်းတို့၏ ကွဲပြားမှုကို မည်သို့ သိမှတ်ရပါမည်နည်း။

ကမ္မဘဝနှင့် သခ်ါရတို့သည် တရားကိုယ်အားဖြင့် လောကီကုသိုလ်, အကုသိုလ်စေတနာ ၂၉–ပါးချင်း တူသော်လည်း –

ကမ္မဘဝသည် = နောင်အနာဂတ်ဘဝ၌ အကျိုးပေးဖို့ရန် ယခုပစ္စုပ္ပန်၌ဖြစ်သော စေတနာ၊

သခ်ါရသည် = ယခုပစ္စုပ္ပန်ဘဝ၌ အကျိုးပေးဖို့ရန် အတိတ်ဘဝက ဖြစ်ခဲ့သော စေတနာဖြစ်သဖြင့် ကာလချင်း ထူးပါသည်။

၃။ နာမ်ခန္ဓာလေးပါး (နာမ်တရား)၊ မဟာဘုတ်လေးပါး (ရုပ်တရား)တို့ အချင်းချင်း ကျေးဇူးပြုပုံကို ဥပမာပြ၍ ရှင်းလင်းခဲ့ပါ။

နာမ်ခန္ဓာလေးပါး (နာမ်တရား)၊ မဟာဘုတ်လေးပါး (ရုပ်တရား)တို့ အချင်းချင်း ကျေးဇူးပြုပုံသည် အညမညပစ္စည်း မည်၏၊ ကျေးဇူးပြုပုံကား – နာမ်ခန္ဓာလေးပါးတို့ သည်လည်းကောင်း၊ မဟာဘုတ်လေးပါး ရုပ်တရားတို့သည်လည်းကောင်း သစ်သား

http://www.dhammadownload.com

၃-ချောင်းကို ထောင်ထားရာ တစ်ခုသည် တစ်ခုကို ထောက်ပံ့စေနိုင်သကဲ့သို့ (မလဲမပြိုအောင်) အချင်းချင်း တစ်ပါးသည် တစ်ပါးကို အပြန်အလှန် ထောက်ပံ့နိုင်စေသည် အဖြစ်ဖြင့် ကျေးဇူးပြုတတ်ပါသည်။

၄။ အရှိတရားအချင်းချင်းသာ ကျေးဇူးပြုနိုင်သည် မဟုတ်ပါလော၊ မရှိတရားက အရှိတရားကို မည်သို့ မရှိသဖြင့် ကျေးဇူးပြုပါသနည်း၊ ရှင်းလင်းခဲ့ပါ။

မရှိတရားက အရှိတရားကို **မရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရားသည် နတ္ထိပစ္စည်း ဖြစ်ပါသည်။ ကျေးဇူးပြုပုံကား** – တစ်ခုသော ဖဿ စသော တရားအပေါင်းသည် ဖြစ်နေသည်ရှိသော် နှစ်ခုမြောက်သော ဖဿစသော တရားအပေါင်းသည် မဖြစ်နိုင်သောကြောင့် မိမိတည်ရှိနေသဖြင့် ဖြစ်ခွင့်မရကုန်သော၊ မိမိ၏အခြားမဲ့၌ ဖြစ်လတ္တံ့ကုန်သော စိတ်စေတသိက်တရားတို့အား ဖြစ်ခွင့်ပေးသည်အစွမ်းဖြင့် ကျေးဇူးပြုတတ်ကုန်သော အခြားမဲ့ဖြစ်၍ ချုပ်ကုန်ပြီးသော စိတ်စေတသိက်တရားတို့သည် နတ္ထိပစ္စည်း မည်၏။

၁၉၉၁

၁။ သင် ယခုရရှိထားသောဘဝနှင့် ယင်းဘဝကိုရရှိအောင် အဘယ်သဘာဝများက ဖန်တီးပေးလိုက်ပါသနည်း၊ ယခုဘဝ၌ ဆောင်ရွက်ချက်များ၊ ယင်းဆောင်ရွက်ချက်များကြောင့် ရရှိနိုင်မည့်အရာတို့ကို ပဋ္ဌာန်းမူပွါဒ်အမြင်ဖြင့် ဖော်ဆောင်ရေးပြပါ။

ယခု အကျွန်ုပ်ရရှိထားသောဘဝသည် – ပစ္စုပ္ပန်အကျိုး ၅-ပါးဖြစ်သော ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဖြစ်ပါသည်။

ပစ္စုပ္ပန်ဘဝ ရရှိအောင် – အတိတ်အကြောင်း ၅-ပါး ဖြစ်သော အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ တို့က ဖန်တီးပေးလိုက်ပါသည်။

ယခုဘဝ၌ ဆောင်ရွက်ချက်များကား – ပစ္စုပ္ပန်အကြောင်း ၅-ပါးဖြစ်သော တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ တို့ ဖြစ်ပါသည်။

http://www.dhammadownload.com

ယခုဘဝဆောင်ရွက်ချက်များကြောင့် – အနာဂတ်အကျိုး ၅-ပါးဖြစ်သော ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့ကို ရရှိနိုင်ပါသည်။

ဤ ကြောင်းကျိုးသဘောကား ပဋိစ္စသမုပ္ပါဒ်အမြင်ဖြင့် ဖော်ပြခြင်းဖြစ်ပါသည်။

၂။ ဗုဒ္ဓဘာသာဝင်တို့သည် ဖန်ဆင်းရှင် မရှိဘဲ အကြောင်းကြောင့် အကျိုးဖြစ်လာသည်ဟု မိမိဘဝကို ယုံကြည်ကြ၏၊ ယင်းအကျိုးတရားများ ဖြစ်ပေါ်လာအောင် ကျေးဇူးပြုနေသော အကြောင်းသတ္တိတို့တွင် "သဟဇာတသတ္တိ" နှင့် "အာဟာရသတ္တိ"တို့၏ ကျေးဇူးပြုဟန်ကို ပေါ်လွင်အောင် ရေးပြပါ။

သဟဇာတပစ္စည်း – တကွဖြစ်၍ ကျေးဇူးပြုတတ်သောတရား ဖြစ်ပါသည်။
ကျေးဇူးပြုပုံမှာ – ဆီမီးသည် မိမိနှင့် အတူတကွဖြစ်သော အလင်းဓာတ်အား တကွဖြစ်၍ ကျေးဇူးပြုသကဲ့သို့ မိမိနှင့်တကွဖြစ်ကုန်သော ပစ္စယုပ္ပန်တရားတို့အား တကွဖြစ်သည်အဖြစ်ဖြင့် ကျေးဇူးပြုပါသည်။

အာဟာရပစ္စည်း – ထောက်ပံ့ခိုင်စေတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား ဖြစ်ပါသည်။
ကျေးဇူးပြုပုံမှာ – လဲပြိုခါနီး အိမ်အိုကြီးအား ထောက်ကျားတိုင်သည် အခွန့်ရှည်စွာ ဆက်လက်တည်တံ့အောင် ထောက်ပံ့ခိုင်စေတတ်သကဲ့သို့ ပစ္စယုပ္ပန်ဖြစ်ကုန်သော ရုပ်နာမ်တရားတို့အား ထောက်ပံ့ခိုင်စေတတ်သည်အဖြစ်ဖြင့် အာဟာရတရား ၄-ပါးက ကျေးဇူးပြုပါသည်။

၃။ အချို့က ဂုဏ်ပကာသနကို ရှောင်တန်းတင်၍ အလှူဒါန် ပြုကြရာ ဂုဏ်ပကာသနက အလှူဒါနအား ကျေးဇူးပြုသော ပစ္စယသတ္တိ၏ ကျေးဇူးပြုဟန်ကို ဖြေဆိုပါ။

ဂုဏ်ပကာသနက အလှူဒါနအား ကျေးဇူးပြုသော ပစ္စယသည် ပကတူပနိဿယ ပစ္စည်းဖြစ်ပါသည်။

http://www.dhammadownload.com

အာရမ္မဏာ, အနန္တရတို့နှင့် မရောရသည့်တိုင်အောင် ပင်ကိုယ်ပကတိသဘော သက်သက်ဖြင့်ပင် အားကြီးသောမှီရာအကြောင်းဖြင့် ကျေးဇူးပြုတတ်သောပစ္စည်းသည် ပကတူပနိဿယပစ္စည်း မည်၏။

ပကတူပနိဿယပစ္စည်း၏ ကျေးဇူးပြုဟန်မှာ –

(၁) အဇ္ဈတ္တ – ဗဟိဒ္ဓသန္တာန်၌ ဖြစ်သော သဒ္ဓါ၊ သီလ စသောကုသိုလ်တရားများ၊ ရာဂ, ဒေါသ စသော အကုသိုလ်တရားများ၊ ကိုယ်၌ဖြစ်သော သုခ, ဒုက္ခ တရားများ၊ ဥတု၊ ဘောဇန၊ ပုဂ္ဂလ၊ သေနာသန ဤ (ပညတ်–နာမ်–ရုပ်) ပစ္စည်းတရားတို့သည် ထိုက်သည့်အားလျော်စွာ အဇ္ဈတ္တ–ဗဟိဒ္ဓသန္တာန်၌ ကုသိုလ် စသော (နာမ်) ပစ္စယုပ္ပန်တရားတို့အားလည်းကောင်း၊

(၂) ဗလဝဖြစ်သော ကုသိုလ်–အကုသိုလ် ပစ္စည်းတရားတို့သည် ဝိပါက်နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့အားလည်းကောင်း ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

၁၉၅၂

၁။ မြန်မာ့ဝေါဟာရနယ်ပယ်တွင် ဝင်ရောက်နေရာယူထားသော "သမုဒယ၊ ဝဋ်၊ သောက၊ ပရိဒေဝ၊ ဥပါယာသ" တို့၏ အဓိပ္ပါယ်ကို အများနားလည်အောင် ရှင်းလင်းရေးသားပါ။

သမုဒယ = ဥပါဒ်၊ ဌီ၊ ဘင် အားဖြင့် ဖြစ်ခြင်းသည် "သမုဒယ" မည်၏။ (တစ်နည်း) ဒုက္ခသက်သက် ဖြစ်ပေါ်ခြင်းအကြောင်းသည် သမုဒယမည်၏။

ဝဋ် = လှည်းဘီး၊ စက်ဘီးများ လည်ပတ်နေသကဲ့သို့ ကြောင်းကျိုးမပြတ် တရစပ် လည်ပတ်နေသော တရားများသည် "ဝဋ်" မည်၏၊ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ဟူ၍ ဝဋ် ၃-ပါး ရှိ၏။

သောက = ဆွေမျိုး စည်းစိမ် ဂုဏ်သိန် စသည်တို့ ပျက်စီးမှုကြောင့် ဝမ်းနည်းခြင်း၊ စိုးရိမ်ခြင်းသည် "သောက" မည်၏၊ တရားကိုယ်အားဖြင့် ဒေါသမူဒွေးရှိ ဒေါမနဿ ဝေဒနာ ဖြစ်၏။

http://www.dhammadownload.com

ပရိဒေဝ = ဆွေမျိုး စည်းစိမ် ဂုဏ်သိန် စသည်တို့ ပျက်စီးမှုကြောင့် တမ်းတငိုကြွေးခြင်း သည် "ပရိဒေဝ"မည်၏၊ တရားကိုယ်အားဖြင့် စိတ္တဇဝိပ္ပလ္လာသသဒ္ဓါပဉ် ဖြစ်၏။

ဥပါယာသ = ဆွေမျိုး စည်းစိမ် ဂုဏ်သိန် စသည်တို့ ပျက်စီးမှုကြောင့် သောက, ပရိဒေဝတို့ထက် လွန်ကဲလျက် အသံမျှ မထွက်နိုင်အောင် ရှိုက်ကြီးတငင်ဖြစ်ကာ အတွင်းဆွေး ဆွေးခြင်းသည် "ဥပါယာသ"မည်၏၊ တရားကိုယ်အားဖြင့် ဒေါသမူဒွေး ရှိ ဒေါသဖြစ်၏။

၂။ ဗုဒ္ဓဘာသာဝင်များ ယူဆထားသော ကံ(စေတနာ)တရားက လက်ရှိရယူထားသော ရုပ်နာမ်နှင့် ရရှိဦးမည့် ရုပ်နာမ်တရားများဖြစ်အောင် ကျေးဇူးပြုပုံကို ပြည့်စုံအောင် ရေးသားဖြေဆိုပါ။

ကံ(စေတနာ)တရားက ရုပ်နာမ်တရားများကို ကျေးဇူးပြုပုံ

ကံ(စေတနာ)တရားက ကမ္မပစ္စည်းအဖြစ်ဖြင့် ရုပ်နာမ်တရားကို ကျေးဇူးပြုပါသည်။ ဤသို့ ကျေးဇူးပြုရာတွင် အောက်ပါအတိုင်း ၂-မျိုး အပြားဖြင့် ကျေးဇူးပြုပါသည်။

(၁) ကံတရားက လက်ရှိရယူထားသော ရုပ်နာမ်တရားများကို ကျေးဇူးပြုပုံ (တစ်နည်း) သဟဇာတကမ္မပစ္စည်း၏ ကျေးဇူးပြုပုံ

သစ်ပင်၏အမြစ်သည် သစ်ပင်နှင့်တကွဖြစ်၍ ထိုသစ်ပင်အား မြဲမြံခိုင်ခံ့စေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ တကွဖြစ်ဖက် ရုပ်နာမ်တရားတို့ကို စေ့ဆော်ဆော်သြခြင်း ဗျာပါရအဖြစ်ဖြင့် အလုံးစုံသော စေတနာက ကျေးဇူးပြုပါသည်၊ ဤကျေးဇူးပြုပုံသည် သဟဇာတကမ္မပစ္စည်း မည်၏။

သဟဇာတကမ္မပစ္စည်း၏ ကျေးဇူးပြုပုံမှာ –

(က) စိတ် ၈၉-ပါးနှင့်ယှဉ်သော စေတနာသည် မိမိနှင့် အတူတကွဖြစ်သော နာမ်တရားတို့အားလည်းကောင်း၊

(ခ) ပဋိသန္ဓေအခါ – ပဋိသန္ဓေစိတ်နှင့်ယှဉ်သော စေတနာသည် ပဋိသန္ဓေ ကမ္မဇရုပ်အား လည်းကောင်း၊

http://www.dhammadownload.com

(ဂ) ပဝတ္တိအခါ – ရုပ်ကိုဖြစ်စေနိုင်သောစိတ်နှင့်ယှဉ်သော စေတနာသည် စိတ္တဇရုပ်အားလည်းကောင်း ကျေးဇူးပြုပါသည်။

(၂) ကံတရားက ရုပ်ဦးမည့်ရုပ်နာမ်တရားများကို ကျေးဇူးပြုပုံ (တစ်နည်း) နာနာက္ခဏိကကမ္မပစ္စည်း၏ ကျေးဇူးပြုပုံ

မျိုးစေ့သည် သစ်ပင်အား အညွန့်၊ အခက် စသည်ဖြင့် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုသကဲ့သို့ အထူးထူးသော ခဏနှင့် ယှဉ်သော ဝိပါက်ကဋတ္တာရုပ်တို့ ဖြစ်ပေါ်အောင် ကုသိုလ်-အကုသိုလ် စေတနာသည် ကျေးဇူးပြုပါသည်၊ ဤကျေးဇူးပြုပုံသည် နာနာက္ခဏိကကမ္မပစ္စည်း မည်၏။

နာနာက္ခဏိကကမ္မပစ္စည်း၏ ကျေးဇူးပြုပုံမှာ –

အတိတ်ကာလ၌ ဖြစ်သော ကုသိုလ်-အကုသိုလ် စေတနာ ၃၃-ပါးသည် ဝိပါက်စိတ် ၃၆-ပါး၊ ယှဉ်ဖက်စေတသိက် ၃၈-ပါးတို့အားလည်းကောင်း၊ အလုံးစုံသော ကမ္မဇရုပ်တို့အားလည်းကောင်း ကျေးဇူးပြုပါသည်။

၃။ ၂၄-ပါး ပစ္စည်းတရားတို့၏ ကျေးဇူးပြုပုံကို ကာလသုံးမျိုးဖြင့် ခွဲဝေပြပါ။

၂၄-ပါး ပစ္စည်းတရားတို့၏ ကျေးဇူးပြုပုံကို ကာလသုံးမျိုးဖြင့် ခွဲဝေပြရသော် –

(က) ပစ္စုပ္ပန် ၁၅-ပစ္စည်း = ဟေတု, သဟဇာတ, အညမည, နိဿယ, ပုရေဇာတ, ပစ္ဆာဇာတ, ဝိပါက, အာဟာရ, ဣန္ဒြိယ, ဈာန, မဂ္ဂ, သမ္မယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ။

(ခ) အတိတ် ၅-ပစ္စည်း = အနန္တရ, သမနန္တရ, အာသေဝန, နတ္ထိ, ဝိဂတ။

(ဂ) အတိတ် + ပစ္စုပ္ပန် ၁-ပစ္စည်း = ကမ္မ (သဟဇာတကမ္မသည် ပစ္စုပ္ပန်၊ နာနာက္ခဏိကကမ္မသည် အတိတ်)

(ဃ) ကာလ ၃-ပါး ၃-ပစ္စည်း = အာရမ္မဏ, အဓိပတိ, ဥပနိဿယ

---

http://www.dhammadownload.com

၄။ အဘိညာဉ်ရသူ၊ မင်းသား ဟူသောပညတ်တို့၌ ဖြစ်သင့်သော ပညတ်အမျိုးအစားကို စိစစ်သတ်မှတ်ပြပါ။

"အဘိညာဉ်ရသူ" ဟူသော ပညတ်၌

"အဘိညာဉ်" သည် ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့် ဝိဇ္ဇမာန၊ "ရသူ" သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသောကြောင့် အဝိဇ္ဇမာန၊ ထို ဝိဇ္ဇမာနအနက်နှင့် အဝိဇ္ဇမာနအနက် ၂-ပါးကို သိစေတတ်သော "အဘိညာဉ်ရသူ" ဟူသော စကားသည် **ဝိဇ္ဇမာနေန-အဝိဇ္ဇမာနပညတ်** မည်ပါသည်။

"မင်းသား" ဟူသော ပညတ်၌

"မင်း" ဟူသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊ "သား" ဟူသည်လည်း ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊ ထို အဝိဇ္ဇမာနအနက်နှင့် အဝိဇ္ဇမာန အနက် ၂-ပါးကို သိစေတတ်သော "မင်း" ဟူသော စကားသည် **အဝိဇ္ဇမာနေန-အဝိဇ္ဇမာန** ပညတ် မည်ပါသည်။

၁၉၉၃

၁။ အဝိဇ္ဇာအကြောင်းတရားက ပြုပြင်စီရင်အပ်သော အဘယ်မည်သောတရားကို ပြုပြင်တတ်ကုန်သောကြောင့် အဘယ်တရားတို့သည် "သင်္ခါရ" မည်သည်ကို ရှင်းပြ၍ "သင်္ခါရ" အမျိုးအစားနှင့် တရားကိုယ်များကို စုံလင်အောင် အစိတ်, အပေါင်း ဖော်ပြပါ။

"သင်္ခါရ" မည်သောတရား = ပြုပြင်စီရင်အပ်သော ဝိပါက်နာမက္ခန္ဓာ၊ ကဋ္ဌတ္တာရုပ် အကျိုးတရားစုကို ပြုပြင်စီရင်တတ်သော ကံတရားသည် သင်္ခါရမည်၏၊ တရားကိုယ်မှာ အကုသိုလ်စိတ် ၁၂-ပါး လောကီကုသိုလ်စိတ် ၁၇-ပါး၌ရှိသော စေတနာစေတသိက် ၂၉-ပါး ဖြစ်ပါသည်။

သင်္ခါရအမျိုးအစား ၃-မျိုး

(၁) ပုညာဘိသင်္ခါရ = ကာမကုသိုလ်စိတ် ၈-ပါး၊ ရူပကုသိုလ်စိတ် ၅-ပါး၌ ရှိသော စေတနာ ၁၃-ပါး

(၂) အပုညာဘိသင်္ခါရ = အကုသိုလ်စိတ် ၁၂-ပါး၌ရှိသော စေတနာ ၁၂-ပါး

http://www.dhammadownload.com

(၃) အာနေဉ္ဇာဘိသင်္ခါရ = အရူပကုသိုလ်စိတ် ၄-ပါး၌ရှိသော စေတနာ ၄-ပါး

၂။ လောကဆိုရိုးစကား၌ "ဝဋ်ရှိလျှင် ခံပေဦးတော့"ဟု ဆိုကြရာ ဝဋ်အမျိုးအစားတို့ကို ပြည့်စုံစွာဖော်ပြ၍၊ အဝိဇ္ဇာနှင့် တဏှာတို့သည် အဘယ်တရားတို့၏ "ဝဋ်မြစ်" ဖြစ်သည်ကိုလည်း ပြည့်စုံစွာ ဖော်ပြပါ။

ဝဋ်အမျိုးအစား ၃-မျိုး ရှိပါသည်။

(၁) ကိလေသဝဋ် = အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် တရား ၃-ပါး ဖြစ်၏။
(၂) ကမ္မဝဋ် = သင်္ခါရ၊ ကမ္မဘဝ တရား ၂-ပါး ဖြစ်၏။
(၃) ဝိပါကဝဋ် = ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ (ဥပပတ္တိဘဝ) ဇာတိ၊ ဇရာ-မရဏ တရား ၇-ပါး ဖြစ်၏။

အဝိဇ္ဇာနှင့် တဏှာတို့ "ဝဋ်မြစ်" ဖြစ်ပုံ

အဝိဇ္ဇာသည် – အတိတ်အကြောင်းမှစ၍ ပစ္စုပ္ပန်အကျိုးတိုင်အောင် ဖြစ်သော အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ တည်းဟူသော အဝိဇ္ဇာမူလက ပုဗ္ဗန္တဘဝစက် (အရှေ့ပိုင်းဘဝစက်)၏ မူလဝဋ်မြစ် ဖြစ်ပါသည်။

တဏှာသည် – ပစ္စုပ္ပန်အကြောင်းမှစ၍ အနာဂတ်ဘဝအကျိုးတိုင်အောင်ဖြစ်သော တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ-မရဏ ဟူသော တဏှာမူလက အပရန္တဘဝစက် (နောက်ပိုင်းဘဝစက်)၏ မူလဝဋ်မြစ် ဖြစ်ပါသည်။

၃။ အကျဉ်းအားဖြင့် "နတ္ထိပစ္စည်းနှင့် ဝိဂတပစ္စည်း" တို့ မတူ ကွဲပြားခြားနားသည့် သဘောကို ရှင်းပြ၍၊ သဘောလက္ခဏာ တစ်ခုနှင့်တစ်ခု မတူကြသည့် အဘယ်မည်သော ရုပ်တရားသက်သက်က အဘယ်မည်သော နာမ်တရားသက်သက်တို့အား အဘယ်ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ကို ပြည့်စုံစွာ ဖြေဆိုပါ။

နတ္ထိပစ္စည်းနှင့် ဝိဂတပစ္စည်း ခြားနားပုံ

ချုပ်သည်၏ အခြားမဲ့၌ ကင်းဆိတ်သည်၏အဖြစ်သည် နတ္ထိပစ္စည်း မည်၏။
ချုပ်ခြင်းဘင်သို့ ရောက်သည်၏အဖြစ်သည် ဝိဂတပစ္စည်း မည်၏။

http://www.dhammadownload.com

ရုပ်တရားသက်သက်က နာမ်တရားသက်သက်အား ပုရေစာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပုရေစာတပစ္စည်း ဟူသည် ရှေးခဲ့ဖြစ်၍ ကျေးဇူးပြုတတ်သောတရား ဖြစ်သည်၊ ကမ္ဘာဦးက ပေါ်ပေါက်ခဲ့သော နေလတို့သည် ယခုတိုင် ထင်ရှားရှိကာ ၎င်းတို့နောက်မှ ဖြစ်ပေါ်လာသော သတ္တဝါတို့အား အလင်းရောင်ပေးကာ ကျေးဇူးပြုသကဲ့သို့ ပစ္စယုပ္ပန်တရားတို့၏ ရှေးခဲ့ဖြစ်နှင့်၍ တည်လင့်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် ပုရေစာတပစ္စည်း မည်၏။

ကျေးဇူးပြုပုံမှာ –

(၁) စက္ခုဝတ္ထုစသော ဝတ္ထုရုပ် ၆–ပါးတို့သည် စက္ခုဝိညာဏ်စသော ဝိညာဏာဓာတ် နာမ်တရားတို့အား ပဝတ္တိအခါခဲ့သော ဝတ္ထုပုရေစာတသတ္တိဖြင့် ကျေးဇူးပြု၏။

(၂) ရူပါရုံစသော အာရုံ ၅–ပါး ရုပ်တရားတို့သည် ပဉ္စဝိညာဏဝီထိ (နာမ်တရား) အား အာရမ္မဏပုရေစာတသတ္တိဖြင့် ကျေးဇူးပြု၏။

၄။ ဘုရားရှင်သည် "ပရမတ္ထသစ္စာ သမုတိသစ္စာ" ဟု နှစ်မျိုး ဟောတော်မူခဲ့ရာ "သမုတိသစ္စာ" နယ်ပယ်တွင် ပါဝင်သော "အတ္ထပညတ်" အမျိုးအမည်များကို ပုံစံသုံးခုစီနှင့် ယှဉ်တွဲဖြေဆိုပါ။

အတ္ထပညတ်အပြားကို ပုံစံ ၃–ခုစီနှင့် ယှဉ်တွဲဖြေဆိုရသော် –

၁။	သဏ္ဌာနပညတ်	ပုံစံ	= မြေ, တောင်, မြစ်
၂။	သမူဟပညတ်	ပုံစံ	= အိမ်, ရထား, လှည်း
၃။	ဇာတိပညတ်	ပုံစံ	= လူ, ယောကျ်ား, မိန်းမ
၄။	ဒိသာပညတ်၊ ကာလပညတ်၊ မာသပညတ်	ပုံစံ	= အရှေ့, အနောက်(ဒိသာ), နံနက်, ည(ကာလ), ကဆုန်လ(မာသ)
၅။	အာကာသပညတ်	ပုံစံ	= တွင်း, လိုဏ်, အပေါက်
၆။	နိမိတ်ပညတ်	ပုံစံ	= ကသိဏ်းနိမိတ်, အသုဘနိမိတ်, ဥဂ္ဂဟနိမိတ်

---

http://www.dhammadownload.com

၁၉၉၄

၁။ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"၌ သင်္ခါရတို့သည် မည်သည့်ပုဂ္ဂိုလ်၌ ဖြစ်ပါသနည်း၊ အကြောင်းပြ ဖြေဆို၍၊ တဏှာကြောင့် ဥပါဒါန်လေးပါးဖြစ်ပုံကို ဝေဖန်ရေးသားပါ။

"အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ၌ သင်္ခါရတို့သည် သေက္ခပုဂ္ဂိုလ်နှင့် ပုထုဇဉ်ပုဂ္ဂိုလ်တို့၌ သာ ဖြစ်ပါသည်၊ အကြောင်းပြရသော် –

အဝိဇ္ဇာနုသယသည် အဖန်တလဲလဲ ဖြစ်စေအပ်သော သေက္ခပုဂ္ဂိုလ် – ပုထုဇဉ် ပုဂ္ဂိုလ်တို့၏ သန္တာန်၌သာလျှင် သင်္ခါရတရားတို့၏ ဝိပါက်ခန္ဓာတို့ကို ရင့်ကျက်စေရန် ဖြစ်စေတတ်သောကြောင့် ဖြစ်ပါသည်။

တဏှာကြောင့် ဥပါဒါန်လေးပါးဖြစ်ပုံ

သတ္တဝါတို့သည် တဏှာဟုဆိုအပ်သော ချစ်ခြင်းဖြင့် တပ်နှစ်သက်ကုန်သည်ဖြစ်၍ ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော တရားတို့၌ မြဲမြံစွာ စွဲလမ်းခြင်းငှာ ဖြစ်ကုန်၏၊ ထို့ကြောင့် တဏှာသည် ဥပါဒါန်၏အကြောင်း ဖြစ်၏။

(၁) တဏှာကြောင့် ကာမုပါဒါန်ဖြစ်ပုံ

သတ္တဝါတို့သည် တဏှာဖြင့် ရူပါရုံ စသည်တို့ကို သာယာကုန်၍ ၎င်းကာမအာရုံတို့၌ စွဲလမ်းခြင်းသို့ ရောက်ကုန်၏၊ ထို့ကြောင့် တဏှာသည် ကာမုပါဒါန်၏အကြောင်း ဖြစ်၏။

(၂) တဏှာကြောင့် ဒိဋ္ဌုပါဒါန်ဖြစ်ပုံ

ရူပါရုံစသောအာရုံ၌ တပ်နှစ်သက်သော သတ္တဝါသည် ပေးလှူအပ်သော ကုသိုလ်၏ အကျိုးသည် မရှိ၊ ဤသို့ အစရှိသော မိစ္ဆာအယူကို ပြင်းစွာစွဲယူ၏။ ထို့ကြောင့် တဏှာသည် ဒိဋ္ဌုပါဒါန်၏အကြောင်းဖြစ်၏။

(၃) တဏှာကြောင့် သီလဗ္ဗတုပါဒါန်ဖြစ်ပုံ

သံသရာ လွတ်မြောက်လိုသည်ဖြစ်၍ သံသရာမှ စင်ကြယ်ခြင်း၏ အကြောင်း မဟုတ်သည်၌ သံသရာမှ စင်ကြယ်ခြင်း၏အကြောင်း ဟူ၍

http://www.dhammadownload.com

မှားသောအားဖြင့် စွဲလမ်းယူ၏၊ ထို့ကြောင့် တဏှာသည် သီလဗွတုပါဒါန်၏ အကြောင်းဖြစ်၏။

(၄) တဏှာကြောင့် အတ္တဝါဒုပါဒါန်ဖြစ်ပုံ

ဥပါဒါနက္ခန္ဓာတို့၌ ငါ, ငါ၏ကိုယ်နှင့်စပ်၍ဖြစ်ခြင်း ဟူ၍ စွဲလမ်းကြောင်း ဖြစ်သော အတ္တဝါဒအယူနှစ်ခုတို့၏ အကြောင်းကို စွဲလမ်းယူ၏၊ ထို့ကြောင့် တဏှာသည် အတ္တဝါဒုပါဒါန်၏အကြောင်း ဖြစ်၏။

၂။ သဟဇာတနှင့် အညမညပစ္စည်းတို့၏ ထူးခြားဟန်ကို ရေးသား၍၊ အနက်အားဖြင့် ထူးခြားမှုမရှိဘဲလျက် မည်သည့်ရည်ရွယ်ချက်ဖြင့် အနန္တရနှင့် သမနန္တရတို့ကို ဟောကြားပါသနည်း။

သဟဇာတနှင့် အညမညပစ္စည်းအထူး

သဟဇာတပစ္စည်း = အတူတကွ ဖြစ်၍သာလျှင် ကျေးဇူးပြုတတ်သောတရားသည် သဟဇာတပစ္စည်း မည်၏။

အညမညပစ္စည်း = အတူတကွလည်းဖြစ်၊ အချင်းချင်း အပြန်အလှန်လည်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားသည် အညမညပစ္စည်း မည်၏။

အနက်အားဖြင့် ထူးခြားမှုမရှိဘဲလျက် အနန္တရနှင့် သမနန္တရတို့ကို ဟောကြားတော်မူရခြင်းအကြောင်း

သဘောအနက်အားဖြင့် ၎င်းပစ္စည်း ၂-ပါးတို့သည် ကောင်းစွာအခြားမရှိဘဲ ချုပ်သော ရှေးရှေးစိတ်စေတသိက်အပေါင်း၏ အမည်မျှသာဖြစ်၍ ထူးခြားမှုမရှိပေ၊ သံ-သဒ္ဒါမျှသာ ထူး၏။

သို့ရာတွင် တရားနာသော ဝေနေယျသတ္တဝါတို့၏ အလိုအားလျော်စွာ ၂-မျိုး ခွဲ၍ အနန္တရနှင့် သမနန္တရ ဟူ၍ ဟောကြားတော်မူရခြင်း ဖြစ်ပါသည်။

၃။ နိဗ္ဗာန်သည် အမြဲတည်ရှိနေသောတရား ဖြစ်ပါလျက် အတ္ထိပစ္စည်း မတပ်ခြင်းကို ဖြေဆို၍၊ ပဋ္ဌာန်း ၂၄-ပစ္စည်းကို အကျဉ်းချုပ်သော် မည်မျှရှိပါသနည်း၊ ရှင်းလင်း ရေးသားပါ။

http://www.dhammadownload.com

နိဗ္ဗာန်သည် အတ္ထိပစ္စည်းမတပ်ခြင်းအကြောင်း

အတ္ထိပစ္စည်းဟူသည် ထင်ရှားရှိသောအခါ ပစ္စည်းထိုက်၍၊ မရှိသောအခါ ပစ္စည်းမထိုက်သောတရားဖြစ်သည်၊ နိဗ္ဗာန်ကား ဤကဲ့သို့ ၂-မျိုး မရ၊ ပရမတ္ထအားဖြင့် အမြဲထင်ရှားရှိနေသောကြောင့် အတ္ထိပစ္စည်း မတပ်ပါ။

(တစ်နည်း) ပစ္စည်းတစ်ခု၏ သတ္တိသည် အခြားသော ဆန့်ကျင်ဘက်ပစ္စည်း၏ သတ္တိကို ထောက်ဆလျှင် သာ၍ ထင်ရှား၏၊ အတ္ထိသတ္တိသည် နတ္ထိပစ္စည်း၏ သတ္တိနှင့် ဆန့်ကျင်ဘက် ဖြစ်၏၊ နတ္ထိသဘောကား ဥပါဒ်, ဌိ၊ ဘင် အားဖြင့် ထင်ရှားရှိပြီးနောက် ချုပ်ပျောက်၍ မရှိခြင်းသဘောပင် ဖြစ်၏။

နိဗ္ဗာန်မှာ ထိုကဲ့သို့သော နတ္ထိသတ္တိ မရှိရကား နတ္ထိသတ္တိ၏ ဆန့်ကျင်ဘက်ဖြစ်သော အတ္ထိသတ္တိသည်လည်း မရှိချေ။

ထို့ကြောင့် ပရမတ္ထအားဖြင့် အမြဲထင်ရှားရှိ၍ ဥပါဒ်, ဌိ, ဘင် စသော အပိုင်းအခြားကင်းသော နိဗ္ဗာန်သည် အတ္ထိပစ္စည်း မတပ်ပါ။

ပဋ္ဌာန်း ၂၄-ပစ္စည်းကို အကျဉ်းချုပ်သော် အောက်ပါအတိုင်း ၄-ပစ္စည်း ရပါသည်-

အလုံးစုံသော ပစ္စည်းတို့သည် -

(၁) စိတ်, စေတသိက်တို့၏ အာရုံအဖြစ်သို့ မရောက်သော တစ်စုံတစ်ခုသော ပစ္စည်းမည်သည် မရှိသောကြောင့် **အာရမ္မဏပစ္စည်း**၌ ပေါင်းခြင်းသို့ ရောက်ကုန်၏။

(၂) မိမိတို့ဥစ္စာဖြစ်သော ပစ္စယုပ္ပန်တရားတို့၏ မှီရာအဖြစ်သို့ မရောက်သော တစ်စုံတစ်ခုသော ပစ္စည်းမည်သည် မရှိသောကြောင့် **ဥပနိဿယပစ္စည်း**၌ ပေါင်းခြင်းသို့ ရောက်ကုန်၏။

(၃) အတ္တဘော ဟုဆိုအပ်သော သန္ဓိရလောကဖြစ်ခြင်းသည် ကုသိုလ်, အကုသိုလ်ကံလျှင် အကြောင်းရှိ၍ အကြောင်း၏အမည်ကို အကျိုးခံ၍ တင်စား၍ အလုံးစုံသော ပစ္စည်းတို့သည် မလွန်နိုင်သောကြောင့် **ကမ္မပစ္စည်း**၌ ပေါင်းခြင်းသို့ ရောက်ကုန်၏။

(၄) အလုံးစုံသော ပစ္စည်းတို့သည် ပရမတ္ထအားဖြင့်သော်လည်းကောင်း၊ လောကသမုတိ အစွမ်းဖြင့်သော်လည်းကောင်း ထင်ရှားရှိသောကြောင့် **အတ္ထိပစ္စည်း**၌ ပေါင်းခြင်းသို့ ရောက်ကုန်၏။

http://www.dhammadownload.com

၁၉၉၅

၁။ ဇာတိကိုရရှိထားသူတို့က (က) ရှောင်လွှဲ၍ မရနိုင်သောတရား၊ (ခ) ရှောင်လွှဲ၍ ရနိုင်သောတရားတို့ကို ပဋိစ္စသမုပ္ပါဒ်နည်းအရ ဖော်ထုတ်၍၊ အစပ်သုံးပါးကို ထင်ရှားအောင် ဆက်စပ်ပြပါ။

(က) **ရှောင်လွှဲ၍ မရနိုင်သောတရားမှာ** – ဇရာနှင့် မရဏတို့ ဖြစ်ပါသည်၊ (ဤ ၂-ပါးမှာ ဇာတိဖြစ်လျှင် မုချ ဖြစ်ရသော ဇာတိ၏အကျိုးရင်းတရားများတည်း။)

(ခ) **ရှောင်လွှဲ၍ ရနိုင်သောတရားမှာ** – သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ တို့ဖြစ်ပါသည်၊ (ဤ ၅-ပါးမှာ ဇာတိကြောင့် ဖြစ်သော်လည်း အကျိုးရင်းမဟုတ်၊ အကျိုးဆက်တရားသာ ဖြစ်၏။)

အစပ်သုံးပါးကို ဆက်စပ်ပြရသော် –

(၁) ဟေတုဖလသန္ဓိ = အတိတ်အကြောင်း "သခါရ" နှင့် ပစ္စုပ္ပန်အကျိုး "ဝိညာဉ်" တို့၏အကြား တစ်စပ်၊

(၂) ဖလဟေတုသန္ဓိ = ပစ္စုပ္ပန်အကျိုး "ဝေဒနာ" နှင့် ပစ္စုပ္ပန်အကြောင်း "တဏှာ" တို့၏အကြား တစ်စပ်၊

(၃) ဟေတုဖလသန္ဓိ = ပစ္စုပ္ပန်အကြောင်း "ဘဝ(ကမ္မဘဝ)" နှင့် အနာဂတ်အကျိုး "ဇာတိ" တို့အကြား တစ်စပ်၊

၂။ ဝဋ်ဒုက္ခ ချုပ်ငြိမ်း၍ ဘဝဇာတ်သိမ်းလိုလျှင် အဘယ်တရားကို သိရှိအောင် အားထုတ်ရပါမည်နည်း၊ မှန်ကန်စွာ ဖြေဆိုလျက်၊ အာရမ္မဏာဓိပတိနှင့် အာရမ္မဏူပနိဿယ ပစ္စည်းတို့၏ ထူးခြားချက်ကို နှိုင်းယှဉ်ပြပါ။

ဝဋ်ဒုက္ခ ချုပ်ငြိမ်းရန် ပယ်ရမည့်တရား ၂-ပါးမှာ အဝိဇ္ဇာနှင့်တဏှာ ဖြစ်ပါသည်။

ဝဋ်ဒုက္ခအပေါင်း၏ အရင်းအမြစ် အစသည် အဝိဇ္ဇာနှင့် တဏှာ တည်းဟူသော မူလ (ဝဋ်မြစ်) ၂-ပါး ဖြစ်ပါသည်၊ အဝိဇ္ဇာသည် သံသရာရှေ့ပိုင်း ဘဝစက်၏ မူလတရားဖြစ်ပြီး တဏှာသည် သံသရာနောက်ပိုင်း ဘဝစက်၏ မူလတရား ဖြစ်ပါသည်။

http://www.dhammadownload.com

ဝဋ်ဒုက္ခ ချုပ်ငြိမ်းလိုသော ပုဂ္ဂိုလ်တို့သည် ဤမူလနှစ်ပါးကို အရဟတ္တမဂ်ဉာဏ်ဖြင့် သစ္စာ ၄-ပါးကို ထိုးထွင်းသိမြင်ခြင်းဖြင့် ထိုမူလတရား ၂-ပါးကို အကြွင်းမဲ့ ချုပ်စေရပါမည်၊ သို့မှသာ ကြောင်းကျိုးဆက်စပ် လည်ပတ်နေသော ဝဋ်ဒုက္ခတရား တို့ အလည်ရပ်လျက် ချုပ်ငြိမ်းမည် ဖြစ်ပါသည်။

အာရမ္မဏာဓိပတိနှင့် အာရမ္မဏူပနိဿယပစ္စည်းတို့၏ ထူးခြားချက်

အာရမ္မဏာဓိပတိပစ္စည်းနှင့် အာရမ္မဏူပနိဿယပစ္စည်းတို့သည် သရုပ်အားဖြင့် တူညီကြသော်လည်း -

(က) အာရမ္မဏာဓိပတိပစ္စည်းသည် အာရုံကို အလေးအမြတ်ပြုအပ်သည်၏ အဖြစ်မျှဖြင့် ကျေးဇူးပြု၏။

(ခ) အာရမ္မဏူပနိဿယပစ္စည်းသည် အာရုံကို အလေးအမြတ်ပြုအပ်သည်၏ အဖြစ်တွင် လွန်ကဲအားကြီးသော အကြောင်း အဖြစ်ဖြင့် ကျေးဇူးပြု၏။

ဤသို့ ထူးခြားကြပါသည်။

၃။ ပစ္ဆာဇာတပစ္စည်း၏ သဘောလက္ခဏာကို ထင်ရှားအောင် ဥပမာဖြင့် ပြဆို၍၊ (က) ခေါင်းလောင်းသံ၊ (ခ) ဝန်ကြီးချုပ်ကတော် ဟူသောပညတ်တို့သည် မည်သည့် ပညတ်များ ဖြစ်ပါသနည်း၊ ရှင်းပြပါ။

ပစ္ဆာဇာတပစ္စည်း၏ သဘောလက္ခဏာ

နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သောတရားသည် ပစ္ဆာဇာတပစ္စည်း မည်၏၊ ဤပစ္စည်းသည် ကံကြောင့်ဖြစ်သော ခန္ဓာအစဉ်၏ မပြတ်တည်ခြင်း၏ အကြောင်း အထောက်အပံ့ အဖြစ်ဖြင့် ပစ္စယုပ္ပန်တရား၏ နောက်မှဖြစ်၍ ကျေးဇူးပြုတတ်၏၊ ဥပမာအားဖြင့် လင်းတငယ်၏ ကိုယ်တို့အား ကျေးဇူးပြုသော ကဗဠီကာရဟာရ၌ တောင့်တသော တဏှာနှင့်ယှဉ်သော စေတနာနှင့် တူ၏။

(က) ခေါင်းလောင်းသံ = အဝိဇ္ဇမာနေန - ဝိဇ္ဇမာနသဒ္ဒပညတ်

(ခ) ဝန်ကြီးချုပ်ကတော် = အဝိဇ္ဇမာနေန - အဝိဇ္ဇမာနသဒ္ဒပညတ်

(* ရှင်းလင်းချက်ပုံစံကို ၁၉၉၂-ခုနှစ်၊ နံပါတ် ၄-တွင် ကြည့်ပါ။)

---

http://www.dhammadownload.com

၁၉၉၆

၁။ "တဏှာနှင့်ဥပါဒါန်" တို့၏ ထူးခြားမှုကို ဥပမာဖြင့် ဖြေဆို၍၊ ပဋိစ္စသမုပ္ပါဒ်နည်း အရ (က) သံသရာစက်လည်ပတ်ပုံ၊ (ခ) သံသရာစက်ပြတ်ပုံကို သိသာအောင် ဆက်စပ်ပြခဲ့ပါ။

"တဏှာနှင့်ဥပါဒါန်" ထူးခြားမှု

တဏှာနှင့် ဥပါဒါန်တို့သည် တရားကိုယ်အားဖြင့် လောဘချင်း တူကြသော်လည်း အောက်ပါအတိုင်း ထူးခြားချက်များ ရှိပါသည် –

တဏှာ	ကာမုပါဒါန် (ဥပါဒါန်)
(၁) အားသေးသောလိုချင်မှုသည် တဏှာ	(၁) အားကြီးသောလိုချင်မှုသည် ကာမုပါဒါန်
(၂) အမိုက်တိုက်၌ ဥစ္စာကို ယူအံ့သောငှာ ခိုးသူ၏လက်ကို ဆန့်တန်းခြင်းကဲ့သို့ တစ်စုံတစ်ခုသော အာရုံကို မရသေးခင် လိုချင်တောင့်တမှုသည် တဏှာ မည်၏။	(၂) ခိုးသူတို့၏လက်သို့ ရောက်ပြီးသော ဥစ္စာကို မြဲမြံစွာ ကိုင်သကဲ့သို့ ရရှိပြီးနောက် စုံစုံမက်မက် နှစ်သက်စွဲလမ်းမှုသည် ကာမုပါဒါန် မည်၏။
(၂) တဏှာသည် မလိုချင်မှု၏ ဆန့်ကျင်ဘက် ဖြစ်၏။	(၂) ကာမုပါဒါန်သည် တင်းတိမ်ရောင့်ရဲမှု၏ဆန့်ကျင်ဘက် ဖြစ်၏။
(၄) တဏှာသည် တောင့်တရမှု ရှာဖွေရမှု ဒုက္ခစု၏ အကြောင်းရင်း ဖြစ်၏။	(၄) ကာမုပါဒါန်သည် စောင့်ရှောက်မှု ကြောင့်ကြရမှု ဒုက္ခစု၏ အကြောင်းရင်း ဖြစ်၏။

ဤသို့ တဏှာနှင့် ကာမုပါဒါန်တို့ ထူးခြားကြပါသည်။

(က) သံသရာစက် လည်ပတ်ပုံ

ဧရာ၊ မရဏ၊ သောက၊ ပရိဒေဝ စသော တွေဝေမိန်းမောစေတတ်သော တရားအပေါင်းတို့သည် သတ္တဝါတို့သန္တာန်၌ မပြတ်နိုပ်စက်တတ်၏၊ ထိုသို့ နိုပ်စက်ခံရသော သတ္တဝါတို့၌ သောကစသည်တို့ဖြစ်ခြင်းကြောင့် အာသဝေါတရားတို့သည်လည်း ဖြစ်ပေါ်လာ၏၊ ထိုသို့ အာသဝေါတရားတို့ ဖြစ်ခြင်းကြောင့် အဝိဇ္ဇာလည်း ဖြစ်ပြန်၏။

http://www.dhammadownload.com

အဝိဂ္ဂတဖြစ်လျှင် သခိါရဖြစ်၊ သခိါရဖြစ်လျှင် ဝိညာဏ်ဖြစ် ။ ပ ။ ဤသို့ဖြင့် ဇရာ၊ မရဏ၊ သောက စသည်ဖြစ်ကာ (ဝဋ်တရား) သံသရာသည် စက်ရဟတ်ပမာ ချာချာလည်နေပါသည်။

(ခ) သံသရာစက်ပြတ်ပုံ

ဤသို့ သံသရာစက် လည်ပတ်ရာတွင် မူလဝဋ်မြစ် အဝိဇ္ဇာနှင့်တဏှာ ၂-ပါး ရှိ၏၊ အဝိဇ္ဇာသည် အတိတ်အကြောင်းမှစ၍ ပစ္စုပ္ပန်အကျိုးတိုင်အောင် ဖြစ်သော ရှေ့ပိုင်းဘဝစက်၏ မူလတရားဖြစ်ပြီး တဏှာသည် ပစ္စုပ္ပန်အကြောင်းမှစ၍ အနာဂတ်ဘဝအကျိုးတိုင်အောင် ဖြစ်သော နောက်ပိုင်းဘဝစက်၏ မူလတရား ဖြစ်ပါသည်၊ ထိုဝဋ်မြစ် ၂-ပါးကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ချုပ်စေခြင်းကြောင့် ဝဋ်တရားသည် ချုပ်၏၊ သံသရာစက်လည်း ပြတ်လေတော့သည်။

၂။ ပဋ္ဌာန်းနည်း၌ "ကျေးဇူးပြု" ဟူသည် အဘယ်နည်း၊ ရှင်းပြ၍၊ ဟေတုပစ္စည်းက ကျေးဇူးပြုပုံကို ထင်ရှားအောင် ဖြေဆိုပါ။

ပဋ္ဌာန်းနည်း၌ "ကျေးဇူးပြု" ဟူသည် -

ပစ္စည်းတရားတို့က ပစ္စယုပ္ပန်တရားတို့အား "ကျေးဇူးပြု" သည် ဆိုရာ၌

(က) မဖြစ်သေးသော ပစ္စယုပ္ပန်တရားတို့ ဖြစ်ပေါ်(ဥပါဒ်)စေခြင်း၊

(ခ) ဖြစ်ပေါ်ပြီးသော ပစ္စယုပ္ပန်တရားကို ဌီအခိုက်၌ တည်တံ့စေခြင်း တို့ကို ကျေးဇူးပြုသည်ဟု ဆိုပါသည်။

ဟေတုပစ္စည်း ကျေးဇူးပြုပုံ

ဟေတုပစ္စည်း ဟူသည် ဟိတ်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား ဖြစ်၏။

အထက်သို့ ဩဇာဓာတ်ကို ရှေးရှုဆောင်တတ်သော အမြစ်ကြောင့် သစ်ပင်သည် အလွန်စည်ပင်ပြန့်ပွားခြင်းသို့ ရောက်သကဲ့သို့ လောဘအစရှိသော ပစ္စည်းတရားဖြင့် ပစ္စယုပ္ပန်တရားတို့သည် တည်တံ့၏၊ အလွန်စည်ပင်ပွားစည်းခြင်းသို့ ရောက်တတ်၏၊ ထိုသို့ ပစ္စယုပ္ပန်တရားတို့၏ တည်ရာတည်ကြောင်း ပွားစီးစည်ပင်ခြင်းသို့ ရောက်ခြင်းဖြစ်သောသတ္တိကြောင့် ဟိတ် ၆-ပါးတို့သည် ဟေတုပစ္စည်း မည်၏။

---

http://www.dhammadownload.com

၃။ မဂ္ဂပစ္စည်း၏ သဘောလက္ခဏာကို ရေးသားပြီး၊ ညီတော်နန္ဒမင်းသားသည် နတ်သမီးကို လိုချင်၍ ကမ္မဋ္ဌာန်းစီးဖြန်းရာ၌ ဖြစ်နိုင်သော ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စယသတ္တိများကို ဖော်ပြပါ။

မဂ္ဂပစ္စည်း၏ သဘောလက္ခဏာ

အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သောတရား ဖြစ်၏။

သုဂတိဘဝမှလည်းကောင်း၊ ကုသိုလ်မှလည်းကောင်း၊ ဒုဂ္ဂတိဘဝမှလည်းကောင်း၊ အကုသိုလ်မှလည်းကောင်း ထုတ်ဆောင်တတ်သော အနက်အားဖြင့် ကျေးဇူးပြုတတ်ကုန်သော သမ္မာဒိဋ္ဌိ အစရှိသောတရားတို့သည် မဂ္ဂပစ္စည်း မည်၏။

ညီတော်နန္ဒမင်းသားသည် နတ်သမီးကို လိုချင်၍ ကမ္မဋ္ဌာန်းစီးဖြန်းရာ၌ ဖြစ်နိုင်သော

ပစ္စည်း = ရှေ့၌ဖြစ်သော လောဘမူစိတ္တုပ္ပါဒ်

ပစ္စယုပ္ပန် = နောက်၌ဖြစ်သော လောကီကုသိုလ်, လောကုတ္တရာကုသိုလ် စိတ္တုပ္ပါဒ်

ပစ္စယသတ္တိ = ပကတူပနိဿယပစ္စယသတ္တိ ဖြစ်ပါသည်။

၁၉၉၇

၁။ "ပဋိစ္စသမုပ္ပါဒ်" ဟူသည် အဘယ်နည်း၊ ရှင်းလင်းပြဆို၍၊ အောက်ပါအကြောင်းအရာများကို ခိုင်လုံသော သာဓကဖြင့် အမှား, အမှန် ဆုံးဖြတ်ပါ။

(က) တန်ခိုးရှင်၏ အမိန့်ကြောင့် သတ္တဝါများသေဆုံးရခြင်း ဖြစ်၏။

(ခ) ဇာတိရှိလျှင် သောက, ပရိဒေဝတို့နှင့် ဧကန်တွေ့ကြုံရမြဲ ဖြစ်သည်။

ပဋိစ္စသမုပ္ပါဒ် = ဆိုင်ရာအကြောင်းတို့ ပေါင်းစုံညီညွတ်မှုကို စွဲမှီ၍ အညီအမျှ လည်းကောင်း၊ အတူတကွလည်းကောင်း ပစ္စယုပ္ပန်တရားတို့ကို ဖြစ်စေတတ်သော အကြောင်းတရားအပေါင်းသည် "ပဋိစ္စသမုပ္ပါဒ်" မည်၏။

http://www.dhammadownload.com

(က) "တန်ခိုးရှင်ကြောင့် သတ္တဝါများ သေဆုံးရခြင်းသည်" ဟူသည် အမှားဖြစ်ပါသည်။

သာဓက– "ဈာတိပစ္စယာ ဇရာမရဏာ"ဟူသော ပဋိစ္စသမုပ္ပါဒ်၌လာသော သာဓကကို ထောက်ရလျှင် ဈာတိတည်းဟူသော အကြောင်းကြောင့်သာ ဇရာမရဏာ ဟူသော အိုခြင်း၊ သေခြင်းတရားတို့သည် မလွဲမသွေ ဖြစ်ကြပါသည်၊ မည်သည့်တန်ခိုးရှင်၏ အမိန့်ကြောင့်မှ သတ္တဝါများ သေဆုံးခြင်း မဟုတ်ပါ။

(ခ) "ဈာတိရှိလျှင် သောက, ပရိဒေဝတို့နှင့် ဇကန်တွေ့ကြုံရမြဲ ဖြစ်သည်" ဟူသည် အမှား ဖြစ်ပါသည်။

ပဋိစ္စသမုပ္ပါဒ်၌လာသော "ဈာတိပစ္စယာ ဇရာ–မရဏာ, သောက, ပရိဒေဝ – " စသော စကားရပ်၌ ဈာတိကြောင့် သောက, ပရိဒေဝ တို့ဖြစ်သည်မှာ မှန်သော်လည်း ဇကန်ဖြစ်ခြင်း မဟုတ်ပါ။ ဇရာနှင့် မရဏာတို့သည်သာ ဈာတိဖြစ်လျှင် ဇကန်မုချဖြစ်ရသော အကျိုးရင်းတရားများဖြစ်ပြီး သောက, ပရိဒေဝ စသည်တို့သည် ဇကန်ဖြစ်သောတရားများ မဟုတ်ပါ။ အကျိုးဆက်တရားများသာ ဖြစ်ပါသည်။

သာဓကမှာ – (၁) သောက, ပရိဒေဝတို့ကို အင်္ဂါ ၁၂-ပါး ရေတွက်ရာ၌ ထည့်မရေတွက်ခြင်း၊

(၂) ဗြဟ္မာနှင့် အချို့သောနတ်လူများ၌ သောက, ပရိဒေဝတို့ ဖြစ်လေ့မရှိခြင်းတို့ ဖြစ်ပါသည်။

၂။ ရေဒီယိုမှထုတ်လွှင့်ဟောကြားသည့် အဘိဓမ္မာတရားကိုနာယူသူ၌ ဖြစ်နိုင်သော ပစ္စည်း, ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စယသတ္တိများကို ပြဆို၍၊ နိဿယပစ္စည်း၏ သဘောလက္ခဏာကို ဥပမာဖြင့် ဖြေဆိုပါ။

ရေဒီယိုမှ ထုတ်လွှင့်ဟောကြားသည့် အဘိဓမ္မာတရားကို နာယူသူ၌ ဖြစ်နိုင်သော

ပစ္စည်း = ပစ္စုပ္ပန်သဒ္ဒါရုံ

http://www.dhammadownload.com

ပစ္စယုပ္ပန် = သောတဝိညာဏ်စိတ်နှင့် ယှဉ်ဖက်စေတသိက်
ပစ္စယဿတ္တိ = အာရမ္မဏပစ္စယသတ္တိ

နိဿယပစ္စည်း၏ သဘောလက္ခဏာ

မှီရာဖြစ်၍ ကျေးဇူးပြုတတ်သောတရားသည် နိဿယပစ္စည်း မည်၏။

မြေကြီးသည် သစ်ပင် စသည်တို့၏ တည်ရာဖြစ်သကဲ့သို့ ကားဘောင်ရှိ အဝတ်ပုဆိုးသည် ပန်းချီဆေး၏မှီရာ ဖြစ်သကဲ့သို့ ပစ္စယုပ္ပန်တရား၏ တည်ရာ, မှီရာ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော သဘောသတ္တိ ရှိပါသည်၊ နိဿယပစ္စည်းသည် သဟဇာတနိဿယပစ္စည်းနှင့် ပုရေဇာတနိဿယပစ္စည်း ဟူ၍ ၂-မျိုး ပြားပါသည်။

၃။ ရာဂကြောင့် ဒါနမြောက်သွားနိုင်ပုံကို အဘိဓမ္မာသဘောအရ စိစစ်ဝေဖန်ပြ၍၊ သဒ္ဒါပညတ် ၆-မျိုးကို ပုံစံနှင့် ယှဉ်တွဲပြပါ။

ရာဂကြောင့် ဒါနမြောက်သွားနိုင်ပုံ

ပကတူပနိဿယပစ္စည်းအရ ရာဂကြောင့် ဒါနမြောက်နိုင်ပါသည်။

ပကတူပနိဿယပစ္စည်း၏ ကျေးဇူးပြုပုံအကျဉ်းမှာ -

(က) သဒ္ဒါ စသောကုသိုလ်တရားများ၊ ရာဂ စသောအကုသိုလ်တရားများ၊ သုခ, ဒုက္ခ၊ ဥတု, ဘောဇန, ပုဂ္ဂလ, သေနာသန ဤတရားတို့သည် ထိုက်သည့် အားလျော်စွာ အဖျစ်တွ, ဗဟိဒ္ဓသန္တာန်၌ ကုသိုလ် စသောတရားတို့အား လည်းကောင်း၊

(ခ) ဗလဝ ဖြစ်သော ကုသိုလ်, အကုသိုလ်ကံသည် ဝိပါက်နာမက္ခန္ဓာတို့အား လည်းကောင်း ကျေးဇူးပြု၏၊ ဤပကတူပနိဿယပစ္စည်း၏ ကျေးဇူးပြုပုံကို ထောက်ခြင်းအားဖြင့် ရာဂတည်းဟူသော အကုသိုလ်တရားကြောင့် ဒါနတည်းဟူသော ကုသိုလ်တရား မြောက်သွားနိုင်ခြင်းမှာ အဘိဓမ္မာသဘောအရ ထင်ရှားလှပါသည်။

သဒ္ဒါပညတ် ၆-မျိုးကို ပုံစံနှင့် ယှဉ်တွဲပြရသော် -

(၁) ဝိဇ္ဇမာနပညတ် = ပုံစံ - ရုပ်, ဝေဒနာ

http://www.dhammadownload.com

(၂) အဝိဂ္ဂမာနပညတ် = ပုံစံ – ယောကျ်ား, မိန်းမ
(၃) ဝိဂ္ဂမာနေန အဝိဂ္ဂမာနပညတ် = ပုံစံ – အဘိညာဏ်ရသူ
(၄) အဝိဂ္ဂမာနေန ဝိဂ္ဂမာနပညတ် = ပုံစံ – မိန်းမအသံ
(၅) ဝိဂ္ဂမာနေ ဝိဂ္ဂမာနပညတ် = ပုံစံ – စက္ခုဝိညာဏ်
(၆) အဝိဂ္ဂမာနေန အဝိဂ္ဂမာနပညတ် = ပုံစံ – မင်းသား

၁၉၉၈

၁။ "အဝိဂ္ဂာပစ္စယာ သခါရာ" ၌ သင်္ခါရအမျိုးအစားကို တရားကိုယ်နှင့်အတူ ပြဆို၍၊ အဝိဂ္ဂာနှင့် တဏှာတို့၏ မူလဖြစ်ပုံကို ရှင်းပြပါ။

"အဝိဂ္ဂာပစ္စယာ သခါရာ" ၌ သင်္ခါရအမျိုးအစားနှင့် တရားကိုယ်များမှာ –

(၁) ပုညာဘိသင်္ခါရ = ကာမကုသိုလ်စိတ် ၈-ပါး၊ ရူပကုသိုလ်စိတ် ၅-ပါး ၌ရှိသော စေတနာ ၁၃-ပါး
(၂) အပုညာဘိသင်္ခါရ = အကုသိုလ်စိတ် ၁၂-ပါး၌ရှိသော စေတနာ ၁၂-ပါး
(၃) အာနေဉ္ဇာဘိသင်္ခါရ = အရူပကုသိုလ်စိတ် ၄-ပါး၌ရှိသော စေတနာ ၄-ပါး

အဝိဂ္ဂာနှင့် တဏှာတို့၏ မူလဖြစ်ပုံ (၁၉၉၃ နံပါတ်-၂)

၂။ ဟိတ်နှင့် ပစ္စည်းတို့၏ ထူးခြားပုံကို နှိုင်းယှဉ်ပြ၍၊ အာရမ္မဏပစ္စည်း၏ သဘောလက္ခဏာကို ဥပမာဖြင့် ဖြေဆိုပါ။

ဟိတ်နှင့်ပစ္စည်း ထူးခြားပုံ

ဟိတ် = အာရုံ၌ အတူတကွဖြစ်ဖက် သဟဇာတ်တရားတို့၏ ကောင်းစွာတည်တံ့နိုင်သော ဝိသေသသတ္တိထူးသည် ဟိတ် မည်၏။
ပစ္စည်း = ဤသို့တည်တံ့အောင် ထောက်ပံ့သမှုကျေးဇူးပြုသော သာမညသတ္တိသည် ပစ္စည်း မည်၏။

http://www.dhammadownload.com

အာရမ္မဏပစ္စည်း၏ သဘောလက္ခဏာ

အာရုံဖြစ်၍ ကျေးဇူးပြုတတ်သော တရားသည် အာရမ္မဏပစ္စည်း မည်၏။

ကြိုးတန်း၊ တောင်ဝှေး စသည်တို့သည် အင်အားချိနဲ့သောသူတို့အား ဆွဲကိုင်မှီတွယ်ရာအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ အာရုံ ၆-ပါးတို့သည်လည်း စိတ်, စေတသိက်တို့အား ဆွဲကိုင်မှီတွယ်ရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော သတ္တိရှိ၏။

၃။ ပရမတ္ထတရားကို အကျဉ်းနည်းဖြင့် ရေတွက်လျှင် မည်မျှရှိသနည်း၊ ယုတ္တိပြ၍ ဖြေဆိုပြီး၊ (က) ကာလဝိမုတ်တရား၊ (ခ) အဘိဓမ္မတ္ထတရားများကို ဖော်ပြပါ။

ပရမတ္ထတရားကို အကျဉ်းနည်းဖြင့် ရေတွက်လျှင် ရုပ်နှင့်နာမ်ဟူ၍ ၂-ပါးသာ ရှိပါသည်။

ပရမတ္ထတရားသည် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် ဟူ၍ ၄-ပါးရှိရာဝယ် ရူပက္ခန္ဓာကို ရုပ်တရားဟုလည်းကောင်း၊ စိတ်, စေတသိက်ဟူသော နာမ်ခန္ဓာ ၄-ပါးနှင့် နိဗ္ဗာန်တို့ကို နာမ်တရားဟုလည်းကောင်း ယူအပ်သောကြောင့် ပရမတ္ထတရား ၄-ပါးကို အကျဉ်းဆုံးနည်းဖြင့် ရေတွက်လျှင် ရုပ်နှင့်နာမ်ဟူ၍ ၂-ပါးသာ ရှိပါသည်။

(က) ကာလဝိမုတ်တရား = နိဗ္ဗာန်နှင့် ပညတ်တရား

(ခ) အဘိဓမ္မတ္ထတရား = အဘိဓမ္မာ ၇-ကျမ်း၌ ဟောတော်မူအပ်သော စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, ပညတ်တရား။

၁၉၉၉

၁။ လိုချင်၍ ငိုချင်ခြင်းသည် အဘယ် ပဋိစ္စသမုပ္ပါဒ်တရားတို့၏ ကြောင်းကျိုးဆက်နွယ်မှု သဘော ဖြစ်ပါသနည်း၊ ဖြေဆို၍၊ ဝိညာဏပစ္စယာ နာမရူပံ နှင့် နာမရူပပစ္စယာ သဠာယတနံတို့၌ ပါဝင်သော "ရူပ" နှစ်ခု၏ ထူးခြားဟန်ကိုလည်း ဖြေဆိုပါ။

လိုချင်၍ ငိုချင်ခြင်းသည်

ကာမာသဝ စသော အာသဝေါတရား ၄-ပါးနှင့် သောက, ပရိဒေဝ စသည်တို့၏ ကြောင်းကျိုးဆက်နွယ်မှုသဘော ဖြစ်ပါသည်။

http://www.dhammadownload.com

"ရူပ"နှစ်ခု၏ ထူးခြားဟန်

ဝိညာဏပစ္စယာ နာမရူပံဒ္ဒပါသော "ရူပ" အရ ကမ္မဇရုပ် ၂၀-ပါး၊
နာမရူပပစ္စယာ သဠာယတနံဒ္ဒပါသော "ရူပ"အရ မိမိသန္တာန်၌ အကျုံးဝင်သော ကံကြောင့် ဖြစ်သော, မဟာဘုတ် ၄-ပါး၊ ဝတ္ထုရုပ် ၆-ပါး၊ ဇီဝတရုပ် ၁-ပါး၊ ပေါင်း ရုပ် ၁၁-ပါး။

၂။ အသင်စာဖြေသူ ပဋိသန္ဓေနေစဉ်ခိုက်က ပဋိသန္ဓေစိတ်နှင့် အတူပါဝင်ခဲ့သော ဟဒယဝတ္ထုသည် ဆိုင်ရာဝိညာဏ်မတ်တို့အား ပုရေစာတသတ္တိဖြင့် ကျေးဇူးပြုခဲ့ခြင်း ရှိ-မရှိ အကြောင်းပြ ဖြေဆို၍၊ အာရုပ္ပဏာဓိပတိနှင့် အာရုပ္ပဏူပနိဿယတို့၏ အထူး ကိုလည်း ဖော်ပြပါ။

ဟဒယဝတ္ထုသည် ပဋိသန္ဓေအခါ၌ ဆိုင်ရာဝိညာဏ်စေတ်တို့အား ပုရေစာတသတ္တိ ဖြင့် ကျေးဇူးပြုခဲ့ခြင်း မရှိပါ။

အကြောင်းမှာ ဟဒယဝတ္ထုသည် ပဋိသန္ဓေဝိညာဏ်နှင့် အတူတကွ ဖြစ်နေရသဖြင့် ပုရေစာတအဖြစ် မရှိသောကြောင့်တည်း။

အာရုပ္ပဏာဓိပတိနှင့် အာရုပ္ပဏူပနိဿယတို့၏အထူး (၁၉၉၅ နံပါတ်-၂)

၃။ အနက်ကိုသိစေတတ်သော သဒ္ဒပညတ်ကို ခေါ်ဆိုသည့် နာမ စသော အမည် ၆-မျိုး ကို အဓိပ္ပါယ်နှင့်တကွ ဖော်ပြပါ။

သဒ္ဒပညတ်သည် နာမ စသောအမည် ၆-မျိုး ရပုံ

(၁) "ဘူမိ" စသော သဒ္ဒါသည် အနက်သို့ ညွတ်သောကြောင့် **နာမ** မည်၏။

(၂) "ဘူမိ" စသော သဒ္ဒါသည် ပညာရှိတို့ မှည့်ခေါ်အပ်သောအမည်ဖြစ်သောကြောင့် **နာမကမ္မ** မည်၏။

(၃) ထိုသဒ္ဒါသည်ပင် ပညာတို့ ထားအပ်, ဆောင်အပ်သောကြောင့် **နာမဓေယျ** မည်၏။

(၄) ထိုသဒ္ဒါသည်ပင် မရွတ်ဆိုမီ တိမ်မြုပ်နေသောအဖြစ်မှ ထုတ်ဖော်၍ ရွတ်ဆိုအပ်သောကြောင့် **နိရုတ္တိ** မည်၏။

http://www.dhammadownload.com

(၅) ထိုသဒ္ဒါသည်ပင် အနက်ကို ထင်ရှားပြတတ်သောကြောင့် **ဗျဥ္ဇန** မည်၏။
(၆) ထိုသဒ္ဒါသည်ပင် အနက်သို့ ရှေးရှု ရွတ်ဆိုအပ်သောကြောင့် **အဘိလာပ** မည်၏။

၂၀၀၀

၁။ လောကပညာရှင်များသည် ဘဝကို အမျိုးမျိုး အဓိပ္ပါယ်ဖွင့်ဆိုကြရာ အသင်စာဖြေသူ ကလည်း အဘိဓမ္မာပညာရှင်ပီပီ ဘဝနှင့်ပတ်သက်၍ အောက်ပါအချက်တို့ကို ဖော်ပြပါ။
(က) ဘဝအမျိုးအစား၊ (ခ) ဘဝ၏အဓိပ္ပါယ်၊ (ဂ) ဘဝ၏အရ

(က) **ဘဝအမျိုးအစား** = ကမ္မဘဝ နှင့် ဥပပတ္တိဘဝ

(ခ) **ဘဝအဓိပ္ပါယ်**

ကမ္မဘဝ အဓိပ္ပါယ် = ဝိပါက်နာမက္ခန္ဓာ၊ ကဋတ္တာရုပ် ဟူသော အကျိုးတရားတို့ကို ဖြစ်ပေါ်စေသောကြောင့် စေတနာသည် **ကမ္မဘဝ** မည်၏။

ဥပပတ္တိဘဝ အဓိပ္ပါယ် = ကံ ဟူသော အကြောင်းကြောင့် ဖြစ်တတ်သောကြောင့် ကာမဘဝ စသော ဘဝကြီး ၉-ပါးသည် **ဥပပတ္တိဘဝ** မည်၏။

(ဂ) **ဘဝ၏အရ**

ကမ္မဘဝအရ = ပစ္စုပ္ပန်၌ဖြစ်သော လောကီကုသိုလ်-အကုသိုလ် စေတနာ ၂၉-ပါးကို ရ၏။

ဥပပတ္တိဘဝအရ = လောကီဝိပါက် ၃၂-ပါးနှင့် ယှဉ်ဘက်စေတသိက်များ၊ ကမ္မဇရုပ်တို့ကို ရ၏။

၂။ ရှေးဦး လေ့လာသင်ကြားခဲ့သော အဘိဓမ္မာသင်္ဂြိဟ်ကျမ်းသည် နောက်၌ သင်ကြားသော ဋီကာကျော်ကျမ်းကို လွယ်ကူစွာ သင်ယူနိုင်စေခြင်းဖြင့် ကျေးဇူးပြုမှုသည် မည်သည့် ပစ္စည်း၏ သဘောသဘာဝ ဖြစ်ပါသနည်း၊ ဖြေဆို၍၊ ၂၄-ပစ္စည်းတို့သည် အဘယ်ကြောင့် အာရမ္မဏ စသော ၄-ပစ္စည်းတို့၌ ပေါင်းခြင်းသို့ ရောက်ပါသနည်း၊ ပစ္စည်းတစ်မျိုးချင်းအလိုက် ခွဲခြားဖြေဆိုပါ။

http://www.dhammadownload.com

ရှေးဦး လေ့လာသင်ကြားခဲ့သော အဘိဓမ္မာသင်္ဂြိဟ်ကျမ်းသည် နောက်၌ သင်ကြားသော ဋီကာကျော်ကျမ်းကို လွယ်ကူစွာသင်ယူနိုင်စေခြင်းဖြင့် ကျေးဇူးပြုမှုသည် **အာသေဝနပစ္စည်း**၏ သဘောသဘာဝ ဖြစ်ပါသည်။

အာသေဝနပစ္စည်းဟူသည် အဖန်တလဲလဲ မှီဝဲထုံအပ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားဖြစ်သည်။

ရှေးရှေး၌ ထုံအပ်သောနှံ့သာသည် နောက်နောင်၌ ထုံအပ်သောနှံ့သာအား အဆင်း,အနံ့ကို လွန်စွာ ပွားစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့၊ ရှေးရှေး၌ သင်အံ့သော ကျမ်းဂန်သည် နောက်နောက်၌ သင်အံ့သောကျမ်းဂန်အား သင်ကြားရာ၌ လွယ်ကူစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့၊ ပစ္စယုပ္ပန်တရားအား မိမိနှင့်တူအောင် အဖန်တလဲလဲ ပြုပြင်ဖြစ်စေခြင်းငှာ ကျေးဇူးပြုတတ်သောတရားသည် အာသေဝနပစ္စည်း မည်၏။

အာရမ္မဏစသော ၄-ပစ္စည်းတို့၌ ပေါင်းခြင်းရောက်ပုံ (၁၉၉၄ နံပါတ်-၃)

၃။ "ခြေသုံ့" ဟူသောအသံကို ကြားပြီးနောက် ဝီထိ ဘယ်နှစ်ကြိမ်ကျပြီးမှ ခြေသုံ့အနက်ကို သိနိုင်ပါသနည်း၊ ဝီထိအဆင့်ဆင့်ဖြင့် ရှင်းလင်းပြပါ။

"ခြေသုံ့" ဟူသော အသံကို ကြားပြီးနောက် ခြေသုံ့အနက်ကို သိပုံအထိ ဝီထိအဆင့်ဆင့် ဖြစ်ပုံ

"ခြင်" ဟူသော ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၍ သောတဝိညာဏဝီထိ ဖြစ်၏၊ ထို့နောက်
"ခြင်" ဟူသော အတိတ်သဒ္ဒါရုံကို အာရုံပြု၍ တဒနုဝတ္တက မနောဒ္ဓါရဝီထိ ဖြစ်၏၊ ထို့နောက်
"သေ့" ဟူသော သဒ္ဒါရုံကို အာရုံပြု၍လည်း ထို့အတူ ၂-ဝီထိ ဖြစ်၏၊ ထို့နောက်
"ခြေသုံ့" ဟူသော နာမပညတ်ကို အာရုံပြု၍ ပဉ္စမ မနောဒ္ဓါရဝီထိ ဖြစ်၏၊ ထို့နောက်မှ
"ခြေသုံ့" ဟူသော အတ္ထပညတ်ကို အာရုံပြု၍ ဆဋ္ဌ မနောဒ္ဓါရဝီထိ ဖြစ်၏၊

ဤကား ဋီကာကျော်အလို ၆-ဝီထိ ဖြစ်ပါသည်။

ဆရာမြတ်တို့အလိုကား - အပေါင်းအသံကို အာရုံပြုသော သမူဟဂ္ဂဟဏဝီထိ ၁- ဝီထိ တိုး၍ ၇-ဝီထိ ဖြစ်ပါသည်။

---

http://www.dhammadownload.com

၂၀၀၁

၁။ နိဗ္ဗာန်သည် ပစ္စည်းတရားလော၊ ပစ္စုယုပ္ပန်တရားလော၊ အကြောင်းပြဖြေဆို၍၊ ပစ္စည်းတရားတို့က ပစ္စယုပ္ပန်တရားတို့အား အဘယ်အကျိုးငှာ ကျေးဇူးပြုပါသနည်း၊ ဖြေဆိုပါ။

နိဗ္ဗာန်သည် ပစ္စည်းတရား ဖြစ်၏၊ ပစ္စယုပ္ပန်တရား မဟုတ်ပါ။

နိဗ္ဗာန်သည် ပစ္စည်းတရား ဖြစ်ရခြင်းအကြောင်း – နိဗ္ဗာန်သည် ပစ္စယုပ္ပန်တရားတို့အား အာရမ္မဏသတ္တိ စသည်တို့နှင့် ကျေးဇူးပြုနိုင်ခြင်းကြောင့် ဖြစ်ပါသည်။

နိဗ္ဗာန်သည် ပစ္စယုပ္ပန်တရား မဖြစ်နိုင်ခြင်းအကြောင်း – ပစ္စယုပ္ပန်တရား ဟူသည် ဆိုင်ရာအကြောင်းတို့က စီမံ၍ ဖြစ်ရသောတရားများဖြစ်၏၊ နိဗ္ဗာန်ကား ထိုကဲ့သို့ အကြောင်းတရားများက စီမံ၍ ဖြစ်ရသောတရား မဟုတ်ပါ။ ထို့ကြောင့် နိဗ္ဗာန်သည် ပစ္စယုပ္ပန်တရား မဖြစ်နိုင်ပါ။

၂။ တဏှာကြောင့် ကာမုပါဒါန် ဖြစ်ရသည်မှာ လက်ခံသာသော်လည်း ဒိဋ္ဌိဆိုင်ရာ ဥပါဒါန်တို့ကား အဘယ်လျှင် တဏှာကြောင့် ဖြစ်နိုင်ပါသနည်း၊ ရှင်းပြပါ။

(၁) တဏှာကြောင့် ဒိဋ္ဌုပါဒါန်ဖြစ်ပုံ

ရူပါရုံစသောအာရုံတို့ တပ်နှစ်သက်သော သတ္တဝါသည် ပေးလှူအပ်သော ကုသိုလ်၏ အကျိုးသည် မရှိ၊ ဤသို့ အစရှိသော မိစ္ဆာအယူကို ပြင်းစွာ စွဲယူ၏၊ ထို့ကြောင့် တဏှာသည် ဒိဋ္ဌုပါဒါန်၏အကြောင်း ဖြစ်ပါသည်။

(၂) တဏှာကြောင့် သီလဗ္ဗတုပါဒါန်ဖြစ်ပုံ

သံသရာမှလွတ်ခြင်းငှာ အလိုရှိသည်ဖြစ်၍ သံသရာမှစင်ကြယ်ခြင်း၏ အကြောင်း မဟုတ်သည်၌ သံသရာမှစင်ကြယ်ခြင်း၏ အကြောင်းဟု မှားသော အားဖြင့် စွဲလမ်းယူ၏၊ ထို့ကြောင့် တဏှာသည် သီလဗ္ဗတုပါဒါန်၏အကြောင်း ဖြစ်သည်။

http://www.dhammadownload.com

(၃) တဏှာကြောင့် အတ္တဝါဒုပါဒါန်ဖြစ်ပုံ

ဥပါဒါနကွန်ရှာတို့၌ ငါ၏ကိုယ်, ငါ၏ကိုယ်နှင့်စပ်၍ဖြစ်ခြင်း ဟူ၍ စွဲလမ်းကြောင်းဖြစ်သော အတ္တဝါဒ အယူနှစ်ခုတို့၏ အကြောင်းကို စွဲလမ်းယူ၏၊ ထို့ကြောင့် တဏှာသည် အတ္တဝါဒုပါဒါန်၏အကြောင်း ဖြစ်ပါသည်။

၃။ "မိကျောင်းမင်း ရေခင်းပြ၊ ဘုန်းကြီး စာချ" ဆိုသကဲ့သို့ မြတ်စွာဘုရားသည် ဤပဋိစ္စသမုပ္ပါဒ်ဒေသနာ၌ အဝိဇ္ဇာ၏အကြောင်းကို ဟောတော်မမူပါဘဲလျက် အဘယ့်ကြောင့် အရှင်အနုရုဒ္ဓါက "အာသဝါနံသမုပ္ပါဒါ" စသည်ဖြင့် အဝိဇ္ဇာ၏အကြောင်းကို ပြဆိုအပ်ပါသနည်း၊ ဖြေဆို၍၊ သခ်ါရနှင့် ကမ္မဘဝတို့အရ စေတနာနှစ်ပါး၏ အထူးကို လည်း ရေးပြပါ။

အဝိဇ္ဇာ၏အကြောင်းကို ပြဆိုရခြင်းအကြောင်း

အဝိဇ္ဇာ၏အကြောင်းကို အာသဝေါတရား ၄-ပါးဟု မပြဆိုခဲ့လျှင် ပဋိစ္စသမုပ္ပါဒ် စက်ရပ်တတ် မလည်ပတ်နိုင်ဟူသော အပြစ်ရောက်နိုင်ခြင်းကြောင့် ဖြစ်ပါသည်။

သခ်ါရနှင့် ကမ္မဘဝတို့အရ စေတနာနှစ်ပါး၏အထူး (၁၉၉၀ နံပါတ်-၂)

၄။ နာမ်သည် နာမ်အား ကျေးဇူးပြုရာ၌ နိဗ္ဗာန် ပါ-မပါ အကြောင်းပြ ဆုံးဖြတ်၍၊ စိတ်, စေတသိက်တို့သည် မိမိနှင့် သဟဇာတ ဖြစ်သော ရုပ်တရားများအား သမ္မယုတ္တပစ္စည်း မတပ်ခြင်းအကြောင်းကိုလည်း ရေးပါ။

နာမ်သည် နာမ်အား ကျေးဇူးပြုရာ၌ နိဗ္ဗာန် မပါပါ။

"နာမ်သည် နာမ်အား ကျေးဇူးပြုရာ၌ နာမ်အရ နာမကွန်ရှာ ၄-ပါးကိုသာ ယူရမည်၊ နိဗ္ဗာန်, ပညတ် တို့ကို မယူရ" ဟု ဖော်ပြထားချက်အရ ဖြစ်ပါသည်။

စိတ်, စေတသိက်တို့သည် မိမိနှင့် သဟဇာတဖြစ်သော ရုပ်တရားများအား သမ္မယုတ္တ-ပစ္စည်း မတပ်ပါ။

အကြောင်းမှာ - ဧကုပ္ပါဒ စသော သမ္မယောဂလက္ခဏာ ၄-ပါး မရှိသောကြောင့် ဖြစ်ပါသည်။

---

http://www.dhammadownload.com

၂၀၀၂

၁။ မသိတတ်သောကြောင့် အဝိဇ္ဇာဟု ဆိုရာ အဘယ်တရားတို့၌ မသိခြင်းသည် အဝိဇ္ဇာ မည်ပါသနည်း၊ ဖော်ပြ၍၊ ဘဝပစ္စယာ ဇာတိ၌ အဘယ်ကြောင့် အဘယ်ဘဝကို အလိုမရှိအပ်ပါသနည်း၊ ဖြေဆိုခဲ့ပါ။

အဝိဇ္ဇာမသိသောတရား (၈ ဌာန ဖြေရန်)

ဘဝပစ္စယာ ဇာတိ၌ ဘဝအရ ကမ္မဘဝကိုသာ ယူရပါမည်။

အကြောင်းဘဝအရ ဇာတိတည်းဟူသော ဥပပတ္တိဘဝကို ဖြစ်စေနိုင်သော ကမ္မ ဘဝကိုသာ ယူရသည်၊ ဥပပတ္တိဘဝ ဟူသည် ရှေးဦးစွာဖြစ်သော ခန္ဓာသဘောရှိသော ဇာတိပင် ဖြစ်၏၊ ဇာတိတစ်ခုသည် ဇာတိတစ်ခု၏အကြောင်း မဖြစ်သင့်သောကြောင့် ဘဝပစ္စယာ ဇာတိ၌ ဘဝအရ ဥပပတ္တိဘဝကို မယူရခြင်းဖြစ်ပါသည်။

၂။ သဟဇာတ နှင့် အညမညပစ္စည်းတို့၏ အထူးကို ဖော်ပြ၍၊ ပဝတ္တိအခါ၌ ရုပ်သည် နာမ်အား အဘယ်ကြောင့် အညမညပစ္စည်းဖြင့် ကျေးဇူးမပြုပါသနည်း၊ ဖြေဆိုခဲ့ပါ။

သဟဇာတ နှင့် အညမညပစ္စည်း အထူး (၁၉၉၄ နံပါတ်-၂)

အညမညပစ္စည်း ဟူသည် အချင်းချင်း အပြန်အလှန် ထောက်ပံ့ကျေးဇူးပြုနိုင်သော ပစ္စည်းတို့၌သာ ဖြစ်နိုင်သည်၊ တကွဖြစ်ကာမျှဖြင့် အညမညပစ္စည်း မတပ်နိုင်။ ထို့ကြောင့် **ပဝတ္တိအခါ စိတ်, စေတသိက် နှင့် စိတ္တဇရုပ်တို့သည် တကွဖြစ်ကာမျှ ဖြစ်၍ အညမညပစ္စည်း မဖြစ်နိုင်ပါ။**

၃။ အတိတကာလိကပစ္စည်းနှင့် ဒွိကာလိကပစ္စည်းတို့ကို ရေတွက်ပြ၍၊ (က) ခွေးဟောင်သံ၊ (ခ) မာယာထောင်ချောက်တို့သည် အဘယ်ကြောင့် အဘယ်ပညတ် ဖြစ်သည်ကို ရှင်းပြ ခဲ့ပါ။

အတိတကာလိကပစ္စည်းနှင့် ဒွိကာလိကပစ္စည်း (၁၉၉၂ နံပါတ်-၃)

(က) ခွေးဟောင်သံ = အဝိဇ္ဇမာနေနဝိဇ္ဇမာနပညတ်

http://www.dhammadownload.com

(ခ) မာယာထောင်ချောက် = အဝိဇ္ဇမာနေနအဝိဇ္ဇမာနပညတ်
(ရှင်းလင်းချက် ၁၉၉၂ နံပါတ်-၄)

၂၀၀၃

၁။ တဏှာပစ္စယာ ဥပါဒါနံ၌ 'တဏှာ' နှင့် 'ဥပါဒါန်' မည်သို့ကွဲပြား ခြားနားသနည်း၊ ရှင်းပြပြီးလျှင်၊ 'တဏှာအစစ် တစ်ရာ့ရှစ်' ဟူသော စကားရပ်ကိုလည်း ရှင်းပြခဲ့ပါ။

တဏှာနှင့် ဥပါဒါန် ခြားနားချက် (၁၉၉၆ နံပါတ်-၁)

တဏှာအစစ် တစ်ရာ့ရှစ် (၁၉၉၇ နံပါတ်-၄၊ သမုစ္စည်းပိုင်းကြည့်ရန်)

၂။ မည်သည့်တရားကို ကမ္မပစ္စည်းဟု ခေါ်ဆိုသနည်း၊ ဖြေဆို၍၊ ယင်းကမ္မပစ္စည်း၏ မျိုးကွဲ ပစ္စည်းတို့ကိုလည်း ဥပမာဆောင်၍ ထင်ရှားအောင် ဖော်ပြပါ။

ကမ္မပစ္စည်း ဟူသည် ကံဖြစ်၍ ကျေးဇူးပြုတတ်သောတရား ဖြစ်၏။
စေတနာကို ကမ္မပစ္စည်းဟု ခေါ်ဆိုပါသည်။

ကမ္မပစ္စည်း၏ မျိုးကွဲပစ္စည်းများ

(၁) နာနာက္ခဏိကကမ္မပစ္စည်း

မျိုးစေ့သည် သစ်ပင်အား အညွှန့်, အခက် စသည်ဖြင့် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုသကဲ့သို့ အထူးထူးသော ခဏနှင့်ယှဉ်သော ဝိပါက်-ကဋတ္တာရုပ်အား ဖြစ်ပေါ်လာအောင် ကျေးဇူးပြုတတ်သော ကုသိုလ်, အကုသိုလ် စေတနာသည် နာနာက္ခဏိကကမ္မပစ္စည်း မည်၏။

(၂) သဟဇာတကမ္မပစ္စည်း

သစ်ပင်၏အမြစ်သည် သစ်ပင်နှင့်တကွဖြစ်၍ ထိုသစ်ပင်အား မြဲမြံခိုင်ခံ့ စေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ တကွဖြစ်ဘက်တရားတို့ကို စေ့ဆော် ဆော်သြခြင်း ဗျာပါရအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော စေတနာသည် သဟဇာတကမ္မပစ္စည်း မည်၏။

---

http://www.dhammadownload.com

၃။ ကံအဟုန် ပစ်ချ၍ ကျလာသကဲ့သို့ ဖြစ်ရသော စွမ်းအင်မဲ့အကျိုးတစ်မျိုးသည် အခြားအကျိုးတစ်မျိုးကို တိုးပွားလာအောင် ကြိမ်ဖန်များစွာ ကျေးဇူးပြုနိုင်–မပြုနိုင် ဆုံးဖြတ်ပြီးလျှင်၊ နိဗ္ဗာန်သည် ပရမတ္ထအနေဖြင့် ထင်ရှားရှိသောတရား ဖြစ်ပါလျက် အဘယ့်ကြောင့် အတ္ထိပစ္စည်း မထိုက်သနည်း၊ ရှင်းပြပါ။

ကံအဟုန် ပစ်ချ၍ ကျလာသကဲ့သို့ ဖြစ်ရသော စွမ်းအင်မဲ့အကျိုးတစ်မျိုးသည် **ဝိပါကတရားဖြစ်ပါသည်၊ ဝိပါကတရားသည် အခြားဝိပါကတရားကို တိုးပွားလာအောင် ကြိမ်ဖန်များစွာ ကျေးဇူးပြုခြင်း ဟူသော အာသေဝနပစ္စည်း မတပ်နိုင်ပါ။** (အဘယ်ကြောင့်ဆိုသော် ကံ၏စွမ်းကြောင့် ဖြစ်လာသော ဝိပါက်အဗျာကတတရားသည် ကံအဟုန် ပစ်ချအပ်သည်ဖြစ်၍၊ ကျသကဲ့သို့ ဖြစ်ကာ မိမိသဘောကို ယူစေ၊ ထုံစေလျက် နောက်ဖြစ်သော ဝိပါက်တရားကို မဖြစ်စေနိုင်ပါ။)

နိဗ္ဗာန် အတ္ထိပစ္စည်းမထိုက်ပုံ (၁၉၉၄ နံပါတ်–၃)

၄။ အဘိဓမ္မာကို လေ့လာလိုက်စားသူတို့သည် "ပညတ်–ပရမတ်"ဟု ပြောဆိုသုံးနှုန်းလေ့ရှိရာ၊ အဘယ့်ကြောင့် အဘယ်အရာကို 'ပညတ်'ဟု ခေါ်ဝေါ်ရသနည်း၊ ဖြေဆိုပြီးလျှင်၊ သမ္မုဟ၊ ဇာတိ၊ နိမိတ်ပညတ်တို့၏ သဘောသွားကို ထင်ရှားအောင် ဖော်ပြခဲ့ပါ။

ပညတ်သည် အတ္ထပညတ် နှင့် သဒ္ဒပညတ်ဟူ၍ ၂–ပါးအပြားရှိပါသည်။

(က) တော၊ တောင်၊ ရေ၊ မြေ စသော အနက်အပေါင်းသည် အပြားအားဖြင့် သိစေအပ်သောကြောင့် အတ္ထပညတ် မည်ပါသည်။

(ခ) ဝန၊ ပဗ္ဗတ၊ ဥဒက၊ ဘူမိ စသော သဒ္ဒါအပေါင်းသည် အပြားအားဖြင့် သိစေတတ်သောကြောင့် သဒ္ဒပညတ် မည်ပါသည်။

သမ္မုဟပညတ်

သစ်၊ မြေစိုင်၊ ချည်စသော အဆောက်အဦတို့၏ ပေါင်းစုတည်နေပုံအခြင်းအရာကို စွဲ၍ ပညတ်အပ်သော အိမ်၊ ရထား၊ လှည်း၊ အိုး၊ ပုဆိုး စသည်သည် သမ္မုဟပညတ်မည်ပါသည်။

http://www.dhammadownload.com

ဈာတိပညတ်

ခန္ဓာငါးပါးအပေါင်းကိုစွဲ၍ ပညတ်အပ်သော ယောကျ်ား, ပုဂ္ဂိုလ်, လူ, နတ် စသည်သည် ဈာတိပညတ် မည်ပါသည်။

နိမိတ်ပညတ်

ပွားများအားထုတ်အပ်သော ဘာဝနာအစဉ်အားဖြင့် ထင်လာသော အခြင်းအရာကိုစွဲ၍ ပညတ်အပ်သော ကသိုဏ်းနိမိတ်, အသုဘနိမိတ်, ဥဂ္ဂဟနိမိတ် စသည်သည် နိမိတ်ပညတ်မည်ပါသည်။

၂၀၀၄

၁။ အသင် စာဖြေသူသည် တိဟိတ်ပဋိသန္ဓေ တည်နေစွဲငြိ အကဲသိသော အဘိဓမ္မာပါရမီရှင်ဟု ဆိုလျှင် သင်ရရှိခဲ့သော ပဋိသန္ဓေဝိညာဏ်သည် မည်သည့်သဒ္ဓါရကြောင့် ရရှိသည်ဟု ယူဆမည်နည်း၊ ဤ၌ အလိုရှိအပ်သော ပဋိသန္ဓေဝိညာဏ်အမည်၊ ဝိညာဏ်စိတ်နှင့် သဒ္ဓါရကို တိကျစွာ ဖော်ပြပါ။

စာဖြေသူသည် တိဟိတ်ပဋိသန္ဓေဖြစ်ခဲ့လျှင် ပဋိသန္ဓေဝိညာဏ်သည် **ကာမာဝစရပုညာဘိသင်္ခါရကြောင့် ရရှိခြင်းဖြစ်ပါသည်။**

ပဋိသန္ဓေဝိညာဏ်အမည် = မနောဝိညာဏ် (သဟိတ်ကာမာဝစရဝိပါက်စိတ်)
ဝိညာဏ်စိတ် = မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ် (သဟိတ်ကာမာဝစရဝိပါက်စိတ်)
သင်္ခါရ = ကာမာဝစရပုညာဘိသင်္ခါရ (မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်)

၂။ "ဝိညာဏပစ္စယာ နာမရူပံ" ဟူသော ပဋိစ္စသမုပ္ပါဒ်ဒေသနာ ပါဠိတော်၌ ဝိညာဏ-အရ၊ နာမ-အရ၊ ရူပ-အရတို့ကို ဋီကာကျော်ဆရာတော်၏ အာဘော်အလိုက္ခ အသီးသီး အရကောက်ပြပါ။

http://www.dhammadownload.com

ဝိညာဏ အရ ပဋိသန္ဓေစိတ် ၁၉-ပါး ဟူသောဝိညာဏ်
(သို့မဟုတ်) လောကီဝိပါက် ၃၂-ပါးသော ဝိညာဏ်
နာမ် အရ စေတသိက် ၃၅-ပါး
ရူပ အရ ကမ္မဇရုပ်တို့ကို ယူရပါမည်။

၃။ "ဝဋ်ခန်းဝဋ်မြဲ၊ ဝဋ်ဘုံ ဝဋ်အိမ်၊ ဝဋ်စည်းစိမ်"ဟု အဆိုရှိရာ သတ္တဝါတို့ ၃၁-ဘုံ တည်းဟူသော သံသရာဝဋ်ဘုံခန်းဝါအတွင်း၌ ပြေးသွားလည်နေရခြင်း၏ အဓိက ဦးဆောင်ဖြစ်သော တရားခံဝဋ်အမည်ကို တိကျစွာ ညွှန်ပြ၍၊ ယင်းဝဋ်၏ ပရမတ္ထ တရားကိုယ်ကိုလည်း ပဋိစ္စသမုပ္ပါဒ်အမြင်ဖြင့် ကောက်ပြပါ။

အဓိကတရားခံဝဋ်အမည်မှာ – ကိလေသဝဋ်ဖြစ်ပါသည်။

ကိလေသဝဋ်၏ ပရမတ္ထတရားကိုယ်များမှာ – အဝိဇ္ဇာ, တဏှာနှင့် ဥပါဒါန် ဖြစ်ပါသည်။

၄။ အညမညသဘောတရားကို ရှင်းပြပြီးလျှင်၊ စိတ်, စေတသိက်တရားတို့သည် အတူတကွ ဖြစ်သော ရုပ်တရားတို့အား အဘယ့်ကြောင့် သမွယုတ္တပစ္စည်း မတပ်သနည်း၊ ရှင်းပြပါ။

အညမညသဘောတရား (၁၉၉၀ နံပါတ်-၃)

စိတ်, စေတသိက်တရားတို့သည် ရုပ်တရားတို့အား သမွယုတ္တပစ္စည်းမတပ်ခြင်း (၂၀၀၁ နံပါတ်-၄)

၅။ ပဋ္ဌာန်း ၂၄-ပစ္စည်း အမည်များကို အချိန်ကာလ၏ အစွမ်းဖြင့် ခွဲဝေပြပါ။

ပဋ္ဌာန်း ၂၄-ပစ္စည်း အမည်များ (၁၉၉၂ နံပါတ်-၃)

၂၀၀၅

၁။ အဘယ်သို့သော နည်းနိဿယတို့ကို "ပဋိစ္စသမုပ္ပါဒ်နည်း" "ပဋ္ဌာန်းနည်း" ဟု ခေါ်ဆို ရပုံကို ဂုဏ်ထူးဆောင်ပီပီ ရှင်းပြ၍၊ "မသိမှု အဝိဇ္ဇာ" "လိုလားမှု တဏှာ" တို့ကို (မူလ)ဟု ခေါ်ဆိုရပုံကို ရှင်းလင်းဖြေဆိုပါ။

http://www.dhammadownload.com

ပဋိစ္စသမုပ္ပါဒ်နည်း

အဝိဇ္ဇာအစရှိသော ပစ္စည်းတရားတို့၏ ဖြစ်ခြင်းကြောင့်, ဖြစ်လေ့ရှိကုန်သော သခါရစသော ပစ္စယုပ္ပန်တရားတို့၏ ဖြစ်ခြင်းဟူသော အခြင်းအရာမျှဖြင့် မှတ်အပ်သောနည်းသည် ပဋိစ္စသမုပ္ပါဒ်နည်း မည်ပါသည်။

ပဋ္ဌာန်းနည်း

အထူးပြု၍ဖြစ်သော ပစ္စည်းဟုဆိုအပ်သော တည်ရာကို အကြောင်းပြု၍ ဖြစ်သောနည်းသည် ပဋ္ဌာန်းနည်း မည်ပါသည်။

မသိမှုအဝိဇ္ဇာနှင့် လိုလားမှုတဏှာတို့ကို မူလဟုခေါ်ရပုံ

မသိမှုအဝိဇ္ဇာသည် အဝိဇ္ဇာ, သခါရ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ–ဟု ဆိုအပ်သော ရှေ့ပိုင်းဘဝစက် ဝဋ်၏ အရင်းအမြစ်အစဖြစ်သောကြောင့် မူလဟု ခေါ်ဆိုရပါသည်။

လိုလားမှုတဏှာသည် တဏှာ, ဥပါဒါန်, ကမ္မဘဝ, ဇာတိ, ဇရာမရဏာ–ဟု ဆိုအပ်သော နောက်ပိုင်းဘဝစက်ဝဋ်၏ အရင်းအမြစ်ဖြစ်သောကြောင့် မူလဟု ခေါ်ဆိုရပါသည်။

၂။ "ကွတ္ထိန္ဒြေ" "ပုရိသိန္ဒြေ" တို့သည် အဘယ်ကြောင့် ကွန္ဒြိယပစ္စည်း မတပ်ရပါသနည်း၊ ဖြေဆို၍၊ "အတ္ထပညတ်" "သဒ္ဒပညတ်" ခေါ်ဆိုပုံကို ခွဲခြားဖြေဆိုပါ။

"ကွတ္ထိန္ဒြေ" "ပုရိသိန္ဒြေ" တို့ ကွန္ဒြိယပစ္စည်းမတပ်ခြင်း

(က) ရုပ်ဇီတိန္ဒြေ နှင့် (ခ) ကဗဠီကာရအာဟာရတို့သည် သဟဇာတ်ဖြစ်သော (က) ကမ္မဇရုပ် (ခ) စတုဇကာယရုပ်တို့အား (က) ကွန္ဒြိယသတ္တိ (ခ) အာဟာရသတ္တိဖြင့် ကျေးဇူးပြုကြ၏၊ ထိုသဟဇာတ်ဖြစ်သော (က) ကမ္မဇရုပ် (ခ) စတုဇကာယရုပ်တို့အား အစဉ်စောင့်ရှောက်ခြင်း, ထောက်ပံ့ခိုင်စေခြင်းအမှုကိုပြု၍ အတ္ထိပစ္စည်း၊ အဝိဂတပစ္စည်းဖြင့် ကျေးဇူးပြုသကဲ့သို့ ကွတ္ထိန္ဒြေ, ပုရိသိန္ဒြေတို့သည် လိင်္ဂစသည်တို့အား ၂၄–ပါးသောပစ္စည်းတို့ကို တစ်စုံတစ်ခုသော ပစ္စယသတ္တိမျှဖြင့် ကျေးဇူးပြုခြင်း မရှိသောကြောင့် ကွန္ဒြိယပစ္စည်း မတပ်ခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

"အတ္ထပညတ်" မည်ပုံ

တော, တောင်, ရေ, မြေ, လူ, နတ်, ဗြဟ္မာ, ရုပ်, ဝေဒနာ စသော အနက် အပေါင်းသည် အပြားအားဖြင့် သိစေအပ်သောကြောင့် အတ္ထပညတ် မည်ပါသည်။

"သဒ္ဒပညတ်" မည်ပုံ

ဝန, ပဗ္ဗတ, ဥဒက, ဘူမိ, နရ, ဒေဝ, ဗြဟ္မာ, ရူပ, ဝေဒနာ စသော သဒ္ဒါ အပေါင်းသည် အပြားအားဖြင့် သိစေတတ်သောကြောင့် သဒ္ဒပညတ် မည်ပါသည်။

၃။ "ဆဋ္ဌာဘိညော" ဟူသော စကားရပ်၌ "ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်" ဖြစ်ပုံကို ရှင်းပြ၍၊ "ဝစီယောသာနသာရေန" ပါဠိဖြင့် ဦးကာဆရာ ပြဆိုအပ်သော "ပစ္စည်း"ကို ညွှန်ပြ ဖြေဆိုပါ။

"ဆဋ္ဌာဘိညော"

အဘိညာဏ် ၆-ပါးသည် ပရမတ္ထအားဖြင့် ထင်ရှားရှိသောအနက်ကို သိစေတတ်ပြီး၊ ပုဂ္ဂိုလ်သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသောအနက်ကို သိစေတတ်သောကြောင့် "ဆဋ္ဌာဘိညော"ဟူသော စကားသည် "ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်" ဖြစ်ရပါသည်။

"ဝစီယောသာနသာရေန" ပါဠိဖြင့်

သဒ္ဒါရုံ အာရမ္မဏပစ္စည်းကို ပြပါသည်။

၂၀၀၆

၁။ ပစ္စည်း, ပစ္စယုပ္ပန်တရားတို့၏အရ ယူသင့်သောတရားတို့ကို ကောက်ပြ၍၊ ပဋ္ဌာန်းဒီပကဟု ခေါ်ဆိုရခြင်း အကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။

ပစ္စည်းတရားအရ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, ပညတ် (သင်္ခတ နှင့် အသင်္ခတတရား) တို့ကို ကောက်ရပါသည်။

ပစ္စယုပ္ပန်တရားအရ စိတ်, စေတသိက်, ရုပ် (ဟူသော သင်္ခတတရား) ကိုသာ ကောက်ရပါသည်။

http://www.dhammadownload.com

ပဋိစ္စသမုပ္ပါဒ်ဟုခေါ်ဆိုရခြင်း

အကြောင်းတရားတို့၏ ညီညွတ်ခြင်းသို့ အညီအညွတ်ဆိုက်ရောက်၍ အကျိုးတရားတို့၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် အဝိဇ္ဇာစသော အကြောင်းတရားတို့ကို ပဋိစ္စသမုပ္ပါဒ်ဟု ခေါ်ဆိုရပါသည်။

၂။ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ဟူသော ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌ အဝိဇ္ဇာ၏ အကြောင်းတရားကို ဖော်ပြ၍၊ ဟေတုပစ္စယော-၌ ဟေတုနှင့်ပစ္စယတို့၏ အထူးကိုလည်း ရေးသားဖြေဆိုခဲ့ပါ။

အဝိဇ္ဇာ၏အကြောင်းတရားမှာ အာသဝေါတရား ဖြစ်ပါသည်။

ဟေတုနှင့် ပစ္စယအထူး (၁၉၉၈ နံပါတ်-၂)

၃။ နတ္ထိပစ္စည်း၏ ကျေးဇူးပြုပုံသဘောတရားကို ပေါ်လွင်အောင် ရေးသားဖြေဆို၍၊ အာရမ္မဏာဓိပတိနှင့် အာရမ္မဏူပနိဿယတို့၏ ကွဲပြားခြားနားဟန်ကိုလည်း ဖြေဆိုခဲ့ပါ။

နတ္ထိပစ္စည်း (၁၉၉၀ နံပါတ်-၄)

အာရမ္မဏာဓိပတိ နှင့် အာရမ္မဏူပနိဿယအထူး (၁၉၉၅ နံပါတ်-၂)

၂၀၀၇

၁။ ပဋ္ဌာန်းနည်း၌ 'ကျေးဇူးပြုသည်'ဟူသော စကားရပ်၏ အဓိပ္ပါယ်ကို ရှင်းပြ၍၊ သတ္တဝါတို့ကို သံသရာနယ်ပယ် ကျင်လည်စေတတ်သော 'အဝိဇ္ဇာ' ၏ သဘောသဘာဝကိုလည်း ပြည့်စုံအောင် ရေးသားဖြေဆိုပါ။

"ကျေးဇူးပြုသည်" (၁၉၉၆ နံပါတ်-၂)

အဝိဇ္ဇာ၏သဘောသဘာဝ (၁၉၉၀ နံပါတ်-၁)

---

http://www.dhammadownload.com

၂။ ပဋိစ္စသမုပ္ပါဒ်နည်းအရ သံသရာစက်ပြတ်နိုင်သောပုဂ္ဂိုလ်နှင့် သံသရာစက်လည်နိုင်သော ပုဂ္ဂိုလ်တို့ကို ရေး၍၊ အညမညပစ္စည်းနှင့် သဟဇာတပစ္စည်းတို့၏ ကွဲပြားခြားနားဟန်ကိုလည်း ဖြေဆိုပါ။

သံသရာစက်ပြတ်နိုင်သောပုဂ္ဂိုလ်

တိဟိတ်ပုဂ္ဂိုလ်သည် အဝိဇ္ဇာနှင့် တဏှာဝဋ်မြစ် ၂-ပါးကို အရဟတ္တမဂ်ဉာဏ်ဖြင့် အကြွင်းမဲ့ ပယ်သတ်၍ ရဟန္တာပုဂ္ဂိုလ်အဖြစ်သို့ရောက်လျှင် သံသရာစက် ပြတ်နိုင်သော ပုဂ္ဂိုလ် ဖြစ်ပါသည်။

သံသရာစက်လည်နိုင်သောပုဂ္ဂိုလ်

အလုံးစုံသော ပုထုဇဉ်တို့သည်လည်းကောင်း၊ သေက္ခပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ အဝိဇ္ဇာနှင့် တဏှာဝဋ်မြစ် ၂-ပါးကို အကြွင်းမဲ့ မပယ်သတ်နိုင်သေးသောကြောင့် သံသရာစက်လည်နိုင်သောပုဂ္ဂိုလ်များ ဖြစ်ပါသည်။

အညမညပစ္စည်း နှင့် သဟဇာတပစ္စည်းအထူး (၁၉၉၄ နံပါတ်-၂)

၃။ ဝိဂတပစ္စည်း၏ ကျေးဇူးပြုပုံသဘောကို ထင်ရှားအောင် ရေးသား၍၊ ပဋ္ဌာန်း (၂၄) ပစ္စည်းတို့ကိုလည်း ကာလအားဖြင့် ပိုင်းခြားပြပါ။

ဝိဂတပစ္စည်း

မိမိ၏ ဖုသနစသော သဘောမကင်းသဖြင့် မိမိ၏အခြားမဲ့၌ မဖြစ်လတ္တံ့ကုန်သော စိတ်စေတသိက်တရားတို့အား မိမိသဘောကင်းသည်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောသဘောသည် ဝိဂတပစ္စည်း၏ ကျေးဇူးပြုပုံ ဖြစ်ပါသည်။

ပဋ္ဌာန်း ၂၄-ပစ္စည်းကို ကာလဖြင့် ပိုင်းခြားပုံ (၁၉၉၂ နံပါတ်-၃)



http://www.dhammadownload.com

သာသနာရေးဦးစီးဌာန၏
အဘိဓမ္မာ (ဂုဏ်ထူးဆောင်) တတိယဆင့် (ကမ္မဋ္ဌာန်းပို့ချီး)
(၁၉၇၈-ခုနှစ်မှ ၁၉၈၈-ခုနှစ်ထိ)
မေးခွန်းဟောင်းများ

၁၉၇၈

၁။ ကမ္မဋ္ဌာန်းအားထုတ်ရာ၌ ဖြစ်ပေါ်လာသော ဥဂ္ဂဟနိမိတ်နှင့် ပဋိဘာဂနိမိတ်တို့၏ ထူးခြားချက်ကို ဖော်ပြ၍၊ နိမိတ် ၃-ပါး၊ ဘာဝနာ ၃-ပါးနှင့် တွဲစပ်ပြပါ။

၂။ ဈာန်စိတ်၏ အရည်အသွေးကို ထက်အောင်ပြုလုပ်တတ်သော ဝသီဘော် ၅-ပါး၏ အဓိပ္ပါယ်ကို ရှင်းလင်းရေးသားပါ။

၃။ သတ္တဝါတို့၏ ခန္ဓာငါးပါးကို ဖြစ်ပေါ်တည်ရှိစေသော အကြောင်းများကို ခန္ဓာတစ်ပါးစီ ခွဲခြား၍ ဖော်ပြပါ။

၁၉၇၉

၁။ ကမ္မဋ္ဌာန်းထိုင်သော ယောဂီပုဂ္ဂိုလ်သန္တာန်၌ ဖြစ်ပေါ်သော ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ မုစ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်တို့ကို ဥပမာနှင့်ယှဉ်တွဲ၍ အဓိပ္ပါယ် ရှင်းလင်းရေးသားပါ။

၂။ ကမ္မဋ္ဌာန်း ဟူသောစကား၏အဓိပ္ပါယ်ကို ရေးသား၍ သမထနှင့် ဝိပဿနာ မည်ကဲ့သို့ ထူးခြားမှုရှိကြောင်း ရှင်းပြခဲ့ပါ။

၃။ ပုတီးစိပ်နည်းအမျိုးမျိုးတို့တွင် မည်ကဲ့သို့စိပ်မှ ဗုဒ္ဓါနုဿတိဘာဝနာ ဖြစ်ပါသနည်း။ သိသာအောင် ရှင်းပြခဲ့ပါ။

၄။ သမထကမ္မဋ္ဌာန်းနည်းအားဖြင့် အာနာပါနကို အားထုတ်၍ စိတ်၌ နီဝရဏတရားများ ကင်းစင်သော အခိုက်တွင် ဝိပဿနာကမ္မဋ္ဌာန်းနည်းအားဖြင့် မည်သည့် ဝိသုဒ္ဓိအဆင့်သို့ ရောက်သည်ဟု ဆိုနိုင်ပါသနည်း။

---

http://www.dhammadownload.com

၁၉၈၁

၁။ စားချင်စဖွယ် တင့်တယ်စွာ ပြုပြင်ထားအပ်သော အစားအစာကို စားရာ၌ ရသာတဏှာ ဖြတ်ရန်အလို့ငှာ စက်ဆုပ်ရွံရှာဖွယ်ဟု အမှတ်သညာပေါ်အောင် မည်သို့ဆင်ခြင်ရ မည်နည်း။

၂။ သီလဝိသုဒ္ဓိအရာဝယ် ကုန်ဆုံယသဝဏသီလနှင့် အာဇီဝပါရိသုဒ္ဓိသီလ ဖြစ်အောင် မည်ကဲ့သို့ ကျင့်ဆောင်ရမည်နည်း။

၃။ ဒိဋ္ဌိ, ဝိစိကိစ္ဆာကိုပယ်လျှင် သောတာပန်ဖြစ်၍ အလွန်ဆုံး ၇-ဘဝသာ ပဋိသန္ဓေယူနိုင်တော့သည်ဟူသော စကားသည် အဘယ်ဘုံအတွက် ရည်ညွှန်း၍ ဟောကြားသော စကားဖြစ်ကြောင်း ဖော်ပြခဲ့ပါ။

၁၉၈၂

၁။ နတ်တို့ကို အုန်းပွဲ၊ ငှက်ပျောပွဲတို့ဖြင့် အမြဲမပြတ် ပူဇော်ပသနေသောသူသည် ဒေဝတာ-နုဿတိကမ္မဋ္ဌာန်း စီးဖြန်းသူ မည်-မမည် အဘိဓမ္မာဒေသနာနှင့်အညီ ဖြေဆိုပါ။

၂။ ထွက်သက်ဝင်သက် အာနာပါနကမ္မဋ္ဌာန်းကို ရှုမှတ်ပွားများရန် သင့်လျော်သော ပုဂ္ဂိုလ်များကို ရွေးချယ်၍ ထိုပုဂ္ဂိုလ်များကို ရွေးချယ်ရခြင်းအကြောင်း ယုတ္တိပြပါ။

၃။ လူတစ်ဦးသည် -

(က) စိတ်ဆင်းရဲခြင်းဒေါမနဿ ဖြစ်လာသောအခါ

(ခ) မိမိနှင့်မသင့်သူ တစ်ဦးဦးအား ညှင်းဆဲနှိပ်စက်လိုသော ဒေါသဖြစ်လာသောအခါ

(ဂ) သူတစ်ပါးကြီးပွားခြင်းကို မကြည့်နိုင် မရှုနိုင် ဖြစ်လာသောအခါ

ထို စိတ်ဝေဒနာတို့ ပျောက်ကင်းသွားအောင် မည်သည့်တရားများကို မွေးမြူရမည်နည်း။ အဘိဓမ္မာသဘောအရ ဖြေကြားပါ။

၁၉၈၃

၁။ လူတိုင်းအတွက် ပွားများအားထုတ်ရန် သင့်လျော်သော ကမ္မဋ္ဌာန်းများကို အကြောင်းပြချက်နှင့်တကွ ရေးပြပါ။

http://www.dhammadownload.com

၂။ မျက်စိအမြင်နှင့် ဉာဏ်အမြင်တို့၏ ကွာခြားပုံကို အဘိညာဉ်ခန်းအရ ဝေဖန်ဆန်းစစ်ပြပါ။

၃။ လက္ခဏာယာဉ် ၃-ပါး တင်၍ "ဆင်ခြင်စေ့ငု နေ့စဉ်ရှုလော့" ဟူသော စကားရပ်ဝယ် လက္ခဏာယာဉ် ၃-ပါး သရုပ်ကို သဘောအဓိပ္ပါယ်နှင့်တကွ ဖော်ပြပါ။

၄။ လူ့လောကဌ် စိတ်လည်းမရှိ၊ သေလည်းမသေ၊ အသက်ရှင်နေသော ပုဂ္ဂိုလ်မျိုး ရှိနိုင်-မရှိနိုင် ဖော်ပြ၍၊ ရှိလျှင် မည်သို့သော ပုဂ္ဂိုလ်မျိုးဖြစ်ကြောင်း ရေးသားပါ။

၁၉၀၄

၁။ ဗုဒ္ဓဘာသာဝင်တို့ နှုတ်ဖျားဌ် ရေပန်းစားလျက်ရှိသော အောက်ပါ အဘိဓမ္မာဝေါဟာရတို့၏ သဘောအဓိပ္ပါယ်နှင့် တရားကိုယ်တို့ကို သိသာအောင် ရေးပြပါ။
(က) သမထ၊ (ခ) ဝိပဿနာ၊ (ဂ) ဘာဝနာ၊ (ဃ) ကမ္မဋ္ဌာန်း

၂။ သံဃာတော်တို့အား မိမိက ဆွမ်းသင်္ကန်း လှူဒါန်းခဲ့သည်ကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်သည်ရှိသော် ဖြစ်သင့်သော အနုဿတိကို သဘောအဓိပ္ပါယ်နှင့်တကွ ရေးပြပါ။

၃။ လူပင် ဖြစ်သော်လည်း ဗြဟ္မာကြီးများကဲ့သို့ တရားကျင့်လိုလျှင် မည်သည့်တရားမျိုးကို ကျင့်သုံးရပါမည်နည်း၊ ကျင့်သုံးအပ်သော တရားများကိုလည်း ရှင်းလင်းဖော်ပြပါ။

၄။ ယခု စာဖြေဆိုနေသူသည် မိမိကိုယ်ကို အယူဝါဒ စင်ကြယ်နေသူဟု ယူဆခဲ့သော် မည်သည့်ဝိသုဒ္ဓိ ဖြစ်ပေါ်ပါသနည်း၊ ထို ဖြစ်ပေါ်သော ဝိသုဒ္ဓိကို ရှင်းလင်းချက်နှင့်တကွ ဖြေဆိုပါ။

၁၉၀၅

၁။ အောက်ပါပုဂ္ဂိုလ်တို့အား ဖော်ပြပါကမ္မဋ္ဌာန်းတို့ကို ပွားများအားထုတ်ရန် အထူးသင့်လျော်ကြောင်း ဦးကာကျော် အာဘော်ထိုက်အောင် ယုတ္တိပြ၍ ဖြေဆိုပါ။
(က) အလှမက်သူနှင့် အရိုးစုကမ္မဋ္ဌာန်း
(ခ) ဝိတက်များသူနှင့် အာနာပါနကမ္မဋ္ဌာန်း
(ဂ) ကြည်ညိုတတ်သူနှင့် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း

http://www.dhammadownload.com

၂။ ဓာတ်ကမ္မဋ္ဌာန်း (ဓာတုဝတ္ထာန်) ဟူသည် အဘယ်နည်း၊ ရှင်းပြပြီးလျှင် ဓာတ်ကမ္မဋ္ဌာန်းကို ပွားများအားထုတ်သော ယောဂီအား စွာန်၊ မဂ်၊ ဖိုလ် ရနိုင်-မရနိုင် အကြောင်းခိုင်လုံစွာပြလျက် ဆုံးဖြတ်ပါ။

၃။ အချို့က "ဘာသာရေးမလို၊ စိတ်ကောင်းရှိလျှင် ပြီးတာပဲ"ဟု ပြောတတ်ကြရာ စိတ်ကောင်းရှိမှု (သို့မဟုတ်) စိတ်သန့်ရှင်းစင်ကြယ်မှု (စိတ္တဝိသုဒ္ဓိ)ကို မည်သို့အခြေအနေရောက်မှ ရရှိနိုင်ပါသနည်း၊ မြတ်ဗုဒ္ဓ အလိုတော်ကျ ဖော်ပြပါ။

၁၉၀၆

၁။ နတ်များကို အောက်မေ့ အမှတ်ရသည့်အနေဖြင့် ကန်တော့ပွဲပေး ပူဇော်ပသမှုပြုခြင်းကို ဒေဝတာနုဿတိဟု ပြောလို့ ရ-မရ ဆုံးဖြတ်၍၊ မည်ကဲ့သို့ ပြုလုပ်မှ ဒေဝတာ-နုဿတိ ဖြစ်သည်ကိုလည်း ရှင်းလင်းဖြေဆိုပါ။

၂။ အလွန်နှစ်သက်စရာကောင်းသော စားသောက်ဖွယ်ကို စက်ဆုပ်ရွံရှာဖွယ်အဖြစ် မည်ကဲ့သို့ အောက်မေ့ဆင်ခြင် ရှုမှတ်ရမည်ကို ရေးသားပြီး၊ ယင်းကမ္မဋ္ဌာန်းသည် အဘယ်ကြောင့် အဘယ်ပုဂ္ဂိုလ်နှင့် သင့်လျော်ပါသနည်း၊ အသီးသီး ဖြေဆိုပါ။

၃။ အရိယာပုဂ္ဂိုလ်တို့သည် အဘယ်ကြောင့် ဖလသမာပတ် ဝင်စားကြပါသနည်း၊ ဥပမာသွင်းကာ ရှင်းပြ၍ ထိုဝင်စားသော ဖိုလ်၌ အကြောင်းအားလျော်စွာ ရသင့်ရထိုက်သော အမည်များကိုလည်း ပြည့်စုံစွာ ရေးသားဖြေဆိုပါ။

၁၉၀၇

၁။ သေခြင်းတရားကို မကြောက်ရအောင် အဘယ်ကမ္မဋ္ဌာန်းတရားကို ရှုမှတ်ပွားများရပါမည်နည်း၊ ယင်းကမ္မဋ္ဌာန်း ပွားများပုံကို မှတ်သားနည်းယူဖွယ်ရာ ရေးသားဖြေဆိုပါ။

၂။ ဝိပဿနာတရားကို ရှုမှတ်ဆင်ခြင်နေသော ယောဂီပုဂ္ဂိုလ်သည် အဆင့်ဆင့် တရားသားတက်ရာ "ဘယဉာဏ်"သို့ ရောက်သော် ထိုယောဂီသည် တကယ်ပင် ကြောက်ရွံ့ပါသလော၊ မည်ကဲ့သို့ဖြစ်သည်ကို ဘယဉာဏ်ဟု ခေါ်ဆိုပါသနည်း၊ ရှင်းပြပြီး သခ်ါရ-ပေက္ခာဉာဏ်၏ သခ်ါရတရားတို့အပေါ် လျစ်လျူရှုပုံကို ဥပမာသွင်း၍ ရှင်းလင်းပြပါ။

http://www.dhammadownload.com

၃။ ယောဂီပုဂ္ဂိုလ် သန္တာန်၌ နောက်ဆုံးအဆင့် မဂ်စိတ်သည် တစ်ကြိမ်ဖြစ်ပေါ်ပြီး ဖိုလ်စိတ်သည် နှစ်ကြိမ်, သုံးကြိမ် ဖြစ်သည်ဟု ဆိုထားရာ အဘယ်ကြောင့် ဖိုလ်စိတ်သည် ထိုသို့ဖြစ်ရကြောင်းကို ဋီကာကျော်ဆရာ အလိုက္ခ ရှင်းပြ၍၊ မဂ်စိတ်၏ ဉာဏဒဿန ဝိသုဒ္ဓိအမည် ရရှိပုံအကြောင်း ထင်ရှားစွာ ပြဆိုခဲ့ပါ။

၁၉၈၈

၁။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ ဘာဝနာတို့ကို ပွားများခြင်းကြောင့် စျာန် ၄-ပါး ရရှိပုံကို ဖြေဆိုပါ။

၂။ ဘုရားရှင်၌ ယုံမှားခြင်း စသည်ကို လွန်မြောက်၍ မိစ္ဆာအယူဝါဒ ကင်းပျောက်နေသော ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အမြင် စင်ကြယ်နေပုံကို ရေးပြပါ။

၃။ အရိယာပုဂ္ဂိုလ်များသည် မိမိတို့ ရရှိထားသော မဂ်ဖိုလ်အဆင့်အတန်းကို ကျနစွာ သိကြပုံကို ပေါ်လွင်အောင်ရေးသားပါ။

http://www.dhammadownload.com

သာသနာရေးဦးစီးဌာန၏

အဘိဓမ္မာ (ဂုဏ်ထူးဆောင်) တတိယဆင့် (ကမ္မဋ္ဌာန်းပို့ချီး)

(၁၉၈၉-ခုနှစ်မှ ၂၀၀၇-ခုနှစ်ထိ)

မေးခွန်းဟောင်းနှင့် အဖြေများ

၁၉၈၉

၁။ စာဖြေပုဂ္ဂိုလ်သည် မိမိသင်ယူပြီးဖြစ်သော အဘိဓမ္မာပညာကို အသုံးချ၍ ကမ္မဋ္ဌာန်းအားထုတ်မည် ဆိုပါလျှင် ရှေးဦးစွာ တွေ့ကြုံရမည့် ပရိကမ္မဘာဝနာနှင့် ပရိကမ္မနိမိတ်တို့၏ အဓိပ္ပါယ်ကို ကျမ်းဆရာအလိုကျ ရှင်းပြခဲ့ပါ။

ပရိကမ္မဘာဝနာ = အပွနာဘာဝနာကို ပြုပြင်တတ်သော ဘာဝနာသည် ပရိကမ္မဘာဝနာ မည်၏၊ (တစ်နည်း) စျာန် ဟူသော အပွနာကို ပြုပြင်တတ်, ဖြစ်ပေါ်စေတတ်သော အပွနာ၏အစ ရှေးမဆွဖြစ်သော ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းသည်မှစ၍ နိဝရဏာတို့ မငြိမ်းမီအတွင်း ပွားများအားထုတ်အပ်သမျှသော ကာမာဝစရကုသိုလ်ကြိယာဘာဝနာသည် ပရိကမ္မဘာဝနာ မည်၏။

ပရိကမ္မနိမိတ် = ပရိကမ္မဘာဝနာ၏ အာရုံဖြစ်သော ကသိုဏ်းဝန်းစသော နိမိတ်သည် ပရိကမ္မနိမိတ် မည်၏။

ပုံစံအားဖြင့် ပထဝီကသိုဏ်း ကမ္မဋ္ဌာန်းစီးဖြန်းအားထုတ်သော ယောဂီပုဂ္ဂိုလ်၌ -

ကောင်းစွာပြုအပ်သော ပထဝီကသိုဏ်းဝန်း ဟူသော အာရုံသည် ပရိကမ္မနိမိတ်မည်၏၊ ထို ပရိကမ္မနိမိတ်ကို အဖန်ဖန် အထပ်ထပ် မျက်စိဖြင့်ကြည့်ရှု၍ စီးဖြန်းအပ်သောဘာဝနာသည် ပရိကမ္မဘာဝနာ မည်၏။

၂။ ဤအဘိဓမ္မာစာမေးပွဲကို ဖြေဆိုနေသော ပါရမီရှင်သည် ပဋ္ဌပတ်လုပ်ငန်းခွင် ဝင်ပါက ၄၀-သော ကမ္မဋ္ဌာန်းတို့တွင် မည်သည့်ကမ္မဋ္ဌာန်းကို အားထုတ်မည်နည်း၊ မိမိနှင့်သင့်လျော်မည့်ကမ္မဋ္ဌာန်းကို အကြောင်းပြ၍ ရွေးချယ်ခဲ့ပါ။

http://www.dhammadownload.com

စာဖြေသူသည် ဝိတက်စရိုက်ရှိသူ ဖြစ်သဖြင့် ဝိတက်စရိုက်ရှိသူများနှင့် အထူးသင့်လျော်သော အာနာပါနဿတိ ကမ္မဋ္ဌာန်းကို အားထုတ်ရပါမည်၊ ကမ္မဋ္ဌာန်းအာရုံမှ အပ တစ်ပါးသော အာရုံတို့၌ ဝိတက်၏ ထွက်ပြေးခြင်းကို တားမြစ်တတ်သောကြောင့် အာနာပါနဿတိကမ္မဋ္ဌာန်းသည် ဝိတက်စရိုက်ရှိသူနှင့် အထူးသင့်လျော်ပါသည်။

မှတ်ချက် – မိမိနှစ်သက်ရာ ကမ္မဋ္ဌာန်းကို ရွေးချယ်ဖြေဆိုနိုင်ပါသည်။
ယခု အဖြေပုံစံမှာ နမူနာအဖြေပုံစံ ဖြစ်ပါသည်။

၃။ ကခ်ါဝိတရဏဝိသုဒ္ဓိအရာဝယ် အကြောင်းသိမ်းဆည်းပုံကို သိသာရုံ ရှင်းပြ၍၊ ဤသို့ သိမ်းဆည်းသဖြင့် မည်သို့သော ယုံမှားခြင်းများ ကင်းပျောက်ပါသနည်း၊ အသီးသီး ဖြေဆိုပါ။

ကခ်ါဝိတရဏဝိသုဒ္ဓိအရာဝယ် အကြောင်းသိမ်းဆည်းပုံ

ပဋိသန္ဓေအခါဝယ် – နာမ်သည်လည်းကောင်း၊ ရုပ်သည်လည်းကောင်း အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံတို့ကြောင့်ဖြစ်၏။

ပဝတ္တိအခါဝယ် – ရုပ်သည် ကံ, စိတ်, ဥတု, အာဟာရတို့ကြောင့် ဖြစ်၏၊ နာမ်သည် စက္ခုပသာဒ, ရူပါရုံ အစရှိသော မှီရာ, အာရုံ စသည်တို့၏ အစွမ်းကြောင့် ဖြစ်၏၊ အထူးအားဖြင့်ကား ယောနိသောမနသိကာရ စသော စက် ၄-ပါး၏ ပြည့်စုံခြင်းကြောင့် ကုသိုလ်သည်ဖြစ်၏၊ ထိုသို့သော အကြောင်း၏ မပြည့်စုံခြင်းကြောင့် အကုသိုလ်သည် ဖြစ်၏၊ ကုသိုလ် အကုသိုလ်တို့၏ အစွမ်းကြောင့် ဝိပါက်သည် ဖြစ်၏၊ ဘဝင် အစရှိသည်တို့၏ အစွမ်းကြောင့် အာဝဇ္ဇန်းသည် ဖြစ်၏၊ ရဟန္တာပုဂ္ဂိုလ်၏သန္တာန်ဟု ဆိုအပ်သောအကြောင်းကြောင့် ကြိယာဇောတို့သည် ဖြစ်၏။

ဤသို့စသည်ဖြင့် ပစ္စုပ္ပန်, အတိတ်, အနာဂတ် ကာလ ၃-ပါးတို့၌ နာမ်၏ဖြစ်ခြင်းအကြောင်း၊ ရုပ်၏ဖြစ်ခြင်းအကြောင်းကို သိမ်းဆည်းပါသည်။

ဤသို့ သိမ်းဆည်းသဖြင့် ကင်းပျောက်သော ယုံမှားခြင်းမှာ –

ရုပ်နာမ်နှစ်ပါးတို့သည် အကြောင်းအားလျော်စွာဖြစ်သော အကျိုးတရားများသာ ဖြစ်ကြသည်၊ မည်သူတစ်ဦးတစ်ယောက်မျှ ဖန်ဆင်း၍ဖြစ်သည်မဟုတ်ဟု ဝိပဿနာ

http://www.dhammadownload.com

ဉာဏ် ထင်လာသဖြင့် ဘုရားဌ္ဌ ယုံမှားခြင်း စသော ရှစ်ပါးသော ကခ်ီ၊ ငါသည် အတိတ်ကာလဌ္ဌ ဖြစ်ခဲ့ပြီလော စသော ၁၆-ပါးသော ကခ်ီတို့သည် ကင်းပျောက်သွားပါသည်။

၁၉၉၀

၁။ မြင့်မြတ်သောသူတို့ ကျင့်ရ အာရုံပြုရမည့် တရားများကို ဖော်ပြ၍၊ ယင်းတရားများ၏ လက္ခဏာများကို ဖော်ပြခဲ့ပါ။

မြင့်မြတ်သောသူတို့ ကျင့်ရ အာရုံပြုရမည့် တရားများမှာ -

ဗြဟ္မဝိဟာရတရား ၄-ပါး ဖြစ်ပါသည်၊ (အပွမညာတရား, ဗြဟ္မစိုရ်တရားဟုလည်း ခေါ်ဝေါ်၏) ထိုတရား ၄-ပါးနှင့် အာရုံများမှာ -

(၁) မေတ္တာ = အတိုင်းမသိသော သုခိတ, ဒုက္ခိတ သတ္တဝါပညတ်ကို အာရုံပြုရ၏၊

(၂) ကရုဏာ = အတိုင်းမသိသော ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြုရ၏၊

(၃) မုဒိတာ = အတိုင်းမသိသော သုခိတသတ္တဝါပညတ်ကို အာရုံပြုရ၏၊

(၄) ဥပေက္ခာ = အတိုင်းမသိသော သုခိတ, ဒုက္ခိတ သတ္တဝါပညတ်ကို အာရုံပြုရ၏၊

ယင်းတရား ၄-ပါး၏ လက္ခဏာများ

(၁) မေတ္တာ = သတ္တဝါတို့၏ စီးပွားချမ်းသာကို ဆောင်လိုခြင်းလက္ခဏာရှိ၏။

(၂) ကရုဏာ = သူတစ်ပါး၏ ဆင်းရဲကို ပယ်ခြင်းငှာ အလိုရှိသည်အဖြစ်လျှင် လက္ခဏာရှိ၏။

(၃) မုဒိတာ = သူတစ်ပါး၏ စည်းစိမ်ကို ဝမ်းမြောက်ခြင်း လက္ခဏာရှိ၏။

(၄) ဥပေက္ခာ = ကွဋ္ဌာရုံ - အနိဋ္ဌာရုံတို့ဌ္ဌ လျစ်လျူရှုသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာ ရှိ၏။

---

http://www.dhammadownload.com

၂။ ဘုတ်ကသိုဏ်းလေးပါး၊ အာကာသ၊ အာလောက၊ အရူပစ္စာန်လေးပါး၊ ဤကမ္မဋ္ဌာန်းများသည် ခပ်သိမ်းသောသူတို့အား လျောက်ပတ်၏ဟု ဆိုရာ အဘယ်ကြောင့်ပါနည်း၊ ရှင်းလင်းရေးသားခဲ့ပါ။

ဘုတ်ကသိုဏ်းလေးပါး၊ အာကာသ၊ အာလောက၊ အရူပစ္စာန်လေးပါး၊ ဤကမ္မဋ္ဌာန်း ၁၀–ပါးသည် ခပ်သိမ်းသောသူတို့အား လျောက်ပတ်၏၊ (တစ်နည်း) စရိုက် ၆–ပါး လုံးနှင့် သင့်လျော်၏၊ အဘယ်ကြောင့်ဆိုသော် ရာဂစသော အကုသိုလ်စရိုက်ကို မငြိမ်းအေးစေနိုင်၊ မပယ်ခွာစေနိုင်သော ကမ္မဋ္ဌာန်းတို့မည်သည် မရှိကုန်၊ သဒ္ဓါစသော ကုသိုလ်စရိုက်တို့ကိုလည်း မထောက်ပံ့နိုင်၊ တိုးပွားအောင် မပြုနိုင်သော ကမ္မဋ္ဌာန်းတို့မည်သည် မရှိကုန်၊ ထို့ကြောင့် သင့်လျော်လျောက်ပတ်၏။

၁၉၉၁

၁။ အာနာပါနကမ္မဋ္ဌာန်းကိုသာ ရှုမှတ်ပွားများရမည့် ပုဂ္ဂိုလ်အမျိုးအစားကို ကြောင်းကျိုးဖော်ပြ၍ ဖြေဆိုပါ။

အာနာပါနကမ္မဋ္ဌာန်းနှင့် အထူးသင့်လျော်သောပုဂ္ဂိုလ်မှာ မောဟစရိုက်, ဝိတက်စရိုက် ရှိသူများ ဖြစ်ပါသည်။

အကြောင်းမှာ – အာနာပါနဿတိသည် ပညာ၏အာရုံဖြစ်၍ မောဟနှင့် ဆန့်ကျင်ဘက်ဖြစ်ခြင်း၊ ကမ္မဋ္ဌာန်းမှအပ တစ်ပါးသော အာရုံ၌ ဝိတက်၏ ထွက်ပြေးခြင်းကို တားမြစ်တတ်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

၂။ ရုပ်တရားကို ကလာပသမ္မသန (ပေါင်းရုံးသုံးသပ်ရှုမှတ်)နည်းဖြင့် ရှုမှတ်ပုံကို ကျနစွာ ရေးပြပါ။

ရုပ်တရားကို ကလာပသမ္မသန (ပေါင်းရုံးသုံးသပ်ရှုမှတ်)နည်းဖြင့် ရှုမှတ်ပုံ

"အတိတ်ဘဝ၌ဖြစ်သောရုပ်" စသည်ဖြင့် မခွဲဘဲ ရုပ်အားလုံးကို တစ်ပေါင်းတည်း အကျဉ်းချုံး၍ သုံးသပ်ပွားများခြင်း ဖြစ်ပါသည်။ အလုံးစုံသောရုပ်သည် "ကုန်ဆုံးပျက်စီးခြင်းဟူသော အနက်သဘောကြောင့် အနိစ္စချည်းပါတကား။ ကြောက်မက်ဖွယ်

http://www.dhammadownload.com

ဘေး ဟူသော အနက်သဘောကြောင့် ဒုက္ခချည်းပါတကား။ အတ္တ အနှစ်သာရ မရှိခြင်းဟူသော အနက်သဘောကြောင့် အနတ္တချည်းပါတကား" ဟု ဆင်ခြင်သုံးသပ်ပွားများရပါမည်။

၃။ တရားအားထုတ်နေသော ယောဂီပုဂ္ဂိုလ်အား ဝိပဿနာဉာဏ်အဆင့်ဆင့် ဖြစ်ပေါ်လာရာ၌ ပဋိသန္ဓိဉာဏ်နှင့် သန္ဓိရုပကွာဉာဏ်တို့ ဖြစ်ပေါ်လာပုံကို ရေးပြပါ။

ယောဂီပုဂ္ဂိုလ်အား ပဋိသန္ဓိဉာဏ်နှင့် သန္ဓိရုပကွာဉာဏ်တို့ ဖြစ်ပေါ်လာပုံ

တရားအားထုတ်နေသော ယောဂီပုဂ္ဂိုလ်သည် သမ္မသနဉာဏ်မှ စသော ဝိပဿနာဉာဏ်အဆင့်ဆင့် ဖြစ်ပေါ်ရာ၌ -

(က) **ပဋိသန္ဓိဉာဏ် ဖြစ်ပေါ်လာပုံမှာ** - တေဘူမကတရားတို့၌ အပြစ်မြင်သော ယောဂီပုဂ္ဂိုလ်သည် ထို သန္ဓိရတရားတို့မှ လွတ်မြောက်လိုစိတ်၊ ထိုသို့ တေဘူမက သန္ဓိရတရားတို့မှ လွတ်ခြင်း၏အကြောင်းကို ပြည့်စုံစေခြင်းငှာ ထိုသန္ဓိရတရားတို့၌ သမုဒ္ဒရာကိုကြည့်သော ကျီးမကဲ့သို့ အဖန်တလဲလဲ သုံးသပ်သောအခါ ပဋိသန္ဓိဉာဏ် ဖြစ်ပေါ်လာပါသည်။

(ခ) **သန္ဓိရုပကွာဉာဏ် ဖြစ်ပေါ်လာပုံမှာ** - ထိုသို့ သန္ဓိရတရားတို့၌ အဖန်တလဲလဲ သုံးသပ်သောအခါ စွန့်အပ်ပြီးသော မယားရှိသော ယောကျ်ားသည် ထိုမယား၌ လျစ်လျူရှုသကဲ့သို့ မြင်အပ်ပြီးသော အပြစ်ရှိသော သန္ဓိရတရားတို့၌ လျစ်လျူရှုသော အခြင်းအရာအားဖြင့်ဖြစ်သောအခါ သန္ဓိရုပကွာဉာဏ် ဖြစ်ပေါ်လာပါသည်။

၁၉၉၂

၁။ ကသိုဏ်းရှု၍ သမာဓိထူထောင်ရာ၌ ကသိုဏ်းဝန်းအကြီးနှင့်အငယ် နှစ်မျိုးတို့သည် အဘယ်ပုဂ္ဂိုလ်များအတွက် သင့်လျော်သည်ဟု စိစစ်သတ်မှတ်ပြပါ။

http://www.dhammadownload.com

ကသိုဏ်းဝန်းအကြီးသည် မောဟစရိုက်ရှိသူနှင့် သင့်လျော်၏။

မောဟစရိုက်များသောသူသည် ကောက်နယ်တလင်းခန့် ကျယ်ပြောသော ကသိုဏ်းဝန်းပြုကာ စီးဖြန်းသင့်ပါသည်၊ ငယ်သောကသိုဏ်းဝန်းနှင့် မသင့်လျော်ပေ၊ အဘယ်ကြောင့်ဆိုသော် ကသိုဏ်းဝန်းငယ်ပါမူ ကျဉ်းမြောင်းသော အာရုံ၌ စိတ်သည် အလွန်တွေဝေတတ်သောကြောင့် (မောဟအလွန်များတတ်သောကြောင့်) ဖြစ်ပါသည်။

ကသိုဏ်းဝန်းအငယ်သည် ဝိတက်စရိုက်ရှိသူနှင့် သင့်လျော်၏။

ဝိတက်စရိုက်များသောသူသည် တစ်ထွာနှင့် လက်သေးသစ်ခန့် ပမာဏရှိသော သေးငယ်သော ကသိုဏ်းဝန်းပြုကာ စီးဖြန်းရာ၏၊ ကြီးသောကသိုဏ်းဝန်းနှင့် မသင့်လျော်ပေ၊ အဘယ်ကြောင့်ဆိုသော် ကသိုဏ်းဝန်း ကျယ်ပါမူ ကျယ်ပြန့်သော အာရုံသည် ဝိတက်၏ ထိုထိုအာရုံသို့ ပြေးသွားခြင်း (စိတ်ပျံ့လွင့်ခြင်း)၏ အကြောင်းဖြစ်သော ကြောင့် ဖြစ်ပါသည်။

၂။ အဘယ်ဉာဏ်မျိုးကို ဝိပဿနာဟု ခေါ်ဆိုပါသနည်း၊ စိစစ်ပြ၍၊ အဘယ်တရားတို့ကို သိမြင်သောဉာဏ်သည် ဘယဉာဏ်၊ အာဒီနဝဉာဏ်များ ဖြစ်သည်ကိုလည်း ရှင်းလင်းရေးသားပါ။

ဝိပဿနာ = တေဘူမကသင်္ခါရ ရုပ်နာမ်တရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ ဟု လက္ခဏာယာဉ် ၃-ပါးသို့ တင်၍ အထူးထူးသော အခြင်းအရာအားဖြင့် ရှုတတ်သော မဂ်၏ ရှေ့အဖို့၌ ဖြစ်သမျှသော လောကီပညာ (ဉာဏ်မျိုး)ကို ဝိပဿနာဟု ခေါ်ပါသည်။

ဘယဉာဏ် = ခန္ဓာငါးပါးသင်္ခါရတရားတို့ကို အလွန်ကြောက်မက်ဖွယ် ဘေးကြီးဟု အဖန်တလဲလဲ ရှုသည်အစွမ်းဖြင့် သိမြင်သောဉာဏ်သည် ဘယဉာဏ် မည်၏။

အာဒီနဝဉာဏ် = ဘေးကြီးဟု ထင်အပ်ပြီး မြင်အပ်ပြီးသော ခန္ဓာငါးပါးသင်္ခါရတရားတို့ကို အပြစ်အားဖြင့် ရှုသည်အစွမ်းဖြင့် သိမြင်သော ဉာဏ်သည် အာဒီနဝဉာဏ် မည်၏။

---

http://www.dhammadownload.com

၃။ အရိယာပုဂ္ဂိုလ်များသည် မိမိအရိယာဖြစ်ကြောင်း သိနိုင်မသိနိုင်ကို ကြောင်းကျိုးဖော်ပြ ရှင်းလင်းဖြေဆိုပါ။

အရိယာပုဂ္ဂိုလ်များသည် မိမိအရိယာဖြစ်ကြောင်း သိနိုင်ပါသည်။

အရိယာအဖြစ်သို့ ရောက်ပြီးသောပုဂ္ဂိုလ် (၀၊) ဆိုင်ရာမဂ္ဂဝီထိ ဖြစ်ပြီးသော ပုဂ္ဂိုလ်သည် မဂ္ဂဝီထိအဆုံး၌ ဘဝင်ကျ၏၊ ထိုဘဝင်ကို ဖြတ်၍ ပစ္စဝေက္ခဏာဉာဏ်တို့သည် ဖြစ်ကုန်၏၊ ပစ္စဝေက္ခဏာဉာဏ် ဟူသည် မိမိရသော မဂ်, ဖိုလ်, နိဗ္ဗာန်တို့ကို ဆင်ခြင်သော ကာမာဝစရဉာဏ်များ ဖြစ်ပါသည်၊ ထိုသို့ ဆင်ခြင်ရာ၌ –

(၁) "ငါသည် ဤမဂ်ကို ရအပ်ပေပြီ" ဟု မိမိရသော မဂ်ကို ဆင်ခြင်၏။

(၂) "ငါသည် ဤလောကုတ္တရာအကျိုးကို ရအပ်ပေပြီ"ဟု မိမိရသော ဖိုလ်ကို ဆင်ခြင်၏။

(၃) "ငါသည် ဤမည်သောတရားကို အာရုံပြုသောအားဖြင့် ရအပ်ပေပြီ"ဟု နိဗ္ဗာန်ကို ဆင်ခြင်၏၊ ဤသို့ မဂ်, ဖိုလ်, နိဗ္ဗာန်တရားတို့ကို ဧကန် ဆင်ခြင်၏။

(၄) "ငါသည် ဤကိလေသာတို့ကို ပယ်အပ်ကုန်ပြီ" ဟု မိမိပယ်အပ်သော ကိလေသာတို့ကို ဆင်ခြင်၏။

(၅) "ငါ၌ ဤကိလေသာတို့သည် ကြွင်းကျန်သေး၏" ဟု ကြွင်းသော ကိလေသာတို့ကို ဆင်ခြင်၏။

ဤသို့ ဆင်ခြင်ရာ၌ ကိလေသာတို့ကို ဆင်ခြင်သော ပုဂ္ဂိုလ်လည်း ရှိ၏၊ မဆင်ခြင်သောပုဂ္ဂိုလ်လည်း ရှိ၏၊

မိမိရသော မဂ်, ဖိုလ်, နိဗ္ဗာန်ကိုမူ ဧကန် ဆင်ခြင်သည်သာ ဖြစ်သောကြောင့် အရိယာပုဂ္ဂိုလ်များသည် မိမိအရိယာဖြစ်ကြောင်း သိနိုင်ပါသည်။

၁၉၉၃

၁။ ယခုခေတ် ခေတ်စားနေသော "သမထ၊ ဝိပဿနာ၊ ကမ္မဋ္ဌာန်း" တို့၏ အဓိပ္ပါယ်ကို အများသူငါ နားလည်အောင် ရှင်းလင်းတင်ပြပါ။

သမထ = ကာမစ္ဆန္ဒ စသော နီဝရဏတရားတို့ကို ငြိမ်းအေးစေတတ်သောကြောင့် သမာဓိ တရားသည် သမထ မည်ပါသည်။

http://www.dhammadownload.com

(တရားကိုယ် – လောကီကုသိုလ်, ကြိယာဒ္ဒယှဉ်သော ဧကဂ္ဂတာ စေတသိက်)

ဝိပဿနာ = တေဘူမကသင်္ခါရ ရုပ်နာမ်တရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ ဟူသော လက္ခဏာယာဉ် ၃–ပါးသို့ တင်၍ အထူးထူးသော အခြင်းအရာအား ဖြင့် ရှုတတ်သောကြောင့် မဂ်၏ ရှေ့အဖို့ဖြစ်သမျှ လောကီပညာ သည် ဝိပဿနာ မည်ပါသည်။

(တရားကိုယ် – မဟာကုသိုလ်, ကြိယာဒ္ဒယှဉ်သော ပညာစေတသိက်)

ကမ္မဋ္ဌာန်း = သမထ, ဝိပဿနာ ဘာဝနာ နှစ်ပါးကို ပွားများအားထုတ်မှု၏ ဖြစ်ရာ တည်ရာဖြစ်သောကြောင့် ပထဝီကသိုဏ်း စသောအာရုံနှင့် တေဘူမက သင်္ခါရ အာရုံတို့သည် ကမ္မဋ္ဌာန်း မည်ပါသည်။

၂။ ဒေါသဖြင့်လည်းကောင်း၊ သတ်ပုတ်ညှင်းဆဲခြင်းဖြင့်လည်းကောင်း၊ သူတစ်ပါးစည်းစိမ်ချမ်းသာ၌ မမွေ့လျော်ခြင်းဖြင့်လည်းကောင်း အချို့သောကမ္မဿနိုင်ငံများတွင် စစ်ဖြစ်ပွားနေရာ ငြိမ်းချမ်းရေး အစဉ်အမြဲရနိုင်သည့် ကမ္မဋ္ဌာန်းတရားများရှိက ဖော်ပြ၍၊ ယင်းတရားများက ပယ်သတ်နိုင်သောတရားများနှင့် ဖြစ်စေနိုင်သောတရားများကိုလည်း ဖော်ပြပါ။

ငြိမ်းချမ်းရေးအစဉ်အမြဲရနိုင်သည့် ကမ္မဋ္ဌာန်းတရားများမှာ –

မေတ္တာ၊ ကရုဏာ၊ မုဒိတာ ဟူသော ဗြဟ္မဝိဟာရကမ္မဋ္ဌာန်းတရားများ ဖြစ်ပါသည်။

(၁) မေတ္တာသည် ဒေါမနဿနှင့် တကွဖြစ်သော ဗျာပါဒ(ဒေါသ)ကို ပယ်၏။

(၂) ကရုဏာသည် သတ္တဝါတို့အား ညှင်းဆဲခြင်း ဝိဟိံသတရားကို ပယ်၏။

(၃) မုဒိတာသည် သူတစ်ပါးစည်းစိမ်၌ မမွေ့လျော်ခြင်း အနာဘိရတိတရားကို ပယ်၏။

ထို့ကြောင့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ တို့သည် သောမနဿဝေဒနာနှင့်သာ တကွဖြစ်၍ ထိုကမ္မဋ္ဌာန်းတရားများကို ပွားများအားထုတ်၍ ဈာန်ရရှိသော် ပထမ, ဒုတိယ, တတိယ, စတုတ္ထဈာန်လေးပါးကို ဖြစ်စေနိုင်ပါသည်။

---

http://www.dhammadownload.com

၃။ ကမ္မဋ္ဌာန်းဋ္ဌာနတို့၌ "ဖြစ်-ပျက်"ကို ရှုရမည်ဟု ဟောပြောကြရာဝယ် အဘယ်တရား တို့၏ အဖြစ်အပျက်ကို အဘယ်သို့ ရှုရမည်၊ ယင်းသို့ရှုသဖြင့် ဖြစ်ပေါ်လာသော အသိဉာဏ်သည် အဘယ်မည်သော ဉာဏ်ဖြစ်သည်တို့ကို ဖော်ပြ၍၊ နိဗ္ဗိဒါဉာဏ်၏ သဘောသွားကိုလည်း ရှင်းပြပါ။

ကမ္မဋ္ဌာန်းဋ္ဌာနတို့၌ "ဖြစ်-ပျက်"ကို ရှုရမည်ဟု ဟောပြောကြရာဝယ် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ အဖြစ်အပျက်ကို ရှုရပါမည်၊ အဖြစ်အပျက်ကို ၂-နည်းဖြင့် သုံးသပ်ပွားများနိုင်ပါသည်။

(၁) ပစ္စယသမနုပဿနာနည်း = အကြောင်း၏အစွမ်းဖြင့် သုံးသပ်ပွားများနည်း

(၂) ခဏသမနုပဿနာနည်း = ခဏ၏အစွမ်းဖြင့် သုံးသပ်ပွားများနည်း

အကြောင်း၏အစွမ်းဖြင့် သုံးသပ်ပွားများခြင်းကြောင့် ရုပ်သည် အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရတို့ကြောင့် ဖြစ်၏၊ စေတသိက်နာမ်တရားသည် အဝိဇ္ဇာ, တဏှာ, ကံ, ဖဿတို့ကြောင့် ဖြစ်၏၊ စိတ်နာမ်တရားသည် အဝိဇ္ဇာ, တဏှာ, ကံ, နာမ်ရုပ်တို့ကြောင့် ဖြစ်ကြ၏ဟု ရုပ်နာမ်တို့၏ဖြစ်ကြောင်းကို သိရသည်။

အကြောင်းကို မသုံးသပ်ဘဲ ပစ္စုပ္ပန်ခန္ဓာ ၅-ပါးတို့၌ ဖြစ်ခြင်းလက္ခဏာမျှကို လည်းကောင်း၊ ဖောက်ပြန်ပျက်စီးခြင်းလက္ခဏာမျှကိုလည်းကောင်း ရှုခြင်းဟူသော ခဏ၏အစွမ်းဖြင့် သုံးသပ်ပွားများခြင်းဖြင့်လည်း ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို ရှုနိုင်ပါသည်။

ယင်းသို့ ရှုသဖြင့် ဖြစ်ပေါ်လာသော အသိဉာဏ်သည် ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို သိသောဉာဏ်ဖြစ်၍ **ဥဒယဗ္ဗယဉာဏ်** မည်ပါသည်။

နိဗ္ဗိဒါဉာဏ် = အပြစ်ဟု ထင်အပ်ပြီး, မြင်အပ်ပြီးသော ခန္ဓာငါးပါး သခါရ တရားတို့၌ ငြီးငွေ့သည်အစွမ်းဖြင့် ဖြစ်ပေါ်သောဉာဏ်သည် နိဗ္ဗိဒါဉာဏ် ဖြစ်၏။

၁၉၉၄

၁။ အာဟာရေပဋိကူလသညာ ဖြစ်စေရန် ဆင်ခြင်ပွားများနည်းကို ရေးသား၍ အသုဘ ကမ္မဋ္ဌာန်းစီးဖြန်းသူအား ပထမစာန်သာ ရရှိနိုင်ခြင်းအကြောင်းကို ဥပမာဖြင့် ဖြေဆိုပါ။

http://www.dhammadownload.com

အာဟာရေပဋိကူလသညာ ဖြစ်စေရန် ဆင်ခြင်ပွားများနည်း

အသွားအပြန်တည်းဟူသော ဂမန၊ ရှာမှီးရခြင်း ပရိယေသန၊ သုံးဆောင်ရခြင်း ပရိဘောဂ စသော ၁၀-ပါးသော အခြင်းအရာကို ဆင်ခြင်သည်၏အစွမ်းဖြင့် မျိုအပ်စားအပ်သော ဆွမ်းဘောဇဉ်စသော ကဗဠီကာရအာဟာရ၌ စက်ဆုပ်ရွံရှာဖွယ်အဖြစ်ကို အောက်မေ့ဆင်ခြင်ပွားများရပါမည်။

အသုဘကမ္မဋ္ဌာန်း စီးဖြန်းသူအား ပထမဈာန်သာ ရနိုင်ပါသည်၊ အကြောင်းမှာ –

အသုဘကမ္မဋ္ဌာန်းသည် စက်ဆုပ်ရွံရှာဖွယ်သော အနိဋ္ဌာရုံများဖြစ်ကုန်၍ စိတ်၏ နှစ်သက်မှုကို ဖြစ်စေရန် အားအလွန်နည်း၏၊ ၎င်းကမ္မဋ္ဌာန်း၌ သမာဓိရစေရန် ရေစီးပြင်းသောမြစ်၌ ထိုးဝါးနှင့်ကင်း၍ လှေသည် မတည်တံ့နိုင်သကဲ့သို့ ဝိတက်နှင့်ကင်း၍ မဖြစ်နိုင်ပါ၊ ထို့ကြောင့် အသုဘကမ္မဋ္ဌာန်း စီးဖြန်းသူသည် ဝိတက်ပါရှိသော ပထမဈာန်သာ ရနိုင်ပါသည်။

၂။ သမထဘာဝနာ ပွားများသူ၏သန္တာန်၌ ပဋိဘာဂနိမိတ် ဖြစ်ပေါ်လာပုံကို စုံလင်စွာ ရေးသား၍၊ အဘယ်ဝိပဿနာဉာဏ်ကို ရရှိပြီးမှသာ အပါယ်ဘေးမှ စိတ်အေးရပါမည်နည်း။

သမထဘာဝနာ ပွားများသူ၏သန္တာန်၌ ပဋိဘာဂနိမိတ် ဖြစ်ပေါ်လာပုံ

ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ ကာယဂတာသတိ၊ အာနာပါနဿတိ၊ ပေါင်း ၂၂-ပါးသော ကမ္မဋ္ဌာန်းတို့၌သာ ပဋိဘာဂနိမိတ် ဖြစ်ပေါ်နိုင်ပါသည်၊ ထို ၂၂-ပါးသော ကမ္မဋ္ဌာန်းတို့အနက် ပထဝီကသိုဏ်းကို ပွားများအားထုတ်သူ၏သန္တာန်၌ ပဋိဘာဂနိမိတ် ဖြစ်ပေါ်လာပုံကို ဖော်ပြရသော် –

ဥဂ္ဂဟနိမိတ်ကို အာရုံပြုသော ယောဂီပုဂ္ဂိုလ်သည် ပရိကမ္မဘာဝနာ (သမာဓိ) ဖြင့် ထို ဥဂ္ဂဟနိမိတ်ကို အဖန်ဖန်အထပ်ထပ် စိတ်ဖြင့် ဆင်ခြင်ပွားများသည်ရှိသော် ထိုယောဂီပုဂ္ဂိုလ်အား အစဉ်သဖြင့် နီဝရဏတို့သည် ကင်းကွာကုန်၏၊ ကိလေသာတို့သည် ရေများ အနည်ကျသကဲ့သို့ ကောင်းစွာ ငြိမ်ဝပ်ကုန်၏၊ ထိုအခါ ဥဂ္ဂဟနိမိတ်နှင့် ပုံသဏ္ဌာန် ပမာဏတူမျှ၍ ဥဂ္ဂဟနိမိတ်၏ လက်ချောင်းရာ စသော ကသိုဏ်းဝန်းအပြစ်တို့မှ လွတ်သော – အိမ်မှ ထုတ်အပ်သော ကြေးမုံဝန်းစသည်ကဲ့သို့ ဥဂ္ဂဟနိမိတ်ကို ထွင်းဖောက်၍ ထွက်လာသကဲ့သို့ ထိုဥဂ္ဂဟနိမိတ်ထက် အဆအရာအထောင်မက

http://www.dhammadownload.com

သာလွန်စင်ကြယ်သော နိမိတ်သည် ထင်လာ၏၊ ထိုနိမိတ်ကား ပဋိဘာဂနိမိတ်ဖြစ်ပါသည်။

ဤပဋိဘာဂနိမိတ်သည် စက္ခုဝိညာဏ်ဖြင့် မြင်ကောင်းသော အဆင်းသဏ္ဌာန်စသော ဝတ္ထုဒြပ် ပရမတ် အာရုံမျိုး မဟုတ်၊ ရုန့်ရင်းသော အနိစ္စတာ စသောအားဖြင့် သုံးသပ်သည်လည်း မဟုတ်၊ ယောဂီပုဂ္ဂိုလ်၏ အားထုတ်မှုဘာဝနာအစွမ်း ဥပစာရသမာဓိ ရမှ ထင်ရှားဖြစ်ပေါ်လာသော အခြင်းအရာ ပညတ်အာရုံမျှသာ ဖြစ်သည်။

အပါယ်ဘေးမှ စိတ်အေးရမည့် ဝိပဿနာဉာဏ်

အနုလောမဉာဏ်နှင့် သခ်ါရုပေက္ခာဉာဏ် ၂-ပါးတို့ကို ရရှိပြီးမှသာ အပါယ်ဘေးမှ စိတ်အေးရပါမည်၊ ၎င်းဉာဏ် ၂-ပါးသည် အပါယ်စသောဘေးမှလည်းကောင်း၊ သခ်ါရနိမိတ်မှလည်းကောင်း ကင်းလွတ်ထမြောက်သော ဝုဋ္ဌာနမည်သော မဂ်သို့ ရောက်ကြောင်း ဝိပဿနာဖြစ်သောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် ဝိပဿနာဉာဏ်တို့တွင် အထွတ်အထိပ်ဖြစ်သော အနုလောမဉာဏ်နှင့် သခ်ါရုပေက္ခာဉာဏ် ၂-ပါးသို့ ရောက်သော ယောဂီပုဂ္ဂိုလ်သည် မဂ်သို့ မချွတ်ဧကန် ရောက်တော့မည်ဖြစ်ရကား အပါယ်ဘေးမှ စိတ်အေးရတော့သည်။

၃။ အရှင်စူဠပန်သည် ရဟန်းတစ်ထောင်ကို ဖန်ဆင်းရာ၌ အဓိဋ္ဌာန်ပြုပုံကို အကျဉ်းချုပ်ရေးသား၍၊ လက္ခဏ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့၏ သဘောလက္ခဏာကို ဖြေဆိုပါ။

အရှင်စူဠပန် အဓိဋ္ဌာန်ပြုပုံအကျဉ်း

- ဦးစွာပထမ ရူပါဝစရပဉ္စမစျာန်ကို ဝင်စား၏။
- စျာန်မှထပြီး "ငါသည် ရဟန်းတစ်ထောင်ကို ဖန်ဆင်းလို၏" ဟု ဆင်ခြင်နှလုံးသွင်းခြင်း ပရိကံကို ပြု၏။
- ထို့နောက် ရူပါဝစရပဉ္စမစျာန်ကို ဝင်စား၏။
- ထို့နောက် စျာန်မှထ၍ ဆင်ခြင်ထားသည့်အတိုင်း "ရဟန်းတစ်ထောင် ဖြစ်စေသတည်း" ဟု အဓိဋ္ဌာန်ပြု၏။
- အဓိဋ္ဌာန်ပြုသည်နှင့် တစ်ပြိုင်နက် ရဟန်းတစ်ထောင် ဖြစ်လာ၏။

http://www.dhammadownload.com

လက္ခဏ = တေဘူမကသင်္ခါရတရားတို့၏ ဆက်ဆံသော အနိစ္စတာ စသော သဘောသည်လည်းကောင်း၊ မိမိတို့၏ အသီးအခြားဖြစ်သော ကက္ခဋ, ဖုသန စသော သဘောသည်လည်းကောင်း လက္ခဏာ မည်၏။

ရသ = ပြုအပ်သောကိစ္စသည်လည်းကောင်း၊ ပြည့်စုံသောဂုဏ်သည်လည်းကောင်း ရသ မည်၏။

ပစ္စုပဋ္ဌာန် = ယောဂီပုဂ္ဂိုလ်ဉာဏ်အား ရှေ့ရှုကပ်၍ ထင်သော အခြင်းအရာသည်လည်းကောင်း၊ အကျိုးသည်လည်းကောင်း ပစ္စုပဋ္ဌာန် မည်၏။

ပဒဋ္ဌာန် = နီးစွာသောအကြောင်းသည် ပဒဋ္ဌာန် မည်၏။

၄။ တရားအားထုတ်သူသည် ခန္ဓာကိုယ်မှ အရောင်အလင်းများ ထွက်ပေါ်လာခဲ့သော်မည်သို့ ဆင်ခြင်ပြုလုပ်သင့်ပါသနည်း၊ ဖြေဆို၍၊ မဂ်စိတ်နောက်၌ ဖိုလ်စိတ်များ ဆက်လက်ဖြစ်ရခြင်းကို ထင်ရှားအောင် ရေးသားပါ။

တရားအားထုတ်သူသည် ခန္ဓာကိုယ်မှ အရောင်အလင်းများ ထွက်ပေါ်လာခဲ့သော် ဆင်ခြင်သင့်ပုံ

တရားအားထုတ်သူသည် ခန္ဓာကိုယ်မှ အရောင်အလင်းများ ထွက်ပေါ်လာခဲ့သော် – ငါ့အား စင်စစ်အားဖြင့် ဤသို့သဘောရှိသော အရောင်အလင်းသည် မဖြစ်ဖူးပါတကား၊ မချွတ်လျှင် မဂ်ဖိုလ်သို့ ရောက်ပြီဟု အထင်ရောက်တတ်၏၊ ထိုသို့ မယူဆဘဲ –

ဤအရောင်အလင်းသည် တဏှာ, ဒိဋ္ဌိ, မာန, ဥပက္ကိလေသ ၃–ပါးတို့၏ ဖြစ်ရာအာရုံအကြောင်း ဖြစ်သောကြောင့် သစ္စာ ၄–ပါးကိုသိခြင်း၏ အကြောင်းဖြစ်သော မဂ်မဟုတ်၊ စင်စစ်သော်ကား ဝိပဿနာညစ်ညူးကြောင်းတရားတို့သာတည်း၊ ထို ဝိပဿနာညစ်ညူးကြောင်းမှ လွတ်သော ဥဒယဗ္ဗယဝိပဿနာ၏အစွမ်းဖြင့် ဝိပဿနာခရီးစဉ်သို့သွားသော ဝိပဿနာဉာဏ်သည်သာလျှင် သစ္စာလေးပါးကို သိခြင်း၏ အကြောင်းမဂ် မည်၏ဟူ၍ မဂ်ဟုတ်သည်၏ လက္ခဏာ, မဂ်မဟုတ်သည်၏ လက္ခဏာကို ဆင်ခြင်ဆုံးဖြတ်ရမည်။

http://www.dhammadownload.com

မဂ်စိတ်နောက်၌ ဖိုလ်စိတ်များ ဆက်လက်ဖြစ်ရခြင်း

မီးကိုသတ်ပြီးသော်လည်း မီး၏အပူရှိန် ငြိမ်းအေးရန် အိုးတို့ဖြင့် သွန်းလောင်းအပ်သော ရေကဲ့သို့ ကိလေသာတို့ကို မဂ်စိတ်က ပယ်အပ်ပြီးသော်လည်း သန္တာန်ဝယ် ကိလေသာအပူရှိန် ငြိမ်းအေးစေရန် ဖိုလ်စိတ် ၂-ကြိမ်, ၃-ကြိမ် ဆက်လက် ဖြစ်ရပါသည်။

၁၉၅၁

၁။ "ဘာဝနာ၊ မေတ္တာ" တို့၏ အဓိပ္ပါယ်ကို ရှင်းလင်းဖြေဆို၍၊ စရိုက်ကို မသိရသေးသော ယောဂီအား မည်သည့်ကမ္မဋ္ဌာန်းကို ပေးရမည်နည်း၊ အဘယ်ကြောင့်နည်း။

ဘာဝနာ = သမထ ဝိပဿနာ တရားတို့သည် လွန်စွာ အကျိုးများသဖြင့် မိမိတို့ သန္တာန်၌ ရှေးဦးစွာ ဖြစ်စေထိုက်၊ တစ်ကြိမ်ဖြစ်ပြီးနောက် ထပ်ကာ ထပ်ကာ ပွားများစေထိုက်သောကြောင့် ဘာဝနာ မည်၏။

မေတ္တာ = ချစ်တတ်သောကြောင့်လည်းကောင်း၊ ချစ်အပ်သောပုဂ္ဂိုလ်တို့၌ အာရုံပြုသောအားဖြင့် ဖြစ်တတ်သောကြောင့်လည်းကောင်း မေတ္တာ မည်၏၊ (တစ်နည်း) အတိုင်းမသိသော သုခိတ, ဒုက္ခိတ သတ္တဝါပညတ်ကို အာရုံပြု၍ အမျှချစ်ခြင်းသည် မေတ္တာ ဖြည်၏။

စရိုက်ကို မသိရသေးသော ယောဂီအား – ဓာတ်ကြီး ၄-ပါး ကသိဏ်း, အာကာသကသိဏ်း, အာလောကကသိဏ်း, အာရုပ္ပ ၄-ပါး ဟူသော ကမ္မဋ္ဌာန်း ၁၀-မျိုးမှ တစ်မျိုးမျိုးကို ပေးရပါမည်။

ထိုသို့ ပေးရခြင်းအကြောင်းမှာ – ထိုကသိဏ်း ၁၀-ပါးသည် စရိုက် ၆-ပါး လုံးနှင့် လျောက်ပတ်သောကြောင့် ဖြစ်ပါသည်၊ အဘယ်ကြောင့် လျောက်ပတ်ရသနည်း ဆိုသော် ရာဂစသော အကုသိုလ်စရိုက်ကို မငြိမ်းအေးစေနိုင်၊ မပယ်ခွာနိုင်ကုန်သော ကမ္မဋ္ဌာန်းမည်သည် မရှိ၊ သဒ္ဓါစသော ကုသိုလ်စရိုက်တို့ကို မထောက်ပံ့နိုင်၊ တိုးပွားအောင် မပြုနိုင်သော ကမ္မဋ္ဌာန်းမည်သည် မရှိသောကြောင့် ဖြစ်ပါသည်။

---

http://www.dhammadownload.com

၂။ အာကာသာနဉ္စာယတနစျာန် ရရှိအောင် ပွားများအားထုတ်နည်းကို ညွှန်ပြ၍၊ မည်သည့် ဉာဏ်ကို "ပုဗ္ဗေနိဝါသာနုဿတိအဘိညာဏ်" ဟု ခေါ်ဆိုပါသနည်း။

အာကာသာနဉ္စာယတနစျာန် ရရှိအောင် ပွားများအားထုတ်နည်း

ကသိုဏ်း ၁၀-ပါးတို့တွင် အာကာသကသိုဏ်းကို ကြဉ်၍ ကျန် ၉-ပါးသော ကသိုဏ်းတို့တွင် အမှတ်မရှိ တစ်ခုခုသော ကသိုဏ်းပဋိဘာဂနိမိတ်ကို နှလုံးမသွင်းမူ၍ "အာကာသော အနန္တော" "ကောင်းကင်ပြင်ကြီးသည် အဆုံးအပိုင်းအခြားမရှိ"ဟု ရွတ်ဆို၍သော်လည်းကောင်း၊ စိတ်ဖြင့် မှန်းဆ၍သော်လည်းကောင်း အဖန်တလဲလဲ စီးဖြန်းခြင်း ပရိကံကို ပြုရပါမည်၊ ထိုသို့ စီးဖြန်းသော ယောဂီပုဂ္ဂိုလ်၌ ပထမအရူပစျာန် ဖြစ်သော အာကာသာနဉ္စာယတနစျာန် ရရှိလာပါတော့သည်။

ပုဗ္ဗေနိဝါသာနုဿတိအဘိညာဏ်

ရှေးဘဝတို့၌ မိမိသန္တာန်ဝယ် ဖြစ်ဖူးသော အာရုံပြုသောအားဖြင့် မှီဝဲသုံးဆောင်ဖူးကုန်သော ခန္ဓာ, ထိုခန္ဓာနှင့်စပ်သော အမျိုးအမည် စသည်တို့ကို အောက်မေ့ခြင်းငှာ စွမ်းနိုင်သော အဘိညာဏ်သည် ပုဗ္ဗေနိဝါသာနုဿတိအဘိညာဏ် မည်ပါသည်။

၃။ ပုထုဇဉ်ဘဝမှ အရိယာဘဝသို့ ကူးပြောင်းရာ၌ စိတ်အစဉ်ဖြစ်ပေါ်ပုံကို ပြဆို၍၊ အရိယာတို့သည် အဘယ်ကြောင့် ဖလသမာပတ်ကို ဝင်စားပါသနည်း။

ပုထုဇဉ်ဘဝမှ အရိယာဘဝသို့ ကူးပြောင်းရာ၌ စိတ်အစဉ် ဖြစ်ပေါ်ပုံ

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနှင့် ပြည့်စုံ၍ ဉာဏ် ၉-ပါး၏ တစ်ဘက်ကမ်းသို့ ရောက်ပြီးသော ယောဂီပုဂ္ဂိုလ်အား သခါရုပေက္ခာဝိပဿနာဉာဏ် ရင့်သန်၍ လောကုတ္တရာ သောတာပတ္တိမဂ် ဟူသော အပွနာ ဖြစ်လိုလတ်သော် ရှေးဦးစွာ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ နှစ်ကြိမ်ဖြစ်၍ ချုပ်၏။

ထို့နောက် တေဘူမကသင်္ခါရတရားတို့တွင် တစ်ပါးပါးကို အာရုံပြု၍ မနောဒ္ဒါရာဝဇ္ဇန်း ဖြစ်၍ ချုပ်၏၊ ထို့နောက် အမှတ်မရှိ တစ်ခုခုသော အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာ ၃-ပါးကို အာရုံပြု၍ ပရိကမ်, ဥပစာ, အနုလုံ ၃-ကြိမ်ဖြစ်၍ ချုပ်၏၊ ထို့နောက် ဂေါတြဘူစိတ်သည် နိဗ္ဗာန်ကို အာရုံပြု၍ ပုထုဇဉ်အနွယ်ကို နှိပ်စက်၍ အရိယာအနွယ်သို့ ရောက်သည်ဖြစ်၍ ဖြစ်ပေါ်၏။

http://www.dhammadownload.com

ထို ဂေါတြဘူစိတ်၏ အခြားမဲ့၌ သောတာပတ္တိမဂ်သည် ဒုက္ခသစ္စာကို ပိုင်းခြား၍သိလျက်၊ သမုဒယသစ္စာကို ပယ်လျက်၊ နိရောဓသစ္စာကို မျက်မှောက်ပြုလျက်၊ မဂ္ဂသစ္စာကို ပွားစေသည်၏အစွမ်းဖြင့် အပွနာသို့သက်၏၊ ထို့နောက် နှစ်ကြိမ်, သုံးကြိမ်သော သောတာပတ္တိဖိုလ်စိတ်တို့သည် ဖြစ်၍ ဘဝင်ကျ၏၊ တစ်ဖန် ဘဝင်ကို ဖြတ်၍ မဂ်, ဖိုလ်, နိဗ္ဗာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်တို့သည် ဖြစ်ကုန်၏။

အရိယာတို့ ဖလသမာပတ်ကို ဝင်စားရခြင်းအကြောင်း

လောကဥ္စ နတ်တို့သည် နတ်ချမ်းသာကို ခံစားကုန်သကဲ့သို့၊ မင်းတို့သည် မင်းစည်းစိမ်ကို ခံစားကုန်သကဲ့သို့ အရိယာပုဂ္ဂိုလ်တို့သည် မျက်မှောက်သောကိုယ်၏ အဖြစ်၌ လောကုတ္တရာချမ်းသာကို ခံစားလိုသောကြောင့် ဖလသမာပတ်ကို ဝင်စားကြပါသည်။

၄။ သာသနာတော်၌ (က) အမြတ်ဆုံးချမ်းသာ၊ (ခ) အမြတ်ဆုံးအလှူခံပုဂ္ဂိုလ်တို့ကို ရွေးချယ်ပြ၍၊ နိရောဓသမာပတ် ဝင်စားရာ၌ ပြုလုပ်ရမည့် ပုဗ္ဗကိစ္စလေးပါးကို ရေတွက်ပြပါ။

သာသနာတော်၌

(က) အမြတ်ဆုံးချမ်းသာ = ဖလသမာပတ် ဝင်စားခြင်း ဖြစ်ပါသည်။

(ခ) အမြတ်ဆုံးအလှူခံပုဂ္ဂိုလ် = ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တမဂ်ဉာဏ်ဖြင့် ကိလေသာတို့ကို အကြွင်းမဲ့ ပယ်ဖျက်နိုင်သောကြောင့် လောကသုံးခွင် ဘုံအပြင်၌ အမြတ်ဆုံးအလှူခံပုဂ္ဂိုလ် (အဂ္ဂဒက္ခိဏေယျပုဂ္ဂိုလ်) ဖြစ်ပါသည်။

နိရောဓသမာပတ် ဝင်စားရာ၌ ပြုလုပ်ရမည့် ပုဗ္ဗကိစ္စ ၄-ပါး

(၁) ကိုယ်နှင့်မစပ် သီးခြားထားအပ်သော သင်္ကန်း စသော ပရိက္ခရာ, ကျောင်းအစရှိသည်တို့ကို မီးစသည်တို့ မဖျက်ဆီးနိုင်အောင် အဓိဋ္ဌာန်ခြင်း၊

(၂) သံဃာတို့ တောင့်တအံ့သည်ကို ဆင်ခြင်ခြင်း၊

http://www.dhammadownload.com

(၃) ဘုရားရှင် ခေါ်တော်မူအံ့သည်ကို ဆင်ခြင်ခြင်း၊
(၄) ၇-ရက်အတွင်း၌ ကမ္မဇရုပ်ကို ဖြစ်စေတတ်သော အသက်၏တည်ခြင်းကို ကြည့်ရှုခြင်း၊

၁၉၉၆

၁။ ငါးရာနှစ်ဆယ့်ရှစ်သွယ် မေတ္တာဖြစ်ပုံကို ရေတွက်ပြ၍၊ ဥပေက္ခာကမ္မဋ္ဌာန်းကို မည်သို့ ပွားများရပါသနည်း၊ ဖြေဆိုပါ။

ငါးရာနှစ်ဆယ့်ရှစ်သွယ် မေတ္တာဖြစ်ပုံ

အနောဓိသောမေတ္တာဖရဏာ (အပိုင်းအခြားရှိသောအားဖြင့် မေတ္တာဖြန့်ခြင်း) ၅-နည်း + သြဓိသောမေတ္တာဖရဏာ (အပိုင်းအခြားအားဖြင့် မေတ္တာဖြန့်ခြင်း) ၇-နည်း = ပေါင်း ၁၂-နည်းသော မေတ္တာဖြန့်ခြင်းကို မေတ္တာပွားနည်း ၄-နည်းဖြစ်သော –

အဝေရာဟောန္တု = ဘေးရန်ကင်းကြပါစေ။
အဗျာပဇ္ဈာဟောန္တု = စိတ်ဆင်းရဲကင်းကြပါစေ။
အနီဃာဟောန္တု = ကိုယ်ဆင်းရဲကင်းကြပါစေ။
သုခီအတ္တာနံ ပရိဟရန္တု = ချမ်းချမ်းသာသာ မိမိတို့ ခန္ဓာဝန်ကို ထမ်းဆောင်နိုင်ကြပါစေ။

ဤ ၄-နည်းဖြင့် မြှောက်လျှင် (၁၂ × ၄ = ၄၈) ဖြစ်၏၊ ထို ၄၈-ကို အရပ် ၁၀-မျက်နှာဖြင့် မြှောက်လျှင် ၄၈၀ ဖြစ်၏၊ ဤ ၄၈၀ နှင့် မူလ ၄၈ ပေါင်းသော် – (၅၂၈) ငါးရာနှစ်ဆယ့်ရှစ်သွယ်မေတ္တာ ဖြစ်လာပါသည်။

ဥပေက္ခာကမ္မဋ္ဌာန်း ပွားများပုံ

"အလုံးစုံသော သတ္တဝါတို့သည် ချမ်းသာကိုယ်စိတ် ရှိပါစေကုန်သတည်း" "ဆင်းရဲမှ လွတ်ပါစေကုန်သတည်း" "ရအပ်သော စည်းစိမ်ချမ်းသာနှင့် ပြည့်စုံခြင်းမှ မလျော့ပါစေကုန်သတည်း" ဤသို့ မေတ္တာ, ကရုဏာ, မုဒိတာတို့၏ အစွမ်းအားဖြင့် ဖြစ်သော ကိစ္စ ၃-ပါး အပေါင်းကို ပယ်၍ –

http://www.dhammadownload.com

"သတ္တဝါတို့သည် ကံသာလျှင် မိမိဥစ္စာရှိသည် – သဗ္ဗေသတ္တာ ကမ္မဿကာ"ဟု လျစ်လျူရှုသော အခြင်းအရာဖြင့် သတ္တဝါတို့ကို အာရုံပြု၍ ပွားများအားထုတ်ရပါမည်။

၂။ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းသည် မင်္ဂလာ၊ ဖိုလ်ကို ရရှိစေနိုင်ပါသလော၊ ရှင်းလင်းဖြေဆို၍ ဒိဗ္ဗစက္ခုဉာဏ်အစွမ်းဖြင့် ရရှိနိုင်သော အဘိညာဉ်များကို သက်ဆိုင်ရာ အာရုံတရားနှင့် အတူတကွ ဖော်ပြပါ။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းသည် မင်္ဂလာ၊ ဖိုလ်ကို ရနိုင်၊ မရနိုင်

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ဥပစာရသမာဓိ အဆင့်ကို ရနိုင်ပါသည်၊ ထိုအဆင့်သို့ရောက်လျှင် နိဝရဏအညစ်အကြေးမှ စင်ကြယ်ကာ စိတ္တဝိသုဒ္ဓိ ဖြစ်လာပါသည်။ ထိုမှတစ်ဆင့် ဝိသုဒ္ဓိအစဉ်အတိုင်း သွားလျက် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာယာဉ် ၃–ပါးသို့ တင်၍ ဝိပဿနာကမ္မဋ္ဌာန်းကို ပွားများအားထုတ်သည်ရှိသော် မင်္ဂလာ၊ ဖိုလ်ကို ရရှိစေနိုင်ပါသည်။

ဒိဗ္ဗစက္ခုဉာဏ်အစွမ်းဖြင့် ရနိုင်သောအဘိညာဉ်များကို ဆိုင်ရာအာရုံတရားနှင့်ဖော်ပြရသော်–

(၁) ယထာကမ္မူပဂအဘိညာဏ် = အာရုံအားဖြင့် ကံ (ကုသိုလ်, အကုသိုလ် စေတနာ), ထိုကံနှင့်ယှဉ်သော နာမက္ခန္ဓာ ၄–ပါး၊

(၂) အနာဂတံသအဘိညာဏ် = အာရုံအားဖြင့် အနာဂတ်ကာလ ခုနစ်ရက်မှ နောက်၌ ဖြစ်လတ္တံ့သော စိတ်စေတသိက်၊ ဒုတိယနေ့မှစ၍ ဖြစ်လတ္တံ့သော ခန္ဓာ, အမည်, အနွယ်, နိဗ္ဗာန် စသော အာရုံအားလုံး။

၃။ ဝိပဿနာညစ်ညူးကြောင်းတရား ဆယ်ပါးတို့သည် အဘယ်ပုဂ္ဂိုလ်၌ ဖြစ်တတ်ပါသနည်း၊ ရေးသားဖြေဆို၍၊ မင်္ဂဉာဏ်တစ်ခုတည်းက တစ်ပြိုင်နက် ကိစ္စလေးပါး ပြီးစေနိုင်ပုံကို ဥပမာဖြင့် ထင်ရှားအောင် ဖြေဆိုပါ။

http://www.dhammadownload.com

ဝိပဿနာညစ်ညူးကြောင်းတရား ဆယ်ပါးတို့သည် သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ် ၂-ပါးတို့ဖြင့် ရုပ် နာမ်တို့၏ အဖြစ်အပျက်ကို အမြဲအပြတ်ရှုသောပုဂ္ဂိုလ်အား ဖြစ်ပေါ်၍ လာတတ်ပါသည်။

မဂ်ဉာဏ်တစ်ခုတည်းက တစ်ပြိုင်နက် ကိစ္စ ၄-ပါးကို ပြီးစေနိုင်ပုံ

ဆီမီးသည်	ထို့အတူ မဂ်စိတ်သည်လည်း
(၁) မီးစာကိုလောင်ခြင်း	(၁) ဒုက္ခသစ္စာကို ပိုင်းခြားသိခြင်း
(၂) အမှောင်ကိုပယ်ခြင်း	(၂) သမုဒယသစ္စာကို ပယ်ခြင်း
(၃) အလင်းကို ဖြစ်စေခြင်း	(၃) နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း
(၄) ဆီကို ကုန်စေခြင်း	(၄) မဂ္ဂသစ္စာကို ပွားစေခြင်း (မိမိသန္တာန်၌ ဖြစ်ပေါ်လာစေခြင်း)
ဟူသော ကိစ္စ ၄-ချက်ကို တစ်ပြိုင်နက် ပြီးစေသကဲ့သို့	ဟူသော ကိစ္စ ၄-ချက်ကို တစ်ပြိုင်နက် ပြီးစေပါသည်။

၄။ အဘယ်ကြောင့် "ဝုဋ္ဌာနဂါမိနီဝိပဿနာ' ဟု ခေါ်ဆိုသနည်း၊ ဖြေဆို၍၊ (က) နိရောဓသမာပတ် ဝင်စားနိုင်သူ၊ (ခ) အဂတိတရား မလိုက်စားသူများကို ရေးသားပါ။

ဝုဋ္ဌာနဂါမိနီဝိပဿနာ

ဝိပဿနာဉာဏ်တို့တွင် **အနုလောမဉာဏ်နှင့် သင်္ခါရုပေက္ခာဉာဏ်** ၂-ပါးသည် ဝိပဿနာကမ္မဋ္ဌာန်း ကျင့်တန်း လမ်းဆုံးသို့ ရောက်သောဉာဏ်များဖြစ်ပြီး ၎င်းဉာဏ် ၂-ပါးသည် အပါယ်ဘေးမှလည်းကောင်း၊ သင်္ခါရနိမိတ်မှလည်းကောင်း၊ ကင်းလွတ်ထမြောက်သောတရားဟု ဆိုအပ်သော "ဝုဋ္ဌာနမည်သော မဂ်သို့" ရောက်ကြောင်း ဝိပဿနာဖြစ်သောကြောင့် **ဝုဋ္ဌာနဂါမိနီဝိပဿနာ**ဟု ခေါ်ဆိုပါသည်။

(က) **နိရောဓသမာပတ် ဝင်စားနိုင်သူ** = သမာပတ် ၈-ပါး, ၉-ပါးကို ရသော၊ ကာမရူပဘုံသား အနာဂါမ်နှင့် ရဟန္တာပုဂ္ဂိုလ်များ

(ခ) **အဂတိတရား မလိုက်စားသူ** = အလုံးစုံသော အရိယာပုဂ္ဂိုလ်များ (အဂတိတရား ၄-ပါးလုံးကို ပထမ မဂ်က ပယ်၏)

---

http://www.dhammadownload.com

၁၉၉၇

၁။ "သမထ" နှင့် "ဝိပဿနာ" တို့၏ အဓိပ္ပါယ်ကို ရေးသား၍၊ စရိုက်နှင့် ဝါသနာကို ကွဲပြားအောင် ခွဲခြားပြပါ။

သမထနှင့်ဝိပဿနာ အဓိပ္ပါယ် (၁၉၉၃ နံပါတ်-၁)

စရိုက်

သတ္တဝါတို့၏ သန္တာန်၌ အလွန်အကဲ မပြတ်မလပ် ဖြစ်သော (အဖြစ်များသော) ပင်ကိုယ် ပကတိတရားသဘောသည် စရိုက် မည်၏၊ (ဝါ) ပင်ကိုယ်ရိုးရာ သူတကာ ဖြစ်နေကျထက် လွန်ကဲပိုမို၍ အဖြစ်များသောသဘောသည် စရိုက် မည်၏။

ဝါသနာ

ရှေးဘဝအဆက်ဆက်က လိုက်ပါလာသော အထုံဓာတ်သဘောတစ်မျိုးကို ဝါသနာဟု ခေါ်၏၊ ဝါသနာသည် အနုသယဓာတ်ကဲ့သို့ ဘဝတိုင်းမှာ သတ္တဝါတို့ သန္တာန်၌ စွဲကပ်ပါနေတတ်၏။

၂။ ကမ္ဘာကြီး ထာဝရငြိမ်းချမ်းစေရေးအတွက် လူသားများသည် အဘယ်ကမ္မဋ္ဌာန်းကို ပွားများရမည်နည်း၊ ရှင်းလင်းဖြေဆို၍ လက္ခဏာယာဉ် ၃-ပါး၏ သဘောကို ပေါ်လွင်အောင် ရေးသားပါ။

ကမ္ဘာကြီး ထာဝရငြိမ်းချမ်းရေးအတွက် လူသားများ ပွားများအားထုတ်ရမည့်ကမ္မဋ္ဌာန်းမှာ

မေတ္တာ၊ ကရုဏာ၊ မုဒိတာ ဟူသော အပွမညာ (တစ်နည်း) ဗြဟ္မဝိဟာရ-ကမ္မဋ္ဌာန်းများ ဖြစ်ပါသည်၊ အဘယ်ကြောင့်ဆိုသော် -

<u>မေတ္တာ ကမ္မဋ္ဌာန်းကို ပွားများအားထုတ်လျှင်</u> - သတ္တဝါတို့၏ စီးပွားချမ်းသာကို ဆောင်တတ်ပြီး ဒေါမနဿနှင့် တကွဖြစ်သော ဗျာပါဒတရားကို ပယ်နိုင်၏။

<u>ကရုဏာ ကမ္မဋ္ဌာန်းကို ပွားများအားထုတ်လျှင်</u> - သတ္တဝါတို့၏ ဆင်းရဲကို ပယ်ခြင်းငှာ အလိုရှိသဖြင့် ညှဉ်းဆဲခြင်း ဝိဟိံသတရားကို ပယ်နိုင်၏။

http://www.dhammadownload.com

မှဒိတာ ကမ္မဋ္ဌာန်းကို ပွားများအားထုတ်လျှင် – သတ္တဝါတို့၏ စည်းစိမ်ချမ်းသာကို ဝမ်းမြောက်တတ်သည်ဖြစ်၍ သူတစ်ပါး၏စည်းစိမ်၌ မမွေ့လျော်သော အနာဘိရတိတရားကို ပယ်နိုင်၏။

လက္ခဏာယာဉ် ၃-ပါး၏သဘော

အနိစ္စလက္ခဏာ = ခန္ဓာငါးပါးရုပ်နာမ်တရားတို့၏ မမြဲသောအဖြစ်ဖြင့် မှတ်ကြောင်းဖြစ်သောကြောင့် အနိစ္စလက္ခဏာ မည်၏။

ဒုက္ခလက္ခဏာ = ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ဆင်းရဲသောအဖြစ်ဖြင့် မှတ်ကြောင်းဖြစ်သောကြောင့် ဒုက္ခလက္ခဏာ မည်၏။

အနတ္တလက္ခဏာ = ခန္ဓာငါးပါးရုပ်နာမ်တရားတို့၏ အလိုသို့ မလိုက်သောအားဖြင့် မှတ်ကြောင်းဖြစ်သောကြောင့် အနတ္တလက္ခဏာ မည်၏၊ (တစ်နည်း) တိတ္ထိတို့ ကြံဆအပ်သော အတ္တ၏ မရှိခြင်းအဖြစ်သည် အနတ္တ၊ ထို အနတ္တ အဖြစ်သည်ပင် မှတ်ကြောင်းဖြစ်သောကြောင့် အနတ္တလက္ခဏာ မည်၏။

ထို လက္ခဏာ ၃-ပါးတို့သည် လှည်းယာဉ်, လှေယာဉ်အလား နိဗ္ဗာန်သို့သွားကြောင်းဖြစ်သောကြောင့် လက္ခဏာယာဉ်ဟု ဆိုပါသည်။

၃။ မင်္ဂုဂ္ဂိုလ်များ အကုသိုလ်ပယ်စွန့်ပုံအဆင့်ဆင့် ဖော်ပြ၍၊ (က) နိရောဃမာပတ်ကို ဝင်စားနိုင်သူ၊ (ခ) ဝင်စားနိုင်သည့် အချိန်ကာလများကို ဖြေဆိုပါ။

မင်္ဂုဂ္ဂိုလ်များ အကုသိုလ်ပယ်စွန့်ပုံအဆင့်ဆင့်

သောတာပတ္တိမင်္ဂုဂ္ဂိုလ်သည်

ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကိလေသာတို့ကို အကြွင်းမဲ့ ပယ်၏၊ ကြွင်းကိလေသာတို့၏ အပါယ်လားကြောင်းသတ္တိကို ပယ်၏။

သကဒါဂါမိမင်္ဂုဂ္ဂိုလ်သည်

အကြွင်းမဲ့ပယ်သော ကိလေသာ မရှိ၊ ရုန့်ရင်းသော လောဘ, ဒေါသ, မောဟ တို့ကို ခေါင်းပါးအောင်ပြု၏။

http://www.dhammadownload.com

အနာဂါမိမဂ်ပုဂ္ဂိုလ်သည်

ကာမရာဂနှင့် ဗျာပါဒကို အကြွင်းမဲ့ ပယ်၏။

အရဟတ္တမဂ်ပုဂ္ဂိုလ်သည်

ကြွင်းကိလေသာ ၇-ပါးဖြစ်သော လောဘ, မောဟ, မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ တို့ကို အကြွင်းမဲ့ ပယ်၏။

(က) **နိရောဓသမာပတ်ကို ဝင်စားနိုင်သူ**

သမာပတ် ၈-ပါး, ၉-ပါး ရရှိသူ၊ ကာမရူပဘုံသား အနာဂါမ်နှင့် ရဟန္တာ ပုဂ္ဂိုလ်များ။

(ခ) **ဝင်စားနိုင်သည့်အချိန်ကာလ**

ကာမဘုံသားဖြစ်မူ ၇-ရက် အလွန်ဆုံး ဝင်စားနိုင်၏။ (အာဟာရကိစ္စ ရှိသေးသဖြင့်)

ရူပဘုံသားဖြစ်မူ အလိုရှိသမျှ ကာလပတ်လုံး ဝင်စားနိုင်၏။

၁၉၉၈

၁။ "ကမ္မဋ္ဌာန်း"၏ အဓိပ္ပါယ်ကို စုံလင်စွာရေးသား၍၊ မောဟစရိုက်ရှိသူနှင့် သင့်လျော်သော ကသိဏ်းဝန်းကို အကြောင်းပြလျက် ရွေးချယ်ပါ။

"ကမ္မဋ္ဌာန်း"၏ အဓိပ္ပါယ် (၁၉၉၃ နံပါတ်-၁)

မောဟစရိုက်ရှိသူနှင့် သင့်လျော်သော ကသိဏ်းဝန်း (၁၉၉၂ နံပါတ်-၁)

၂။ အာဇီဝပါရိသုဒ္ဓိ ဟူသည် အဘယ်နည်း၊ ဖြေဆို၍၊ အဘိညာဉ် ၆-ပါးကို ရေတွက်ပြပါ။

အာဇီဝပါရိသုဒ္ဓိ

မိစ္ဆာဇီဝမှ ရှောင်ကြဉ်ခြင်းကြောင့် အသက်မွေးခြင်း စင်ကြယ်သည်၏အစွမ်းဖြင့် ဖြစ်သောသီလသည် အာဇီဝပါရိသုဒ္ဓိသီလ မည်၏။

http://www.dhammadownload.com

ဘုရားရှင် စက်ဆုပ်တော်မူသော ကုသဒုဿန၊ အနေသန စသော မိစ္ဆာဇီဝတို့ကို ရှောင်ကြဉ်၍ စင်ကြယ်စွာ ရအပ်သောပစ္စည်းဖြင့်သာ ခံယူသုံးစွဲ အသက်မွေးမှု ဖြစ်ပါသည်။

အဘိညာဉ် ၆-ပါးကို ရေတွက်ပြရသော် -

လောကီအဘိညာဉ် ၅-ပါးနှင့် လောကုတ္တရာအဘိညာဉ် ၁-ပါးတို့ ဖြစ်ပါသည်။

လောကီအဘိညာဉ် ၅-ပါးကား

(၁) ဣဒ္ဓိဝိဓ အဘိညာဉ်
(၂) ဒိဗ္ဗသောတ အဘိညာဉ်
(၃) ပရစိတ္တဝိဇာနန အဘိညာဉ်
(၄) ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်
(၅) ဒိဗ္ဗစက္ခု အဘိညာဉ် တို့ဖြစ်ပါသည်။

လောကုတ္တရာအဘိညာဉ် ၁-ပါးကား

အာသဝက္ခယ အဘိညာဉ် ဖြစ်ပါသည်။

၃။ "မင်္ဂစိတ်က ဒုက္ခသစ္စာကို ပိုင်းခြား၍ သိပုံ" ကို ပြဆိုပြီး၊ ပစ္စဝေက္ခဏာဉာဏ် ၁၉-တန်ကို မှန်ကန်စွာ ဖော်ပြပါ။

မင်္ဂစိတ်က ဒုက္ခသစ္စာကို ပိုင်းခြား၍သိပုံ

ဒုက္ခသစ္စာကား လောကီစိတ် ၈၁၊ လောဘကြွင်းသော စေတသိက် ၅၁-ပါး၊ ရုပ် ၂၈-ပါးသာတည်း၊ ထို့ထက် အယုတ်အလွန်မရှိဟု ပိုင်းခြား၍ သိ၏။

ပစ္စဝေက္ခဏာဉာဏ် ၁၉-တန်

အရိယာပုဂ္ဂိုလ်တို့သည် မိမိတို့ ရအပ်သော မဂ်, ဖိုလ်, နိဗ္ဗာန်၊ ပယ်သော ကိလေသာ၊ ကြွင်းသော ကိလေသာတို့ကို ဆင်ခြင်သောဉာဏ်ကို ပစ္စဝေက္ခဏာဉာဏ်ဟု ခေါ်၏၊ ထိုဉာဏ်သည် ၁၉-ပါး ရှိ၏၊ ထို ၁၉-ပါး ဖြစ်ပုံကား -

http://www.dhammadownload.com

(၁) သောတာပန်ပုဂ္ဂိုလ်သည် မိမိရသော မဂ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ် ၁-ပါး, ဖိုလ်ကို ဆင်ခြင်သော ဉာဏ် ၁-ပါး၊ နိဗ္ဗာန်ကို ဆင်ခြင်သောဉာဏ် ၁-ပါး၊ ပယ်သောကိလေသာကို ဆင်ခြင်သောဉာဏ် ၁-ပါး၊ ကြွင်းသော ကိလေသာကို ဆင်ခြင်သောဉာဏ် ၁-ပါး ပေါင်း ပစ္စဝေက္ခဏာဉာဏ် ၅-ပါး ရ၏။

(၂) ထို့အတူ သကဒါဂါမ်ပုဂ္ဂိုလ်၊ အနာဂါမ်ပုဂ္ဂိုလ်တို့၌လည်း ပစ္စဝေက္ခဏာဉာဏ် ၅-ပါးစီ ရ၏၊ ထို့ကြောင့် သောတာပန်, သကဒါဂါမ်, အနာဂါမ် ပုဂ္ဂိုလ် ၃-ဦးသည် ပစ္စဝေက္ခဏာဉာဏ် ၁၅-ပါး ရ၏။

(၃) ရဟန္တာပုဂ္ဂိုလ်သည် မဂ်, ဖိုလ်, နိဗ္ဗာန်နှင့် ပယ်ပြီးကိလေသာကိုသာ ဆင်ခြင်၏၊ (ကြွင်းကိလေသာ မရှိသဖြင့် ဆင်ခြင်ရန် မလိုပေ) ထို့ကြောင့် ပစ္စဝေက္ခဏာဉာဏ် ၄-ပါး ရ၏။

ထို့ကြောင့် အရိယာပုဂ္ဂိုလ် ၄-ဦးအတွက် စုစုပေါင်း ပစ္စဝေက္ခဏာဉာဏ် ၁၉-တန် ရပါသည်။

၄။ သောတာပန်သည် အလွန်ဆုံးအားဖြင့် ဘဝပေါင်းမည်မျှ ဖြစ်ခွင့်ရှိသေးသနည်း၊ စုံလင်စွာ ဖြေဆို၍၊ နိဂြောဓသမာပတ် ဝင်စားခိုက် ဖြစ်နိုင်သော ပရမတ်တရားတို့ကို ပုဂ္ဂိုလ်အလိုက် ခွဲခြားပြပါ။

သောတာပန်ပုဂ္ဂိုလ်သည် အလွန်ဆုံးနေသော ဘဝတို့မှာ –

(က) ကာမသုဂတိဘုံ၌ ဖြစ်လျှင် ၇-ဘဝသာ အလွန်ဆုံး နေခွင့်ရှိ၏။

(ခ) ရူပ, အရူပဘုံ၌ ဖြစ်လျှင်ကား ၇-ဘဝထက် လွန်၍လည်း နေနိုင်၏။

စုံလင်စွာ ဖြေဆိုရသော် – သောတာပန်အမျိုးအစားသည် –

(၁) ကာမသုဂတိဘုံ၌ ၇-ကြိမ်သာ ပဋိသန္ဓေနေ၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော သောတာပန် (သတ္တက္ခတ္တုပရမသောတာပန်)

(၂) ကာမဘုံ၌ ၂-ကြိမ်မှ ၆-ကြိမ်သာ ပဋိသန္ဓေနေ၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော သောတာပန် (ကောလံကောလသောတာပန်)

http://www.dhammadownload.com

(၃) ကာမသုဂတိဘုံ၌ ၁-ကြိမ်သာ ပဋိသန္ဓေနေ၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော သောတာပန် (ဧကဗီဇီသောတာပန်)

ဟူ၍ ၃-မျိုး ရှိရာဝယ်

"ကာမသုဂတိဘုံ၌ ၇-ကြိမ်သာ ပဋိသန္ဓေနေသည်" ဟူသောစကားသည် လူ့ပြည်၊ နတ်ပြည်ဖြစ်သော ကာမသုဂတိဘုံကိုသာ ရည်ရွယ်၍ ဆိုသောစကား ဖြစ်၏၊ ရူပ အရူပဘုံတို့၌ကား ၇-ကြိမ်ထက်ပို၍လည်း နေကောင်း၏ဟု အဓိပ္ပါယ်ရှိပါသည်။

နိဗ္ဗာနသမာပတ် ဝင်စားနိုက်ဖြစ်သော ပရမတ်တရားတို့ကို ပုဂ္ဂိုလ်အလိုက် ခွဲခြားပြရသော် -

(၁) ကာမဘုံသား အနာဂါမ်နှင့် ရဟန္တာ = ကမ္မဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်

(၂) ရူပဘုံသား အနာဂါမ်နှင့် ရဟန္တာ = ကမ္မဇရုပ်၊ ဥတုဇရုပ်

(ရူပဘုံသားတို့၌ အာဟာရစားသုံးခြင်း မရှိသဖြင့်၊ အာဟာရဇရုပ် မဖြစ်ပါ။)

၁၉၉၉

၁။ သမထ နှင့် ဝိပဿနာတို့၏ အထူးကို ဖော်ပြ၍၊ ဘာဝနာနှင့် ကမ္မဋ္ဌာန်းတို့၏ အဓိပ္ပါယ်, အရကောက်တို့ကိုလည်း အသီးသီး ပြဆိုပါ။

သမထ နှင့် ဝိပဿနာအထူး (၁၉၉၃ နံပါတ်-၁ ကို မှီး၍ ဖြေရန်)

ဘာဝနာ = လွန်စွာ အကျိုးများသဖြင့် မိမိတို့သန္တာန်၌ ရှေးဦးစွာ ဖြစ်စေထိုက်၊ တစ်ကြိမ်ဖြစ်ပြီးနောက် ထပ်ခါထပ်ခါ ပွားများစေထိုက်သောကြောင့် **သမထ-ဝိပဿနာတရား** တို့သည် ဘာဝနာ မည်၏။

အရကား **သမာဓိ** နှင့် **ပညာ** ဖြစ်၏။

ကမ္မဋ္ဌာန်း အဓိပ္ပါယ်နှင့်အရ (၁၉၉၃ နံပါတ်-၁)

၂။ မရဏာနုဿတိကို ရွှမှတ်ခြင်းကြောင့် အမြင့်ဆုံးရရှိနိုင်သော ဘာဝနာနှင့် နိမိတ်ကို ဖော်ပြ၍၊ ဓာတ်ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ်အား စွာန် ရနိုင်-မရနိုင် အကြောင်းပြ ဖြေပါ။

http://www.dhammadownload.com

မရဏာနုဿတိကို ရှုမှတ်ခြင်းကြောင့် အမြင့်ဆုံးရရှိနိုင်သော ဘာဝနာ နှင့် နိမိတ်

ဥပစာရဘာဝနာ နှင့် ဥဂ္ဂဟနိမိတ်

ဓာတ်ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ်အား ဈာန် မရနိုင်ပါ။

အကြောင်းမှာ – ပရမတ်တရားဖြစ်၍ ခက်ခဲနက်နဲသောကြောင့် ဖြစ်ပါသည်။

၃။ သောတာပန်ပုဂ္ဂိုလ်၏ မဂ္ဂဝီထိနောင် ပစ္စဝေက္ခဏာဉာဏ်များ ဖြစ်ပေါ်ပုံကို အများနားလည်အောင် မြန်မာလို ရေးသားဖြေဆိုပါ။

သောတာပန်ပုဂ္ဂိုလ်၏ မဂ္ဂဝီထိနောင် ပစ္စဝေက္ခဏာဉာဏ်များ ဖြစ်ပေါ်ပုံ

(၁) "ငါသည် ဤမဂ်ဖြင့် သောတာပန်အဖြစ်သို့ ရောက်ခဲ့ပြီတကား" ဟု မိမိရသော မဂ်ကို ဆင်ခြင်၏။

(၂) "ငါသည် ဤလောကုတ္တရာအကျိုးကို ရအပ်ပြီတကား" ဟု မိမိရသော ဖိုလ်ကို ဆင်ခြင်၏။

(၃) "ငါသည် ဤမည်သော နိဗ္ဗာန်တရားကို အာရုံအားဖြင့် မျက်မှောက်ပြုအပ်ပေပြီတကား" ဟု နိဗ္ဗာန်ကို ဆင်ခြင်၏။

(၄) "ငါသည် ဤမည်သော ကိလေသာတို့ကို ပယ်အပ်ကုန်ပြီတကား" ဟု ပယ်အပ်သော ကိလေသာတို့ကို ဆင်ခြင်၏။

(၅) "ငါ၌ ဤမည်သော ကိလေသာတို့သည် ကြွင်းကျန်လျက် ရှိသေး၏တကား" ဟု ကြွင်းသောကိလေသာတို့ကို ဆင်ခြင်၏။

ဤသို့ မိမိရသော မဂ်, ဖိုလ် စသောတရားတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်များ ဖြစ်ပေါ်ပါသည်။

၄။ နိရောဓသမာပတ်ကို ဝင်စားခိုက်ဖြစ်သော ပုဂ္ဂိုလ်သည် ကျောင်း၊ သင်္ကန်း စသည်တို့ကို ရန်သူမျိုးငါးပါးကြောင့် မပျက်စီးအောင် မည်သို့ဆောင်ရွက်သနည်း၊ ဖြေဆို၍၊ ယင်း နိရောဓသမာပတ် ဝင်စားနိုင်သော အချိန်ကာလကိုလည်း ဘုံအလိုက် သတ်မှတ်ပြပါ။

http://www.dhammadownload.com

နိရောဓသမာပတ် ဝင်စားခိုက်ဖြစ်သော ပုဂ္ဂိုလ်သည် ကျောင်း၊ သင်္ကန်း စသည်တို့ကို ရန်သူမျိုးငါးပါးကြောင့် မပျက်စီးအောင် နိရောဓသမာပတ် မဝင်စားမီ ကိုယ်နှင့်မစပ် သီးခြားထားသော သင်္ကန်းစသော ပရိက္ခရာများနှင့် ကျောင်းစသည်တို့ကို ရန်သူမျိုးငါးပါးတို့ မဖျက်ဆီးနိုင်အောင် အဓိဋ္ဌာန်ခြင်းဟူသော ပုဗ္ဗကိစ္စကို ပြုရပါသည်။

နိရောဓသမာပတ် ဝင်စားနိုင်သော အချိန်ကာလ

ကာမဘုံ = အလွန်ဆုံး ၇-ရက် (ကဗဠီကာရအာဟာရကိစ္စ ရှိသောကြောင့်)
ရူပဘုံ = အလိုရှိသလောက် (ကဗဠီကာရအာဟာရကိစ္စ မရှိသောကြောင့်)

J000

၁။ ပထဝီကသိုဏ်း ရှုမှတ်ရာတွင် မျက်စိဖြင့်မကြည့်ဘဲ အလွန်ကြည်လင်သော ကသိုဏ်းဝန်းကို မနောဒ္ဒါရိကဇောဝိညာဏ်ဖြင့် မြင်သော ယောဂီပုဂ္ဂိုလ်၏ ဘာဝနာအမျိုးအစားနှင့် နိမိတ်အမျိုးအစားတို့ကို ပြဆို၍၊ ဒေဝတာနုဿတိဘာဝနာကို မည်ကဲ့သို့ ပွားများရမည်ကိုလည်း ညွှန်းဆိုပါ။

ပထဝီကသိုဏ်း ရှုမှတ်ရာတွင် မျက်စိဖြင့်မကြည့်ဘဲ အလွန်ကြည်လင်သော ကသိုဏ်းဝန်းကို မနောဒ္ဒါရိကဇောဝိညာဏ်ဖြင့် မြင်သော ယောဂီပုဂ္ဂိုလ်၏

ဘာဝနာအမျိုးအစား = ဥပစာရဘာဝနာ နှင့် အပ္ပနာဘာဝနာ
နိမိတ်အမျိုးအစား = ပဋိဘာဂနိမိတ်

ဒေဝတာနုဿတိ ပွားများပုံ

အကြင် သဒ္ဓါ အစရှိသည်တို့နှင့် ပြည့်စုံသောသူသည် နတ်အဖြစ်သို့ ရောက်ကုန်၏၊ ထိုနတ်တို့၏ သဒ္ဓါ စသောဂုဏ်တို့နှင့်တူကုန်သော သဒ္ဓါ အစရှိသော ဂုဏ်ကျေးဇူးမျိုးသည် ငါ၌လည်းရှိ၏ဟု နတ်တို့ကို သက်သေအရာ၌ထား၍ မိမိ၏ သဒ္ဓါစသော ဂုဏ်ကျေးဇူးတို့ကို အဖန်တလဲလဲ အောက်မေ့ပွားများရပါမည်။

---

http://www.dhammadownload.com

၂။ အဘိညာဏ်ငါးပါးကို အဓိပ္ပါယ်နှင့်တကွ ဖော်ပြပါ။

(၁) ဣဒ္ဓိဝိဓအဘိညာဏ် = တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်သော အဘိညာဏ်
(၂) ဒိဗ္ဗသောတအဘိညာဏ် = နတ်နားကဲ့သို့ ဝေးသောအသံ၊ သိမ်မွေ့သောအသံများကို ကြားနိုင်သော အဘိညာဏ်
(၃) ပရစိတ္တဝိဇာနနအဘိညာဏ် = သူတစ်ပါးတို့၏စိတ်ကို သိနိုင်သော အဘိညာဏ်
(၄) ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ် = ရှေးက ဖြစ်ခဲ့ဖူးသော ခန္ဓာအစဉ်ကို ပြန်ပြောင်းအောက်မေ့ သိမြင်နိုင်သော အဘိညာဏ်
(၅) ဒိဗ္ဗစက္ခုအဘိညာဏ် = နတ်မျက်စိကဲ့သို့ ဝေးသောအဆင်း၊ သိမ်မွေ့သောအဆင်းတို့ကို မြင်နိုင်သော အဘိညာဏ်

၃။ စိတ္တဝိသုဒ္ဓိအရ စိတ်ကိုသာ ယူသင့်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် သမာဓိက စိတ္တဝိသုဒ္ဓိ မည်ပါသနည်း၊ ဖြေဆိုချ။ သမထနှင့် ဝိပဿနာတို့ကို ပွားများအားထုတ်ခြင်းကြောင့် ရရှိနိုင်သောအကျိုးတို့ကိုလည်း ဦးကာနှင့်အညီ ပြဆိုပါ။

သမာဓိသည် စိတ္တဝိသုဒ္ဓိ မည်ပုံ

စိတ်ကို နီဝရဏ မရှိသည်၏အဖြစ်သို့ ရောက်စေခြင်း၏အစွမ်းဖြင့် သုတ်သင်တတ်သောကြောင့် "သမာဓိ" သည် စိတ္တဝိသုဒ္ဓိ မည်ပါသည်။

သမထနှင့် ဝိပဿနာတို့ကို ပွားများအားထုတ်ခြင်းကြောင့် ရရှိနိုင်သောအကျိုး

- သမထဘာဝနာကို ပွားများအားထုတ်လျှင် မဟဂ္ဂုတ်ဈာန်–အဘိညာဏ် ရ၏။
- ဝိပဿနာဘာဝနာကို ပွားများအားထုတ်လျှင် မဂ်–ဖိုလ် ရ၏။

၂၀၀၁

၁။ "ပဌမာရုပ္ပဈာန်သို့ တက်လှမ်းလိုသော ယောဂီပုဂ္ဂိုလ်သည် အာကာသကသိုဏ်းကြဉ်သော ကသိုဏ်း ၉–ပါးတို့တွင် တစ်ပါးပါးကိုခွာ၍ စီးဖြန်းရမည်" ဟုဆိုရာ အာကာသကသိုဏ်းကို ကြဉ်ရခြင်းအကြောင်းကိုလည်းကောင်း၊ ကသိုဏ်းခွာပုံကိုလည်းကောင်း၊ ကသိုဏ်းကိုးပါးအရ အဘယ်ဈာန်၏ အာရုံဖြစ်သော နိမိတ်ကို

http://www.dhammadownload.com

ယူရမည်ကိုလည်းကောင်း အသိုးသိုး ဖြေဆိုပါ။

အာကာသကသိုဏ်းကို ကြဉ်ရှုခြင်းအကြောင်း

အာကာသကသိုဏ်းကို ခွာခြင်းငှာ မတတ်ကောင်းသောကြောင့် အာကာသကသိုဏ်းကို ကြဉ်ရှုခြင်း ဖြစ်ပါသည်။

(အာကာသကသိုဏ်းသည် ပင်ကိုယ်ကပင် ဟင်းလင်းပြင်ဖြစ်နေသောကြောင့် ၎င်းကို အာရုံမပြုဘဲ ခွာလိုက်သော်လည်း မူလဟင်းလင်းပြင်အတိုင်းပင်ဖြစ်၍ မထူးခြားပါ။)

ကသိုဏ်းခွာပုံ

ကသိုဏ်းပဋိဘာဂနိမိတ်ကို နလုံးမသွင်းခြင်းကိုပင် ကသိုဏ်းခွာသည်ဟုဆို၏။

ကသိုဏ်းအရ

ရူပပဉ္စမစျာန်၏အာရုံဖြစ်သော ကသိုဏ်းဝန်း (ပဋိဘာဂနိမိတ်)ကို ယူရပါမည်။

၂။ "စျာန်ကိုမျှ မရသေးသူများက မဖွင့်ရသေးသော ထိုဂဏန်းများကို ကြိုတင်၍ ဟောပြနိုင်သည်" ဟု ဆိုလျှင် ယုံနိုင်ဖွယ် ရှိပါသလော၊ အဘိဓမ္မာပညာရပ်ဖြင့် ဆန်းစစ်ပြ၍၊ အနာဂတ်သအဘိညာဉ်၏အာရုံကိုလည်း ဖော်ပြပါ။

"စျာန်ကိုမျှ မရသေးသူများက မဖွင့်ရသေးသော ထိုဂဏန်းများကို ကြိုတင်၍ ဟောပြနိုင်သည်" ဟု ဆိုလျှင် ယုံနိုင်ဖွယ် မရှိပါ။

အနာဂတ်အာရုံကို သိနိုင်ခြင်းသည် အနာဂတ်သအဘိညာဉ်၏အစွမ်းသာ ဖြစ်ပါသည်။ ထို့ကြောင့် စျာန်, အဘိညာဉ်ကို မရသေးသူများက မဖွင့်ရသေးသော ထိုဂဏန်းများကို ကြိုတင်၍ ဟောပြနိုင်ခြင်းမှာ မဖြစ်နိုင်ပါ။

အနာဂတ်သအဘိညာဉ်၏အာရုံ

အနာဂတ်ကာလ ခုနစ်ရက်မှ နောက်၌ဖြစ်လတ္တံ့သော စိတ်, စေတသိက်၊

ဒုတိယနေ့မှစ၍ ဖြစ်လတ္တံ့သော ခန္ဓာ, အမည်, အနွယ်, နိဗ္ဗာန် စသော အလုံးစုံသောအာရုံ။

---

http://www.dhammadownload.com

၃။ ဝုဋ္ဌာနဂါမိနီဝိပဿနာအဆင့်ကို ရလိုသော ယောဂီပုဂ္ဂိုလ်သည် အဘယ်ဝိပဿနာဉာဏ်သို့ ရောက်အောင် အားထုတ်ရမည်နည်း၊ ဖြေဆို၍၊ ထိုဉာဏ်များသည် အဘယ့်ကြောင့် ဝုဋ္ဌာနဂါမိနီဝိပဿနာ မည်ကြောင်းကိုလည်း ရေးသားပါ။ (၁၉၉၆ နံပါတ်-၄)

၂၀၀၂

၁။ အဘယ်ကြောင့် ပဋိဘာဂနိမိတ် မည်သည်ကို ဖော်ပြ၍၊ (က) ယင်း ပဋိဘာဂနိမိတ်သည် ပညတ်လော၊ ပရမတ်လော၊ (ခ) ယင်း နိမိတ်ဖြစ်ပေါ်လာခြင်းအကြောင်းကိုပါ ရေးသားခဲ့ပါ။

ပဋိဘာဂနိမိတ်

ဥဂ္ဂဟိမိတ်နှင့် ပုံသဏ္ဌာန် ပမာဏ တူသော, ညီညွတ်သောအဆင်း လက်ချောင်းရာ စသော ကသိုဏ်းဝန်းအပြစ်တို့မှ ကင်းလွတ်သော, ဥပစာရဘာဝနာ၊ အပ္ပနာဘာဝနာတို့၏ အာရုံဖြစ်သော ကသိုဏ်းဝန်း အစရှိသောအာရုံသည် ပဋိဘာဂနိမိတ် မည်၏၊ ဤ ပဋိဘာဂနိမိတ်သည် ကသိုဏ်းဝန်း အပြစ်တို့မှ ကင်းလွတ်သဖြင့် ဥဂ္ဂဟနိမိတ်ထက် အဆအရာ အဆအထောင်မက သာလွန်၍ စင်ကြယ်သန့်ရှင်းပါသည်။

(က) **ပဋိဘာဂနိမိတ်သည်** ပညတ်တရား ဖြစ်ပါသည်။

(ခ) **ပဋိဘာဂနိမိတ် ဖြစ်ပေါ်လာပုံ** – ယောဂီပုဂ္ဂိုလ်သည် ပွားများအားထုတ်သော ဘာဝနာသညာကြောင့် ဖြစ်ပေါ်လာသောအာရုံ ဖြစ်ပါသည်။

၂။ အဘယ်ကြောင့် အဘယ်ဉာဏ်ကို အနုလောမဉာဏ်ဟု ခေါ်ပါသနည်း၊ ဖော်ပြ၍၊ တရားအားထုတ်သူ ယောဂီအား ကိုယ်ရောင်ကိုယ်ဝါများ ထွန်းလင်းလာခြင်း စသည်တို့သည် မဂ် ဟုတ်-မဟုတ် စိစစ်ပြခဲ့ပါ။

မဂ္ဂဝီထိ၌ပါသော ပရိကံ, ဥပစာ, အနုလုံတို့သည် သစ္စာလေးပါးကို ထိုးထွင်း၍ သိတတ်သော မဂ်ဉာဏ် အားလျော်သောကြောင့် **အနုလောမဉာဏ်ဟု ခေါ်ပါသည်။**

၃။ သောတာပန်ပုဂ္ဂိုလ်သည် ပစ္စဝေက္ခဏာဉာဏ် ဆင်ခြင်ပုံ ၅-မျိုးကို ဖော်ပြ၍၊ ရဟန္တာ

http://www.dhammadownload.com

ပုဂ္ဂိုလ်တို့အား အဘယ့်ကြောင့် အဘယ်တရားတို့ကို ဆင်ခြင်ခြင်း မရှိပါသနည်း၊ ဖြေဆိုခဲ့ပါ။

သောတာပန်ပုဂ္ဂိုလ်၏ ပစ္စဝေက္ခဏာဉာဏ် ၅-မျိုး (၁၉၉၉ နံပါတ်-၃)

ရဟန္တာပုဂ္ဂိုလ်သည် ကြွင်းကိလေသာ မရှိတော့သဖြင့် ကြွင်းကိလေသာကို **ဆင်ခြင်ခြင်း မရှိတော့ပါ။**

၄။ သို့လော သို့လော ဝိစိကိစ္ဆာ ဖြစ်နေသူ၏သန္တာန်၌ သမာဓိ ဖြစ်နိုင်-မဖြစ်နိုင် အကြောင်းပြ ဖော်ပြ၍၊ ယင်း ဝိစိကိစ္ဆာ ပယ်ဖျောက်နိုင်ရန် ပေးရမည့် ကသိုဏ်းဝန်းကို အကြောင်းနှင့်တကွ ဖြေဆိုခဲ့ပါ။

သို့လော သို့လော ဝိစိကိစ္ဆာ ဖြစ်နေသူ၏သန္တာန်၌ သမာဓိ မဖြစ်နိုင်ပါ။ အကြောင်းမှာ-

အဓိမောက္ခမှ ကင်းသောကြောင့် ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ရှိသော ဧကဂ္ဂတာသည် စိတ်တည်ကြည်ရုံမျှသာ ဖြစ်၏၊ သမာဓိအဆင့်သို့ မရောက်နိုင်ပါ။

ဝိစိကိစ္ဆာပယ်ဖျောက်နိုင်ရန် ပေးရမည့်ကသိုဏ်းဝန်း

တစ်ထွာနှင့် လက်လေးသစ်ခန့် ပမာဏရှိသော သေးငယ်သော ကသိုဏ်းဝန်းကို ပေးရပါမည်၊ အကြောင်းမှာ ကသိုဏ်းဝန်းကျယ်လျှင် အာရုံသည် စိတ်ပျံ့လွင့်ခြင်း၏ အကြောင်းဖြစ်သောကြောင့်တည်း။

၂၀၀၃

၁။ ဣဒ္ဓိဝိဓအဘိညာဉ်၌ မည်သည့်စွမ်းရည်ထူးမျိုး ရှိသနည်း၊ ဖော်ပြ၍၊ ယင်းအဘိညာဉ်၏ (က) အာရုံ၊ (ခ) ကာလ နှင့် (ဂ) ပရိက်တို့ကို ဖော်ပြပါ။

ဣဒ္ဓိဝိဓအဘိညာဉ်

ရုပ်ကို အဓိဋ္ဌာန်ခြင်း, ဖန်ဆင်းခြင်း စသော အထူးထူး အပြားပြား တန်ခိုးစွမ်းရည်ထူး ရှိ၏။

http://www.dhammadownload.com

ဣန္ဒိဝိဇအေဘိညာဉ်၏

(က) အာရုံ = အဇ္ဈတ္တ, ဗဟိဒ္ဓဖြစ်သော ကာမ, မဟဂ္ဂုတ် ဖြစ်သော အာရုံ ၆-ပါး

(ခ) ကာလ = အတိတ်, ပစ္စုပ္ပန်, အနာဂတ်ကာလ ၃-ပါး

(ဂ) ပရိက် = ဖန်ဆင်းအပ်သောအရာ အစရှိသော သူငယ်ရုပ်ပုံ အစရှိသည်တို့ကို ဖန်ဆင်းမည်ဟု ဆင်ခြင်ခြင်း ပရိက် ပြုရ၏။

၂။ နိရောဓသမာပတ် ဟူသည် အဘယ်ကို ခေါ်ပါသနည်း၊ ဖြေဆို၍၊ ထိုသမာပတ် ဝင်စားနိုင်သော ပုဂ္ဂိုလ်များကိုလည်း ဖော်ပြခဲ့ပါ။

နိရောဓသမာပတ်

စိတ်စေတသိက် စိတ္တဇရုပ်တို့ ချုပ်ငြိမ်းခြင်းသို့ ကောင်းစွာ ရောက်နေခြင်းကို နိရောဓသမာပတ်ဟု ခေါ်ပါသည်။

သမာပတ်ဝင်စားနိုင်သောပုဂ္ဂိုလ် (၁၉၉၇ နံပါတ်-၃)

၃။ မဂ်လေးပါးကို အဘယ့်ကြောင့် "ဉာဏဒဿနဝိသုဒ္ဓိ"ဟု ခေါ်ဆိုရသည်ကို ဖော်ပြပြီးလျှင်၊ ယင်း ဝိသုဒ္ဓိကို ဖြစ်စေနိုင်သည့် ကိုယ်နှင့်တူသော အနီးကပ်ဆုံး အကြောင်းရင်းများကိုလည်း ဖော်ပြခဲ့ပါ။

မဂ်လေးပါးကို ဉာဏဒဿနဝိသုဒ္ဓိဟု ခေါ်ဆိုရခြင်း

သစ္စာလေးပါးတို့ကို သိမြင်တတ်သောကြောင့်လည်းကောင်း၊ မျက်မှောက်ပြုတတ်သောကြောင့်လည်းကောင်း၊ ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်သောကြောင့်လည်းကောင်း၊ မဂ်လေးပါးတို့သည် "ဉာဏဒဿနဝိသုဒ္ဓိ" မည်ပါသည်။

ဉာဏဒဿနဝိသုဒ္ဓိကို ဖြစ်စေနိုင်သည့် ကိုယ်နှင့်တူသော အနီးကပ်ဆုံးအကြောင်းရင်း

ဒိဋ္ဌဝိသုဒ္ဓိ စသော သရီရဝိသုဒ္ဓိ ၄-ပါးအနက် အနီးကပ်ဆုံး အကြောင်းရင်းမှာ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ဖြစ်ပါသည်။

---

http://www.dhammadownload.com

၂၀၀၄

၁။ "ရာဂထူပြော ကိုလူချော" အား မည်သည့်ကမ္မဋ္ဌာန်းမျိုး ပွားများခိုင်းသင့်ပါသနည်း၊ ကြောင်း-ကျိုး ဖော်ပြ၍ ဖြေဆိုပါ။

"ရာဂထူပြော ကိုလူချော" အား အသုဘဆယ်ပါးနှင့် ကာယဂတာသတိကမ္မဋ္ဌာန်းတို့ကို ပွားများခိုင်းသင့်ပါသည်။

ဤကမ္မဋ္ဌာန်းတို့သည် ရာဂနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ရာဂထူပြောသောသူများနှင့် အထူးလျောက်ပတ်သောကြောင့် ဖြစ်ပါသည်။

၂။ ဝသီဘော်ငါးပါးအမည်များကို ဖော်ပြပြီးလျှင် ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် ထိုးထွင်း၍ သိရမည့်အာရုံကိုလည်း တိကျစွာ ဖော်ပြပါ။

ဝသီဘော်ငါးပါးအမည်များ

(၁) အာဝဇ္ဇနဝသီဘော်
(၂) သမာပဇ္ဇနဝသီဘော်
(၃) အဓိဋ္ဌာနဝသီဘော်
(၄) ဝုဋ္ဌာနဝသီဘော်
(၅) ပစ္စဝေက္ခဏာဝသီဘော်

ဒိဗ္ဗစက္ခုအဘိညာဏ်၏အာရုံ

ပစ္စုပ္ပန်ရူပါရုံ ဖြစ်ပါသည်။

၂၀၀၅

၁။ အဘယ်ကြောင့် အဘယ်အာရုံတို့ကို "ကမ္မဋ္ဌာန်း" ဟု ဆိုရပါသနည်း၊ ဖြေဆို၍၊ ဘုရားအာရုံ ပွားများထုံသူသည် အဘယ်ကြောင့် "သဒ္ဓါစရိုက်" ရှိသူနှင့် သင့်မြတ်ရပါသနည်း၊ ဖြေဆိုပါ။

http://www.dhammadownload.com

ကမ္မဋ္ဌာန်း (၁၉၉၃ နံပါတ်-၁)

ဘုရားအာရုံ ပွားများထုံသူသည် "သဒ္ဓါစရိုက်" ရှိသူနှင့် သင့်မြတ်ရခြင်း

ဘုရားအာရုံ ပွားများထုံသူ၏သန္တာန်၌ သဒ္ဓါတရားသည် တိုးပွားလာ၏၊ အဘယ့်ကြောင့်ဆိုသော် ဘုရားအာရုံကို ပွားများခြင်းသည် သဒ္ဓါတရားကို တိုးပွားစေသောကြောင့် ဖြစ်ပါသည်၊ ထို့ကြောင့် ဘုရားအာရုံပွားများထုံသူသည် သဒ္ဓါစရိုက်ရှိသူနှင့် သင့်မြတ်ရခြင်း ဖြစ်ပါသည်။

(စရိုက်ချင်းတူသောကြောင့် ဖြစ်ပါသည်။)

၂။ "မေတ္တာ, ကရုဏာ, မုဒိတာ" ဟူသော ဗြဟ္မဝိဟာရတရားတို့သည် ပထမစျာန် စသော (၄)ပါး၌ ဖြစ်စေရခြင်းကို ဖော်ပြ၍၊ ဝသီဘော်ငါးပါးသရုပ်တို့ကို ရေတွက်ပြပါ။

"မေတ္တာ, ကရုဏာ, မုဒိတာ" တို့ ပဌမစျာန်စသော ၄-ပါး၌ ဖြစ်စေခြင်း

မေတ္တာသည် ဒေါမနဿနှင့်တကွဖြစ်သော ဗျာပါဒကိုပယ်ခြင်း, ကရုဏာသည် သတ္တဝါတို့အား ညှဉ်းဆဲခြင်း ဝိဟိံသတရားကိုပယ်ခြင်း၊ မုဒိတာသည် သူတစ်ပါး စည်းစိမ်၌ မမွေ့လျော်ခြင်း အနဘိရတိတရားကို ပယ်ခြင်းတို့ကြောင့် သောမနဿဝေဒနာနှင့်သာတကွ ဖြစ်၏၊ ထို့ကြောင့် ထိုတရား ၃-ပါးသည် ပထမစျာန်စသော စျာန် ၄-ပါးကိုသာ ဖြစ်စေပါသည်။

ဝသီဘော်ငါးပါးသရုပ် (၂၀၀၄ နံပါတ်-၂)

၃။ အဘယ်သို့ ပြုလုပ်အားထုတ်သူကို (ပဋိဘာဂနိမိတ်မှ ခွာသည်ဟု) ဆိုရပုံကို လောကီဥပမာစကားဖြင့် ရှင်းလင်းဖြေဆို၍၊ အဘယ်သို့သောတရားကို (အပွဏိဟိတဝိမောက္ခ)ဟု ဆိုရပါသနည်း။

"ပဋိဘာဂနိမိတ်မှ ခွါသည်" ဟူသည်

မုန့်အိုးကင်းမှ မုန့်ကို ခွာခြင်းမျိုးကို ခေါ်သည်မဟုတ်ပါ၊ ကသိဏ်းပဋိဘာဂနိမိတ်ကို နှလုံးမသွင်းခြင်းကိုပင် 'ပဋိဘာဂနိမိတ်မှ ခွါသည်' ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

အပ္ပဏိဟိတဝိမောက္ခ

ဝုဋ္ဌာနဂါမိနီဝိပဿနာသည် ဒုက္ခဟု စီးဖြန်း၍ မဂ်ဖြစ်ပေါ်လာလျှင် ထိုမဂ်သည် အပ္ပဏိဟိတဝိမောက္ခ, ထိုမဂ်နောင် ဖြစ်ပေါ်သောဖိုလ်သည်လည်း အပ္ပဏိဟိတဝိမောက္ခ မည်ပါသည်။

၄။ အဘယ်သို့သော သဘောဓမ္မကို (သီလ)ဟု ဆိုရပါသနည်း၊ ဖြေဆို၍၊ အဘယ်သို့ ဖြစ်သော (သီလ)ကို (အာဇီဝပါရိသုဒ္ဓိသီလ) ဟု ခေါ်ရပါသနည်း၊ ရှင်းပြဖြေဆိုပါ။

သီလ

ကာယကံ, ဝစီကံတို့ကို ဖရိုဖရဲ မရှိရအောင် ကောင်းစွာထားခြင်း၊ ကုသိုလ်တရား တို့ကို လွန်စွာဆောင်ခြင်းသဘောကို သီလ ဟု ဆိုရပါသည်။

အာဇီဝပါရိသုဒ္ဓိသီလ

မိစ္ဆာဇီဝမှ ရှောင်ကြဉ်ခြင်းကြောင့် အသက်မွေးခြင်း စင်ကြယ်သည်၏အစွမ်းဖြင့် ဖြစ်သောသီလသည် အာဇီဝပါရိသုဒ္ဓိသီလ မည်ပါသည်။

၅။ သတ္တကွတ္တုပရမသောတာပန်ခေါ်ရပုံကို ဦးကာ မြန်မာပြန်နည်းအရ ရှင်းပြ၍၊ ရဟန္တာ ပုဂ္ဂိုလ်မြတ်ကို (အဂ္ဂဒက္ခိဏေယျ) အမြတ်ဆုံး, အသာဆုံး ပုဂ္ဂိုလ်ဟု ခေါ်ဆိုရပုံကို ရှင်းလင်းဖြေဆိုပါ။

သတ္တကွတ္တုပရမသောတာပန်

ကာမသုဂတိဘုံ၌ ၇-ကြိမ်သာ ပဋိသန္ဓေနေခြင်းဟူသော အတိုင်းအရှည်ရှိသော သောတာပန်ဟု ဆိုလိုပါသည်။

အဂ္ဂဒက္ခိဏေယျ ပုဂ္ဂိုလ်ဟုခေါ်ရခြင်း

ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တမဂ်ဉာဏ်ဖြင့် အလုံးစုံသော ကိလေသာတို့ကို အကြွင်းမဲ့ ပယ်ဖျက်သောကြောင့် လောကဌ် မြတ်သောအလှူကို ခံထိုက်သော အဂ္ဂဒက္ခိဏေယျပုဂ္ဂိုလ်ဟု ခေါ်ဆိုရပါသည်။

---

http://www.dhammadownload.com

၂၀၀၆

၁။ ဗုဒ္ဓါနုဿတိ–အရ အဘယ်ကို အဘယ်သို့ ပွားများလျှင် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းဖြစ်နိုင်ပါသနည်း၊ ဖြေဆို၍၊ အောက်ပါတို့၏ အဓိပ္ပါယ်တို့ကိုလည်း ဖြေဆိုခဲ့ပါ။
(က) သမထ (ခ) ဝိပဿနာ (ဂ) စရိုက်

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း

မြတ်စွာဘုရားရှင်၏ အရဟံအစရှိသော ဂုဏ်တော်တို့ကို အဖန်တလဲလဲ အောက်မေ့ပွားများနေလျှင် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ဖြစ်ပါသည်။

(က) သမထ (၁၉၉၃ နံပါတ်–၁)
(ခ) ဝိပဿနာ (၁၉၉၃ နံပါတ်–၁)
(ဂ) စရိုက် (၁၉၉၇ နံပါတ်–၁)

၂။ ကမ္မဋ္ဌာန်းလေးဆယ်တို့တွင် ပညတ်ကမ္မဋ္ဌာန်းနှင့် ပရမတ်ကမ္မဋ္ဌာန်းကို ပွားများသင့်သော ပုဂ္ဂိုလ်တို့ကို သေချာစွာ ခွဲခြားဖြေဆို၍၊ အာနာပါနကမ္မဋ္ဌာန်းကို ပွားများသင့်သောပုဂ္ဂိုလ်တို့ကို အကြောင်းရင်းနှင့်တကွ ဖြေဆိုခဲ့ပါ။

ပညတ်ပရမတ်ကမ္မဋ္ဌာန်း

ကသိုဏ်း ၁၀–ပါး၊ အသုဘ ၁၀–ပါး၊ ကာယဂတာသတိ၊ အာနာပါနသတိ၊ ဗြဟ္မဝိဟာရ ၄–ပါး၊ ပဋိကူလပွနှင့် တတိယာရုပ္ပ ပေါင်း ၂၈–ပါးသော ကမ္မဋ္ဌာန်းများ ပညတ်ကမ္မဋ္ဌာန်း ဖြစ်ပါသည်၊ ကြွင်း ၁၂–ပါးမှာ ပရမတ်ကမ္မဋ္ဌာန်း ဖြစ်ပါသည်။
(ထိုကမ္မဋ္ဌာန်းများကို ပွားများသင့်သောပုဂ္ဂိုလ် – အဘိဓမ္မာအတိုင်းသိပါ)

အာနာပါနကမ္မဋ္ဌာန်း (၁၉၉၁ နံပါတ်–၁)

၃။ မဂ္ဂါမဂ္ဂဉာဏဒဿန–၌ အဘယ်တရားများကို မဂ္ဂ, အမဂ္ဂ–ဟု ခေါ်ပါသနည်း၊ သေချာစွာ ခွဲခြားဖြေဆို၍၊ ဝိပဿနာဉာဏ်စဉ်တို့မှ အောက်ဖော်ပြပါဉာဏ်တို့၏ အဓိပ္ပါယ်တို့ကိုလည်း ဖြေဆိုခဲ့ပါ။
(က) ဥဒယဗ္ဗယဉာဏ်၊ (ခ) ဘင်္ဂဉာဏ်၊ (ဂ) ဘယဉာဏ်

http://www.dhammadownload.com

မဂ္ဂါမဂ္ဂဉာဏဒဿနဒ္ဒိ မဂ္ဂနှင့် အမဂ္ဂတရားများ

သြဘာသစသော ဝိပဿနာညစ်ညူးကြောင့် ဘေးရန် ၁၀-ပါးတို့သည် အမဂ္ဂ = လမ်းမှား ဖြစ်ပါသည်။

ဝိပဿနာညစ်ညူးကြောင့် ဘေးရန်တို့မှ လွတ်သော ဝိပဿနာဘာဝနာ၏ အာရုံလမ်းသို့သွားသော ဝိပဿနာဉာဏ်သည် မဂ္ဂ = လမ်းမှန် ဖြစ်ပါသည်။

(က) **ဥဒယဗ္ဗယဉာဏ်** -ခန္ဓာတို့၏ ဖြစ်ခြင်း, ပျက်ခြင်းကို သိတတ်သောဉာဏ်သည် ဥဒယဗ္ဗယဉာဏ် မည်ပါသည်။

(ခ) **ဘင်္ဂဉာဏ်** -ဖြစ်ခြင်းကို လွှတ်၍ ပျက်ခြင်းမျှကိုသာ ရှုတတ်သောဉာဏ်သည် ဘင်္ဂဉာဏ် မည်ပါသည်။

(ဂ) **ဘယဉာဏ်**- ခြေသုံ့အစရှိသည်တို့၏ ကြောက်မက်ဖွယ်အခြင်းအရာကို ရှုသကဲ့သို့၊ ထို့အတူ ပျက်ခြင်း၏အစွမ်းဖြင့် ထင်လာသော တေဘူမကသင်္ခါရတရားတို့၏ ကြောက်မက်ဖွယ်အခြင်းအရာကိုရှုတတ်သောဉာဏ်သည် ဘယဉာဏ်မည်ပါသည်။

၄။ နိရောဓသမာပတ်ကို ဝင်စားနိုင်သော ပုဂ္ဂိုလ်တို့ကို ဖော်ပြ၍၊ နိရောဓသမာပတ် ဝင်စားခါနီး၌ ပြုကျင့်ရမည့် ပုဗ္ဗကိစ္စတို့ကိုလည်း ဖြေဆိုခဲ့ပါ။

နိရောဓသမာပတ် ဝင်စားနိုင်သောပုဂ္ဂိုလ် (၁၉၉၇ နံပါတ်-၃)

ပုဗ္ဗကိစ္စ (၁၉၉၅ နံပါတ်-၄)

၂၀၀၇

၁။ 'စရိုက်ကောင်းသည်၊ ညံ့သည်'ဟု ပြောဆိုသုံးနှုန်းလေ့ရှိကြရာ ယင်းစရိုက်အပြားသည် (က) မူလ၊ (ခ) သံသဂ္ဂ၏ အစွမ်းအားဖြင့် မည်မျှရှိသည်ကို သချိုင်္ကမျှဖော်ပြ၍၊ ပုဂ္ဂိုလ်မရွေး ပွားများသင့်သော ကမ္မဋ္ဌာန်းတို့ကိုလည်း ဖော်ပြပါ။

စရိုက်အပြားသည် (က) မူလအစွမ်းအားဖြင့် - ၆ ပါး
(ခ) သံသဂ္ဂအစွမ်းအားဖြင့် - ၆၃ ပါး
(အချို့ဆရာတို့အလို ၆၄-ပါး) ဖြစ်ပါသည်။

http://www.dhammadownload.com

ပုဂ္ဂိုလ်မရွေးပွားများသင့်သောကမ္မဋ္ဌာန်းမှာ

ဓာတ်ကြီး ၄-ပါးကသိုဏ်း၊ အာကာသကသိုဏ်း၊ အာလောကကသိုဏ်း၊ အာရုပ္ပ ၄-ပါး၊ ပေါင်း ၁၀-ပါးသော ကမ္မဋ္ဌာန်းတို့ ဖြစ်ပါသည်။

၂။ ကမ္မဋ္ဌာန်းတရား အားထုတ်လိုသော ယောဂီများ အားမထုတ်မီ ပြုကျင့်ရမည့် ကျင့်ဝတ်တို့ကို အစဉ်မမှားအောင်ရေး၍၊ အဓိဋ္ဌာနဝသီဘော်၏ အဓိပ္ပါယ်ကိုလည်း ဖြေဆိုပါ။

ကမ္မဋ္ဌာန်းတရားအားထုတ်လိုသော ယောဂီများ အားမထုတ်မီပြုကျင့်ရမည့် ကျင့်ဝတ်များမှာ -

(၁) စတုပါရိသုဒ္ဓိသီလကို စင်ကြယ်အောင် သုတ်သင်ရမည်။

(၂) ပလိဗောဓကြီး ၁၀-ပါးကို ဖြတ်တောက်ရမည်။

(၃) ချစ်မြတ်နိုးအပ်သည်အဖြစ်, အလေးအမြတ်ပြုအပ်သည်အဖြစ်, မေတ္တာပွားစေအပ်သည်အဖြစ် အစရှိသောဂုဏ်နှင့်ပြည့်စုံသော ကလျာဏမိတ္တသို့ ချဉ်းကပ်ကာ မိမိ၏စရိုက်နှင့် သင့်လျော်သောကမ္မဋ္ဌာန်းကို သင်ယူရမည်။

(၄) ထို့နောက် ဘာဝနာနှင့် မလျောက်ပတ်သောကျောင်း ၁၈-ပါးကို ပယ်၍ အင်္ဂါ ၅-ပါးနှင့် ပြည့်စုံသော ဘာဝနာနှင့် လျောက်ပတ်သောကျောင်း၌ နေထိုင်ရမည်။

(၅) ပလိဗောဓငယ်များ ဖြတ်တောက်ရမည်။

အဓိဋ္ဌာနဝသီဘော်

ရေကာတာရိုးသည် လျင်မြန်သော အလျဉ်ရှိသော မြစ်၏ရေအလျဉ်ကို ဖြတ်တောက်ဆီးတားသကဲ့သို့၊ ထို့အတူ ဘဝင်အဟုန်ကို ဖြတ်တောက်တားဆီး၍ ပိုင်းခြားသတ်မှတ်အပ်သော ကာလပတ်လုံး ဘဝင်မကျအောင် စွာန်ကို စောင့်ရှောက်ခြင်း၌ စွမ်းနိုင်သည်၏အဖြစ်သည် အဓိဋ္ဌာနဝသီဘော် မည်ပါသည်။

၃။ အဘိညာဏ် (၅)ပါး ဖြစ်ပွားလိုသူသည် အဘယ်တရားများကို ဆင်ခြင်ရပါသနည်း၊ အသီးသီး ဖြေဆိုပါ။

http://www.dhammadownload.com

အဘိညာဏ် ၅-ပါးဖြစ်ပွားလိုသူ ဆင်ခြင်ရမည့်တရားများ

(၁) ကွဒ္ဓိဝိဓအဘိညာဏ် ဖြစ်ပွားလိုသူသည် အဓိဋ္ဌာန်အပ်သော 'သတ = တစ်ရာ' အစရှိသော အာရုံ, အထူးပြု စီမံအပ်သော သတို့သားအဆင်းအစရှိသော အာရုံများကို ဆင်ခြင်ရပါမည်။

(၂) ဒိဗ္ဗသောတအဘိညာဏ်ဖြစ်ပွားလိုသူသည် ကြီးကျယ်သော အသံ, သိမ်မွေ့သော အသံ စသည်တို့ကို ဆင်ခြင်ရပါမည်။

(၃) စေတောပရိယအဘိညာဏ် ဖြစ်ပွားလိုသူသည် သူတစ်ပါး၏နှလုံးသားဌာန ဖြစ်သော သွေးအဆင်းကို ကြည့်ရှုခြင်းဖြင့်ဖြစ်သော သရာဂစိတ် စသည်တို့ကို ဆင်ခြင်ရပါမည်။

(၄) ပုဗ္ဗေနိဝါသာနုဿတိအဘိညာဏ် ဖြစ်ပွားလိုသူသည် 'ရှေးဘဝတို့၌ စုတိစိတ်' အစရှိသော ရှေးရှေးဘဝ၌ နေခဲ့ဖူးသောခန္ဓာကို ဆင်ခြင်ရပါမည်။

(၅) ဒိဗ္ဗစက္ခုအဘိညာဏ် ဖြစ်ပွားလိုသူသည် အရောင်အဆင်း ဖြန့်အပ်ရာအရပ်၌ ဖြစ်သော ရူပါရုံကို ဆင်ခြင်ရပါမည်။

၄။ 'စတုပါရိသုဒ္ဓိသီလ'ဟု ခေါ်ဆိုရခြင်း၏ အကြောင်းတို့ကို ရေး၍၊ ဒိဋ္ဌိဝိသုဒ္ဓိ နှင့် ကင်္ခါ-ဝိတရဏဝိသုဒ္ဓိတို့၏ ထူးခြားပုံကိုလည်း သစ္စာအားဖြင့် ခွဲခြားပြပါ။

စတုပါရိသုဒ္ဓိသီလမည်ပုံ

၄-ပါးအပြားရှိသောကြောင့်လည်းကောင်း၊ ဒေသနာကြားခြင်း၊ စောင့်စည်းခြင်း၊ တရားသဖြင့် ရှာမှီးခြင်း၊ ဉာဏ်ဖြင့် သက်ဝင်ဆင်ခြင်ခြင်းတို့၏ အစွမ်းဖြင့် ထက်ဝန်းကျင် စင်ကြယ်သောကြောင့်လည်းကောင်း စတုပါရိသုဒ္ဓိသီလ မည်ပါသည်။

ဒိဋ္ဌိဝိသုဒ္ဓိနှင့် ကင်္ခါဝိတရဏဝိသုဒ္ဓိ ထူးခြားပုံ

ဒိဋ္ဌိဝိသုဒ္ဓိသည် လောကီဉာဏ်ဖြင့် ဒုက္ခသစ္စာကို ပိုင်းခြားမှတ်သားခြင်းဖြစ်ပြီး၊

ကင်္ခါဝိတရဏဝိသုဒ္ဓိသည် လောကီဉာဏ်ဖြင့် သမုဒယသစ္စာကို ပိုင်းခြားမှတ်သားခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

အဘိဓမ္မာ (ဂုဏ်ထူးဆောင်)

တတိယဆင့်

မေးခွန်းနှင့် အဖြေများ (ဓနာက်ဆက်တွဲ)

http://www.dhammadownload.com

အဘိဓမ္မာ(ဂုဏ်ထူးဆောင်) တတိယဆင့်
မေးခွန်းနှင့် အဖြေများ (နောက်ဆက်တွဲ)

၂၀၀၈-ခုနှစ်

၁။ သမုစ္စည်းပိုင်း၌ ပြဆိုသော သင်္ဂဟလေးပါး၏ အဓိပ္ပါယ်ကို အသီးသီး ရေးသားဖြေဆို၍၊ ကာယဂန္ထ၏ သဘောအဓိပ္ပါယ်ကိုလည်း ပေါ်လွင်အောင် ရေးသားဖြေဆိုခဲ့ပါ။

သမုစ္စည်းပိုင်းလာ သင်္ဂဟလေးပါး၏ အဓိပ္ပါယ်များ

အကုသလသင်္ဂဟ - အကုသိုလ်ဇာတ်အားဖြင့် တူသောသဘော ရှိကုန်သော အာသဝေါ စသောတရားတို့ကို တစ်ပေါင်းတည်းပြု၍ ပြဆိုရာဖြစ်သော သင်္ဂဟ၊

မိဿကသင်္ဂဟ - ကုသိုလ်, အကုသိုလ်, အဗျာကတဖြစ်သော တရားတို့ကို ရောနှော၍ သိမ်းယူပြဆိုရာဖြစ်သော သင်္ဂဟ၊

ဟေဓိပတ္ထိယသင်္ဂဟ - ဟေဓိညာဏ်၏ ရင့်ခြင်းအကြောင်း ဖြစ်ကုန်သော သတိပဋ္ဌာန် စသော တရားတို့ကို တစ်ပေါင်းတည်း သိမ်းယူပြဆိုရာဖြစ်သော သင်္ဂဟ၊

သဗ္ဗသင်္ဂဟ - အလုံးစုံသော ပရမတ္ထတရားတို့ကို ခန္ဓာ အစရှိသည်တို့၏ အစွမ်းဖြင့် တစ်ပေါင်းတည်း သိမ်းယူပြဆိုရာဖြစ်သော သင်္ဂဟ၊

ကာယဂန္ထ၏သဘောအဓိပ္ပါယ် (၁၉၉၃ နံပါတ်-၁)

- - - -

http://www.dhammadownload.com

'စာန' 'အင်' မည်ပုံ

အာရုံသို့ကပ်၍ ကြဲခြင်းဟု ဆိုအပ်သော ရှုတတ်သောအနက်ကြောင့်လည်းကောင်း၊ ထိုက်သည့်အားလျော်စွာ ဆန့်ကျင်ဘက်ဖြစ်သော နီဝရဏတရားတို့ကို လောင်ကျွမ်းစေတတ်သောကြောင့်လည်းကောင်း ဝိတက်စသောတရားတို့ သည် 'စာန' မည်၏။

ထိုစာန်တို့ဟူသည် အပေါင်းဖြစ်ကုန်သော စာနတရားတို့ကို အစိတ်၏အဖြစ်ဖြင့် သိအပ်ကုန်သောကြောင့် 'အင်' တို့လည်း မည်၏။

(က) **စက္ခုန္ဒြေ** - စက္ခုပသာဒရုပ်သည် မြင်ခြင်းကိစ္စကြောင့် စက္ခုဝိညာဉ်ကို အစိုးရသည်၏အဖြစ်ကြောင့် စက္ခုန္ဒြေ မည်၏။

(ခ) **အဓိပတိ** - မိမိနှင့်စပ်၍ဖြစ်သော သမ္မယုတ်တရားတို့၏ အရှင်သခင်အကြီးအမှူး ဖြစ်သောကြောင့် ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသ တရား ၄-ပါးတို့သည် အဓိပတိ မည်၏။

(ဂ) **အာဟာရ** - တကွဖြစ်ဘက် သဟဇာတ်တရားတို့ကို ဆောင်တတ်သောကြောင့် ကဗဠီကာရာဟာရ၊ ဖဿာဟာရ၊ မနောသဉ္စေတနာဟာရ၊ ဝိညာဏာဟာရ တို့သည် အာဟာရ မည်၏။

၃။ သမုဒယကြောင့် ဒုက္ခဖြစ်ရသည် ဟုဆိုရာ တဏှာသည် အဘယ်ကြောင့် ဒုက္ခ၏ ပဓာန အကြောင်းတရား ဖြစ်ရသည်ကို သေချာရှင်းပြ၍၊ ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာတို့၏ ထူးခြားပုံကိုလည်း ရေးခဲ့ပါ။

တဏှာ (၁၉၉၄ နံပါတ်-၃, ၁၉၉၉ နံပါတ်-၃)
ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ (၂၀၀၂ နံပါတ်-၃)

၄။ ပစ္စည်းတရားသည် ပစ္စယုပ္ပန်တရားကို ကျေးဇူးပြုသည်ဟု ဆိုရာ ကျေးဇူးပြုခြင်း၏ အဓိပ္ပါယ်ကို ဖြေဆို၍၊ သဒ္ဒါရုံ၏အဓိပ္ပါယ်, အရကောက်, အပြားတို့ကိုလည်း မမှားရအောင် သတိဆောင်၍ ဖြေဆိုခဲ့ပါ။

ကျေးဇူးပြုခြင်း၏ အဓိပ္ပါယ် (၁၉၉၆ နံပါတ်-၂)
သဒ္ဒါရုံ၏အဓိပ္ပါယ်, အရကောက်, အပြား (၁၉၉၃ နံပါတ်-၁)

http://www.dhammadownload.com

၅။ "ဘဝပစ္စယာ ဇာတိ"၌ ဘဝ၏အရကို အကြောင်းပြ၍ ဖြေဆိုပြီးလျှင်၊ အနန္တရပစ္စယော၌ အနန္တရ၏သဘောအဓိပ္ပါယ်ကို ဖြေဆိုခဲ့ပါ။

"ဘဝပစ္စယာ ဇာတိ"၌ ဘဝ၏အရ (၂၀၀၂ နံပါတ်-၁)

အနန္တရပစ္စယော၌ အနန္တရ၏သဘောအဓိပ္ပါယ်

အနန္တရပစ္စယော၌ အနန္တရ၏ သဘောအဓိပ္ပါယ်မှာ ပစ္စယုပ္ပန်တရားနှင့်တကွ အကြားမရှိသောသဘော ဖြစ်ပါသည်။

- - - -

http://www.dhammadownload.com

ကမ္မဋ္ဌာန်း (၁၉၉၃ နံပါတ်-၁)

သမထ, ဝိပဿနာ ဘာဝနာနှစ်ပါးကို ပွားများအာထုတ်မှု၏ ဖြစ်ရာ တည်ရာ ဖြစ်သောကြောင့် ပထဝီကသိုဏ်းစသောအာရုံနှင့် တေဘူမကသင်္ခါရအာရုံတို့သည် ကမ္မဋ္ဌာန်းမည်ပါသည်။

(တစ်နည်း) နောက်နောက်ပွားများအားထုတ်မှု၏ နိုးစွာသောအကြောင်း ဖြစ်သော ရှေးရှေးပွားများအားထုတ်မှု ဟူသော ဘာဝနာအစဉ်ကို ကမ္မဋ္ဌာန်းဟု ခေါ်ဆိုပါသည်။

(က) နိမိတ် - အာရမ္မဏိကတရားတို့ဖြင့် သိအပ်သောကြောင့် အာရုံတရားသည် နိမိတ် မည်၏။

(ခ) ပရိကမ္မနိမိတ် - ပရိကမ္မဘာဝနာ၏ အာရုံဖြစ်သောကြောင့် ပထဝီကသိုဏ်းဝန်းအစရှိသော အာရုံသည် ပရိကမ္မနိမိတ် မည်၏။

(ဂ) ဥဂ္ဂဟနိမိတ် - စက္ခုဝိညာဏ်ဖြင့် ယူအပ်မြင်အပ်သကဲ့သို့ မနောဒွါရိကကုသိုလ်ဇောစိတ်ဖြင့် မှန်းဆ၍ ယူအပ်သောကြောင့် ကသိုဏ်းဝန်းအစရှိသောအာရုံသည် ဥဂ္ဂဟနိမိတ် မည်၏။

(ဃ)ပဋိဘာဂနိမိတ် - ညီသောအဆင်း စသော ကသိုဏ်းဝန်းအပြစ်မှ ကင်းသော ဥပစာရဘာဝနာ, အပ္ပနာဘာဝနာတို့၏အာရုံဖြစ်သော ကသိုဏ်းဝန်း အစရှိသောအာရုံသည် ပဋိဘာဂနိမိတ် မည်၏။

၈။ မေတ္တာခြုံလျှင် လုံသည်ဟု ဆိုရာ (က) မေတ္တာဟု ခေါ်ရခြင်းအကြောင်း၊ (ခ) မေတ္တာ၏ လက္ခဏာ၊ (ဂ) မေတ္တာ၏တရားကိုယ်တို့ကို တိကျစွာဖြေဆို၍၊ အဘယ်ကို ပြဟ္မဝိဟာရဟု ခေါ်ဆိုပါသနည်း၊ နည်းစုံအောင် ဖြေဆိုခဲ့ပါ။

(က) **မေတ္တာ**

ချစ်တတ်သောကြောင့်လည်းကောင်း၊ ချစ်အပ်သောပုဂ္ဂိုလ်တို့၌ အာရုံပြုသောအားဖြင့် ဖြစ်တတ်သောကြောင့်လည်းကောင်း မေတ္တာ မည်ပါသည်။

(တစ်နည်း) အတိုင်းမသိသော သုခိတ, ဒုက္ခိတ သတ္တဝါပညတ်ကို အာရုံပြု၍ အမျှချစ်ခြင်းသည် မေတ္တာ မည်ပါသည်။

http://www.dhammadownload.com

(ခ) **မေတ္တာ၏ လက္ခဏာ**
သတ္တဝါတို့၏ စီးပွားချမ်းသာကိုဆောင်လိုခြင်း လက္ခဏာ ရှိ၏။

(ဂ) **မေတ္တာ၏ တရားကိုယ်**
အဒေါသစေတသိက် ဖြစ်၏။

ပြဟ္မဝိဟာရ

- ကောင်းမြတ်သောအကျင့်မြတ်, မြတ်သောကျင့်သုံးအပ်သောတရား ဖြစ်သောကြောင့် ပြဟ္မဝိဟာရ မည်၏။
- (တစ်နည်း) ပြဟ္မာ့အသွင်အလွန်မြတ်ကုန်သောယောဂီအရှင်တို့၏ ကျင့်သုံးရာတရား, ကျင့်အပ်ဖြစ်စေအပ်သောတရား ဖြစ်သောကြောင့် ပြဟ္မဝိဟာရ မည်၏။

၉။ ကောင်းမြတ်သောသဒ္ဓါတရားနှင့် ပြည့်စုံသောသူသည် ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများနေရုံမျှဖြင့် စွာန်, မဂ်, ဖိုလ်တရားများ ရနိုင်-မရနိုင် အကြောင်းပြ၍ ဖြေဆိုပြီးလျှင်၊ ရာဂထူပြောသောပုဂ္ဂိုလ်တို့အား အထူးပွားများသင့်သော ကမ္မဋ္ဌာန်းတို့ကိုလည်း အကြောင်းသွင်း၍ ဖြေဆိုခဲ့ပါ။

ကောင်းမြတ်သော သဒ္ဓါတရားနှင့် ပြည့်စုံသောသူသည် ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများနေရုံမျှဖြင့် စွာန်, မဂ်, ဖိုလ်တရားများ မရနိုင်ပါ။

သို့သော် ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများလျှင် ဥပစာရသမာဓိအဆင့်ထိ ရောက်နိုင်ပါသည်၊ ဥပစာရသမာဓိအဆင့် ဟူသည် စိတ္တဝိသုဒ္ဓိ ဖြစ်၏၊ ထို ဥပစာရသမာဓိကို အခြေခံ၍ ဝိပဿနာဘာဝနာကို ပွားများလျှင် ဝိသုဒ္ဓိအစဉ် အတိုင်းသွားလျက် မဂ်, ဖိုလ်တရားများကို ရရှိနိုင်ပါသည်။

ရာဂထူပြောသော ပုဂ္ဂိုလ်တို့အား အထူးပွားများသင့်သော ကမ္မဋ္ဌာန်းမှာ -

အသုဘ ၁၀-ပါးနှင့် ကာယဂတာသတိကမ္မဋ္ဌာန်း ပေါင်း ၁၁-ပါး ဖြစ်ပါသည်။

အကြောင်းမှာ - ထိုကမ္မဋ္ဌာန်းတို့သည် ရာဂစရိုက်၏ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက် ဖြစ်သောကြောင့်လည်းကောင်း, မကောင်းသောစရိုက်များကို မတိုးပွားစေခြင်း၏ အကြောင်း ဖြစ်သောကြောင့်လည်းကောင်း အထူးအားဖြင့် ပွားများရခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

၁၀။ တီဏိ လက္ခဏာနိ - ၌ လက္ခဏာ ဟု ခေါ်ဆိုရခြင်းအကြောင်းကို နည်းစုံအောင် ဖြေဆို၍၊ အောက်ပါတို့၏ အဓိပ္ပါယ်ကိုလည်း ပေါ်လွင်အောင် ရေးသားခဲ့ပါ-
(က) အနိစ္စလက္ခဏာ (ခ) ဒုက္ခလက္ခဏာ (ဂ) အနတ္တလက္ခဏာ။

လက္ခဏာ

- သခါရတရားတို့၏မှတ်သားအပ်သောကြောင့် အမှတ်အသားသည် လက္ခဏာမည်၏၊
- (တစ်နည်း) သခါရတရားတို့၏ မှတ်သားကြောင်း ဖြစ်သောကြောင့် အမှတ်အသား သည် လက္ခဏာ မည်၏။

(က) အနိစ္စလက္ခဏာ - ခန္ဓာ ၅-ပါး ရုပ်နာမ်တရားတို့၏ မမြဲသောအဖြစ်ဖြင့် မှတ်ကြောင်း ဖြစ်သော ကြောင့် အနိစ္စလက္ခဏာ မည်၏။

(ခ) ဒုက္ခလက္ခဏာ - ခန္ဓာ ၅-ပါး ရုပ်နာမ်တရားတို့၏ ဖြစ်ခြင်းပျက်ခြင်းဖြင့် နှိပ်စက်၍ ဆင်းရဲသောအဖြစ်ဖြင့် မှတ်ကြောင်းဖြစ်သောကြောင့် ဒုက္ခလက္ခဏာ မည်၏။

(ဂ) အနတ္တလက္ခဏာ - ခန္ဓာ ၅-ပါး ရုပ်နာမ်တရားတို့၏ အလိုမလိုက်သောအားဖြင့် မှတ်ကြောင်း ဖြစ်သောကြောင့် အနတ္တလက္ခဏာ မည်၏။

၂၀၀၉-ဒုနှစ်

၁။ ဗုဒ္ဓဘာသာဝင်တို့သည် ဩဃလေးဖြာ သံသရာမှလွတ်ရန် ဆုတောင်းလေ့ရှိကြရာ ဩဃ ဟု ခေါ်ဆိုရခြင်း အကြောင်းကို ရေးသားဖြေဆို၍၊ အောက်ပါတို့၏အဓိပ္ပါယ်ကိုလည်း ပေါ်လွင်အောင် ရေးသားဖြေဆိုခဲ့ပါ။
(က) နိဝရဏ၊ (ခ) အနုသယ၊ (ဂ) သံယောဇဉ်၊ (ဃ) ကိလေသာ။

ဩဃ (၁၉၉၀-၁)
(က) နိဝရဏ (၁၉၉၇ နံပါတ်-၁) (ခ) အနုသယ (၂၀၀၆ နံပါတ်-၁)
(ဂ) သံယောဇဉ် (၁၉၉၉ နံပါတ်-၁) (ဃ) ကိလေသာ (၂၀၀၆ နံပါတ်-၁)

http://www.dhammadownload.com

၂။ စတ္တာရော အဓိပတိ - ၌ အဓိပတိ၏အဓိပ္ပါယ်ကို ရေးသားဖြေဆိုပြီး၊ ဒွေပဉ္စဝိညာဉ်တို့၌ စာနင်မရခြင်း၏ အကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။

အဓိပတိ (၂၀၀၈ နံပါတ်-၂)

ဒွေပဉ္စဝိညာဉ်တို့၌ စာနင်မရခြင်း၏အကြောင်း

ဒွေပဉ္စဝိညာဉ် ၁၀-ပါးသည် ဝိတက်ကင်းသဖြင့် အာရုံသို့ ရှေးရှုကျကာမျှ ဖြစ်၍ ထိုစိတ်တို့၌ ရှိသော သုခ ဒုက္ခ ဥပေက္ခာ ဧကဂ္ဂတာတို့သည် အာရုံသို့ ကပ်၍ ရှုခြင်း အခြင်းအရာ မရှိသောကြောင့် စာနင်မထိုက်ခြင်း ဖြစ်ပါသည်။

- - - -

http://www.dhammadownload.com

အာဟစ္စ ပစ္စယဒ္ဒိတိ- ၌ ပစ္စယ, ဒ္ဒိတိ-တို့၏ အဓိပ္ပါယ်

- အကျိုးတရား၏ စွဲမှီ၍ ဖြစ်ရာဖြစ်သောကြောင့် အကြောင်းတရားသည် ပစ္စယ မည်၏။
- အကြောင်းနှင့်စပ်သော ဖြစ်ခြင်းရှိသည့်အတွက် အကျိုးတရား၏ တည်ရာဖြစ်သောကြောင့် အကြောင်းတရားသည် ဒ္ဒိတိ မည်၏။

- - - -

http://www.dhammadownload.com

အတ္ထိပစ္စည်းနှင့် အဝိဂတပစ္စည်းတို့၏ မတူထူးခြားပုံ

မိမိ၏ပရမတ္ထအထည်ကိုယ် ထင်ရှားရှိသည်၏အဖြစ်မျှဖြင့် ကျေးဇူးပြုတတ်သည်၏ အဖြစ်သည် အတ္ထိပစ္စည်း မည်၏။

ချုပ်ခြင်းသို့ မကပ်ရောက်ခြင်း၏ အစွမ်းဖြင့် ကျေးဇူးပြုတတ်သည်၏ အဖြစ်သည် အဝိဂတပစ္စည်း မည်၏၊ ဤသို့ထူးပါသည်။

၇။ "သောတဝိညာဏ" ဟူသောပညတ်သည် မည်သည့်သဒ္ဒပညတ်ဖြစ်သည်ကို အကြောင်းသွင်း၍ ဖြေဆိုပြီးလျှင်၊ ကသိုဏ်းဆယ်ပါးတို့တွင် ဘူတကသိုဏ်း, ဝဏ္ဏကသိုဏ်းတို့ကိုလည်း ဖော်ထုတ်ရေးသားခဲ့ပါ။

"သောတဝိညာဏ" ဟူသော ပညတ်သည် ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ် ဖြစ်ပါသည်။

သောတပသာဒသည် ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့်လည်းကောင်း, ထိုသောတပသာဒကို မှီသော သောတဝိညာဏ်ကလည်း ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့်လည်းကောင်း "သောတဝိညာဏ" ဟူသောပညတ်သည် နာမပညတ်- ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ် ဖြစ်ပါသည်။

ဘူတကသိုဏ်း - ပထဝီ အာပေါ တေဇော ဝါယော ဟူသော ကသိုဏ်း ၄-ပါး တို့သည် ဘူတကသိုဏ်း ဖြစ်၏။

ဝဏ္ဏကသိုဏ်း - နီလ ပီတ လောဟိတ ဩဒါတဟူသော ကသိုဏ်း ၄-ပါး တို့သည် ဝဏ္ဏကသိုဏ်း ဖြစ်၏။

၈။ "အလှဂုဏ်ဖြင့် မာန်ဝင့်နေကြသောသူတို့အား" အလှတရား၏ အမြဲမရှိပုံကို ပေါ်လွင်စေသော ဥဒ္ဒါမာတက, ဝိနီလက-တို့၏ အဓိပ္ပါယ်ကို ထိမိအောင် ရေးသားဖြေဆို၍၊ အနုဿတိဆယ်ပါးတို့တွင် မရဏာနုဿတိမည်ပုံကိုလည်း ဖြေဆိုခဲ့ပါ။

ဥဒ္ဒါမာတက - သေသည်မှ နောက်ကာလ၌ လေဖြင့်ပြည့်သော သားရေအိတ်ကဲ့သို့ ဖူးဖူးရောင်သည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော သူကောင် အသုဘ။

http://www.dhammadownload.com

ဝိနီလက - သေသည်မှ နောက်ကာလ၌ အဖြူအနီ စသည်နှင့်ရောသော များသော အားဖြင့် ညိုသောအဆင်းရှိသည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော သူကောင် အသုဘ။

မရဏာနုဿတိ မည်ပုံ

ဇီဝိတိန္ဒြေ၏ပြတ်ခြင်း ဖြစ်၍ဖြစ်သော သေခြင်းကို အဖန်တလဲလဲ အောက်မေ့ခြင်း သည် မရဏာနုဿတိ မည်၏။

၉။ ပုဒ္ဓါနုဿတိကမ္မဋ္ဌာန်းသည် သဒ္ဓါစရိုက်များသောသူနှင့် သင့်လျော်ရခြင်း အကြောင်းကို ရေးသားဖြေဆိုရ၌၊ (က) အနိစ္စာနုပဿနာ၊ (ခ) နိပ္ပိဒါဘာဂ်၊ (ဂ) ဝိမောက္ခ-တို့၏ အဓိပ္ပါယ်ကိုလည်း ပေါ်လွင်အောင် ရေးသားဖြေဆိုခဲ့ပါ။

ပုဒ္ဓါနုဿတိကမ္မဋ္ဌာန်းသည် သဒ္ဓါစရိုက်များသောသူနှင့် သင့်လျော်ရခြင်းအကြောင်းမှာ - သဒ္ဓါတရားပွားခြင်း၏ အကြောင်း ဖြစ်သောကြောင့် ဖြစ်ပါသည်။

(က) အနိစ္စာနုပဿနာ - သခါရတရားတို့၏ အနိစ္စလက္ခဏာကို အဖန်တလဲလဲရှုခြင်း၊

(ခ) နိပ္ပိဒါဘာဂ် - အပြစ်ဟု ထင်မြင်အပ်ပြီးသော ခန္ဓာ ၅-ပါး သခါရတရားတို့၌ ငြီးငွေ့သည်၏အစွမ်းဖြင့် ဖြစ်သောဉာဏ်၊

(ဂ) ဝိမောက္ခ - ဆန့်ကျင်ဘက်ကိလေသာတို့မှ လွတ်မြောက်သောကြောင့် မဂ် ၄-ပါး ဖိုလ်၄-ပါးသည် ဝိမောက္ခ မည်၏။

(တစ်နည်း) သံသရာအနှောင်အဖွဲ့မှ လွတ်မြောက်တတ်သောကြောင့် မဂ် ၄-ပါး ဖိုလ်၄-ပါးသည် ဝိမောက္ခမည်၏။

၁၀။ ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်သော ယောဂီပုဂ္ဂိုလ်၌ ပြည့်စုံသင့်သည့် ဝိသုဒ္ဓိခုနှစ်ပါးတို့တွင် စိတ္တဝိသုဒ္ဓိ၏အဓိပ္ပါယ်ကို နည်းစုံအောင် ရေးသားဖြေဆိုရ၌၊ အောက်ပါတို့ကိုလည်း ဖြေဆိုခဲ့ပါ။

(က) နိဗ္ဗာန်၏ အနိမိတ္တမည်ပုံ၊ (ခ) ရဟန္တာ၏ အဂ္ဂဒက္ခိဏေယျမည်ပုံ။

http://www.dhammadownload.com

စိတ္တဝိသုဒ္ဓိ

နိဝရဏတည်းဟူသော အညစ်အကြေးမှ စိတ်ကို သုတ်သင်တာ၏သောကြောင့် သမာဓိသည် စိတ္တဝိသုဒ္ဓိ မည်၏။

(တစ်နည်း) စိတ်ကိုပဓာနပြု၍ သမာဓိကို ညွှန်ပြအပ်သောကြောင့်လည်းကောင်း၊ နိဝရဏအညစ်အကြေးမှ စင်ကြယ်သောကြောင့်လည်းကောင်း သမာဓိသည် စိတ္တဝိသုဒ္ဓိ မည်၏။

(က) နိဗ္ဗာန်၏ အနိမိတ္တ မည်ပုံ

အနိစ္စလက္ခဏာကို ရှု၍ 'ဃန'ဟု ထင်နေသော 'နိစ္စနိမိတ်' ကင်းစင်ကာ အလုံးစုံသောသင်္ခါရနိမိတ်မှ ကင်းသောကြောင့် နိဗ္ဗာန်သည် အနိမိတ္တမည်ပါသည်။

(ခ) ရဟန္တာ၏ အဂ္ဂဒက္ခိဏေယျ မည်ပုံ

ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တမဂ်ဉာဏ်ဖြင့် အလုံးစုံသော ကိလေသာတို့ကို အကြွင်းမဲ့ ပယ်ဖျက်သောကြောင့် လောကဌ မြတ်သောအလှူကို ခံထိုက်သော အဂ္ဂဒက္ခိဏေယျ မည်ပါသည်။

၂၀၁၀-ခုနှစ်

၁။ ဘဝင်္ဂနှင့် ဂေါတြဘူတိုင်အောင် ယိုစီးတတ်, ဖြစ်တတ်သည့် မာနအစရှိသော အခြားသောတရားများ ရှိကြပါလျက် အဘယ့်ကြောင့် လောဘ ဒိဋ္ဌိ မောဟတို့ကို အာသဝ ဟု ဆိုရပါသနည်း ဖြေဆို၍ အောက်ပါတို့၏အဓိပ္ပါယ်ကိုလည်း ဖြေဆိုခဲ့ပါ -
(က) သီလဗ္ဗတပရာမာသ (ခ) ဣဒ်သစ္စာဘိနိဝေသ။

(က) သီလဗ္ဗတပရာမာသ

နွားတို့၏ အလေ့အကျင့် အစရှိသော အလေ့အကျင့်တို့ကို သံသရာမှ စင်ကြယ်ကြောင်း မဟုတ်သည်၏ အဖြစ်ဟူသော စစ်မှန်သောသဘောမှ တစ်ပါး သံသရာမှ စင်ကြယ်ကြောင်း ဟုတ်သည်၏ အဖြစ်ဟူသော အစစ်အမှန် မဟုတ်သောသဘောအားဖြင့် (မှားယွင်းသောအားဖြင့်) သုံးသပ်ခြင်းသည် သီလဗ္ဗတပရာမာသ မည်၏။

http://www.dhammadownload.com

(ခ) ကုဒံသစ္စာဘိနိဝေသ (၁၉၉၄-၁)

၂။ "ပညာရှာစဉ်၊ အချစ်ဝင်က၊ မှန်ပင်မလွဲ၊ ပညာမွဲ၏" ဟု ဆိုကြရာ ကိလေသာကာမ၏ ဆိုးရွားပုံကို ဆင်ခြင်၍ (က) ကာမဆွန္ဒ မည်ပုံ (ခ) ကာမဆွန္ဒနိဝရဏ မည်ပုံတို့ကို ရေးသားဖြေဆို၍၊ ထိန, မိဒ္ဓနှစ်ပါးကို နိဝရဏတစ်ပါးတည်းအဖြစ် ဟောရခြင်းအကြောင်းကိုလည်း ဖြေဆိုပါ။

(က) ကာမဆွန္ဒ မည်ပုံ

(ခ) ကာမဆွန္ဒနိဝရဏ မည်ပုံ

ကာမဂုဏ်အာရုံငါးပါးတို့၌ လွန်ကဲသောရာဂ ဟူသော ကိလေသာကာမသည် လိုလားနှစ်သက်တတ်သော အနက်သဘောကြောင့် ဆန္ဒမည်ရကား ကာမဆွန္ဒမည်ပါသည်။

ကာမဆွန္ဒသည်ပင် ကုသိုလ်စိတ်ကို တားမြစ်တတ်သောကြောင့် -ဝါ- ပညာစက္ခုကို ပိတ်ဆို့တတ်သောတရား ဖြစ်သောကြောင့် ကာမဆွန္ဒနိဝရဏ မည်ပါသည်။

ထိန, မိဒ္ဓနှစ်ပါးကို နိဝရဏတစ်ပါးတည်းအဖြစ် ဟောရခြင်းအကြောင်း (၁၉၈၉-၂ မှီးဖြေရန်)

၃။ အနုသယအရ ယူရမည့် ကိလေသာတို့ကို မူချ ဥပစာအားဖြင့် ခွဲခြားဖြေဆို၍၊ ယောဂီပုဂ္ဂိုလ်၏ သန္တာန်၌ စွာန်တရားများ ဖြစ်ပေါ်ခွင့် မရအောင် တားဆီးပိတ်ပင်တတ်သော ကိလေသာ, မတားဆီး မပိတ်ပင်တတ်သော ကိလေသာတို့ကိုလည်း ခွဲခြားဖြေဆိုပါ။

အနုသယအရ ယူရမည့် ကိလေသာတို့ကို မူချ ဥပစာအားဖြင့် ခွဲခြားဖြေဆိုချက်

အနုသယအရ အနာဂတ်ကိလေသာတို့ကို မူချအားဖြင့် ရပါသည်။

အတိတ်, ပစ္စုပ္ပန် ကိလေသာတို့ကိုလည်း အနာဂတ်ကိလေသာတို့ကဲ့သို့ ညစ်နွမ်းခြင်းသဘော ရှိသောကြောင့် (တစ်နည်း) မဂ်ဖြင့် မပယ်အပ်သေးသည်၏ အဖြစ်ဟူသော သဘော ရှိသောကြောင့် ဥပစာအားဖြင့် ယူရပါသည်။

စွာန်တရားများဖြစ်ပေါ်ခွင့် မရအောင် တားဆီးပိတ်ပင်တတ်သော ကိလေသာတို့မှာ-

လောဘ (ကာမဆွန္ဒနိဝရဏ)၊ ဒေါသ(ဗျာပါဒနိဝရဏ)၊ ထိန၊ ဥဒ္ဓစ္စ၊ ဝိစိကိစ္ဆာတို့ဖြစ်ပါသည်။

http://www.dhammadownload.com

စျာန်တရားများဖြစ်ပေါ်ခွင့် မရအောင် မတားဆီး မပိတ်ပင်တတ်သော ကိလေသာတို့မှာ- မောဟ၊ မာန၊ ဒိဋ္ဌိ၊ အဟိရိက၊ အနောတ္တပ္ပတို့ ဖြစ်ပါသည်။

၄။ "လူမှုဒုက္ခ၊ အဝဝတို့၊ ကင်းပလိုလျှင်၊ သတိဝင်၍၊ မှန်ပင်ပွားများ၊ သတိပဋ္ဌာန်တရား" ဟု ဆိုကြရာ သတိပဋ္ဌာန်၏အဓိပ္ပါယ်ကို ရေးသားဖြေဆို၍၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၌ ဓမ္မဝိစယ၏ အဓိပ္ပါယ်ကိုလည်း ပေါ်လွင်အောင် ရေးသားဖြေဆိုပါ။

သတိပဋ္ဌာန်၏အဓိပ္ပါယ်

အခြားတစ်ပါး များစွာသော အာရုံတို့၌ စိတ်ပျံ့နှံ့ပြေးဝင်ခြင်းကို တားမြစ်၍ ကိုယ်စသော အာရုံတို့၌သာလျှင် သက်ဝင်လျက် တည်တံ့စွာ ဖြစ်တတ်သော သတိအထူးသည် သတိပဋ္ဌာန် မည်၏။

ဓမ္မဝိစယသမ္ဗောဇ္ဈင်၌ ဓမ္မဝိစယ၏ အဓိပ္ပါယ်

တေဘူမကတရားတို့ကို အနိစ္စ အစရှိသည်တို့၏ အစွမ်းဖြင့် စူးစမ်းဆင်ခြင်တတ်သောကြောင့် ဝိပဿနာပညာသည် ဓမ္မဝိစယ မည်ပါသည်။

၅။ သခ်ါရအပြားသုံးပါးကို သက်ဆိုင်ရာတရားကိုယ်များနှင့်တကွ တွဲစပ်ဖြေဆို၍၊ သခ်ါရပစ္စယာ ဝိညာဏ်- ကို ရှု၍ မည်သည့်တရားများက သတ္တဝါများကို တိရစ္ဆာန်, လူ, ပြဟ္မာ ဟု ဘဝအဆင့်အတန်း ကွဲပြားခြားနားအောင် ပြုလုပ်နေပါသနည်း? ဖြေဆိုခဲ့ပါ။

သခ်ါရအပြားသုံးပါးကို တရားကိုယ်များနှင့်တကွ တွဲစပ်ပုံ (၁၉၉၃-၁)

သတ္တဝါများကို ဘဝအဆင့်အတန်း ကွဲပြားခြားနားအောင် ပြုလုပ်ပုံ

အတိတ်ဘဝက ဆည်းပူးအားထုတ်ခဲ့သော ပုညာဘိသခ်ါရက လူ့ဘဝ, အပုညာဘိသခ်ါရက တိရစ္ဆာန်ဘဝ, အာနေဉ္ဇာဘိသခ်ါရက ပြဟ္မာဘဝသို့ ရောက်စေခြင်းဖြင့် ဘဝအဆင့်အတန်း ကွဲပြားခြားနားအောင် ပြုလုပ်နေပါသည်။

၆။ ပဋိသန္ဓေတည်နေရခြင်းဟူသော ဇာတိတရားကို လက်ဝယ်ပိုင်ပိုင် ရရှိထားကြသော ပုဂ္ဂိုလ်တို့သည် (က) ရှောင်လွဲ၍ မရနိုင်သောတရား (ခ) ရှောင်လွဲ၍ ရနိုင်သောတရားများကို

http://www.dhammadownload.com

ခွဲခြားဖြေဆိုခဲ့ပါ။

(က) ရှောင်လွှဲ၍ မရနိုင်သောတရား (ခ) ရှောင်လွှဲ၍ ရနိုင်သောတရားများ (၁၉၉၅-၁)

အာရမ္မဏ၏အဓိပ္ပါယ်

ကြိုးတန်း တောင်ဝှေး စသည်တို့သည် အင်အားချိနဲ့သောသူတို့အား ဆွဲကိုင်မှီတွယ်ရာအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ အာရုံ ၆-ပါးတို့သည်လည်း စိတ်- စေတသိက်တို့အား ဆွဲကိုင်မှီတွယ်ရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် အာရုံ ၆-ပါးသည် အာရမ္မဏ မည်ပါသည်။

- - - -

http://www.dhammadownload.com

အာနာပါနကမ္မဋ္ဌာန်းသည် မောဟစရိုက်ရှိသူနှင့် ဝိတက်စရိုက်ရှိသူတို့အား အထူးသင့်လျော်ခြင်း (၁၉၉၁-၁)

၉။ ယခုအခါ လူအများ ကြိုးစားအားထုတ်လျက်ရှိသော ဝိပဿနာရှုမှတ်ရာ၌ အရေးပါလှသော သမ္မသနဉာဏ်၏ အဓိပ္ပါယ်ကို ပေါ်လွင်အောင်ရေးသားဖြေဆိုရှင်၊ အောက်ပါတို့၏ အဓိပ္ပါယ်ကိုလည်း ဖြေဆိုခဲ့ပါ -
(က) အနိစ္စာနုပဿနာ၊ (ခ) ဝိမောက္ခ။

သမ္မသနဉာဏ် - ခန္ဓာအစရှိသည်တို့ကို အပေါင်းအစုအားဖြင့် သုံးသပ်ခြင်း၏ အစွမ်းဖြင့် ဖြစ်သောဉာဏ်သည် သမ္မသနဉာဏ် မည်ပါသည်။

(က) အနိစ္စာနုပဿနာ - သခါရတရားတို့၏ အနိစ္စလက္ခဏာကို အဖန်တလဲလဲ ရှုတတ်သောဉာဏ်သည် အနိစ္စာနုပဿနာ မည်ပါသည်။

(ခ) ဝိမောက္ခ - သံယောဇဉ် စသည်တို့မှ လွတ်မြောက်တတ်သောကြောင့် ဝိမောက္ခ မည်ပါသည်။

၁၀။ ဘဝသံသရာ၌ အဖန်အဖန်အထပ်ထပ် ကျင်လည်ရသည်ကို ငြီးငွေ့လှ၍ သံဝေဂဉာဏ်ရင့်သန်လှသော တိဟိတ်ပုဂ္ဂိုလ်သည် မြတ်နိဗ္ဗာန်ကို မဂ်ဉာဏ်တို့ဖြင့် မျက်မှောက်ပြုနိုင်ရန် ဝိပဿနာတရားအားထုတ်ရာ၌ သမ္မသနဉာဏ်ဖြစ်ပြီးနောက် ဉာဏ်စဉ်တစ်ဆင့် တက်ရန် ဆက်လက်အားထုတ်ရမည့်ကျင့်စဉ်ကို ဂုဏ်ထူးဆောင်ပီပီ သတိဆောင်၍ ရေးသားဖြေဆိုပါ။

ဝိပဿနာတရားအားထုတ်ရာ၌ သမ္မသနဉာဏ်ဖြစ်ပြီးနောက် ဉာဏ်စဉ်တစ်ဆင့် တက်ရန် ဆက်လက်အားထုတ်ရမည့်ကျင့်စဉ်

သမ္မသနဉာဏ်ဖြစ်ပြီးနောက် ဉာဏ်စဉ်တစ်ဆင့်တက်ရန် ယောဂီသည် ထိုဉာဏ်၏ အခြားမဲ့၌ ဥဒယဗ္ဗယဉာဏ်ရအောင် ဆက်လက်အားထုတ်ရပါမည်၊ ဥဒယဗ္ဗယဉာဏ်ရအောင် ရှုပွားနည်းမှာ - ထိုတေဘူမကသခါရတရားတို့၌ ပင်လျှင် ပစ္စယ၏ အစွမ်းဖြင့်

http://www.dhammadownload.com

လည်းကောင်း, ခဏ၏အစွမ်းဖြင့်လည်းကောင်း, ဥဒယဗ္ဗယညာဏ်ဖြင့် အဖြစ်အပျက်ကို ဆက်လက်သုံးသပ်ပွားများရပါမည်။

- - - -

http://www.dhammadownload.com

အကုသိုလ်စျာန်ဝင်စားသူ ရှိနိုင်ပါသည်။

စျာန် ၇-ပါးတို့တွင် ဒေါမနဿစျာနင်သည် အကုသိုလ်စျာနင် ဖြစ်၍၊ ကြွင်းသော စျာနင် ၆-ပါးတို့သည် ကုသိုလ်, အကုသိုလ်, အဗျာကတစျာနင်တို့ ဖြစ်သောကြောင့် အကုသိုလ်စျာန်ဝင်စားသူ ရှိနိုင်ပါသည်။

၃။ ယနေ့မျက်မှောက်ခေတ်အခါဝယ် အချို့သောလူတို့သည် ရိပ်သာတစ်ခုခုသို့ ဝင်၍ သတိပဋ္ဌာန်တရားများကို ပွားများအားထုတ်လျက် ရှိကြရာ ယင်းသတိပဋ္ဌာန်၏အဓိပ္ပါယ်ကို ရေးသားဖြေဆိုရ၍၊ ဝေဒနာနုပဿနာ၏ အဓိပ္ပါယ်ကိုလည်း ဖြေဆိုခဲ့ပါ။

သတိပဋ္ဌာန်၏အဓိပ္ပါယ်

အသုဘအခြင်းအရာကို ယူခြင်း အစရှိသော အစွမ်းဖြင့် လွန်ကဲစွဲမြဲစွာ သက်ဝင်၍ ကာယ-အစရှိသော အာရုံ၌ ဖြစ်တတ်သောကြောင့် သတိသည် သတိပဋ္ဌာန် မည်ပါသည်။

ဝေဒနာနုပဿနာ၏ အဓိပ္ပါယ်(၂၀၀၆-၃)

၄။ အမြဲတမ်း ပျက်စီးချုပ်ပျောက်နေသော ရုပ်တရားများကို ပိုင်ဆိုင်သောပုဂ္ဂိုလ်များပီပီ ရူပက္ခန္ဓာ၏သဘောအဓိပ္ပါယ်ကို ပေါ်လွင်အောင် ရေးသားဖြေဆိုရ၍၊ အောက်ပါတို့၏ သဘောအဓိပ္ပါယ်ကိုလည်း ဖြေဆိုခဲ့ပါ။

(က) ဒုက္ခ၊ (ခ) ဒုက္ခသမုဒယ။

ရူပက္ခန္ဓာ၏သဘောအဓိပ္ပါယ်

အတိတ်, အနာဂတ်, ပစ္စုပ္ပန် စသော အထူးအပြားတို့ဖြင့်ပြားကုန်သော ရုပ်အားလုံးကို ဉာဏ်ဖြင့် တစ်ပေါင်းတည်းပြု၍ အကျဉ်းချုံးကာ ရုပ်အပေါင်းကို ရူပက္ခန္ဓာ-ဟု ဆိုအပ်ပါသည်။

(က) ဒုက္ခ = စက်ဆုပ်အပ်သောကြောင့်လည်းကောင်း၊ အချည်းနှီးသောကြောင့်လည်းကောင်း ဒုက္ခ မည်ပါသည်။

(ခ) ဒုက္ခသမုဒယ = ကံအစရှိသောအကြောင်းတို့နှင့် ပေါင်းမိလတ်သော် ဒုက္ခဖြစ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် ဒုက္ခသမုဒယ မည်ပါသည်။

---

http://www.dhammadownload.com

၅။ လောကလူအများပြောကြသော 'ကျေးဇူးပြုသည်'ဟူသော စကား၏အဓိပ္ပါယ်ကို ပစ္စည်း, ပစ္စယုပ္ပန်အား ရှု၍ အများနားလည်အောင် ဖြေဆိုပြီးလျှင်၊ အောက်ပါတို့၏ သဘော အဓိပ္ပါယ်ကိုလည်း သေချာစွာ ဖြေဆိုခဲ့ပါ -
(က) ပဋိစ္စသမုပ္ပါဒ်၊ (ခ) ပဋ္ဌာန်းနည်း။

'ကျေးဇူးပြုသည်'ဟူသော စကား၏အဓိပ္ပါယ် (၁၉၉၆-၂)

(က) ပဋိစ္စသမုပ္ပါဒ် (၁၉၉၇-၁)
(ခ) ပဋ္ဌာန်းနည်း

အထူးထူးအပြားရှိသော အကြောင်းတို့ရှိရာ ဖြစ်သောကြောင့် အနန္တနယပဋ္ဌာန်းကျမ်းကြီးသည် "ပဋ္ဌာန"မည်ပါသည်၊ ထိုပဋ္ဌာန်းကျမ်းကြီး၌ ဟောအပ်သောနည်းသည် ပဋ္ဌာန်းနည်း မည်ပါသည်။

၆။ သတ္တလောကကြီးတွင် သတ္တဝါအနန္တရှိရာ တိရစ္ဆာန်, လူ, ပြဟ္မာအားဖြင့် ဘဝအဆင့်အတန်း ကွဲပြားခြားနားအောင် ပြုလုပ်ပေးသောတရားတို့ကို ဂုဏ်ထူးဆောင်ပီပီ ရှင်းလင်းဖြေဆို၍၊ "သတ္တဝါအစ မောဟက"ဟု ဒွေးလူကြီးများဆိုခဲ့ရာ ထိုစကားမှန်/မမှန် သုံးသပ်ဆုံးဖြတ်ဖြေဆိုခဲ့ပါ။

တိရစ္ဆာန်, လူ, ပြဟ္မာအားဖြင့် ဘဝအဆင့်အတန်း ကွဲပြားခြားနားအောင် ပြုလုပ်ပေးသော တရားမှာ -

အတိတ်ဘဝက ဆည်းပူးအားထုတ်ခဲ့သော ပုညာဘိသင်္ခါရ စသောတရားများ ဖြစ်ပါသည်၊ ကာမပုညာဘိသင်္ခါရသည် လူ, နတ်ဘဝ၊ ရူပပုညာဘိသင်္ခါရသည် ရူပပြဟ္မာဘဝ၊ အပုညာဘိသင်္ခါရသည် တိရစ္ဆာန်ဘဝ၊ အာနဉ္ဇာဘိသင်္ခါရသည် အရူပပြဟ္မာဘဝသို့ ရောက်အောင် ပြုလုပ်ပေးပါသည်။

"သတ္တဝါအစ မောဟက"ဟု ဒွေးလူကြီးများဆိုခဲ့ရာ ထိုစကားမှန်ပါသည်။

မသိမှုအဝိဇ္ဇာကြောင့် သင်္ခါရ-ခေါ် ကုသိုလ်, အကုသိုလ်ကံများကို ပြုကြသဖြင့် ပဋိသန္ဓေဝိညာဉ်စိတ်အမျိုးမျိုးဖြစ်ပေါ်ကာ သတ္တဝါ-ဟူ၍ ဖြစ်လာကြရပါသည်၊ ထို့ကြောင့် "သတ္တဝါအစ မောဟက"ဟူသောစကား မှန်ပါသည်။

---

http://www.dhammadownload.com

၇။ အညမညပစ္စည်း၏ သဘောအဓိပ္ပါယ်ကို ရေးသားဖြေဆို၍၊ (၂၄)ပါးသော ပစ္စည်းတရားတို့၏ ခက်ခဲနက်နဲသောအဓိပ္ပါယ်တို့ကို ဘယ်ပုံဘယ်နည်းဖြင့် သိနိုင်သည်ကိုလည်း ငိုကာဆရာ ညွှန်ကြားသည့်အတိုင်း ဖြေဆိုခဲ့ပါ။

အညမညပစ္စည်း (၁၉၉၀-၃)

(၂၄)ပါးသော ပစ္စည်းတရားတို့၏ ခက်ခဲနက်နဲသောအဓိပ္ပါယ်တို့ကို သိနိုင်ပုံ

ဘုရားရှင်၌ ယုံကြည်မှုသဒ္ဓါတရားဖြင့် (၂၄)ပါးသောပစ္စည်းတရားတို့၏ ခက်ခဲနက်နဲသောအဓိပ္ပါယ်တို့ကို ထိုးထွင်း၍ သိခြင်းငှာ အားထုတ်မှုကို ပြုခြင်းအားဖြင့် သိနိုင်ပါသည်။

- - - -

http://www.dhammadownload.com

ဗုဒ္ဓါနုဿတိဘာဝနာ ပွားများအားထုတ်ပုံ

အရဟတာ-အစရှိသော ဘုရားရှင်တို့၏ဂုဏ်တော်တို့ကို အာရုံပြု၍ အဖန်ဖန် အထပ်ထပ် အောက်မေ့အမှတ်ရခြင်းသည် ဗုဒ္ဓါနုဿတိဘာဝနာ ပွားများအားထုတ်ပုံ ဖြစ်ပါသည်။

စာဂါနုဿတိဘာဝနာ ပွားများအားထုတ်ပုံ

မစ္ဆေရအညစ်အကြေးမှ ကင်းသူ၏အဖြစ်-အစရှိသည်တို့၏အစွမ်းဖြင့် မိမိ၏ စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းဂုဏ်ကို အာရုံပြု၍ အဖန်ဖန်အထပ်ထပ် အောက်မေ့အမှတ်ရခြင်းသည် စာဂါနုဿတိဘာဝနာ ပွားများအားထုတ်ပုံ ဖြစ်ပါသည်။

၁၀။ သတ္တဝါတို့ သေကြေပျက်စီးပုံကို ကြိမ်ဖန်များစွာ တွေ့မြင်ရ၍ သံဝေဂဉာဏ်ရင့်သန်လာသော ယောဂီပုဂ္ဂိုလ်သည် သံသရာဝဋ်ဆင်းရဲမှု လွတ်မြောက်စေရန် ဝိပဿနာဘာဝနာကို ပွားများရာ၌ အဒ္ဓါသမ္ပသနနည်းအားဖြင့် ပွားများအားထုတ်ပုံကို မြန်မာဘာသာဖြင့် ရေးသား ဖြေဆိုခဲ့ပါ။

အဒ္ဓါသမ္ပသနနည်းအားဖြင့် ပွားများအားထုတ်ပုံ

အတိတ်ဘဝကာလ၌ ဖြစ်ပြီးသောရုပ်သည် အတိတ်ဘဝကာလ၌ပင် ချုပ်ခဲ့ပြီ၊ ဤပစ္စုပ္ပန်ဘဝကာလသို့ မရောက်၊ ထိုသို့ ကုန်ခမ်းခြင်းဟူသော အနက်သဘောကြောင့် အနိစ္စချည်းပါတကား၊ ကြောက်မက်ဖွယ်ဟူသောအနက်သဘောကြောင့် ဒုက္ခချည်းပါတကား၊ အတ္တအနှစ်သာရ မရှိခြင်းဟူသော အနက်သဘောကြောင့် အနတ္တချည်းပါတကား-ဟု ပွားများအားထုတ်ရပါမည်။

ရုပ်ကို ရှုမှတ်ပွားများအားထုတ်သကဲ့သို့ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကိုလည်း ရှုမှတ်ပွားများအားထုတ်ရပါမည်။

---

http://www.dhammadownload.com

၂၀၁၂-ခုနှစ်

၁။ "မသိခြင်းကို အဝိဇ္ဇာ"ဟု ဆိုရာ၌ မည်သည့်အရာဌာနတို့၌ မသိခြင်းကို အဝိဇ္ဇာသဝ-ဆိုရသည်ကို ပြည့်စုံစွာဖြေဆို၍၊ "ဥပါဒါန်ကြောင့် ဥပဓိရောက်"ဟု လူ့လောကာ၌ ပြောဆိုနေကြသည့် 'ဥပါဒါန်'၏အဓိပ္ပါယ်ကိုလည်း ဖြေဆိုခဲ့ပါ။

မည်သည့်အရာဌာနတို့၌ မသိခြင်းကို အဝိဇ္ဇာသဝ-ဆိုရပုံ (၂၀၀၀-၁ နှင့် ၁၉၈၉-၁ တို့ကို မှီး၍ ဖြေပါ)။

ဥပါဒါန်၏အဓိပ္ပါယ် (၁၉၉၂-၁)။

၂။ သုဂတိဘဝနှင့် နိဗ္ဗာန်သို့ ရောက်စေတတ်သောကြောင့် သမ္မာဒိဋ္ဌိစသည်တို့ကို မဂ္ဂင်ဟု ဆိုတန်စေ၊ မိစ္ဆာဒိဋ္ဌိစသည်တို့ကို မဂ္ဂင်ဟု ဆိုခြင်းမှာ အဘယ်သို့ သင့်ပါမည်နည်း? အကြောင်းပြဖြေဆို၍၊ သမ္မာသင်္ကပ္ပ-သရုပ်ကိုလည်း ဖော်ထုတ်ပြခဲ့ပါ။

မိစ္ဆာဒိဋ္ဌိစသည်တို့ကို မဂ္ဂင်ဟု ဆိုခြင်း (၁၉၉၃-၂ ကို မှီး၍ ဖြေပါ)။

သမ္မာသင်္ကပ္ပ-သရုပ်မှာ
(၁) နေက္ခမ္မသင်္ကပ္ပ၊
(၂) အဗျာပါဒသင်္ကပ္ပ၊
(၃) အဝိဟိံသာသင်္ကပ္ပတို့ ဖြစ်ပါသည်။

၃။ မည်သည့်တရားတို့ကို ကြိုက်ခဲ့ တိုက်နိုင်သောကြောင့် သဒ္ဓါစသော ၉-ပါးသောတရားတို့သည် 'ဗိုလ်'ဟူသောအမည်ကို ရကြပါသနည်း၊ အကြောင်းပြဖြေဆို၍၊ အဓိပတိနှင့် ဣန္ဒြေတို့၏အထူးကိုလည်း ရေးသားခဲ့ပါ။

သဒ္ဓါစသော ၉-ပါးသောတရားတို့ 'ဗိုလ်'မည်ပုံ (၁၉၉၀-၃ ကို မှီး၍ ဖြေပါ)။
အဓိပတိနှင့် ဣန္ဒြေတို့၏အထူး (၁၉၉၁-၂)

---

http://www.dhammadownload.com

၄။ 'သတိပဋ္ဌာန် စိတ်၌ရုံက နိဗ္ဗာန်နန်းတိုင် မြန်းကြွနိုင်၏'ဟု ဆိုရသော သတိပဋ္ဌာန်တရားတို့သည် တရားကိုယ်အားဖြင့် သတိစေတသိက်တစ်ပါးတည်း ဖြစ်ပါလျက် အဘယ့်ကြောင့် လေးပါးပြားရသည်ကို ဖြေဆို၍၊ 'တဏှာအစစ် ၁၀၈'ကိုလည်း ရေတွက်ပြခဲ့ပါ။

သတိပဋ္ဌာန်တရား လေးပါးပြားရခြင်း

ကာယ, ဝေဒနာ, စိတ္တ, ဓမ္မဟူသော အာရုံတို့၌ အသုဘ, ဒုက္ခ, အနိစ္စ, အနတ္တ ဟူသော အခြင်းအရာကို ယူခြင်း၏အစွမ်းအားဖြင့်လည်းကောင်း၊ သုဘ, သုခ, နိစ္စ, အတ္တ ဟူသော သညာဝိပလ္လာသကို ပယ်ခြင်း၏အစွမ်းအားဖြင့်လည်းကောင်း၊ လေးပါးပြားရခြင်း ဖြစ်ပါသည်။

'တဏှာအစစ် ၁၀၈' (၁၉၉၇-၄)

၅။ အာရုံကို စွဲလမ်းပုံချင်းတူသော 'တဏှာနှင့် ဥပါဒါန်'တို့၏ မတူထူးခြားပုံကို ဦးကာကျော်လာနည်းစုံစွာဖြင့် ဖြေဆို၍၊ ရုပ်နာမ်ခန္ဓာ ပေါင်းစုဖွဲ့စည်းအပ်သော လူသားတို့၏ခန္ဓာကိုယ်ဒုက္ခအစုသည် ဗီဿနိုးနတ်, ထာဝရဘုရားသခင် စသည်တို့၏ ဖန်ဆင်းမှုကြောင့် ဖြစ်လာရသည် ဟုတ်/မဟုတ် အကြောင်းပြဆုံးဖြတ်ခဲ့ပါ။

တဏှာနှင့် ဥပါဒါန်'တို့၏ မတူထူးခြားပုံ (၁၉၉၆-၁)

လူသားတို့၏ ခန္ဓာကိုယ်ဒုက္ခအစုသည် ဗီဿနိုးနတ်, ထာဝရဘုရားသခင် စသည်တို့၏ ဖန်ဆင်းမှုကြောင့် ဖြစ်လာရသည် ဟုတ်/မဟုတ် အကြောင်းပြဆုံးဖြတ်ရသော် -

ပဋိစ္စသမုပ္ပါဒ်နည်းကို နိဂုံးအုပ်သောစကားရပ်ဖြစ်သည့် "ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ = ဆိုခဲ့ပြီးသော အဝိဇ္ဇာစသော အကြောင်းအဆက်ဆက်တို့ကြောင့်သာ သက်သက်သောဆင်းရဲအစု၏ဖြစ်ခြင်းသည် ထင်ရှား၏"ဟူသော စကားကို ထောက်ဆခြင်းအားဖြင့် -

လူသားတို့၏ ခန္ဓာကိုယ်ဒုက္ခအစုသည် ဗီဿနိုးနတ်, ထာဝရဘုရားသခင် စသည်တို့၏ဖန်ဆင်းမှုကြောင့် ဖြစ်လာရသည် မဟုတ်ပါ။ အဝိဇ္ဇာစသော အကြောင်းအဆက်ဆက်ဟူသော အစီအမံကြောင့် ဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်။

---

http://www.dhammadownload.com

၆။ "သုံးပါးအစပ် နှစ်ရပ်မူလ ဝဋ်သုံးဝန့်"ဟူသော ပဋိစ္စသမုပ္ပါဒ်လက်ာအရ အစပ်သုံးပါးတို့၏ အကြောင်းနှင့် အကျိုး မည်သို့ဆက်စပ်ကာ ဖြစ်ရသည်ကို အကြောင်းပြကာ တစ်ခုစီခွဲခြားဖြေဆို၍၊ သဟဇာတပစ္စည်း၏အဓိပ္ပါယ်ကိုလည်း ရေးသားခဲ့ပါ။

အစပ်သုံးပါး (၁၉၉၅-၁)
သဟဇာတပစ္စည်း (၁၉၉၁-၂)

၇။ စာဖြေသူ အဓိဝမ်းတွင်းဝယ် ပဋိသန္ဓေနေရခိုက် မရထိုက်သောရုပ်ကို အကြောင်းပြ ဖြေဆို၍၊ ပဋ္ဌာန်း(၂၄)ပါးပစ္စည်းကိုလည်း အာရမ္မဏ, ဥပနိဿယ, ကမ္မ, အတ္ထိ (၄)ပစ္စည်း၌ အကြောင်းထောက်ဆကာ ပေါင်းပြခဲ့ပါ။

စာဖြေသူ အဓိဝမ်းတွင်းဝယ် ပဋိသန္ဓေနေရခိုက် မရထိုက်သောရုပ် (ရုပ်ပိုင်းကို ကြည့်ပါ)။
ပဋ္ဌာန်း(၂၄)ပါးပစ္စည်းကို (၄)ပစ္စည်း၌ ပေါင်းပုံ (၁၉၉၄-၃)

၈။ "အလှတွင် အယဉ်ဆင့် အသွင်တင့်ကာ အလှမာန်ဝင့်နေကြသူတို့" အလှတရား၏အမြဲမရှိပုံကို သတိပြုမိကြစေရန် ဝိက္ခိတ္တကနှင့် ဟတဝိက္ခိတ္တကတို့၏အဓိပ္ပါယ်ကို ပေါ်လွင်အောင် ရေးပြ၍၊ ဒေဝတာနုဿတိ-မည်ပုံကိုလည်း ဖြေဆိုခဲ့ပါ။

ဝိက္ခိတ္တက

ခွေး, မြေခွေး စသော သတ္တဝါတို့ အထူးထူးအပြားပြားသော အခြင်းအရာအားဖြင့် ခဲစား၍ ထိုထိုအရပ်၌ ပစ်လွှင့်အပ်သောအလောင်းကောင်သည် ဝိက္ခိတ္တက မည်ပါသည်။

ဟတဝိက္ခိတ္တက

ကျီးခြေသဏ္ဌာန်စသော အခြင်းအရာအားဖြင့် စားဖြင့် ဖြတ်ခွဲ၍ အထူးထူးအပြားပြား ပစ်လွှင့်အပ်သောအလောင်းကောင်သည် ဝိက္ခိတ္တက မည်ပါသည်။

ဒေဝတာနုဿတိ-မည်ပုံ (၂၀၀၀-၁ ကိုမှီး၍ ဖြေပါ)။

---

http://www.dhammadownload.com

၃။ ရာဂစရိုက်ကြောင့် အလှကြိုက်သည့်ယောဂီပုဂ္ဂိုလ်အား ပေးရမည့်ကမ္မဋ္ဌာန်းကို အကြောင်းပြ ဖြေဆိုရ၍၊ မဂ်ကိုရသော ယောဂီပုဂ္ဂိုလ်၏ တစ်ခုသောမဂ်ခဏ၌ မဂ်စိတ်တစ်ခုတည်းက ကိစ္စလေးချက် ဆောင်ရွက်ပုံ(ပြီးစေပုံ)ကိုလည်း ဥပမာနှင့်တကွ ဖော်ပြခဲ့ပါ။

ရာဂစရိုက်ကြောင့် အလှကြိုက်သည့် ယောဂီပုဂ္ဂိုလ်အား ပေးရမည့်ကမ္မဋ္ဌာန်း (၂၀၀၈-၉)
မဂ်စိတ်တစ်ခုတည်းက ကိစ္စလေးချက် ဆောင်ရွက်ပုံ (၁၉၉၆-၃)

၁၀။ နိရောဓသမာပတ်ဝင်စားသောပုဂ္ဂိုလ်၏ မဝင်စားမီ ဆောင်ရွက်ရမည့် ပုဗ္ဗကိစ္စလေးပါးကို ဖော်ပြ၍၊ အဘယ်မဂ်လေးပါးသည် အဘယ့်ကြောင့် 'ဉာဏဒဿနဝိသုဒ္ဓိ' အမည်ရသည်ကိုလည်း ငိုကာကျော်နှင့်အညီ ဂုဏ်ထူးဆောင်ပီသစွာ ဖြေဆိုခဲ့ပါ။

ပုဗ္ဗကိစ္စလေးပါး (၁၉၉၅-၄)
ဉာဏဒဿနဝိသုဒ္ဓိ (၂၀၀၃-၃)

၂၀၁၃-ခုနှစ်

၁။ 'ဣန္ဒြေရှိမှ ဂုဏ်ရှိစွ ရှိသေသမူ လူတိုင်းပြု' ဆိုသည့်အတိုင်း အရိယာသူတော်စင်များသာ ရထိုက်သောဣန္ဒြေတို့ကို အရကောက်နှင့်တကွ တွဲစပ်ဖော်ပြ၍၊ ဣန္ဒြေ ၂၂-ပါးကိုလည်း (က) ရုပ်-နာမ် (ခ) လောကီ-လောကုတ္တရာ ခွဲပြပါ။

အရိယာသူတော်စင်များသာ ရထိုက်သောဣန္ဒြေ (၁၉၉၄-၂)
ဣန္ဒြေ ၂၂-ပါးတွင် (က) ရုပ်-နာမ် (ခ) လောကီ-လောကုတ္တရာ ခွဲပြချက်
(အဘိဓမ္မာသရုပ်အတိုင်း ဖြေပါ)

၂။ 'သတ္တဝါတို့အသက် အစာအာဟာရနှင့် ဖက်'ဆိုသည့်အတိုင်း သတ္တဝါတို့ အသက်ရှင်နေထိုင်နိုင်ရေးအတွက် အာဟာရလေးပါးက ဆောင်ရွက်ပုံ ဆောင်ရွက်နည်းများကို ရေးသား၍၊ အာဟာရလေးပါးကိုလည်း ရုပ်နာမ်ခွဲပြပါ။

အာဟာရလေးပါးက ဆောင်ရွက်ပုံ (၁၉၈၉-၄)

http://www.dhammadownload.com

အာဟာရလေးပါးကို ရုပ်နာမ် ခွဲပြရသော် - ကဗဠီကာရာဟာရသည် ရုပ်အာဟာရ ဖြစ်ပြီး၊ ကြွင်း ၃-ပါးသည် နာမ်အာဟာရ ဖြစ်ပါသည်။

၃။ ဒွေပဥ္စဝိညာဏ် (၁၀)တို့၌ သုခ, ဒုက္ခ, ဥပေက္ခာဝေဒနာများ ရှိသော်လည်း အဘယ့်ကြောင့် ဈာနင်-ဟူသောအရေအတွက်မှ ကင်းလွတ်ရသနည်း၊ ဖြေဆိုလျှင်၊ 'သိ ပယ် ဆိုက် ပွား လေး ပါးကိစ္စ အပိုင်ရ မုချပရမတ်' ဟူသော နိယ်၏သဘောသွားကိုလည်း ရှင်းလင်းဖြေဆိုပါ။

ဒွေပဥ္စဝိညာဏ် (၁၀)တို့၌ ရှိသော သုခ, ဒုက္ခ, ဥပေက္ခာဝေဒနာများ ဈာနင်-ဟူသော အရေအတွက်မှ ကင်းလွတ်ရခြင်းအကြောင်း (၂၀၀၉-၂)

'သိ ပယ် ဆိုက် ပွား လေး ပါးကိစ္စ အပိုင်ရ မုချပရမတ်' ဟူသော နိယ်၏သဘောသွား -

အရိယာမင် ၄-ပါး ပရမတ်တရားသည် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း၊ သမုဒယ သစ္စာကို ပယ်ခြင်း၊ နိရောဓသစ္စာသို့ ဆိုက်ရောက်ခြင်း၊ မဂ္ဂသစ္စာကို ပွားများခြင်း ဟူသော ကိစ္စလေးပါးတို့ကို ပြုလုပ်သည်-ဟု ဆိုလိုရင်း ဖြစ်ပါသည်။

၄။ 'နိဗ္ဗာန်စခန်း တက်လှမ်းဖို့ရာ မဂ္ဂင်ဖောင်ကြီး တက်စီးလို့သာ'နှင့် အညီ လောကုတ္တရာ မဂ္ဂင်တို့ကို သီလ သမာဓိ ပညာဟူသော သိက္ခာသုံးပါးနှင့် အတူယှဉ်တွဲပြု၍၊ ခန္ဓာ ငါးပါးနှင့် ထမင်းဝိုင်းတူပုံကိုလည်း အကြောင်းသင့်၍ ရှင်းလင်းဖြေဆိုပါ။ (၁၉၉၈-၃) (၁၉၉၀-၄)

၅။ ဝိပါကဝဋ်ကို ပြဆိုရာ၌ 'ဥပပတ္တိဘဝသခ်ိတော ဘဝေကဒေသော'အရနှင့် 'အဝသေသာ' အရတို့မှာ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာ-မရဏာ တရား (၇)ပါးတို့သာ ရကြသဖြင့် ထိုနှစ်ပါးတို့ အဘယ်သို့ ထူးခြားမှုရှိပါသနည်း? အရကောက် ၍ဖြေဆိုပါ ။

'ဥပပတ္တိဘဝသခ်ိတော ဘဝေကဒေသော' အရ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာ-မရဏာတရား (၇)ပါးတို့သည် အနာဂတ်အကျိုးတရား (အနာဂတ်ဘဝ၌ အကျိုးဝင်သောတရားများ) ဖြစ်ပြီး၊ **'အဝသေသာ'**အရ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာ-မရဏာတရား (၇)ပါးတို့မှာ

http://www.dhammadownload.com

ပစ္စုပ္ပန်အကျိုးတရား (ပစ္စုပ္ပန်အကျိုး၏အစွမ်းဖြင့် ဆိုအပ်သောတရားများ) ဖြစ်၏၊ ဤသို့ ထူးခြားမှု ရှိပါသည်။

၆။ "ဖြစ်စေတည်စေ ဤနှစ်ထွေ ခေါ်လေ ကျေးဇူးပြုနှင့်" အညီ ဟေတုပစ္စည်း၏ ကျေးဇူးပြုပုံကို ရေးသားရ၌၊ ဟေတုပစ္စယော၌ ဟေတုနှင့် ပစ္စယတို့၏ မူလဌလက္ခဏာ၊ ဥပကာရလက္ခဏာအားဖြင့် ထူးခြားမှုများကိုလည်း ရေးသားပါ။

ဟေတုပစ္စည်း၏ ကျေးဇူးပြုပုံ

ပဝတ္တိအခါ စိတ္တဇရုပ်တို့အားလည်းကောင်း၊ ပဋိသန္ဓေအခါ ကမ္မဇရုပ်တို့အားလည်းကောင်း၊ ပဝတ္တိ, ပဋိသန္ဓေအခါ သဟိတ်စိတ် ၇၁-ပါး, မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက် ၅၂-ပါးတို့အားလည်းကောင်း ကျေးဇူးပြုပါသည်။

ဟေတုနှင့် ပစ္စယတို့၏ မူလဌလက္ခဏာ၊ ဥပကာရလက္ခဏာ အားဖြင့် ထူးခြားပုံ

သမ္မယုတ်တရားတို့၏ တည်ရာတည်ကြောင်း၊ ဖြစ်ရာဖြစ်ကြောင်း၊ ပွားစီးစည်ပင်ခြင်းသို့ ရောက်ကြောင်းဖြစ်သော အနက်ဖြစ်၍ **'ဟေတု'** မည်ပါသည်၊ ကျေးဇူးပြုတတ်သော အနက်သဘောကြောင့် **'ပစ္စယ'** မည်ပါသည်၊ ဤသို့ မူလဌလက္ခဏာ၊ ဥပကာရလက္ခဏာအားဖြင့် ထူးခြားမှုရှိပါသည်။

၇။ ခန္ဓာကိုယ်မှာ မှီတွယ်နေသော စိတ်-စေတသိက်တရားများက အတူနေ အိမ်ရှင်ရုပ်တရားကြီးအား အဘယ့်ကြောင့် သမ္မယုတ္တပစ္စည်း မတပ်ပါသနည်း? ဖြေဆို၍၊ အနန္တရပစ္စည်းနှင့် အနန္တရူပနိဿယပစ္စည်းတို့၏ အထူးကိုလည်း ရေးသားဖြေဆိုပါ။

အတူနေ အိမ်ရှင်ရုပ်တရားကြီးအား သမ္မယုတ္တပစ္စည်း မတပ်ခြင်းမှာ- (၂၀၀၁-၄)

ကေုပ္ပါဒစသော သမ္မယောဂလက္ခဏာ ၄-ပါးမရှိသောကြောင့် ဖြစ်ပါသည်။

အနန္တရပစ္စည်း နှင့် အနန္တရူပနိဿယပစ္စည်းတို့၏ အထူး (၂၀၁၀-၇)

၈။ ကြိမ်ဖန်များစွာ ပွားများအားထုတ်ရသော သမထနှင့် ဝိပဿနာတို့၏အထူးကို ရေးသားဖြေဆို၍၊ ကမ္မဋ္ဌာန်းခေါ်ပုံအဓိပ္ပါယ်နှင့် ကမ္မဋ္ဌာန-အရတရားကိုယ်ကိုလည်း အရကောက်ခဲ့ပါ။

http://www.dhammadownload.com

သမထနှင့် ဝိပဿနာ၊ ကမ္မဋ္ဌာန်း (၁၉၉၃ - ၁)

ကမ္မဋ္ဌာန-အရတရားကိုယ်

အာရုံကကမ္မဋ္ဌာန်းအရ = ပထဝီကသိုဏ်းစသောအာရုံများနှင့် တောဘူမကသခ်ါရ (ရုပ်နာမ်) အာရုံများ ဖြစ်ပါသည်။

အာရမ္မဏိကကမ္မဋ္ဌာန်းအရ = နီးစွာသောအကြောင်းဖြစ်သော ရှေးရှေးပွားများအား ထုတ်မှုဟူသော ဘာဝနာအစဉ်ကို ရပါသည်။

၉။ 'ပြဟ္မာမင်းဟန် တူနေပြန် ခေါ်ရန် ပြဟ္မဝိဟာရ'နှင့် အညီ မေတ္တာ, ကရုဏာ, မုဒိတာ စေတသိက်တို့သည် အဘယ်ကြောင့် စတုတ္ထဈာနိကအဆင့်သာ ဖြစ်ရ၍၊ ဥပေက္ခာသည် အဘယ်ကြောင့် ပဉ္စမဈာနိကအဆင့်တိုင်အောင် တက်လှမ်းနိုင်ရပါသနည်း? ဖြေဆိုပါ။

စတုတ္ထဈာနိကအဆင့်သာ ဖြစ်ရပုံ (၂၀၀၅-၂)

ဥပေက္ခာသည် ပဉ္စမဈာနိက ဖြစ်ရပုံ

ဥပေက္ခာသည် အထက်ပါ မေတ္တာစသော ကိစ္စ ၃-ပါးအပေါင်းကို ပယ်၍ ကံသာလျှင် မိမိဥစ္စာ ရှိသည်အဖြစ်ကို ရှုသဖြင့် သတ္တဝါတို့၌ လျစ်လျူရှုသော အခြင်းအရာအားဖြင့် ဖြစ်သောကြောင့် ဥပေက္ခာနှင့်တကွဖြစ်သော ပဉ္စမဈာန်၌ ယှဉ်၍ ဖြစ်ရခြင်း ဖြစ်ပါသည်။

၁၀။ 'မြေလျှိုး မိုးပျံ အဘိညာဏ် စွာန်ဟု ခေါ်သတတ်'နှင့် အညီ မြေလျှိုးမိုးပျံခြင်းကို စွမ်းနိုင်သော အဘိညာဏ်ငါးပါးသရုပ်ကို ယှဉ်ရာအာရုံတို့နှင့် အသီးသီး ယှဉ်တွဲပြ၍ ဣဒ္ဓိဝိဓ အဘိညာဏ်၏ အဓိပ္ပါယ်ကိုလည်း ရေးသားဖြေဆိုပါ။

အဘိညာဏ်ငါးပါးနှင့် ယှဉ်ရာအာရုံ

(၁) ဣဒ္ဓိဝိဓ အဘိညာဏ် = တေကာလိကဖြစ်သော အာရုံ ၆-ပါး၊

(၂) ဒိဗ္ဗသောတ အဘိညာဏ် = ပစ္စုပ္ပန်သဒ္ဒါရုံ

(၃) စေတောပရိယ အဘိညာဏ် = တေကာလိကဖြစ်သော စိတ်စေတသိက်ဟူသော ဓမ္မာရုံ၊

(၄) ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ် = အတိတ်ကာလဝိမုတ်ဖြစ်သော အာရုံ ၆-ပါး၊

(၅) ဒိဗ္ဗစက္ခု အဘိညာဏ် = ပစ္စုပ္ပန်ရူပါရုံ။

http://www.dhammadownload.com

ကြွဒ္ဓိဝိဓအာဘိညာဏ်၏ အဓိပ္ပါယ်

အဓိဋ္ဌာန်ခြင်း ဖန်ဆင်းခြင်းစသော တန်ခိုးအထူးထူးအပြားပြားရှိသော အာဘိ-ညာဏ်ကို **ကြွဒ္ဓိဝိဓအာဘိညာဏ်** ဟု ခေါ်ပါသည်။

၂၀၁၄-ခုနှစ်

၁။ **အထက်ဘဝဂ် စိတ်မှတ်ဂေါတြဘူ အာရုံယူ ဖြစ်သူအာသဝဲ ခေါ်ဆိုကြ၏-နှင့်အညီ အာသဝေါတရားလေးပါးတို့သည် အဘယ်စွမ်းအားသတ္တိဖြင့် ဆွဲငင်ယူခြင်းကြောင့် ဘဝဂ် မဆန့် ပုံ့နှံ့၍ ဖြစ်သနည်း? ဖြေဆို၍၊ ဂေါတြဘူစိတ်အရကိုလည်း ထုတ်နုတ်ပြပါ။ (၁၉၈၉-၁)**

- - - -

http://www.dhammadownload.com

(ခ) ဖြစ်ရာခန္ဓာ - သခ်ီရက္ခန္ဓာ။
(ဂ) မှန်ကန်ခြင်းသစ္စာ - ဒုက္ခသစ္စာ။
(ဃ) လုပ်ဆောင်ချက်လေးရပ် - ဥပ္ပန္နပါပကတို့ကို ပယ်ခြင်း၊ အနုပ္ပန္နပါပကတို့ကို မဖြစ်စေခြင်း၊ အနုပ္ပန္နကုသလတို့ကို ဖြစ်စေခြင်း၊ ဥပ္ပန္နကုသလတို့ကို လွန်စွာတိုးပွားစေခြင်းတို့ ဖြစ်ကြပါသည်။

- - - -

http://www.dhammadownload.com

ပဝတ္ထိအခါ၌ စိတ္တဇရုပ်တို့အားလည်းကောင်း၊ ပဋိသန္ဓေအခါ, ပဝတ္ထိအခါနှစ်ပါးစုံ၌ တကွ ဖြစ်ဖက်နာမ်ရုပ်တို့အားလည်းကောင်း ဟေတု-စသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

အဘိဓမ္မာစာမေးပွဲ-ဟူသော စကားရပ်

ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနက်နှင့် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်တို့ကြောင့် ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ် ဖြစ်ပါသည်။

၈။ အကျင့်စရိုက် ပုဂ္ဂိုလ်လိုက်၍ အထုံဝါသနာ ရှေးကပါ-ဆိုသည့်အတိုင်း စရိုက်နှင့် ဝါသနာအထူးကို ရေးသားဖြေဆို၍၊ စရိုက်ဆိုးများ ဗိုလ်ဆိုးများသည် တစ်အုပ်စုထဲ အတူတူ ဟုတ်/မဟုတ်ကို စစ်တမ်းထုတ်၍ ဖြေဆိုပါ။ (၁၉၉၇-ခ)

၉။ အနာနှင့်ဆေး တည့်အောင်ပေး နှောင့်နှေးဗျာပါ မရှိရာနှင့်-အညီ သမာဓိအားနည်းသူ အား မည်သည့်ကမ္မဋ္ဌာန်းများ ပေးရမည်ကို အကြောင်းနှင့်တကွ ဖြေဆိုပြ၍၊ သမထ ထိုင်သူ, ဝိပဿနာရှုသူတို့ မတူထူးခြား အကျိုးရလဒ်များကိုလည်း ဖြေဆိုပါ။

သမာဓိအားနည်းသူ(ဝိတက်များသူ)အား အာနာပါနဿတိကမ္မဋ္ဌာန်းကို ပေးသင့်ပါသည်။

အကြောင်းမှာ အာနာပါနဿတိသည် ကမ္မဋ္ဌာန်းမှအပ တစ်ပါးသောအာရုံ၌ ဝိတက်၏ထွက်ပြေးခြင်းကို တားမြစ်တတ်ခြင်းကြောင့် ဖြစ်ပါသည်။

သမထထိုင်သူ, ဝိပဿနာရှုသူတို့ မတူထူးခြား အကျိုးရလဒ်များ

သမထထိုင်သူသည် မဟဂ္ဂုတ်ဈာန်နှင့် အဘိညာဉ်

ဝိပဿနာရှုသူသည် မဂ် ဖိုလ် နိဗ္ဗာန် အကျိုးတို့ကို ရနိုင်ပါသည်။

၁၀။ လူ့ရုပ်နတ်ထံ ခုနှစ်ကြိမ်ပြန်သော သောတာပန်ပုဂ္ဂိုလ်၏ မဂ်ဖြင့် မပယ်ရသေးသော အကုသိုလ်တရားများနှင့် ပရိနိဗ္ဗာန်စံဝင်မည့်ဘုံကို အကြောင်းသွင်း၍ ရေးသားဖြေဆိုပါ။

---

http://www.dhammadownload.com

၂၀၁၅-ခုနှစ်

၁။ **'သဘောတူရာ ပေါင်းစုကာ ယူပါသမုစ္စည်း' နှင့်အညီ ပရမတ္ထတရားလေးပါးကို သဘောတူရာပေါင်းစု၍ လေးအုပ်စုခွဲပြကာ၊ ဘဝအလင်းရောင် မထွက်ရအောင် အမှောင်ဖုံးထားရာ (၈)ဌာနကိုလည်း ရေတွက်ပြပါ။**

'သဘောတူရာ ပေါင်းစုကာ ယူပါသမုစ္စည်း' နှင့်အညီ ပရမတ္ထတရားလေးပါးကို သဘောတူရာပေါင်းစု၍ လေးအုပ်စုခွဲပြရသော် -

၁။ **အကုသလသင်္ဂဟ** = အကုသိုလ်ဇာတ်အားဖြင့် တူသောသဘောရှိကုန်သော အာသဝေါ စသောတရားတို့ကို တစ်ပေါင်းတည်းပြု၍ ပြဆိုရာဖြစ်သောသင်္ဂဟ။

၂။ **မိဿကသင်္ဂဟ** = ကုသိုလ် အကုသိုလ် အဗျာကတ ဖြစ်သော တရားတို့ကို ရောနှော၍ သိမ်းယူ ပြဆိုရာဖြစ်သောသင်္ဂဟ။

၃။ **ဗောဓိပက္ခိယသင်္ဂဟ**= ဗောဓိဉာဏ်၏ရင့်ခြင်းအကြောင်း ဖြစ်ကုန်သော သတိပဋ္ဌာန် စသောတရားတို့ကို (၀၇) အရိယာမဂ်ဉာဏ်၏ အဆောက်အဦ အသင်းအပင်း၌ ဖြစ်ကုန်သော သတိစသော တရားတို့ကို တစ်ပေါင်းတည်း သိမ်းယူပြဆိုရာ ဖြစ်သောသင်္ဂဟ။

၄။ **သမ္ပယုတ်သင်္ဂဟ** = အလုံးစုံသောပရမတ္ထတရားတို့ကို ခန္ဓာအစရှိသည်တို့၏အစွမ်းဖြင့် တစ်ပေါင်းတည်း သိမ်းယူပြဆိုရာဖြစ်သောသင်္ဂဟ။

အမှောင်ဖုံးထားရာ (၈)ဌာနမှာ -
သစ္စာ ၄-ပါး၊
ပုဗ္ဗန္တ (ရှေ့အစွန်း)၊
အပရန္တ (နောက်အစွန်း)၊
ပုဗ္ဗန္တာပရန္တ (ရှေ့နောက်အစွန်း)၊
ပဋိစ္စသမုပ္ပါဒ် - တို့ ဖြစ်ပါသည်။

၂။ **'သံသရာဝဲဩဃရေအယာဉ်' ဟူသော ဆိုရိုးစကားအဓိပ္ပါယ်များကို ရှင်းလင်းပြ၍၊ ပဋိစ္စသမုပ္ပါဒ်အမည်ရသူသုံးဦးနှင့် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်လည်ပတ်အောင် ဝင်လှည့်သူတို့၏**

http://www.dhammadownload.com

အမည်စာရင်းများကိုလည်း ထုတ်နုတ်ပြပါ။

'သံသရာဝဲသြဃရေအယာဉ်' ဟူသော ဆိုရိုးစကားအဓိပ္ပါယ် - (၁၉၉၀ - ၁)
ပဋိစ္စသမုပ္ပါဒ်အမည်ရသူသုံးဦးမှာ -
ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် တို့ဖြစ်ပါသည်။

၃။ ခံစားမှုဝေဒနာကို ရှုမှတ်ရသော ဝေဒနာနုပဿနာ၏ ဝေဒနာအပြားသုံးပါးထဲမှ (က) ဒုက္ခဒုက္ခ၊ (ခ) ဝိပရိဏာမဒုက္ခတို့၏ အဓိပ္ပါယ်များကို ရေးသား၍၊ ကာယာနုပဿနာ၏ ကိစ္စနှင့်ရသတို့ကိုလည်း ထုတ်ပြပါ။

(က) ဒုက္ခဒုက္ခ ▪ ဒေါသမူဒွေး, ဒုက္ခသဟဂုတ်ကာယဝိညာဉ်တို့၌ ယှဉ်သောဝေဒနာသည် ဒုက္ခအစစ်ဖြစ်သောကြောင့် ဒုက္ခဒုက္ခ မည်ပါသည်။

(ခ) ဝိပရိဏာမဒုက္ခ ▪ သုခဝေဒနာ, ဥပေက္ခာဝေဒနာတို့သည် ဖောက်ပြန်ပျက်စီးခြင်းသဘော ရှိသောကြောင့် ဝိပရိဏာမဒုက္ခ မည်ပါသည်။

ကာယာနုပဿနာ၏ ကိစ္စ ▪ သုဘဝိပ္ပလ္လာသကို ပယ်ခြင်း။
ကာယာနုပဿနာ၏ ရသ ▪ ကောဌာသပညတ်ကို အာရုံပြုခြင်း။

၄။ လူနတ်ဗြဟ္မာသတ္တဝါတို့၏ ပဋိသန္ဓေစိတ်သည် အဘယ်ကြောင့် အကြီးအကဲရာထူး မရထိုက်ပါသနည်း? ဖြေဆို၍၊ စိတ်တို့ကို ထိန်းချုပ်၍ ဝိုလ်လုပ်နေသော ဝိုလ်တရားတို့၏ ဝိုလ်လုပ်၍မရသော စိတ်သရွဲ့တို့ကိုလည်း အကြောင်းနှင့်တကွ ဖြေဆိုပါ။

လူနတ်ဗြဟ္မာသတ္တဝါတို့၏ ပဋိသန္ဓေစိတ်များသည် လောကီဝိပါက်စိတ်များဖြစ်သောကြောင့် အားထုတ်ခြင်းကင်း၍ အဓိပတိမထိုက်ပါ။ လောကီဝိပါက်စိတ်တို့သည် ဆန္ဒအစ ရှိသည်တို့ကို အကြီးအမှူးပြုကုန်၍ မဖြစ်သောကြောင့် **အဓိပတိမဖြစ်ထိုက်ပါ။**

ဒွေပဉ္စဝိညာဏ် ၁၀-ပါး၊ မနောဓာတ် ၃-ပါး၊ သန္တီရဏ ၃-ပါးဟု ဆိုအပ်သော ဝီရိယမယှဉ်သော စိတ် ၁၆-ပါးတို့သည် ဝီရိယမယှဉ် ဝီရိယအထောက်အပံ့ကင်းသဖြင့် အားနည်းသောကြောင့် ၎င်းတို့၌ယှဉ်သောဇောဂတာစေတသိက်သည် သမာဓိဝိုလ်မထိုက်ပါ။

---

http://www.dhammadownload.com

၅။ 'ဘယ်သူမပြု မိမိမှု' ဆိုသည့်အတိုင်း ကံကြမ္မာလမ်းကြောင်းကို စိမ်တတ်သော သဒ်တနှင့် သဒ်ါရတို့၏အရကောက်ကို ဖော်ပြ၍၊ ကံတရားကြောင့်ဖြစ်ပေါ်လာသော ကမ္မဇရုပ်တို့၏ ဝိပါကအမည်ကို မရထိုက်ခြင်းအကြောင်းရင်းကိုလည်း ဖြေဆိုပါ။

သဒ်တ၏အရကောက် - စိတ်၊ စေတသိက်၊ ရုပ် (ပစ္စယုပ္ပန်တရား)
သဒ်ါရ၏အရကောက် - လောကီကုသိုလ်၊ အကုသိုလ်ကံ (လောကီကုသိုလ်စိတ် ၁၇-ပါး၊ အကုသိုလ်စိတ် ၁၂-ပါးနှင့်ယှဉ်သော စေတနာစေတသိက် ၂၉-ပါး)

ကမ္မဇရုပ်တို့၏ ဝိပါကအမည်ကို မရထိုက်ခြင်းအကြောင်းရင်း - နာမ်တရား၏အဖြစ်ဖြင့်လည်းကောင်း၊ အာရုံကိုယူတတ်သောတရား၏အဖြစ်ဖြင့်လည်းကောင်း ကံနှင့်တူသော နာမ်တရားတို့၌သာ 'ဝိပါက'သဒ္ဒါသည် ထင်ရှားသောကြောင့် ကမ္မဇရုပ်တို့သည် ကံကြောင့် ဖြစ်သော်လည်း ဝိပါကအမည်ကို မရနိုင်ပါ။

၆။ ဖိုခနောက်ဆိုင်, ဒုတ်ထောင်တိုင်နှင့်တူသော ပစ္စည်းတရား၏အဓိပ္ပါယ်ကို ရေးသား၍၊ ခင်မင်မှုကြောင့်ဖြစ်သော ရာဂစသောတရားများက ပေးကမ်းခြင်းဟူသော ဒါနစသည်တို့အား ပဋ္ဌာန်းပစ္စည်းဆက်သွယ်နည်းဖြင့် ကျေးဇူးပြုပုံအလုံးစုံကိုလည်း ရှင်းလင်းဖြေဆိုပါ။

ဖိုခနောက်ဆိုင်, ဒုတ်ထောင်တိုင်နှင့်တူသော ပစ္စည်းတရားမှာ - အညမညပစ္စည်း ဖြစ်ပါသည်။ အဓိပ္ပါယ်မှာ - ပစ္စည်းတရားနှင့် ပစ္စယုပ္ပန်တရားတို့သည် အချင်းချင်းတစ်ပါးသည်တစ်ပါးကို အပြန်အလှန် ထောက်ပံ့ခိုင်စေတတ်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ပစ္စည်းသည် အညမညပစ္စည်း ဖြစ်ပါသည်။

ရာဂစသောတရားများက ပေးကမ်းခြင်းဟူသော ဒါနစသည်တို့အား ကျေးဇူးပြုသော ပဋ္ဌာန်းပစ္စည်းမှာ - ပကတူပနိဿယပစ္စည်း ဖြစ်ပါသည်။
ကျေးဇူးပြုပုံမှာ - ကာမရာဂစသည်ကိုမှီ၍ ကာမဘဝစသည်တို့၌ဖြစ်ခြင်းအကျိုးငှာလည်းကောင်း၊ ရာဂစသည်တို့ငြိမ်းအေးခြင်းအကျိုးငှာလည်းကောင်း၊ ဒါန သီလ ဥပေါသထ ဈာန် အဘိညာဉ် ဝိပဿနာ မဂ်ကို ပွားစေလျှင် ရာဂစသည်ကြောင့် ဒါနစသော ကုသိုလ်အဆင့်ဆင့် ကျေးဇူးပြုပါသည်။

---

http://www.dhammadownload.com

၇။ ဓာတ်ကြီးလေးပါးတရားက ခန္ဓာကိုယ်ရုပ်တရားကြီးအား ကျေးဇူးပြုရာ၌ အဘယ်ကြောင့် ဥပါဒါရုပ်များကို ချန်လှပ်၍ ထားခဲ့ပါသနည်း? ဖြေဆို၍၊ နိဿယပစ္စည်း၏ မှီရာတည်ရာ အခြင်းအရာတို့ဖြင့် ကျေးဇူးပြုနိုင်သည်ကိုလည်း ဥပမာမစွက် သဘောသက်သက်ဖြင့်သာ ဖြေဆိုပါ။

ဓာတ်ကြီးလေးပါးတရားက ခန္ဓာကိုယ်ရုပ်တရားကြီးအား ကျေးဇူးပြုရာ၌ ဥပါဒါရုပ်များကို ချန်လှပ်ထားခဲ့ခြင်းမှာ - ဥပါဒါရုပ်များသည် မဟာဘုတ်ဟူသော ဓါတ်ကြီးလေးပါးတို့အား အညမညသတ္တိဖြင့် ကျေးဇူးမပြုနိုင်သောကြောင့် ဖြစ်ပါသည်။

နိဿယပစ္စည်း၏ မှီရာတည်ရာ အခြင်းအရာတို့ဖြင့် ကျေးဇူးပြုနိုင်ပုံမှာ - နာမ်ခန္ဓာ ၄-ပါးတို့သည် တကွဖြစ်ဘက် နာမ်ရုပ်တို့၏ မှီရာအဖြစ် ကျေးဇူးပြုသည်၊ ဘူတရုပ်သည် တကွဖြစ်ဘက်ရုပ်တို့၏မှီရာတည်ရာအဖြစ် ကျေးဇူးပြုသည်၊ ဝတ္ထုရုပ် ၆-ပါးသည် ဝိညာဏ်ဓာတ် ၇-ပါးတို့၏မှီရာတည်ရာအဖြစ် ကျေးဇူးပြုပါသည်။

- - - -

http://www.dhammadownload.com

ဖြစ်ပျက်မှုခန္ဓာအစဉ်ကို လက္ခဏာရေးသုံးပါးသို့တင်၍ ရှုမှတ်နေသော ယောဂီပုဂ္ဂိုလ်အား ပဋ္ဌမဝိသုဒ္ဓိအဆင့်သို့ ရောက်ခိုက် ကိုယ်ရောင်ကိုယ်ဝါအဆင်းထင်မြင်ခြင်းကို အရိယာအသွင်မှတ်ထင်ပုံကို ပြဆိုထားသောစကားရပ်မှာ - **"ငါ့အား ဤသို့သဘောရှိသော ဩဘာသစသည်တို့သည် ရှေးအခါက မဖြစ်ပေါ်ဘူးကုန်၊ မချွတ်ကင်းပင် မဂ်ဖိုလ်သို့ ရောက်ပြီ"** ဟူ၍ ဖြစ်ပါသည်။

- - - -

http://www.dhammadownload.com

၂၀၁၆-ခုနှစ်

၁။ ဝိရိယရွေ့ထား ကြိုးစားသူအား ဝိရိယာဓိပတိတပ်ခိုက် မိမိနှင့်စပ်ကုန်သော တရားတို့ အပေါ်၌ အဘယ်သို့လျှင် အရှင်သခင်ဖြစ်သည်ကို ဖြေဆို၍၊ ဝိရိယ၏ရန်သူနှင့် ဝိရိယ၏မိတ်ဆွေတို့ကိုလည်း ထုတ်ပြပါ။

ဝိရိယာဓိပတိတပ်ခိုက် မိမိနှင့်စပ်ကုန်သောတရားတို့အပေါ်၌ အရှင်သခင်ဖြစ်ပုံ

အဓိပတိဟူသည် မိမိနှင့်စပ်၍ဖြစ်ကုန်သော သမ္မယုတ်တရားတို့၏အရှင်သခင်ဖြစ်ပါသည်၊ "ဝီရိယဝတော ကိ နာမ ကမ္မံ န သိဇ္ဈတိ = ဝီရိယရှိသူမှာ အဘယ်မည်သောအမှုသည် မပြီးဘဲ ရှိအံ့နည်း" အစရှိသော ရှေးဦးဖြစ်သော ပြုစီမံတတ်သောစိတ်ဟူသော ပကတူပနိဿယပစ္စည်းကို ရ၍ ဖြစ်သော နောက်စိတ်၌ ဝိရိယတရားသည် အကြီးအမှူးဖြစ်၍ မိမိနှင့်ယှဉ်ဖက်တရားတို့ကို မိမိအလိုက္ခ ပြီးစေဖြစ်စေပါသည်၊ ထို့မိမိနှင့်ယှဉ်ဖက်တရားတို့သည်လည်း ဝိရိယ၏အလိုက္ခ ဖြစ်ကြရသည်၊ ဤသို့အားဖြင့် ဝိရိယတရားသည် မိမိနှင့်စပ်သောဖြစ်ခြင်းရှိသော သမ္မယုတ်တရားတို့၏ အရှင်သခင် အဓိပတိ ဖြစ်ပါသည်။

ဝိရိယ၏ရန်သူ = ကောသဇ္ဇ
ဝိရိယ၏မိတ်ဆွေ = သမာဓိ

၂။ 'သတ္တဝါမှန်သမျှ အစာအာဟာရနှင့် မကင်းကြ'ဆိုစကားနှင့် 'အသညသတ်ဘုံ ရုပ်သာစုံ နာမ်ကုန်မရှိ ဆိုတုံဘိ' ဟူသော စကားနှစ်ရပ်တို့ မဆန့်ကျင်အောင် ဖြေဆိုထားသော ဦကာရှင်၏ရှင်းလင်းချက်ကို ရေးသားပါ။

ဦကာရှင်၏ရှင်းလင်းချက်

ဘုရားရှင်တို့၏စကားသည် လွဲမှားသည်ဟူ၍ မရှိ၊ အသညသတ်သတ္တဝါသည်ရုပ်ချည်းသက်သက်ဖြစ်၍ ပစ္စုပ္ပန်ကာလ၌ နာမ်အာဟာရပစ္စည်းဖြင့် ကျေးဇူးမပြုနိုင်သော်လည်း အသညသတ်ပြဟ္မာဖြစ်လာအောင် ရှေးဘဝကပြုခဲ့သည့် မနောသဉ္စေတနာဟာရ၏အစွမ်းဖြင့်ဖြစ်သော ကံ၊ ထိုကံနှင့်တကွဖြစ်သော ဖဿာဟာရ၊ ဝိညာဏာဟာရတို့၏ နာနာက္ခဏိကကမ္မပစ္စည်း၊ ပကတူပနိဿယပစ္စည်း နှစ်ပါးတို့ဖြင့် အသညသတ်ရုပ်

http://www.dhammadownload.com

တရားများကို ကမ္ဘာငါးရာတည်အောင် ကျေးဇူးပြုတတ်သော အကြောင်းပရိယာယ်ကို ယူ၍ "သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ" ဟူသောစကားကို ဘုရားရှင်က ဟောတော်မူခြင်း ဖြစ်ပါသည်၊ အတိတ်နာမ်အာဟာရအကြောင်းကို ရည်၍ ဟောခြင်းဖြစ်ပြီး ပစ္စုပ္ပန်နာမ်အာဟာရဖြင့် ကျေးဇူးပြုခြင်းကို ဟောသည် မဟုတ်ပါ၊ ထို့ကြောင့် စကားနှစ်ရပ် မဆန့်ကျင်ပါ။

၃။ မနာလိုဝန်တိုမှုအားကြီးသူကို 'သံယောဇဉ်သမား သတိထား' ဟု ပြောသင့်/မပြောသင့် ရှင်းလင်းကာ ဖြေဆို၍၊ (က) အထက်ဆွဲသံယောဇဉ်ကြီး-၅-ချောင်း (ခ) အောက်ဆွဲ သံယောဇဉ်ကြီး-၅-ချောင်းတို့ကိုလည်း အမည်တပ်၍ ထုတ်ပြပါ။

မနာလိုခြင်း ကျသာ၊ ဝန်တိုခြင်း မစ္ဆရိယတရားသည် သံယောဇဉ်ထိုက်သောကြောင့် မနာလို ဝန်တိုမှု အားကြီးသူကို **'သံယောဇဉ်သမား သတိထား' ဟု ပြောသင့်ပါသည်။**

(က) အထက်ဆွဲသံယောဇဉ်ကြီး ၅-ချောင်း (ဥဒ္ဓံဘာဂိယသံယောဇဉ်) မှာ -

(၁) ရူပရာဂသံယောဇဉ်
(၂) အရူပရာဂသံယောဇဉ်
(၃) မာနသံယောဇဉ်
(၄) ဥဒ္ဓစ္စသံယောဇဉ်
(၅) အဝိဇ္ဇာသံယောဇဉ်

(ခ) အောက်ဆွဲသံယောဇဉ်ကြီး ၅-ချောင်း (သြရမ္ဘာဂိယသံယောဇဉ်) မှာ -

(၁) ကာမရာဂသံယောဇဉ်
(၂) ပဋိဃသံယောဇဉ်
(၃) ဒိဋ္ဌိသံယောဇဉ်
(၄) သီလဗ္ဗတပရာမာသသံယောဇဉ်
(၅) ဝိစိကိစ္ဆာသံယောဇဉ်

---

http://www.dhammadownload.com

၄။ 'စေတနာကံတူအကျိုးပေး' ဟူသောစကားသည် အဘယ်စေတနာကံကို ရည်ရွယ်၍ ဆိုပါသနည်း? ဖြေဆို၍၊ ပညာတစ်ပါးတည်းက ကျွန်ုပ်လေးပါး ကွဲပြားခြင်းအကြောင်းနှင့် အသေကွဲပုဂ္ဂိုလ်၏ ကျွန်ုပ်ကိုလည်း ညွှန်ပြပါ။

'စေတနာကံတူအကျိုးပေး' ဟူသောစကားအရ -

- ရူပဝိပါက် ၅-ပါးကို အကျိုးပေးသော ရူပကုသိုလ်စေတနာ ၅-ပါး၊
- အရူပဝိပါက် ၄-ပါးကို အကျိုးပေးသော အရူပကုသိုလ်စေတနာ ၄-ပါး၊
- လောကုတ္တရာဝိပါက် ၈-ပါးကို အကျိုးပေးသော လောကုတ္တရာကုသိုလ်စေတနာ၄-ပါး တို့ကို ရည်ရွယ်ပါသည်။

ပညာတစ်ပါးတည်းက ကျွန်ုပ်လေးပါး ကွဲပြားခြင်းအကြောင်းမှာ -

- ကျွန်ုပ်ဖြစ်သော ပညာတရား၏သရုပ်ကိုပြခြင်းအကျိုးငှာ ပညာကို ဟောတော်မူခြင်း ဖြစ်ပါသည်။
- ပုဂ္ဂလဇ္ဈာသယ ကိစ္စဝိသေသကို ပြခြင်းအကျိုးငှာ အနုညာတညဿာမိတိကို စသော သုံးပါးကို ဟောတော်မူခြင်း ဖြစ်ပါသည်။

အသေကွဲပုဂ္ဂိုလ်၏ ကျွန်ုပ်မှာ - အညာတာဝိန္ဒြေ ဖြစ်ပါသည်။

၅။ ဝတ္ထုအာရုံ ကာမဂုဏ်တရားတွေ များစွာရှိနေသော်လည်း ပဋိစ္စသမုပ္ပါဒ်၌ ဟောတော်မမူဘဲ အဘယ့်ကြောင့် အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့ကိုသာ ဟောတော်မူပါသနည်း? ဖြေဆို၍၊ အဝိဇ္ဇာ၏ အစကိုလည်း ညွှန်ပြပါ။

အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့ကိုသာ ဟောတော်မူရခြင်းမှာ - အဝိဇ္ဇာစသည်တို့က ပြဌာန်းသောကြောင့်လည်းကောင်း၊ သခ်ါရစသည်တို့၏ အကြောင်းအဖြစ် ထင်ရှားသောကြောင့်လည်းကောင်း အဝိဇ္ဇာစသော တစ်ပါးတစ်ပါးသောအကြောင်းကိုသာ ဟောတော်မူခြင်း ဖြစ်ပါသည်။

အဝိဇ္ဇာ၏အစမှာ ကာမာသဝစသော အာသဝေါတရားတို့ဖြစ်ပါသည်။

---

http://www.dhammadownload.com

၆။ လောကတံထွာ ဓမ္မတာကား အိုနာသေရေး ဒုက္ခဘေးသည် နောင်ဖြစ်လတ္တံ့ဖြစ်၍ အနာဂတ်ကာလ သင့်တန်စေ ပဋိသန္ဓေဇာတိဘေးသည် အဘယ့်ကြောင့် အနာဂတ်ကာလ ဖြစ်ရပါသနည်း? ဖြေဆို၍၊ ဇာတိသဘော ဦးကာအပြောကိုလည်း ရေးပြပါ။

ပဋိသန္ဓေဇာတိဘေးသည် အနာဂတ်ကာလဖြစ်ရခြင်းမှာ - ပစ္စုပ္ပန်ဘဝ၌ အကျိုးဝင်သော တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝဟူသောအကြောင်းကြောင့် အနာဂတ်ဘဝဖြစ်လတ္တံ့ဖြစ်သော ကြောင့် ဇာတိဘေးသည် အိုနာသေရေးဟူသော ဇရာ-မရဏဘေးနှင့်အတူ အနာဂတ်ကာလတွင် အကျိုးဝင်သောကြောင့် ဖြစ်ပါသည်။

ဇာတိသဘော ဦးကာအပြောမှာ - သတ္တဝါတို့၏ ဂတိစသည်တို့၌ အတ္တဘောကို ရခြင်းသည်ပင် ဇာတိ မည်ပါသည်။

၇။ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ ဤငါးဖြာကို ရနိုင်သမျှ ကြောင်းကျိုးခွဲခြားပြ၍၊ ပစ္စည်းအားလုံးထဲမှ အရာအကျယ်ဆုံးဖြစ်သောပဋ္ဌာန်းပစ္စည်း၏အဓိပ္ပါယ်ကိုလည်း ရေးပြပါ။

ကြောင်းကျိုးခွဲခြားပြချက် - သဒ္ဓါကိုအမှီပြု၍၊ သီလကိုအမှီပြု၍၊ သုတကိုအမှီပြု၍၊ စာဂကို အမှီပြု၍၊ ပညာကိုအမှီပြု၍ ဒါန၊ သီလ၊ ဥပေါသထ၊ ဈာန်၊ အဘိညာဉ်၊ ဝိပဿနာ၊ မဂ်ဟူသောအကျိုးတရားများ ဖြစ်နိုင်ပါသည်။

သဒ္ဓါအကြောင်းသည်၊ သီလအကြောင်းသည်၊ သုတအကြောင်းသည်၊ စာဂအကြောင်းသည်၊ ပညာအကြောင်းသည် သဒ္ဓါ၊ သီတ၊ သုတ၊ စာဂ၊ ပညာဟူသော အကျိုးတရားအပေါင်းအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပစ္စည်းအားလုံးထဲမှ အရာအကျယ်ဆုံးပဋ္ဌာန်းပစ္စည်းမှာ - ပကတူပနိဿယပစ္စည်း ဖြစ်ပါသည်။

ပကတူပနိဿယပစ္စည်းဟူသည် အာရမ္မဏူပနိဿယ၊ အနန္တရူပနိဿယတို့နှင့် မရောသော မိမိပင်ကိုယ်သဘောအားဖြင့်သာလျှင် အားကြီးလွန်ကဲသောအကြောင်း၊ (တစ်နည်း) အဇ္ဈတ္တ သန္တာန် ဗဟိဒ္ဓသန္တာန်၌ ပြီးစေအပ်သည်ဖြစ်၍ အဖန်တလဲလဲ မှီဝဲအပ်သော အားကြီးလွန်ကဲသောအကြောင်း ဖြစ်ပါသည်။

---

http://www.dhammadownload.com

၈။ **'စိုက်စိုက်စူးစူး အထူးမြဲမြံ ရှုအားသန် စွာန်ဟုခေါ်သတတ်' ဟူသည်နှင့်အညီ အဋ္ဌကကမ္မဋ္ဌာန်း စီးဖြန်းခြင်းကြောင့် ရရှိနိုင်သည့်စွာန်ကို လောကဥပမာဖြင့် ထင်ရှားအောင် ဖြေဆို၍၊ ဥပစာအပွနာ၏အရကိုလည်း ရေးပြပါ။**

အဋ္ဌကကမ္မဋ္ဌာန်းစီးဖြန်းခြင်းကြောင့် ရရှိနိုင်သည့်စွာန်မှာ - ရူပါဝစရပထမစျာန်သက်သက် ဖြစ်ပါသည်။

လောကဥပမာဖြင့် ထင်ရှားအောင် ဖြေဆိုပြရသော် -

အဋ္ဌကကမ္မဋ္ဌာန်းသည် အသုဘကမ္မဋ္ဌာန်းဖြစ်ပါသည်၊ အသုဘကမ္မဋ္ဌာန်းတို့သည် စက်ဆုပ်ရွံရှာဖွယ်သောအနိဋ္ဌာရုံများဖြစ်ကုန်၍ စိတ်နှစ်သက်မှုကိုဖြစ်စေရန် အားအလွန်နည်းကုန်၏၊ ထို့ကြောင့် ၎င်းအဋ္ဌကကမ္မဋ္ဌာန်း၌ သမာဓိရစေရန် "ရေစီးပြင်းသောမြစ်၌ ထိုးဝါးနှင့်ကင်း၍ လှေသည် မတည်တံ့နိုင်သကဲ့သို့" ဝိတက်နှင့်ကင်း၍ မဖြစ်နိုင်သောကြောင့် ဝိတက်ပါရှိသော ပထမစျာန်ကိုသာ ဖြစ်စေနိုင်၏၊ ဝိတက်မယှဉ်သော ဒုတိယစျာန်စသည်တို့ကိုကား မဖြစ်စေနိုင်ပါ။

ဥပစာရအပွနာ၏အရ - ကာမာဝစရကုသိုလ်ကြိယာဉာဏသမ္မယုတ်စိတ် ၈-ပါး၌ ယှဉ်သော ကေဂ္ဂတာစေတသိက် ဖြစ်ပါသည်။

၉။ **ဒိဋ္ဌဝိသုဒ္ဓိနှင့် ကင်္ခါဝိတရဏဝိသုဒ္ဓိတို့၏ ထူးခြားဟန်ကို သစ္စာအားဖြင့် ခွဲခြားပြ၍၊ သစ္စာလေးပါးကိုလည်း သံကိလိဋ္ဌသစ္စာ, အသံကိလိဋ္ဌသစ္စာ, ဖလသစ္စာ, ဟေတုသစ္စာအားဖြင့် ခွဲခြားဝေဖန်ပြပါ။**

ဒိဋ္ဌဝိသုဒ္ဓိနှင့် ကင်္ခါဝိတရဏဝိသုဒ္ဓိတို့၏ ထူးခြားဟန် -

ဒိဋ္ဌဝိသုဒ္ဓိအရ ဒုက္ခသစ္စာဖြစ်သောနာမ်ရုပ်တို့ကို ပိုင်းခြား၍သိတတ်သော နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်ပါသည်။

ကင်္ခါဝိတရဏဝိသုဒ္ဓိအရ - နာမ်ရုပ်တို့၏အကြောင်းဖြစ်သောသမုဒယသစ္စာကို ပိုင်းခြားယူသော နာမရူပပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပါသည်။

သို့ဖြစ်၍ ဒိဋ္ဌဝိသုဒ္ဓိနှင့် ကင်္ခါဝိတရဏဝိသုဒ္ဓိတို့သည် ဒုက္ခသစ္စာနှင့် သမုဒယသစ္စာတို့ကို ပိုင်းခြားသိသောဉာဏ်အားဖြင့် ထူးခြားကြပါသည်။

http://www.dhammadownload.com

သစ္စာလေးပါးကို သံကိလိဋ္ဌသစ္စာ, အသံကိလိဋ္ဌသစ္စာ, ဖလသစ္စာ, ဟေတုသစ္စာအားဖြင့် ခွဲခြားပြရသော် -

(က) သံကိလိဋ္ဌသစ္စာ = ဒုက္ခသစ္စာ၊ သမုဒယသစ္စာ
(ခ) အသံကိလိဋ္ဌသစ္စာ = နိရောဓသစ္စာ၊ မဂ္ဂသစ္စာ
(ဂ) ဖလသစ္စာ = ဒုက္ခသစ္စာ၊ နိရောဓသစ္စာ
(ဃ) ဟေတုသစ္စာ = သမုဒယသစ္စာ၊ မဂ္ဂသစ္စာ တို့ဖြစ်ပါသည်။

- -

၁၀။ မဂ္ဂသစ္စာပွားများပုံပွားများနည်းနှင့် နိရောဓသစ္စာသို့ မျက်မှောက်ပြုပုံတို့ကို ရေးသားပြ၍၊ မဂ္ဂသစ္စာ၌ ရရှိနိုင်သည့် ပညတ်အမျိုးအစားကိုလည်း သိသာရုံမျှ ညွှန်ပြပါ။

မဂ္ဂသစ္စာပွားများပုံပွားများနည်းမှာ- သမ္မာဒိဋ္ဌိဟူသော မဂ်ဉာဏ်သည် မိမိနှင့်ယှဉ်ဘက်ဖြစ်သော သမ္မာသင်္ကပ္ပစသော ၇-ပါးသောမဂ္ဂင်တို့နှင့် သဟဇာတစသောပစ္စည်းအဖြစ်ဖြင့် အတူတကွဖြစ်၍ မဂ္ဂသစ္စာကို ပွားစေသည်၏အစွမ်းဖြင့် ဖြစ်ပေါ်လာပါသည်။

နိရောဓသစ္စာသို့ မျက်မှောက်ပြုပုံမှာ - ထိုမဂ်ဉာဏ်သည် နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်ကို အာရုံပြုသည်၏အစွမ်းဖြင့် မျက်မှောက်ပြုပါသည်။

မဂ္ဂသစ္စာ၌ ရရှိနိုင်သည့် ပညတ်အမျိုးအစားမှာ -

'မဂ္ဂ'အရ မဂ္ဂင်တရားကိုယ် ၈-ပါးတည်းဟူသော စေတသိက်တို့သည် ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့်လည်းကောင်း၊ 'သစ္စာ'ဟူသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသောကြောင့်လည်းကောင်း၊ မဂ္ဂသစ္စာဟူသော နာမပညတ်သည် ဝိဇ္ဇမာနေနအဝိဇ္ဇမာန ပညတ်အမျိုးအစား ဖြစ်ပါသည်။

- -

http://www.dhammadownload.com